# ဗုဒ္ဓဝါဒ ဆိုင်ရာမေး အဖြေကျမ်းဆောင်

(ပဌမတွဲ)

ဗုဒ္ဓဝါဒီ သာသနာ

ရောင်ဝါနေသို့ လင်းစေသော်

ဘာသာရေးဆိုင်ရာစာပေ ခွင့်ပြုချက်အမှတ် [၀၀၆၂-က]

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

အုပ်ရေ ၂၅၀၀

[၁၉၇၆။ မတ်လ]

---

မျက်နှာဖုံးပန်းချီ

**စံတိုး**

---

ဘလောက်

**လွင်**

---

အဖုံးရိုက်—ဒွေးစာပုံနှိပ်တိုက်

---

**တန်ဘိုး ၉-ကျပ်**

---

**ဖြန့်ချိရေး**

မောင်အောင်ကြည်

ရွှေကိုသစ်တောစာပေ

အမှတ် ၁၇၀၊ ၃၃-လမ်း

ရန်ကုန်မြို့။

**ပုံနှိပ်/ထုတ်ဝေ**

ဦး[illegible] (မြ ၀၉၁၀) ယုံကြည်ချက်စာပေ
အမှတ်-၁၁၁၊ ၃၃-လမ်း၊ (၁ ထပ်ညာဘက်) ရန်ကုန်[illegible]
ဦးသွန်းရှိန် [မြ-၁၂၁၃] [illegible]–စာပုံနှိပ်တိုက် ၁၇၂၊ ၃၃-[illegible]
ရန်ကုန်မြို့ ရိုက်နှိပ်သည်။

(၄)ကြိမ်

ဒိၣ်ဖး:ဒ့ဗ

# ဒယထၢလယရၢလၤ:ကၢလၤ

တၢ
ငျ္ဂဝဂၢ

## ဆရာမင်းစန္ဒ၏ ထုတ်ဝေပြီးသော
## ဘာသာရေးစာအုပ်များ


၁။ ဗုဒ္ဓဝါဒအမေးအဖြေတထောင် အမှတ်- ၁
၂။ 〃 အမှတ်-၂
၃။ 〃 အမှတ်-၃


## ဆက်လက်ထွက်မည့်စာအုပ်များ

# ဗုဒ္ဓဝါဒ အနှစ်သာရများ



တရားထိုင်ပုံ အနေအထား


B




ဗုဒ္ဓက ၇-နှစ် သား သာမဏေကလေးအား
ပြဿနာမေးနေပုံ



ဝိသာခဥပါသကာနှင့် ဓမ္မဒိန္နာတို့ အမေးအဖြေများ



ကြိုးမဖြုတ်ဘဲ လှေလှော်လျှင် လိုရာခရီး
မရောက်နိုင်ပုံ



သံယောဇဉ်နှင့် သံယောဇနိယနှစ်မျိုး
နွားနှစ်ကောင် ကြိုးတချောင်းထဲချည်ထားတဲ့ ဥပမာပုံ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | ထုတ်ဝေသူ၏အမှာ | (ခ)မှ(ဘ) |
| ၂။ | နိဗ္ဗာန်ဆိုတာဘာလဲ | ၁ |
| ၃။ | အရဟတ္တဖိုလ်ဆိုတာ ဘာခေါ်လဲ | ၃ |
| ၄။ | ပြော–ကျင့်–ဆိုက် | ၄ |
| ၅။ | ဒုက္ခကိုသိရန် | ၅ |
| ၆။ | သက်သာရာသို့ရောက်သူ | ၆ |
| ၇။ | အထူးသက်သာရာသို့ရောက်သူ | ၇ |
| ၈။ | ဝေဒနာဆိုတာဘာလဲ | ၈ |
| ၉။ | အာသဝဆိုတာဘာလဲ | ၉ |
| ၁၀။ | အဝိဇ္ဇာဆိုတာဘာလဲ | ၁၀ |
| ၁၁။ | တဏှာဆိုဘာဘာလဲ | ၁၁ |
| ၁၂။ | ဩဃဆိုတာဘာလဲ | ၁၂ |
| ၁၃။ | ဥပါဒါန်ဆိုတာဘာလဲ | ၁၃ |
| ၁၄။ | ဘဝဆိုတာဘာလဲ | ၁၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ဒုက္ခဆိုတာဘာလဲ | ၁၅ |
| ၁၆။ | သက္ကာယဆိုတာဘာလဲ | ၁၆ |
| ၁၇။ | အင်မတန်ခက်ခဲတဲ့အလုပ် | ၁၈ |
| ၁၈။ | တေဒင်္ဂရမ္မဒိန္နာ | ၁၉ |
| ၁၉။ | အတိတ်ဘဝက ဓမ္မဒိန္နာ | ၂၀ |
| ၂၀။ | သက္ကာယ | ၂၂ |
| ၂၁။ | မဂ္ဂင် | ၂၇ |
| ၂၂။ | သမာဓိ | ၂၈ |
| ၂၃။ | သင်္ခါရ | ၂၉ |
| ၂၄။ | နိရောဓသမာပတ် | ၃၀ |
| ၂၅။ | ဝေဒနာ | ၃၂ |
| ၂၆။ | ပြိုင်ဘက်တရား | ၃၆ |
| ၂၇။ | နဲနဲတော့လွန်တာပေါ့ | ၃၇ |
| ၂၈။ | ယောကျ်ားမချစ်သော မိန်းမများ | ၃၈ |
| ၂၉။ | ယောကျ်ားတို့ချစ်သော အမျိုးသမီးများ | ။ |
| ၃၀။ | မိန်းမမချစ်သော ယောကျ်ားများ | ၃၉ |
| ၃၁။ | ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် | ။ |
| ၃၂။ | သီးခြားဒုက္ခ | ၄၀ |
| ၃၃။ | အပါယ်ကျစေတတ်သော တရားသုံးပါး | ။ |
| ၃၄။ | ငရဲဘာလို့ရောက်ရတယ် | ၄၁ |
| ၃၅။ | နတ်ပြည်ဘာလို့ရောက်ရတယ် | ၄၃ |
| ၃၆။ | အာဇာနည် အမျိုးသမီးများ | ၄၅ |
| ၃၇။ | လင်ချစ်ဆေး | ။ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | လင်ကိုလွှမ်းမိုးနိုင်သောအားငါးပါး | ၄၆ |
| ၃၉။ | တခုတည်းသောအား | ။ |
| ၄၀။ | အကျင့် | ။ |
| ၄၁။ | ရနိုင်ခဲသောအချက်ငါးချက် | ၄၇ |
| ၄၂။ | အမျိုးသမီးများကြီးပွားမှုငါးမျိုး | ၄၈ |
| ၄၃။ | ကံကိုယုံ၍ပုံချနေတာမှန်သလား | ။ |
| ၄၄။ | ဖြစ်ကြောင်းတရား | ၅၁ |
| ၄၅။ | ချုပ်ကြောင်းတရား | ၅၂ |
| ၄၆။ | ဇရာမရဏ၏သဘော | ။ |
| ၄၇။ | ဇာတိ၏သဘော | ၅၃ |
| ၄၈။ | ဘဝဆိုတာ | ။ |
| ၄၉။ | ဥပါဒါန်တရား | ၅၄ |
| ၅၀။ | တဏှာ | ။ |
| ၅၁။ | ဝေဒနာ | ။ |
| ၅၂။ | တွေ့ထိမှု | ၅၅ |
| ၅၃။ | အာယတန(၆)ပါး | ။ |
| ၅၄။ | နာမ်-ရုပ် | ၅၆ |
| ၅၅။ | ဝိညာဉ် | ။ |
| ၅၆။ | သင်္ခါရ | ။ |
| ၅၇။ | အဝိဇ္ဇာ | ၅၇ |
| ၅၈။ | အကျင့်မှားနှင့် အကျင့်မှန် | ။ |
| ၅၉။ | အာဟာရ၏အကြောင်းခံ | ။ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၀။ | သမဏာဗြဟ္မဏာဆိုတာ | ၆၃ |
| ၆၁။ | အမြင်မှန် | ၆၄ |
| ၆၂။ | ဓမ္မကထိကစစ်တမ်း | ။ |
| ၆၃။ | တရားကျင့်သူ | ၆၅ |
| ၆၄။ | နိဗ္ဗာန်ရောက်သူ | ၆၅ |
| ၆၅။ | ဆင်းရဲကို ဘယ်သူလုပ်သလဲ | ၆၇ |
| ၆၆။ | လူမိုက်နှင့်ပညာရှိတို့၏ ထူးခြားချက် | ၇၂ |
| ၆၇။ | ပဋိစ္စသမုပ္ပါဒ် | ၇၃ |
| ၆၈။ | ပဋိစ္စသမုပ္ပန္န | ၇၄ |
| ၆၉။ | မသိသူကျော်သွား သိသူဖေါ်စား | ၇၆ |
| ၇၀။ | အမြင်မျိုးစုံ | ၈၂ |
| ၇၁။ | ဆင်းရဲ-ချမ်းသာ | ၈၇ |
| ၇၂။ | မှန်ကန်သောအကျင့်တရား | ၈၈ |
| ၇၃။ | အရှင်သာရိပုတ္တရာ၏ သာဓကဉာဏ် | ၉၂ |
| ၇၄။ | ဉာဏ်၏တည်ရာ | ၉၉ |
| ၇၅။ | နိဗ္ဗာန်တံခါးဝသို့ရောက်သူ | ၁၀၃ |
| ၇၆။ | ဉာဏ်၏တည်ရာဝတ္ထု ၇၇-ပါး | ၁၀၅ |
| ၇၇။ | ဓိကိုယ်ကြီးဟာ ဘယ်သူ့ဥစ္စာလဲ | ၁၁၀ |
| ၇၈။ | ဘာကြောင့်နောက်ထပ်မွေးရ သေရသလဲ | ၁၁၁ |
| ၇၉။ | ငါ့ငရဲမကျတော့ဘူး | ၁၁၃ |
| ၈၀။ | နွားနှစ်ကောင်နှင့်ကြိုးတချောင်း | ၁၁၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၁။ | ဓါတ်တို့၏ထူးခြားမှု | ၁၂၀ |
| ၈၂။ | ငါ-စွဲတဲ့အကြောင်းရင်း | ၁၂၂ |
| ၈၃။ | တန်ခိုးဖြင့်ပူဇော်ခြင်း | ၁၂၈ |
| ၈၄။ | အနှောင်အဖွဲ့မှ လွတ်မြောက်သူ | ၁၃၁ |
| ၈၅။ | ဘုရားဟောအကျဉ်း | ။ |
| ၈၆။ | သေခြင်းနှင့်သင်္ခါရတရားချုပ်ခြင်းတို့၏ ကွာခြားချက် | ၁၃၃ |
| ၈၇။ | ခုစာလေးကြောင့် ခုဆယ်ထမင်း | ၁၄၂ |
| ၈၈။ | ပြဿနာ(၁၀)ချက် | ၁၄၄ |
| ၈၉။ | ဗုဒ္ဓ၏အမေး အဖြေ | ၁၄၅ |
| ၉၀။ | မိတ်ဆွေကောင်းဟူသည် | ၁၄၇ |
| ၉၁။ | စကြဝတေးမင်းမလုပ်ချင်သူ | ၁၅၀ |
| ၉၂။ | ဂယောင်ဂတမ်း | ၁၅၁ |
| ၉၃။ | စိတ္တသူကြွယ်၏ ဩဝါဒ ၄-ချက် | ၁၅၂ |
| ၉၄။ | မလှူဘဲ စားရိုးထုံးစံမရှိ | ၁၅၃ |
| ၉၅။ | အကြမ်းနှင့်အနုံ | ၁၅၄ |
| ၉၆။ | အိုဘယ့်ဇာတ်ဆရာ | ၁၅၅ |
| ၉၇။ | သူယုတ်မာတွေ နတ်ပြည်ရောက်အောင် | ၁၅၉ |
| ၉၈။ | သတ္တဝါအများ၏ အကျိုးစီးပွား | ၁၆၃ |
| ၉၉။ | ငရဲကြီး တတ်တယ် | ၁၆၇ |
| ၁၀၀။ | ဗုဒ္ဓနှင့်ဝါဒပြိုင်ပွဲ | ၁၇၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | ဆွမ်းလောင်းရုံနဲ့ မွဲမသွားနိုင် | ၁၇၇ |
| ၁၀၂။ | ရဟန်းဆိုတာ ရွှေ ငွေကိုကိုင်သင့်သလား | ၁၇၉ |
| ၁၀၃။ | ဆင်းရဲ၏ဖြစ်ကြောင်းချုပ်ကြောင်း | ၁၈၂ |
| ၁၀၄။ | ပြင်းထန်သောအကျင့်ကို ချီးမွမ်းသင့်သလား | ၁၈၇ |
| ၁၀၅။ | ကာမဂုဏ်ခံစားသူ သုံးမျိုး | ၁၈၉ |
| ၁၀၆။ | ဘယ်လိုကာမဂုဏ်ခံစားသူကိုချီးမွမ်းရမလဲ | ၁၉၂ |
| ၁၀၇။ | ပြင်းထန်သောအကျင့်ကိုမှီးသူ သုံးမျိုး | ၁၉၇ |
| ၁၀၈။ | ဘယ်လိုပြင်းထန်သောအကျင့်-ကျင့်သူကို ချီးမွမ်းရမလဲ | ၁၉၉ |
| ၁၀၉။ | ကိလေသာပယ်ဖျက်မှုသုံးမျိုး | ၂၀၀ |
| ၁၁၀။ | မကောင်းမှုကျူးလွန်တိုင်း | ၂၀၇ |
| ၁၁၁။ | မရှိဝါဒ | ၂၁၄ |
| ၁၁၂။ | ရှိဝါဒ | ။ |
| ၁၁၃။ | ကုသိုလ်-အကုသိုလ်မရှိဝါဒ | ၂၁၅ |
| ၁၁၄။ | ကုသိုလ်-အကုသိုလ်ရှိဝါဒ | ၂၁၆ |
| ၁၁၅။ | သတ္တဝါတို့၏အဖြစ် | ၂၂၅ |
| ၁၁၆။ | မှားသောအယူ | ၂၃၃ |
| ၁၁၇။ | ဗုဒ္ဓ၏ဖွားဘက်တော် | ၂၄၈ |
| ၁၁၈။ | ဘာကြောင့် တရားထူးမရသလဲ | ၂၄၉ |
| ၁၁၉။ | ကြိုးမဖြတ်ဘဲ လှေလှော်သူ | ၂၅၁ |
| ၁၂၀။ | မိတ်ကောင်း ဆွေမှန် | ၂၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၁။ | အာသီသ | ၂၅၇ |
| ၁၂၂။ | ကြိုတင်ပြင်ဆင်မှု | ၂၅၈ |
| ၁၂၃။ | ကိုယ်ကိုဖြောင့်ဖြောင့်ထား | ၂၅၉ |
| ၁၂၄။ | လူ့သံယောဇဉ် | ၂၆၀ |
| ၁၂၅။ | တရားရှာ ခန္ဓာမှာတွေ့ | ၂၆၇ |

# ထုတ်ဝေသူ၏အမှာ

## (၁)

ဆရာကြီးနှင့် သိကျွမ်းခွင့် ရခဲ့သည်မှာ မကြာလှသေးပါ။ နှစ်တနှစ်၏ အစိတ်အပိုင်းမျှသာ ရှိပါလိမ့်ဦးမည်။ သို့ရာတွင် စာပေသမားချင်း ဖြစ်သည်ကတကြောင်း၊ ဆရာကြီး၏ ချိုသာသောအပြုံး၊ ထက်သန်သော စေတနာသဒ္ဓါတရား၊ ထားရှိသော မေတ္တာတို့ကြောင့်တကြောင်း၊ မကြာမြင့်မီ ရင်းနှီးသော မိတ်ဆွေရင်းချာများအဖြစ်သို့ ရောက်ရှိခဲ့ကြရပါသည်။

ထိုဆရာကြီးကား 'ဗုဒ္ဓဝါဒ အခမေးအဖြေဘာသောင်'စာအုပ်ဖြင့် နာမည်ကျော်ကြား လူသိများလာသည့် စာရေးဆရာကြီး မင်းစန္ဒပင်တည်း။

ရန်ကုန်မြို့လယ်ရှိ စာပေတိုက်တတိုက်မှာ ကျွန်တော်တို့စာပေ အသိုင်းအဝိုင်းမှ ရဲဘော်ရဲဘက်များ တွေ့ဆုံနေကျ၊ လုပ်ငန်းနှင့် ပတ်သက်၍ဖြစ်စေ စာပေနှင့်ပတ်သက်၍ဖြစ်စေ ဆွေးနွေးနေကျ၊ သို့မှမဟုတ်လျှင် ရောက်တတ်ရာရာ အာလူးပေးနေကျစခန်းသာ ဖြစ်ပေသည်။

ဆရာကြီးသည်လည်း ထိုနေရာသို့ မကြာခဏဆိုသလိုပင် ရောက်လာတတ်ပါသည်။ ရောက်လာသည့် အခါတိုင်းလည်း စာပေရေးရာနှင့် ပတ်သက်၍ဖြစ်စေ ဘာသာရေးနှင့်ပတ်သက်၍ ဖြစ်စေ ဝင်ရောက်ဆွေးနွေးရင်း လူငယ်များအတွက် မှတ်သား ဘွယ် ဗဟုသုတဖြစ်ဘွယ် ဩဝါဒများ ပေးလေ့ရှိပါသည်။

တနေ့တွင် ဆရာကြီးနှင့် ဆွေးနွေးကြရင်း၊ ခေတ်လူငယ်များ အနေဖြင့် ဩကာသနှင့် ငါးပါးသီလလောက်ကိုသာ ရွတ်ဆို တတ်ပြီး၊ ဗုဒ္ဓဝါဒ-ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ဂဃနဏမသိ ကြဘဲ မိရိုးဖလာ ကိုးကွယ်မှုမျှသာ ရှိတော့သဖြင့် ဝမ်းနည်း ဘွယ်ရာ ကောင်းကြောင်း၊ ယင်းလူငယ်များကို ပြုပြင်ရာ၌ အယောက်အကူဖြစ်စေရန်အတွက်တကြောင်း၊ ဘာသာရေးနှင့် အလှမ်းဝေးပြီး၊ သမုဒ္ဒရာ ဝမ်းတထွာအတွက် ရုန်းကန်နေကြရ သောပုဂ္ဂိုလ်အပေါင်းအား ဗုဒ္ဓဝါဒ၊ ဗုဒ္ဓ၏ရည်မှန်းချက်၊ ဗုဒ္ဓ ၏ အလုပ်တရားစသည်တို့ကို ပိဋကတ်သုံးပုံ မွှေနှောက်မလှန်ရဘဲ တသိုသဲဖြင့် ပိုတိုနှင့် လိုရင်းကို သဘောပေါက်စေရန်အတွက် တကြောင်း ရည်ရွယ်၍ 'ဗုဒ္ဓဝါဒအမေးအဖြေတဆောင်' စာအုပ်

ကို ရေးသားပြီးထုတ်ဝေရန် စီစဉ်နေကြောင်း ကြားသိရသော အခါ ကျွန်တော်တို့မှာများစွာနှစ်ထောင်းအားရ ရှိခဲ့ရပါသည်။

(၃)

မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသိန်တို့ အမေးအဖြေ ပြုလုပ်ထားသော ဗုဒ္ဓဝါဒဆိုင်ရာ ခက်ရာခက်ဆစ်များ၊ ပညာရှိပုဂ္ဂိုလ်ကြီးများ၏ အကော်အကပ်များ၊ မထိတထိ ကလိပုံများ၊ ဗုဒ္ဓဘုရားတော်၏ အဆီအနှစ်များကို ဆရာကြီး၏ 'ဗုဒ္ဓဝါဒ အမေးအဖြေတထောင် အမှတ်(၁)'တွင် ဖတ်ရှုရသောအခါ ကျွန်တော်မြှော်မှန်းထားသည်ထက်ပင် ကလောင်သွက်လှပြီး၊ လက်ထဲက မချချင်လောက်အောင် ဆွဲခေါ်သွားသည်ကို တွေ့ရတော့သည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့သည့် ပိဋကတ်အားဖြင့် သုံးပုံ၊ နိကာယ်အားဖြင့် ငါးရပ်၊ ခမ္ဘန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကုန်သော ဗုဒ္ဓ၏ အမွေအနှစ်များမှာ ခက်ခဲနက်နဲ သိမ်မွေ့နူးညံ့လွန်းလှသဖြင့် ဗုဒ္ဓ၏ သားတော် ထေရ်သံဃာ အရှင်မြတ်တို့၏ အမွေတရပ်သာဖြစ်ပြီး လောကီဘုံ ကာမဂုဏ်တွေကြား၌ အာရုံထွေပြားလျက်နေသော ပုထုဇဉ်လူသားတွေအတွက်မူ အလှမ်းမမှီ ဖြစ်ခဲ့ရပါသည်။ ယခု ဆရာကြီး၏ ကျေးဇူးကြောင့် ပါဠိပါဠ်သား စကားလုံးကြီးများကိုရှောင်၍ တတ်နိုင်သမျှ ခေတ်စကားဖြင့် အလွယ်ကူဆုံး ရေးသားထားသဖြင့် ခေတ်လူငယ်များသာမက ဘာသာရေး အတွေ့အကြုံနည်းသော လူကြီးများပင် ဗဟုသုတ ကြွယ်ဝလာပြီး

'ဗုဒ္ဓဝါဒဆိုတာ ဒါပါလား'ဟု ပြောနိုင်လောက်သည့် အခြေသို့ ရောက်ရှိလာလိမ့်မည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် တဆင့်တက်လှမ်း၍ 'ဗုဒ္ဓဝါဒ အမေးအဖြေ တထောင်' အမှတ်(၁)မှ(၂)သို့၎င်း၊ (၂)မှ ယခုထုတ်ဝေသည့် (၃)သို့၎င်း၊ ဆက်လက်ဖတ်ရှုလာခဲ့ရာတွင် ဘာသာရေး ဗဟုသုတကို တဆင့်ပြီးတဆင့် မြှင့်၍ ရေးသားပြုစုလာခဲ့ကြောင်း လေ့လာတွေ့ရှိရပြန်ပါသည်။

ကုသိုလ်ကံ-အကုသိုလ်ကံတို့၏ ခြားနားမှု၊ ဘုရားရှိ-မရှိ ပြဿနာ၊ သံသရာပြဿနာစသည်တို့မှတဆင့် တဆင့်မြှင့်လာပြီး ယခုစာအုပ်တွင် ဗုဒ္ဓ၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အမှန်ဖြစ်သော ခန္ဓာ-အာယတန-ဓါတ်-ပဋိစ္စသမုပ္ပါဒ်-သစ္စာ-မဂ္ဂင်တို့ကို၎င်း၊ တဏှာ၏ဖြစ်ကြောင်း-ချုပ်ကြောင်းတို့ကို၎င်း၊ လက်တွေ့ဒိဋ္ဌိသတ်ပုံကို၎င်း၊ အသေးစိတ် ထပ်တလဲလဲ ရှင်းလင်း ဖေါ်ပြထားပေသည်။ ယင်းသို့ ထပ်တလဲလဲ ဖေါ်ပြထားခြင်း မှာလည်း တကြိမ်တခါနှင့် နားမဝင်သူအား ရှင်းလင်းစွာ သဘော ပေါက်နားလည်စေရန်တကြောင်း၊ နားလည်ပြီးသူအားလည်း ပိုမိုကြည်လင်စေရန်၎င်း၊ စေတနာထား၍ ရေးသားထားခြင်း ဖြစ်ကြောင်းကို နားလည်သဘောပေါက်မိပါသည်။

## (၄)

'ဗုဒ္ဓဝါဒ အမေးအဖြေတထောင် အမှတ်(၃)' စာအုပ်ကို ထုတ်ဝေရာ၌ ဆရာကြီးအား အမှာစာရေးပါရန် အတန်တန် တောင်းပန်သော်လည်း ဆရာကြီး၏ ကျန်းမာရေး အခြေအနေ

အရင်း၊ အမှာစာရေးရန် အာသီသမရှိခြင်းကြောင့်ရင်း၊ ငြင်း ပယ်ခဲ့ပြီး၊ ကျွန်တော့်အား သင့်လျော်သလို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ အမှန်တွေ့ကြုံခံ စားရသည့်အတိုင်း အားပါးတရ ရေးသား ဖေါ်ပြနိုင်တော့ မည်မို့ ကျွန်တော့်အနေနှင့် များစွာ ဝမ်းမြောက်ခဲ့ရပါ၏။

မိမိကိုယ်တိုင် ဘတ်ရှုပြီး ကျေနပ်နှစ်သက်မှု ဖြစ်မိသလို သူတ ပါးအားလည်း ကျေနပ်နှစ်သက်မှု ဖြစ်စေလိုခြင်း၊ မိမိကိုယ်တိုင် ပီတိဖြစ်ရသလို သူတပါးအားလည်းပီတိဖြစ်စေလိုခြင်း၊ မိမိကိုယ် တိုင် ဗုဒ္ဓဝါဒရေးရာနှင့် ပတ်သက်၍ သဘောပေါက်လာပြီး သံ သရာမှလွတ်မြောက်ရာ မှန်ကန်သော အကျင့်လမ်းကို ကျင့်ကြံ အားထုတ်ရန်ဆန္ဒများ တိုးပွားလာသလို သူတပါးအားလည်း အကျင့်မှန် အကျင့်ကောင်း တရားလမ်းကြောင်းသို့လိုက်ရန်ဆန္ဒ များ တိုးပွားလာစေလိုခြင်း၊ မိမိကိုယ်တိုင် ဗုဒ္ဓဝါဒအပေါ် ယုံကြည်မှု သဒ္ဓါတရားပြည့်ဝလာသလို သူတပါးအားလည်း သဒ္ဓါတရား ပြည့်ဝလာစေလိုခြင်းမှာ ကျွန်တော်၏ ရိုးသားစွာ ထားရှိအပ်သော စေတနာဖြစ်ပါသည်။

ယင်းစေတနာနှင့် လျော်ညီစွာ ယခုထုတ်ဝေသော ဆရာကြီး ၏စာအုပ်တွင် ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား အရှိကို အရှိအတိုင်း သိစေလိုသောသဘောဖြင့် အမှာစာ ရေးသား လိုက်ရခြင်း ဖြစ်ပါသည်။

(၅)

နိဂုံးချုပ်အနေဖြင့် ဆရာကြီးရေးသားပြုစုသော 'ဗုဒ္ဓဝါဒ အမေးအဖြေတထောင်အမှတ်(၃)'စာအုပ်ကို ဘတ်ရှုရခြင်းအား

ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအားရင်း၊ ကိုယ်တော်မြတ်၏ ဟောကြားတော်မူအပ်သော သံသရာမှ လွတ်မြောက်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မှန်အကျင့်ကောင်း လမ်းကြောင်းကိုရင်း၊ ကိုယ်တော်မြတ်၏တပည့်သားများ ဖြစ်ကြကုန်သော အရိယာနွယ်ဝင် သံဃာတော် အရှင်သူမြတ် အပေါင်းတို့အားရင်း၊ ယုံကြည်မှု သဒ္ဓါတရား ထက်သန်တိုးပွားလာသည်ဟု ဆိုပါလျှင် ဤစာအုပ်ထုတ်ဝေရကျိုးနပ်ပြီဟု ယူဆမိပါကြောင်း။

ထုတ်ဝေသူ



"ဗုဒ္ဓဝါဒ သာသနာ ရောင်ဝါနေသို့လင်းစေသော်"

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

လိုချင်တာတွေကုန်ဆုံးပြီး မလိုချင်တဲ့အလုံး
ဖြစ်ပေါ်လာတာ နိဗ္ဗာန် (ရာဂကုန်ရာ နိဗ္ဗာန်)
အပူမီးတွေကုန်ဆုံးပြီး အေးငြိမ်းလုံးကြီး
ထွက်ပေါ်လာတာ နိဗ္ဗာန် (ဒေါသကုန်ရာ နိဗ္ဗာန်)
အမိုက်မှောင်တွေ ကုန်ဆုံးပြီး အလင်းလုံးကြီး
ထွက်ပေါ်လာတာ နိဗ္ဗာန် (မောဟကုန်ရာ နိဗ္ဗာန်)

## နိဗ္ဗာန်ဆိုတာ ဘာလဲ

အခါတပါး၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည်၊ မဂဓတိုင်း နာလကရွာငယ်၌ သီတင်းသုံး နေထိုင်တော်မူသည်။ ထိုစဉ်အခါ ဇမ္ဗုခါဒကပရိဗိုဇ်သည် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးထံ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီးနောက်၊ သင့်တင့်လျောက်ပတ်သော နေရာအရပ်တွင် ထိုင်၍၊ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးအား ဤပြဿနာကို မေးမြန်းလျှောက်ထားလေ၏။

ဇမ္ဗုခါဒကပရိဗိုဇ်။ ။ငါ့ရှင် သာရိပုတ္တရာ ... နိဗ္ဗာန်-နိဗ္ဗာန်နဲ့ သူတကာ ပါးစပ်ဖျားတွင် ရေပန်းစားနေပါတယ်။ အဲဒီနိဗ္ဗာန်ဆိုတာ ဘာကိုခေါ်ပါသလဲ ဘုရား။

အရှင်သာရိပုတ္တရာ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... ရာဂကုန်တာကို နိဗ္ဗာန်လို့ခေါ်တယ်။ ဒေါသကုန်တာကို နိဗ္ဗာန်လို့ခေါ်တယ်။ မောဟကုန်တာကို နိဗ္ဗာန်လို့ခေါ်တယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....အဲဒီနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းရှိပါသလား၊ အကျင့်ရှိပါသလား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက အဲဒီနိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....အဲဒီနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းက ဘာတွေများပါလဲဘုရား....အကျင့်ကကော ဘယ်လိုအကျင့်မျိုးတွေပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... အဲဒီနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းက မဂ္ဂင်ရှစ်ပါးဖြစ်တယ်။ အဲဒါက ဘာတွေလဲဆိုတော့ (၁) မှန်ကန်စွာမြင်ခြင်း (၂) မှန်ကန်စွာ ကြံစည်ခြင်း (၃) မှန်ကန်စွာ ပြောဆိုခြင်း (၄) မှန်ကန်စွာ လုပ်ကိုင်ခြင်း (၅) မှန်ကန်စွာ အသက်မွေးခြင်း (၆) မှန်ကန်စွာ အားထုတ်ခြင်း (၇) မှန်ကန်စွာ အောက်မေ့ခြင်း (၈) မှန်ကန်စွာ တည်ကြည်ခြင်း၊ ငါ့ရှင်....အဲဒီ ရှစ်ပါးဟာ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် လမ်းကောင်းလမ်းမှန်ဖြစ်တယ်။ လမ်းဖြောင့်ဖြစ်တယ်။ နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်တဲ့ အကျင့်ဟာလဲ အဲဒီမဂ္ဂင်ရှစ်ပါးပင်ဖြစ်တယ်။

ငါ့ရှင်သာရိပုတ္တရာ.... နိဗ္ဗာန်မျက်မှောက်ပြုရန် လမ်းသည်၊ အင်မတန် ကောင်းမွန်ဖြောင့်စင်းပါသည်။ နိဗ္ဗာန်မျက်မှောက်ပြု

ဘို့အကျင့်သည်လည်း၊ အင်မတန် ဖြူစင်မြင့်မြတ်ပါသည်။ ဒါပေမဲ့ မမေ့လျော့ဘို့ကို သတိတရား အမြဲ လက်ကိုင်ထားဘို့ အရေးကြီးပါသည်ဘုရား....''ဟု ဇမ္ဗုခါဒကပရိဗိုဇ်က ပြန်ကြားလျှောက်ထားလေ၏။

## အရဟတ္တဖိုလ်ဆိုတာ ဘာခေါ်လဲ

ဇမ္ဗုခါဒက။ ။ငါ့ရှင်သာရိပုတ္တရာ.... နိဗ္ဗာန်အကြောင်းကို မေးလို့ပြီးပြီ၊ ဖြေလို့လဲပြီးပြီ၊ အင်မတန်လဲ သဘောကျပါတယ်။

ငါ့ရှင်သာရိပုတ္တရာ.... အရဟတ္တဖိုလ်-အရဟတ္တဖိုလ်နဲ့ ပြောဆိုနေကြပြန်ပါတယ်။ အဲဒီအရဟတ္တဖိုလ်ဆိုတာ ဘာကိုခေါ်ပါသလဲဘုရား။

အရှင်သာရိပုတ္တရာ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... အရဟတ္တဖိုလ်ဆိုတာလဲ နိဗ္ဗာန်နဲ့ နာမည်တူဘဲ။ ရာဂကုန်ရာ- ဒေါသကုန်ရာ- မောဟကုန်ရာ-အဲဒါတွေကိုဘဲ အရဟတ္တဖိုလ် လို့ ခေါ်တယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ၊ ဒီအရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်တဲ့လမ်း ရှိပါသလား၊ အကျင့်ရှိပါသလား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်။

မေး။ ။ငါ့အရှင် သာရိပုတ္တရာ.... အဲဒီ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်တဲ့လမ်းနှင့် အကျင့်ဟာ ဘာမှ အထူးအဆန်း မဟုတ်ဘူး။ အထက်က ပြခဲ့တဲ့ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်တဲ့ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်၊ အဲဒီမဂ္ဂင်ရှစ်ပါးဟာ အရဟတ္တဖိုလ်ကို မျက်

မှောက်ပြုနိုင်တဲ့လမ်းလဲဖြစ်တယ်၊အကျင့်လဲဖြစ်တယ်၊ ဘာမျှထူးခြားမှု မရှိဘူး၊ အသစ်အဆန်း မပါဘူး-ဟု မိန့်ကြားတော်မူလေ၏။

## ပြော—ကျင့်—ဆိုက်

**ဇမ္ဗုခါဒက**။ ။ငါ့ရှင်သာရိပုတ္တရာ .... လောကကြီးမှာ တရားကို ပြောဆိုလေ့ရှိတဲ့ သူတွေဆိုတာ ဘယ်သူတွေလဲ။

ငါ့ရှင်သာရိပုတ္တရာ.... လောကကြီးမှာ ကောင်းစွာကျင့်ကြံ အားထုတ်တဲ့ သူတွေဆိုတာ ဘယ်သူတွေလဲ။

ငါ့ရှင်သာရိပုတ္တရာ.... လောကကြီးမှာ ကောင်းစွာ သွားတဲ့ လူတွေဆိုတာ ဘယ်သူတွေလဲ။

**အရှင်သာရိပုတ္တရာ**။ ။ငါ့ရှင် ဇမ္ဗုခါဒက.... လောကကြီးမှာ အချို့သူတွေဟာ ရာဂကိုပယ်အောင် တရားကိုဟောကြပြောကြတယ်၊ ဒေါသကိုပယ်အောင် တရားကို ဟောကြပြောကြတယ်၊ ငါ့ရှင် လောကကြီးမှာ အဲဒီသူတွေသည် တရားဟောလေ့ပြောလေ့ရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။

'ငါ့ရှင်....လောကကြီးမှာ တချို့ပုဂ္ဂိုလ်တွေဟာ ရာဂကို ပယ်ကြတယ်၊ ဒေါသကိုပယ်ကြတယ်၊ မောဟကိုပယ်ကြတယ်၊ အမြစ်အရင်းကို ဖြတ်ကြတယ်၊ ကြွင်းမဲ့ဖြတ်တောက်ကြတယ်။ နုတ်ပြီးသော ထန်းပင်ငုတ်ရာကဲ့သို့ ပြုလုပ်ကြတယ်၊ နောက်တဖန် ပြန်မဖြစ်နိုင်အောင် ပြုလုပ်ကြတယ်၊ နောင်အခါ ဖြစ်နိုင်တဲ့သဘော မရှိတော့ဘူး။ ငါ့ရှင် ဇမ္ဗုခါဒက... အဲဒီပုဂ္ဂိုလ်တွေဟာ ကောင်းစွာ သွားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်... 'ဟု အရှင်သာရိပုတ္တရာကိုယ်တော်ကြီး မိန့်ကြားတော်မူလေ၏။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... ဒီရာဂ-ဒေါသ-မောဟ တွေကို ပယ်သတ် နိုင်တဲ့ လမ်း ရှိသလား၊ အကျင့်ကော ရှိသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက.... အဲဒီရာဂ-ဒေါသ-မောဟတွေကို အမြစ်ပါမကျန် ပယ်လှန်သတ်ဖြတ်ချေမှုန်းနိုင်တဲ့လမ်းလဲ ရှိတယ်၊ အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... အဲဒီရာဂ-ဒေါသ-မောဟတွေကို၊အပြီးတိုင် ပယ်သတ် ချေမှုန်းနိုင်တဲ့လမ်းက ဘာတွေများပါလဲဘုရား.... အကျင့်ကကော ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီရာဂ-ဒေါသ-မောဟ တွေကို အမြစ်ပါမကျန် ပယ်လှန်သတ်ဖြတ်ချေမှုန်းနိုင်တဲ့ **လမ်း** က-ဟိုရှေးဦးအစပြခဲ့တဲ့ မဂ္ဂင် ရှစ်ပါးဘဲဖြစ်တယ်၊ အကျင့်ကလဲ အဲဒီမဂ္ဂင် ရှစ်ပါး အကျင့်တရားဘဲဖြစ်တယ်။

ဇမ္ဗုခါဒက။ ။"ငါ့ရှင်.... အဲဒီ ရာဂ-ဒေါသ-မောဟ တွေကို အမြစ်ပါမကျန် ပယ်သတ်နိုင်တဲ့ လမ်းဟာ အင်မတန် ကောင်းမွန်လှပါတယ်ဘုရား... အကျင့်ဟာလဲ အင်မတန် ကောင်းမွန်လှပါတယ်ဘုရား... ဒါပေမဲ့ မမေ့ မလျော့တဲ့ သတိတရား လက်ကိုင်ထားဘို့ အင်မတန်အရေးကြီးလှပါတယ်ဘုရား..."ဟု လျှောက်ထားလေ၏။

## ဒုက္ခကို သိရန်

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... ဘာပြုလို့ ရဟန်းဂေါတမထံမှာ အကျင့်မြတ်ကို ကျင့်သုံးပါသလဲ။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ဆင်းရဲ ဒုက္ခတွေကို ပိုင်းခြား သိအောင် မြတ်စွာဘုရားထံမှာ ကျင့်သုံးခြင်းဖြစ်တယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... အဲဒီ ဆင်းရဲဒုက္ခတွေကို ပိုင်းခြားသိအောင် ပြုလုပ်တဲ့လမ်း ရှိသလော.... အကျင့်ရှိသလော။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီဆင်းရဲဒုက္ခတွေကို ပိုင်းခြားသိအောင်ပြုလုပ်တဲ့ လမ်းလဲရှိတယ်-အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... အဲဒီဆင်းရဲဒုက္ခတွေကို ပိုင်းခြားသိအောင် ပြုလုပ်တဲ့လမ်း ဆိုတာ ဘာတွေများ ပါလဲဘုရား-အကျင့်ကတော့ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခ ဒက....အဲဒီဆင်းရဲဒုက္ခတွေကို ပိုင်းခြားသိအောင် ပြုလုပ်တဲ့ လမ်းဆိုတာ တခြား မဟုတ်ဘူး။ အထက်က သင့်ကိုရှင်းပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်။

ဇမ္ဗုခါဒက။ ။ငါ့ရှင်သာရိပုတ္တရာ... အဲဒီလမ်းနှင့် အကျင့်ဟာ အင်မတန် အဘိုးတန်ပါတယ်၊ ဒါပေမဲ့ သတိ လက်မလွတ်ဘို့ကတော့ အင်မတန် အရေး ကြီးပါတယ်ဘုရား....ဟု လျှောက်ထားလေ၏။

## သက်သာရာသို့ ရောက်သူ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... လောကကြီးမှာ သက်သာရာသို့ ရောက်သူ—ရောက်သူနဲ့ အကြီးအကျယ် ပြောဆိုအမွန်းတင် နေကြပါတယ်။ ငါ့ရှင်.... ဘယ်လောက်ဆိုရင် သက်သာရာသို့ ရောက်သူလို့ ဆိုနိုင်ပါသလဲ။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ရဟန်းသည် တွေ့ထိမှု၏ တည်ရာဖဿာယတန ဖြစ်ကြောင်းကိုရင်း၊ ချုပ်ခြင်းကိုရင်း၊ သာယာဖွယ်ကိုရင်း၊ အပြစ်ကိုရင်း၊ ထွက်မြောက်ရာကိုရင်း၊ ဟုတ်မှန်တဲ့အတိုင်း သိနားလည်ဘယ်။ ငါ့ရှင်ဇမ္ဗုခါဒက.... အဲဒီ အဆင့်လောက်ဆိုရင် သက်သာရာသို့ ရောက်သူဟု ဆိုနိုင်တယ်။

မေး။ ။အဲဒီသက်သာရာကို မျက်မှောက်ပြုနိုင်တဲ့လမ်း ရှိပါသလား....အကျင့်ရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက...အဲဒီသက်သာရာကို မျက်မှောက်ပြုနိုင်တဲ့လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်၊

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဲဒီသက်သာရာကို မျက်မှောက်ပြုနိုင်တဲ့လမ်းနဲ့ အကျင့်ဟာဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီသက်သာရာကို မျက်မှောက်ပြုအောင် လုပ်တဲ့ လမ်းဟာလဲ အထက်က သင့်ကို ငါရှင်းပြခဲ့တဲ့၊ မဂ္ဂင်ရှစ်ပါးဘဲ ဖြစ်တယ်— အကျင့်ဟာလဲ အဲဒီ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်... ဟု မိန့်တော်မူ၏။

## အထူးသက်သာရာသို့ရောက်သူ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အလွန်အကြူး အထူးသက်သာရာသို့ ရောက်တဲ့သူ—ရောက်တဲ့သူနဲ့ ပြောဆိုနေကြပါတယ်ဘုရား....အဘယ်မျှလောက် ဆိုရင် အလွန် အကြူး အထူးသက်သာရာသို့ ရောက်သူဖြစ်နိုင်ပါသလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ရဟန်းသည် တွေ့ထိမှု၏ တည်ရာဖဿာယတန ၆ ပါးတို့ဖြစ်တဲ့ အကြောင်းကိုရင်း၊ ချုပ်

ခြင်းကိုရင်း၊ သာယာဖွယ်ကိုရင်း၊ အပြစ်ကိုရင်း၊ လွတ်မြောက်ရာကိုရင်း၊ဟုဏ်တိုင်းမှန်စွာ သိရှိတယ်။ ဘာမျှ အစွဲအလမ်းမရှိဘူး။ ကိလေသာမှလွတ်တယ်။ ငါ့ရှင်.... အဲဒီအဆင့်လောက် ရောက်ပြီဆိုရင်၊ အလွန် အကြူး အထူးသက်သာရာသို့ ရောက်တဲ့သူဖြစ်တယ်။

မေး။ ။အဲဒီ အလွန်အကြူး အထူး သက်သာရာသို့ မျက်မှောက် ပြုတဲ့ လမ်း—မျက်မှောက် ပြုတဲ့အကျင့် ရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီအလွန်အကြူး အထူးသက်သာရာကို မျက်မှောက်ပြုတဲ့လမ်းနှင့် အကျင့်ဆိုတာရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဲဒီအလွန်အကြူး အထူးသက်သာရာကို မျက်မှောက်ပြုတဲ့လမ်းနှင့် အကျင့်တွေဟာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အထက်က သင့်အား ငါအသေအချာ ရှင်းပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါးဟာ၊ အလွန်အကြူး အထူးသက်သာရာကို မျက်မှောက်ပြုနိုင်တဲ့ လမ်းနှင့် အကျင့်ဖြစ်ပေတယ်....ဟု မိန့်ကြားတော်မူ၏။

## ဝေဒနာဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... ဝေဒနာ-ဝေဒနာနဲ့ ပြောဆိုနေကြပါတယ်။ အဲဒီဝေဒနာဆိုတာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါရှင် ဇမ္ဗုခါဒက.... ဝေဒနာတွေဟာ ၃ ပါးတောင် ရှိတယ်။ ဘာတွေလဲ ဆိုတော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာတို့ဖြစ်တယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဲဒီဝေဒနာ ၃ ပါးကို ပိုင်းခြားသိအောင် လုပ်တဲ့လမ်းရှိပါသလား၊ အကျင့်ကော ရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ဝေဒနာ ၃ ပါးကို ပိုင်းခြားသိအောင် လုပ်တဲ့လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... အဲဒီဝေဒနာသုံးပါးကို ပိုင်းခြားသိအောင် လုပ်တဲ့လမ်းက ဘာတွေများပါလဲဘုရား၊ အကျင့်ကကော ဘယ်လို အကျင့်မျိုးတွေပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ဝေဒနာသုံးပါးကို ပိုင်းခြားသိအောင် လုပ်တဲ့လမ်းကလဲ မဂ္ဂင်ရှစ်ပါးဘဲ၊ အကျင့်ကလဲ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်....ဟု မိန့်ကြားတော်မူ၏။

## အာသဝဆိုတာဘာလဲ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ .... အာသဝ-အာသဝနဲ့ တဖွဖွ ပြောဆိုနေကြပါတယ်။ အဲဒီအာသဝတွေဟာ ဘာတွေများ ပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက....အာသဝဆိုတာ သုံးပါးတောင်ရှိတယ်။ အဲဒီအာသဝတွေကတော့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ဖြစ်ကြတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ .. အဲဒီ အာသဝတွေကို ပယ်နိုင်တဲ့လမ်းရှိပါသလား၊ အကျင့်ကောရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီ အာသဝတွေကို ပယ်နိုင်တဲ့ လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဲဒီ အာသဝတွေကို ပယ်တဲ့ လမ်းနဲ့ အကျင့်ဆိုတာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီအာသဝတွေကို ပယ်တဲ့လမ်း နဲ့ အကျင့်ဟာ တခြားမဟုတ်၊ အစပထမက ငါပြောပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်တရားဘဲဖြစ်တယ်၊ အဲဒါဟာ အာသဝတွေကို ပယ်တဲ့လမ်းနဲ့ အကျင့်တွေဘဲ ဖြစ်တယ်။

## အဝိဇ္ဇာဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဝိဇ္ဇာ-အဝိဇ္ဇာနဲ့ လူတကာ လိုပင် ပြောဆိုနေကြပါတယ်ဘုရား၊ အဲဒီအဝိဇ္ဇာဆိုတာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....ဆင်းရဲဒုက္ခကို မသိမှု၊ ဆင်းရဲ ဒုက္ခဖြစ်ကြောင်း၌ မသိမှု၊ ဆင်းရဲချုပ်ရာ၌မသိမှု၊ ဆင်းရဲဒုက္ခချုပ်ရာသို့ ရောက်ကြောင်းအကျင့်ကို မသိမှု၊ အဲဒီဟာတွေဟာ အဝိဇ္ဇာတွေဖြစ်တယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ....အဝိဇ္ဇာအကြောင်းကို သေသေချာချာ ပြောပြလို့ သဘောကျသွားပါပြီ။ အဲဒီအဝိဇ္ဇာ တွေကို ပယ်တဲ့လမ်းများ ရှိပါသလား၊ ပယ်တဲ့အကျင့် ကော ရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီအဝိဇ္ဇာတွေကို ပယ်တဲ့လမ်း နဲ့ အကျင့်ဟာ အသေအချာရှိပေတယ်။

မေး။ ။ဒါဖြင့်ဘုရား.... အဲဒီအဝိဇ္ဇာကို ပယ်တဲ့လမ်းနဲ့ အကျင့်ဟာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်.... အဝိဇ္ဇာကို အမြစ်ပါမကျန် ပယ်သတ်နိုင်တဲ့လမ်းကတော့၊ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်။ ပယ်သတ်နိုင်အောင် ကျင့်တဲ့အကျင့်ကလဲ၊ အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားဘဲဖြစ်တယ်....ဟု မိန့်ကြားတော်မူလေသည်။

## တဏှာ ဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....လျှာရှေတယ်လို့တော့ သဘောမထားပါနဲ့၊ ထပည့်တော် မသိတာ ကလေးတွေက အတော်ဘဲများနေလို့၊မေးစရာရှိတာ ဆက်ပြီး မေးပါရစေအုံးဘုရား။

ဖြေ။ ။မေးစရာရှိရင် ဆက်ပြီးမေးနိုင်ပါတယ်ငါ့ရှင်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... တဏှာ-တဏှာဆိုတဲ့ စကားကို တိုးတိုးတခါ၊ ကျယ်ကျယ်တလှည့်ဆိုသလို၊ ခဏ-ခဏ ကြားသိနေရပါတယ်ဘုရား။ အဲဒီတဏှာဆိုတာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... တဏှာဆိုတာက၊ သုံးမျိုးသုံးစား သုံးပါးတောင်ရှိတယ်။ ကာမဂုဏ်တွေ လိုချင်တပ်မက်နေတဲ့ ကာမတဏှာကတခု၊ ဘဝတွေကို အတင်းဒလကြမ်း တပ်မက်တွယ်တာနေတဲ့ ဘဝတဏှာကတခု၊ အသိဉာဏ်မပါဘဲ ဘဝပြတ်ရင်ပြီးရောဆိုတဲ့ ဘဝပြတ်မှုကို အသိဉာဏ်မရှိ တုံးတိကြီး လိုချင်တပ်မက်နေတဲ့ ဝိဘဝ

တကျားကတခုရယ်လို့၊ သုံးမျိုးသုံးစား သုံးပါးတောင် ရှိတယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... အဲဒ့ါလောက်တောင် ဆိုးလှတဲ့ တဏှာကို အမြစ်ပါမကျန်အောင် ပယ်သတ်နိုင်တဲ့လမ်း များ မရှိဘူးလားဘုရား၊ အကျင့်များ မရှိဘူးလား ဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက.... တဏှာဆိုးကို အမြစ်ပါ မကျန် ဖျက်ဆီးပယ်သတ်ဘို့ လမ်းလဲရှိတယ် အကျင့်လဲရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... ဒါလောက်တောင် ဆိုးလှတဲ့ တဏှာကို အမြစ်ပါမကျန် ဖျက်ဆီး ပယ်သတ်ဘို့လမ်းက ဘာတွေများပါလဲ ဘုရား.... အကျင့်ကလဲ ဘယ်လိုဟာ တွေများပါလဲ့ ဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက.... တဏှာဆိုးကို အမြစ်ပါမကျန် ဖျက်ဆီးပယ်သတ်တဲ့ လမ်းကတော့ တခြား မဟုတ်ဘူး၊ ဟောဟို အထက်ကပင် သင့်ကို ငါအစီအစဉ်နဲ့ ပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါးဘဲ ဖြစ်တယ်၊ အကျင့်ဟာလဲ အဲ့ဒီ မဂ္ဂင်ရှစ် ပါးဘဲ ဖြစ်ပေတယ်... ဟု အသေ အချာ တဏှာသတ် နည်းကို ညွှန်ပြတော်မူလေသည်။

## ဩဃ ဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... ဩဃ-ဩဃနဲ့ တောထအောင် ပြောကြပါသည်။ အဲဒီလို ပြောကြတဲ့ ဩဃ-ဆိုတာ ဘာတွေများပါလဲ ဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုဒါဒက.... လောကမှာ တော ထအောင် ပြောကြတဲ့ဩဃဆိုတာ ကာမောဃ- ဘဝေါဃ- ဒိဋ္ဌောဃ- အဝိဇ္ဇောဃရယ်လို့ ဩဃလေးမျိုးရှိတယ်။

မေး။ ။အဲဒီ ဩဃလေးဖြာ ဝဲမဟာကို ပယ်ခွာနိုင်တဲ့လမ်း ရှိပါသလား၊ အကျင့်များကော ရှိပါသလားဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုဒါဒက.... ဩဃလေးဖြာကို ပယ်ခွာတဲ့လမ်း ရှိတယ်။ ပယ်ခွာတဲ့အကျင့်လဲ ရှိတယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... ဩဃလေးဖြာကို ပယ် ခွာ တဲ့ လမ်းဆိုတာ ဘယ်လမ်းပါလဲဘုရား.... အကျင့်ဟာ ဘယ် အကျင့်မျိုးပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုဒါဒက.... လောကကြီးမှာ ဘုရား ပစ္စေက ဗုဒ္ဓါ ရဟန္တာ အရှင်မြတ်တို့နှင့် တကွ သူတော်စင်များ လက်ကိုင်ထားတဲ့ မဂ္ဂင်ရှစ်ပါး ဆိုတာဟာ အဲဒီ ဩဃ လေးဖြာကို အပြီးအပိုင် ပယ်ခွာတဲ့ လမ်းကောင်းလမ်း မြတ်ဖြစ်တယ်။ အဲဒီ မဂ္ဂင်ရှစ်ပါး အကျင့် တရားဟာ ဩဃလေးဖြာ သံသရာမှ လွတ်ရာလွတ်ကြောင်း အကျင့် ကောင်း အကျင့်မြတ် ဖြစ်ပေတယ်။

## ဥပါဒါန်ဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... ဥပါဒါန်....ဥပါဒါန်နဲ့ ပြောသံ ဆိုသံတွေ မိုးမွှန်နေပါသည် ဘုရား။ အဲဒီ ဥပါဒါန်ဆို တာဟာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုဒါဒက.... ဥပါဒါန် ဆိုတာကတော့ လေး မျိုးလေးစားရှိတယ်။ အဲဒါက ဘာတွေလဲဆိုရင်၊ ကာမု

ပါဒါန်- ဒိဋ္ဌုပါဒါန်- သီလဗ္ဗတုပါဒါန်- အတ္တဝါဒုပါဒါန်တို့ ဖြစ်ကြပေတယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....လောကကြီးမှာ အဲဒီ ဥပါဒါန်တွေကို အမြစ်ပါမကျန်အောင် ပယ်လှန်တဲ့လမ်း ရှိပါသလား.... အကျင့်ရှိပါသလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက.... လောကကြီးမှာ နေရှိလို့ လရှိတယ်။ အတီးရှိလို့ အမရှိဘယ်ဆိုတာ ကြားဘူးတယ်မဟုတ်လား။

"ကြားဘူးပါတယ်ဘုရား..."

"အေး.... အဲဒီဥပမာ အတိုင်းဘဲပေါ့၊ ဥပါဒါန်ရှိရင် အဲဒီဥပါဒါန်ကို အမြစ်ပါ မကျန်အောင် ပယ်လှန်တဲ့ လမ်းဆိုတာ ရှိတယ်၊ အမြစ်မြှုတ် သွားအောင် ကျင့်တဲ့ အကျင့်ဆိုတာလဲ ရှိတယ်...."

မေး။ ။ဒါဖြင့်ဘုရား.... အဲဒီ ဥပါဒါန်ကို ပယ်လှန်တဲ့လမ်းနဲ့ အကျင့်ကို အသင့်အတင့် ရှင်းလင်းမိန့်ကြားတော် မူပါဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... မဂ္ဂင်ရှစ်ပါးဟာ ဥပါဒါန်တရားတွေကို အမြစ်ပါ မကျန်အောင် ပြုလုပ်နိုင်တဲ့လမ်းဖြစ်ပေတယ်၊ အကျင့်မှန်အကျင့်ကောင်း အကျင့်မြတ်လည်း ဖြစ်ပေတယ် တကာတော် ဇမ္ဗုခါဒက။

## ဘဝဆိုတာဘာလဲ

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... လောကကြီးမှာ ဘဝ-ဘဝနဲ့ ခဏခဏပြောဆိုနေကြတဲ့လူတွေ တပုံတပင်ကြီး ရှိနေပါ

တယ်ဘုရား....၊ အဲဒီ ဘ၀ဆိုတာ ဘာတွေများ ပါလဲ ဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... ကာမဘ၀၊ ရူပဘ၀၊ အရူပဘ၀ ရယ်လို့ ဘ၀သုံးမျိုးရှိတယ်။

မေး။ ။အရှင်ဘုရား.... အဲဒီဘ၀ သုံးမျိုး ကို ပိုင်းခြား၍သိ အောင် ပြုနိုင်စွမ်းတဲ့လမ်း ရှိပါသလား၊ အကျင့်ကော ရှိပါသလား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... ဘ၀သုံးပါးကို ပိုင်းခြားထင်ထင် သိမြင်အောင် ပြုနိုင်စွမ်းတဲ့လမ်းဆိုတာလဲရှိတယ်၊ အကျင့် ဆိုတာလဲရှိတယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ.... ဘ၀ကို ပိုင်းခြား၍ သိအောင် ပြုနိုင်စွမ်းတဲ့လမ်းဆိုတာ ဘာလဲ၊ အကျင့် ဆိုတာကော ဘာတွေပါလဲ။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... မဂ္ဂင်ရှစ်ပါးဟာ ဘ၀ကို ပယ် သတ်တဲ့လမ်းလဲဖြစ်တယ်၊ အကျင့်လဲဖြစ်တယ်။ ဒါကြောင့် အဲဒီမဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ အလွန်အဘိုးတန်တဲ့ တရားထူးတရားမြတ် ဖြစ်ပေတယ်ဆိုတာ စွဲစွဲမြဲမြဲ မှတ် သားထားပေလော့။

## ဒုက္ခဆိုတာဘာလဲ

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... လောကကြီးမှာ အမြဲတန်း လိုလို ကြားသိနေရတဲ့ ဒုက္ခ- ဒုက္ခဆိုတာ ဘယ်လိုဟာ ကြီးပါလဲ ဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... လောကကြီးမှာ လူတိုင်း လူတိုင်း ကြောက်လန့်နေတဲ့ ဒုက္ခရဲ့ သဘောတရားဟာ သုံးပါး တောင်ရှိတယ်။ အဲဒီသုံးပါးကတော့ ဒုက္ခဒုက္ခ၊ သင်္ခါရ ဒုက္ခ၊ ဝိပရိဏာမဒုက္ခဆိုတဲ့ အဲဒီသုံးပါးကိုခေါ်တယ်။

မေး။ ။ငါ့ရှင် သာရိပုတ္တရာ.... အဲဒီ ဒုက္ခတွေရဲ့ သဘောကို ပိုင်းခြား၍ သိနိုင်တဲ့လမ်း ရှိပါသလား၊ အကျင့်ရှိပါ သလား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက....အဲဒီ ဒုက္ခတွေကို ပိုင်းခြား သိ အောင် လုပ်တဲ့လမ်းနဲ့ အကျင့်ရှိပေတယ်။

မေး။ ။အရှင်ဘုရား.... အဲဒီဒုက္ခရဲ့ သဘောတွေကို ပိုင်းခြား ၍ သိအောင်လုပ်တဲ့ လမ်းဆိုတာဘာများပါလဲဘုရား....၊ အကျင့် ဆိုတာကော ဘာများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... အဲဒီဒုက္ခတွေကို ပိုင်းခြား၍ သိ အောင်လုပ်တဲ့ လမ်းကလဲ မဂ္ဂင်ရှစ်ပါးဘဲ ဖြစ်တယ်- အကျင့်ကလဲ မဂ္ဂင်ရှစ်ပါးပင်လျှင် ဖြစ်ပေတယ်ဟု မိန့် တော်မူ၏။

## သက္ကာယ ဆိုတာ ဘာလဲ

မေး။ ။ငါ့ရှင့်သာရိပုတ္တရာ....သက္ကာယ.... သက္ကာယနဲ့ ပြောဆို နေကြပါသည်ဘုရား၊ အဲဒီသက္ကာယဆိုတာ ဘာတွေများ ပါလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက .... ဥပါဒါနက္ခန္ဓာ ငါးပါးကို သက္ကာယဟု မြတ်စွာဘုရားဟောကြားတော် မူအပ်ပေ တယ်။

မေး။ ။အရှင်ဘုရား... အဲဒီဥပါဒါနက္ခန္ဓာ ငါးပါးဆိုတာ ဘာတွေများပါလဲဘုရား

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ- သညုပါဒါနက္ခန္ဓာ- သင်္ခါရုပါဒါနက္ခန္ဓာ- ဝိညာဏုပါဒါနက္ခန္ဓာ- အစားဖြင့် အဲဒီငါးပါးဟာ ဥပါဒါနက္ခန္ဓာများ ဖြစ်တယ်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အကြောင်းကို အရှင်ဘုရားမိန့်ကြားတော်မူပါတယ် အရှင်ဘုရား....၊ အဲဒီသက္ကာယကိုအမြစ်ပါပြုတ်အောင် ဆွဲနှုတ်နိုင်တဲ့လမ်းရှိပါသလားဘုရား.... အကျင့်ကောရှိပါသလားဘုရား။

ဖြေ။ ။အဲဒီသက္ကာယကို အမြစ်ပြုတ်အောင် ဆွဲနှုတ်နိုင်တဲ့ လမ်းလဲရှိတယ်၊ အကျင့်လဲရှိတယ်ငါ့ရှင်။

မေး။ ။အရှင်ဘုရား.... သက္ကာယကိုအမြစ်ပြုတ်အောင် ဆွဲနှုတ်တဲ့လမ်းဟာဘာတွေများ ပါလဲဘုရား....၊ အကျင့်ဟာ ဘာတွေများပါလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက.... အဲဒီသက္ကာယကို အမြစ်ပြုတ်အောင်ဆွဲနှုတ်တဲ့လမ်းဟာတခြားမဟုတ်ပေဘူး။ ဟိုရှေးမဆွကပင် သင့်ကိုငါနားလည်အောင်ရှင်းပြခဲ့တဲ့ မဂ္ဂင်ရှစ်ပါးဘဲဖြစ်တယ်။ သက္ကာယ အမြစ်ပြုတ်အောင် ကျင့်တဲ့ အကျင့်ဟာလဲ အဲဒီမဂ္ဂင်ရှစ်ပါးဘဲ ဖြစ်တယ်။ တခြား အကျင့်မရှိပေဘူး။

# အင်မတန်ခက်တဲ့အလုပ်

မေး။ ။အရှင်ဘုရား....မြတ်စွာဘုရား သာသနာတော်ကြီးမှာ အင်မတန်ခက်ခဲတဲ့ အလုပ်တွေဟာ ဘာတွေများပါလဲ ဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက၊ မြတ်စွာ ဘုရား သာသနာတော် ကြီးမှာ ရဟန်းပြုခြင်းအလုပ်ဟာ အင်မတန် ပြုလုပ်ဖို့ ခက်တဲ့အလုပ်တခု ဖြစ်ပေတယ်။

မေး။ ။အရှင်ဘုရား၊ ရဟန်းဖြစ်လာတဲ့ ပုဂ္ဂိုလ်များမှာ ဘယ် အရာကိုပြုလုပ်ဖို့ ခက်ခဲပါသလဲဘုရား။

ဖြေ။ ။ငါ့ရှင် ဇမ္ဗုခါဒက၊ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းဖြစ်လာပြန်ရင်လဲ မွေ့လျော် ပျော်ပိုက်ဖို့ အင်မ တန် ခက်ခဲပြန်ပေတယ်။

မေး။ ။အရှင်သာရိပုတ္တရာကိုယ်တော်ကြီးဘုရား၊ မြတ်စွာဘုရား သာသနာတော်ကြီးမှာ ရဟန်း ဘဝနှင့် မွေ့လျော် ပျော်ပိုက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်အလုပ်ကိုပြုလုပ်ဖို့ ခက်ပြန်ပါသေးသလဲဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက၊ ငါတို့ရဲ့ ဘ-ဘုရား သာသနာတော် ကြီးမှာ ရဟန်းဘဝ (သင်္ကန်းဝတ်)နဲ့ မွေ့လျော်ပျော် ပိုက်နေနိုင်သော်လဲ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားတော်နဲ့အညီ ကျင့်ကြံအား ထုတ်နေထိုင်နိုင်ဖို့ကျတော့ အလွန်ခက်ခဲပြန်ပါရော။

မေး။ ။အရှင်ဘုရား၊ 'အဘယ်မျှလောက် ကြာလျှင် တရားနှင့်

အညီ ကျင့်ကြံတဲ့ရဟန်းများ၊ ရဟန္တာဖြစ်နိုင်ပါသလား ဘုရား။

ဖြေ။ ။ငါ့ရှင်ဇမ္ဗုခါဒက၊ တရားနှင့်အညီသာ ကြိုးစားကျင့်ကြံမယ်ဆိုရင် မကြာမီပင် ရဟန္တာဖြစ်နိုင်ပေတယ်-ဟု ရှင်းလင်းမိန့်ကြားတော် မူလေသတည်း။

## တေဒဂ်ရ ဓမ္မဒိန္နာ

ဝိသာခ ဥပါသကာသည် ရာဇဂြိုဟ်ပြည်ကြီးကို စည်ထီးနှင့်တကွ အစိုးရတော်မူသော ဗိမ္ဗိသာရမင်းကြီးတို့နှင့်အတူ၊ သောတာပန်တည်သော ဥပါသကာ တဦး ဖြစ်လေသည်။ နောက်ကာလ အတန်ကြာမှ သကဒါဂါမိ၊ နောက်မှ အနာဂါမိ အဆင့်သို့ ရောက်ရှိသည်။

ဝိသာခ ဥပါသကာ ဖြစ်ချိန်တွင် ရာဇဂြိုဟ် မြို့တော်ကြီး၌၊ ဘိက္ခုနီမကျောင်းကြီး အထင်အရှား စည်ကားသိုက်မြိုက်၍နေလေပြီ။ ဝိသာခဥပါသကာ၊ အနာဂါမိအဆင့်သို့ ရောက်ရှိလာသောအခါ၊ ကာမကိစ္စကို ပယ်အပ်ပြီးသည့်အတွက် အိမ်ရှင်မ ဓမ္မဒိန္နာသည် ဘိက္ခုနီမကျောင်းသို့သွား၍၊ ရဟန်းမိန်းမ ပြုလုပ်လေ၏၊ ဓမ္မဒိန္နာသည် လင်တော်မောင်သူဌေးကြီးကို အားကျ၍ ကြိုးစား အားထုတ်လိုက်ရာ၊ ပဋိသမ္ဘိဒါ လေးပါးနှင့် ရဟန္တာမကြီးဖြစ်သွား၍၊ ဓမ္မကထိက အရာတွင် တေဒဂ်ဘွဲ့ထူးကြီးဖြင့် ချီးကျူး ဂုဏ်ပြုခြင်းခံရသည့် ရဟန္တာမကြီးတဦး ဖြစ်လာလေတော့သည်။

## အတိတ်ဘဝက ဓမ္မဒိန္နာ

ပဒုမုတ္တရမြတ်စွာဘုရား ရှေ့လက်ထက်တော်အခါက ဓမ္မဒိန္နာ အလောင်းသည် သူတပါး၏ အစေခံမကလေးတဦး ဖြစ်ခဲ့သည်။ သို့ရာတွင် ပညာရှိပြီး အကျင့်သီလ ကောင်းမွန်သူကလေး ဖြစ်ပေသည်။

တနေ့သ၌ ပဒုမုတ္တရ မြတ်စွာဘုရား၏ အဂ္ဂသာဝက တဦး ဖြစ်သော သုဇာတသည် ဆွမ်းခံကြွတော် မူလာ၏။ ထိုအခါ ရေခပ်ထွက်လာသော ဓမ္မဒိန္နာအလောင်းသည် မထေရ်မြတ်ကို ဖူးမြင်ရလျှင် အလွန် ကြည်ညိုသဒ္ဓါတရား ပေါက်လာပြီး၊ မိမိ လက်ဖြင့် မုန့်ကို လှူဒါန်းလေ၏။ မထေရ်မြတ်သည် မုန့်ကိုအလှူ ခံပြီး၊ ထိုနေရာတွင်ပင် ထိုင်၍ ဘုဉ်း ပေး တော် မူလေသည်။ ထိုနောက် မထေရ်ကိုအိမ်သို့ပင့်၍ ဆွမ်းဘောဇဉ် လှူဒါန်းသော အခါ၊ အရှင်သခင်များကသဘောကျ၍ သူ့သားနှင့် လက်ထပ် ပေးစားလိုက်၏။ ဓမ္မဒိန္နာလောင်းသည် ယောက္ခမများနှင့်အတူ သွားရောက်၍ မြတ်စွာဘုရားကို ရှိခိုးလေ၏။

ထိုအချိန်တွင် မြတ်စွာဘုရားသည် ဓမ္မကထိကရဟန်းမတဦး ကို ဧတဒဂ်ဘွဲ့ထူး ချီးမြှင့်တော်မူ၏။ ထိုအဖြစ်အပျက်ကိုတွေ့မြင် ရသောအခါ၊ ဓမ္မဒိန္နာ အလောင်းသည် အလွန် ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး၊ မြတ်စွာဘုရားနှင့်တကွ ရဟန်း သံဃာများကို မိမိအိမ်သို့ ပင့်ဖိတ်၍ အလှူကြီး ပေးလှူပြီး၊ အမျိုးသမီး ဓမ္မ ကထိက ဧတဒဂ်ရာထူးကို ဆုတောင်းခဲ့လေ၏။

မြတ်စွာ ဘုရားသည် မိမိဉာဏ်တော်ဖြင့် ဆင်ခြင်လိုက်သည် ရှိသော် ဓမ္မဒိန္နာအလောင်းလျာကလေး၏ဆုတောင်း ပြည့်နိုင်

သည်ကိုမြင်သဖြင့်၊ "ချစ်သမီး.... နောင်အခါ ဘဒ္ဒကမ္ဘာမှာ ဂေါတမဘုရား အထင်အရှား ပွင့်တော်မူလိမ့်မယ်၊ အဲဒီအခါ ချစ်သမီးတောင်းတဲ့ဆု ပြည့်လိမ့်မယ်၊ ခေမ္မဒိန္နာဆိုတဲ့ အမည်နဲ့ အဂ္ဂသာဝိကာမ တဦး ဖြစ်လိမ့်မယ်...."ဟု ဗျာဒိတ်တော်မြွတ်ချမှတ်ခဲ့သည်။

ခေမ္မဒိန္နာ အလောင်းသည်၊ ဗျာဒိတ်စကား ကြားနာရသော် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး၊ မြတ်စွာဘုရားကို အသက်ထက်ဆုံး ပစ္စည်းလေးပါးဖြင့် ဆက်ကပ်လုပ်ကျွေးလေ၏။ ထိုသို့ သူ့ဒါန်း ဆည်းကပ်ခဲ့သော စေတနာကံကြောင့် သေလွန်သည့်အခါ၊ တာဝတိံသာနတ်ပြည်သို့ရောက်ခဲ့ရသည်။ ဤဘဒ္ဒကမ္ဘာတွင် ကဿပဘုရားပွင့်တော်မူသောအခါ မြတ်စွာဘုရား အလုပ်အကျွေးဖြစ်သော ကိကီမင်းကြီး၏ ဆဋ္ဌမြောက်သမီးတော်ဖြစ်၍ သုဓမ္မာဟူသော အမည်ဖြင့် ထင်ရှား ကျော်ကြား ခဲ့ပေသည်။ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသောအခါ၊ ခမည်းတော်မင်းကြီးအား ရဟန်းပြုရန် ခွင့်ပန်လျှောက်ထား ကြလေသည်။ ခမည်းတော်ဘုရားက ခွင့်မပြုသည့်အတွက် ညီမခုနစ်ဖော် စလုံးနန်းတော်တွင် ချမ်းမြေ့ ပျော်ရွှင်စွာ အပျိုစင် ဘဝဖြင့် အကျင့်မြတ်ကို အနှစ် ၂-သောင်း ကာလပတ်လုံး ကျင့်ကြံအား ထုတ်ခဲ့ကြ၏။ မြတ်စွာဘုရားကိုလည်း ဆည်းကပ် လုပ်ကျွေး၍ အမြဲတစေ ရွှင်ကြည်ပျော်မွေ့စွာ နေခဲ့ကြသည်။

ထိုအချိန်က သမီးတော်ခုနစ်ယောက်မှာ သမဏီ၊ သမဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယိကာ၊ ခေမ္မ၊ သုဓမ္မာနှင့် သံဃဒါယိကာတို့ ဖြစ်ကြ၏။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ဝင်းခုနစ်ယောက်သည် ယခုဘဝတွင် အစဉ်အတိုင်း ခေမာ၊ ဥပ္ပလဝဏ်၊ ပဋာစာရီ၊ ကုဏ္ဍလကေသာ၊ ကိသာဂေါတမီ၊ ဓမ္မဒိန္နာနှင့် ဝိသာခါတို့ ဖြစ်လာကြသည်။

ကောင်းစွာ ပြုလုပ်ခဲ့သည့် ကုသိုလ်စေတနာ အကျိုးအားလျော်စွာ သမီးတော်ဘဝမှ ကွယ်လွန်သော်၊ တာဝတိံသာသို့ ရောက်ခဲ့ရ၏။ ယခုနောက်ဆုံးဘဝတွင် ရာဇဂြိုဟ်ပြည်၌ အလွန်ကြွယ်ဝသော သူဌေးအမျိုးတွင် မွေးဖွားလာသည်။ ပဌမအရွယ်မှာပင် လင်၏အိမ်သို့လိုက်၍ ချမ်းချမ်း သာသာ ပြည့်ပြည့်စုံစုံ နေထိုင်ခဲ့ရပေသည်။

ကောင်းသော အသိဉာဏ်ရှိသော မိမိ၏ လင်ယောကျ်ားသည်၊ မြတ်စွာဘုရားတရားကို ကြားနာရသောအခါ၊ အနာဂါမ်တည်၍သွားသဖြင့် လင်တော်မောင်ထံ ခွင့်ပန်၍ ရဟန်းမပြုလုပ်ခဲ့သည်။ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

တနေ့သောအခါ လင်ဟောင်းဖြစ်ခဲ့သူ ဥပါသကာသည်၊ ဓမ္မဒိန္နာထေရီထံသို့လာရောက်၍ ပြဿနာများ မေးမြန်းခဲ့လေသည်။

## သက္ကာယ

မေး။ ဝိသာခဒါယကာ။ ။အရှင်မ ဓမ္မဒိန္နာ.... သက္ကာယ - သက္ကာယလို့ အများကပြောဆိုနေကြပါသည်။ မြတ်စွာဘုရားသည် အဘယ်တရားကို သက္ကာယလို့ ဟောကြားတော်မူပါသနည်း။

ဖြေ။ အရှင်မဓမ္မဒိန္နာ။ ။ဝိသာခဒါယကာ.... ဥပါဒါနက္ခန္ဓာတရား ၅ ပါးကို၊ သက္ကာယလို့ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ.... အင်မတန် ကောင်းမွန်လှပါသည် ဘုရား....ဒါထက် ဆက်လက်၍ မေးခွင့်ပြုပါအုံးဘုရား။

'မေးနိုင်တယ် ဝိသာခဒါယကာ'

အရှင်မ ဓမ္မဒိန္နာ....သက္ကာယဖြစ်ခြင်း အကြောင်းရင်းကို ပြောဆို နေကြပါတယ် ဘုရား၊ သက္ကာယ ဖြစ်ခြင်း အကြောင်းရင်းကို ဗုဒ္ဓဘုရား အဘယ်ကဲ့သို့ ဟောကြား တော်မူခဲ့ပါသနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ... ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝ တဏှာဆိုတဲ့ တဖန်ဘဝသစ်၌ ဖြစ်စေတတ်တဲ့ နှစ်သက်ခြင်း ရာဂနှင့်တကွ ဖြစ်သော တဏှာကို သက္ကာယဖြစ်ကြောင်း သက္ကာယသမုဒယဟု ဗုဒ္ဓကဟောကြားတော်မူပါတယ်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ....သက္ကာယဖြစ်ခြင်း အကြောင်းရင်းကို ရှင်းလင်းပြလို့သဘောကျပါပြီဘုရား၊ သက္ကာယချုပ်ခြင်း အကြောင်းရင်းကို ဆက်လက်ပြီး မိန့်ကြားတော်မူပါဘုရား၊ ဗုဒ္ဓက သက္ကာယချုပ်ခြင်း အကြောင်းရင်းကို မည်ကဲ့သို့ မိန့်ကြားတော် မူပါသလဲဘုရား။

ဖြေ။ ။ဝိသာခ ဒါယကာ.... အထက်က ပြဆိုခဲ့တဲ့ တဏှာ၏ အကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်-စွန့်ရာနိဗ္ဗာန်-ဘပ်မက်ခြင်း ကင်းရာ ဖြစ်တဲ့ နိဗ္ဗာန်ဆိုတာရှိတယ်။ အဲဒီနိဗ္ဗာန်ကိုသက္ကာယချုပ်ရာ-သက္ကာယနိရောဓဟု မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ.... သက္ကာယချုပ်ရာ နိဗ္ဗာန်ရောက်

ကြောင်း အကျင့်ကို မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟော ကြားတော်မူပါသနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ.... မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ဗုဒ္ဓက သက္ကာယချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟု ဟောကြားတော်မူပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ.... ဥပါဒါန်သည်ပင် ဥပါဒါနက္ခန္ဓာပါလား၊ သို့မဟုတ် ဥပါဒါန်သည် ခန္ဓာငါးပါးတို့မှ တခြားပါလား။

ဖြေ။ ။ဝိသာခဒါယကာ....ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာမဟုတ်ဘူး။ ဥပါဒါန်ဟာ ခန္ဓာငါးပါးမှတခြားလဲမဟုတ်ဘူး။ ဝိသာခဒါယကာ....ခန္ဓာငါးပါးတို့၌ လိုချင်တပ်မက်မှု ဆန္ဒရာဂသည် ဥပါဒါန်များဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ....သက္ကာယဒိဋ္ဌိဖြစ်တယ်ဆိုတာ ဘယ်လို ဘယ်နည်းဖြစ်တာကို ခေါ်ပါသလဲ။

ဖြေ။ ။ဝိသာခဒါယကာ....ဤလောက၌ အရိယာပုဂ္ဂိုလ်များကို ဉာဏ်မျက်စိဖြင့် မတွေ့မြင်ဘူးတဲ့သူတွေ၊ အရိယာတို့၏ တရား၌ သိကြားလိမ္မာမှုမရှိတဲ့သူတွေ၊ အရိယာတို့၏ တရား၌ မယဉ်ကျေးတဲ့သူတွေ၊ သူတော်ကောင်းများကို ဉာဏ်မျက်စိနဲ့ မတွေ့မြင်ဘူးတဲ့သူတွေ၊ သူတော်ကောင်း တရား၌ သိကြားလိမ္မာမှု မရှိတဲ့သူတွေ၊ အကြားအမြင် ဗဟုသုတနည်းပါးတဲ့ ပုထုဇဉ်တွေဟာ ရုပ်ကောင်ကြီး ငါ-ငါ-လို့ ရှုမှတ်စွဲလမ်းနေတယ်။ ငါကောင်ကြီးကို ရုပ်ပဲဟု ရှုမှတ်စွဲလမ်းနေတယ်။ ရုပ်ကောင်ကြီး၌ ငါဟု ရှုမှတ်စွဲလမ်းနေတယ်။ဝိသာခဒါယကာ....အဲဒီလို ငါ-ငါ

ငါဟု စွဲလမ်းရှုမှတ်နေလျှင် သက္ကာယတွေ ဖြစ်လာပါတယ်။

ထိုနည်းတူစွာဘဲ ဝေဒနာကို ငါလို့ ရှုမှတ်စွဲလမ်းနေတယ်။ ငါကောင်ကြီးကို ဝေဒနာဘဲဟု ရှုမှတ်စွဲလမ်းနေတယ်။ ငါကောင်ကြီး၌ ဝေဒနာဘဲဟု ရှုမှတ်စွဲလမ်းနေတယ်။ ဝေဒနာ၌ ငါဟု ရှုမှတ်စွဲလမ်းနေတယ်။

သညာကို ငါလို့ ရှုမှတ်စွဲလမ်းနေတယ်။ ငါကောင်ကြီးကို သညာဘဲဟု ရှုမှတ်စွဲလမ် နေတယ်။ ငါကောင်ကြီး၌ သညာဘဲဟု ရှုမှတ်စွဲလမ်းနေတယ်။ သညာ၌ ငါဟု ရှုမှတ်စွဲလမ်းနေတယ်။

သင်္ခါရကို ငါဟု ရှုမှတ်စွဲလမ်းနေတယ်။ ငါကောင်ကြီးကို သင်္ခါရဟုရှုမှတ်စွဲလမ်းနေတယ်၊ ငါကောင်ကြီး၌ သင်္ခါရဘဲဟု ရှုမှတ်စွဲလမ်းနေဘယ်၊ သင်္ခါရ၌ ငါဟု ရှုမှတ်စွဲလမ်းနေတယ်။

ဝိညာဉ်ကို ငါဟု ရှုမှတ်စွဲလမ်းနေဘယ်၊ ငါကောင်ကြီးကို ဝိညာဉ်ဟု ရှုမှတ်စွဲလမ်းနေတယ်၊ ငါကောင်ကြီး၌ ဝိညာဉ်ဘဲဟု ရှုမှတ်စွဲလမ်းနေတယ်၊ ဝိညာဉ်၌ ငါဟု ရှုမှတ်စွဲလမ်းနေတယ်။

အဲဒီလို ငါ-ငါ-ငါဟု စွဲလမ်းရှုမှတ်နေလျှင် သက္ကာယတွေ ဖြစ်လာပါတယ်။

မေး။ ။အရှင်မဓမ္မဒိန္နာ....အဘယ်သို့ ရှုမှတ်နေလျှင် သက္ကာယ မဖြစ်နိုင်ပါသလဲ။

ဖြေ။ ။ဝိသာခဒါယကာ....ဤလောက၌ အရိယာပုဂ္ဂိုလ်တို့ကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ဘူးတဲ့သူတွေ၊ အရိယာတို့တရား

၌ သိကြားလိမ်မာမှု ရှိတဲ့သူတွေ၊ အရိယာတို့ တရား၌ ယဉ်ကျေးတဲ့သူတွေ၊ သူတော်ကောင်းများကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ဘူးတဲ့သူတွေ၊ သူတော်ကောင်းတရား၌ သိကြားလိမ်မာမှုရှိတဲ့သူတွေ၊ သူတော်ကောင်းတရား၌ ယဉ်ကျေးတဲ့သူတွေ၊ အကြားအမြင် ဗဟုသုတပြည့်ဝတဲ့သူတွေ၊ အဲဒီလို ပုဂ္ဂိုလ်များသည်၊ ရုပ်ကောင်ကြီးကို ငါလို့မရှုမှတ်မစွဲလမ်းဘူး၊ ငါကောင်ကြီးကိုရုပ်လို့လဲ မရှုမှတ် မစွဲလမ်းတော့ဘူး၊ ငါကောင်ကြီး၌ ရုပ်ဟုမရှုမှတ်မစွဲလမ်းတော့ဘူး၊ ရုပ်ကောင်ကြီး၌ ငါဟုလဲ မရှုမှတ်မစွဲလမ်းတော့ဘူး။

ဝေဒနာကို ငါလို့မရှုမှတ်မစွဲလမ်းဘူး၊ ငါကောင်ကြီးကိုဝေဒနာဟုမရှုမှတ်မစွဲလမ်းတော့ဘူး၊ ငါကောင်ကြီး၌ ဝေဒနာဟုမရှုမှတ်မစွဲလမ်းတော့ဘူး၊ ဝေဒနာ၌ ငါဟုလဲ မရှုမှတ်မစွဲလမ်း တော့ဘူး။

သညာကို ငါလို့မရှုမှတ်မစွဲလမ်းဘူး၊ ငါကောင်ကြီးကိုသညာဟု မရှုမှတ်မစွဲလမ်း တော့ဘူး၊ ငါကောင်ကြီး၌သညာဟု မရှုမှတ်မစွဲလမ်းတော့ဘူး၊ သညာ၌ ငါဟုလဲ မရှုမှတ်မစွဲလမ်း တော့ဘူး။

သင်္ခါရကို ငါလို့မရှုမှတ်မစွဲလမ်းဘူး၊ ငါကောင်ကြီးကိုသင်္ခါရဟု မရှုမှတ်မစွဲလမ်းတော့ဘူး၊ ငါကောင်ကြီး၌ သင်္ခါရဟုမရှုမှတ်မစွဲလမ်းတော့ဘူး၊ သင်္ခါရ၌ ငါဟုလဲ မရှုမှတ် မစွဲလမ်းတော့ဘူး။

ဝိညာဉ်ကို ငါလို့မရှုမှတ်မစွဲလမ်းဘူး၊ ငါကောင်ကြီးကိုဝိညာဉ်ဟု မရှုမှတ်မစွဲလမ်းတော့ဘူး၊ ငါကောင်

ကြီး၌ စိညာဉ်ဟုမှရှုမှတ်မစွဲလမ်းတော့ဘူး၊ ဝိညာဉ်၌ ငါ ဟုလဲ မရှုမှတ်မစွဲလမ်းတော့ဘူး။

ဝိသာခဒါယကာ....အဲဒီလိုမရှုမှတ်မစွဲလမ်းဘဲ နေရင် ငါ-ငါ-ငါဆိုပြီး စွဲလမ်း နေတဲ့ သက္ကာယဒိဋ္ဌိ မဖြစ် တော့ပါ။

## မဂ္ဂင်

မေး။ ။အရှင်မဓမ္မဒိန္နာ.... အင်္ဂါရှစ်ပါးရှိသော မဂ်တရားဆို တာအဘယ်တရားတွေပါနည်း။

ဖြေ။ ။သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ-အဲဒီတရားတွေဟာ မဂ္ဂင်ရှစ်ပါး အကျင့်တရား တွေဖြစ်ပါတယ်။

မေး။ ။အရှင်ဓမ္မဒိန္နာ....မြတ်သော၊ဖြူစင်သော၊ မဂ္ဂင်ရှစ်ပါး သည် သင်္ခတဖြစ်ပါသလား၊ အသင်္ခတဖြစ်ပါသလား။

ဖြေ။ ။ဝိသာခဒါယကာ....မြတ်သော၊ ဖြူစင်သော မဂ္ဂင် ရှစ်ပါးသည် သင်္ခတ တရားသာဖြစ်ပေတယ်။

မေး။ ။အရှင်မဓမ္မဒိန္နာ....မြတ်သော ဖြူစင်သော မဂ္ဂင်ရှစ်ပါး ဖြင့် သီလက္ခန္ဓာစသော ခန္ဓာသုံးပါးတို့ကို ရေတွက်အပ် ပါသလော....သို့မဟုတ် သီလက္ခန္ဓာစသော ခန္ဓာသုံးပါး တို့ဖြင့် မဂ္ဂင်ရှစ်ပါးကိုရေတွက်အပ်ပါသလော။

ဖြေ။ ။ဝိသာခါဒါယကာ....မြတ်သော ဖြူစင်သော မဂ္ဂင်ရှစ် ပါးဖြင့် သီလက္ခန္ဓာစသောခန္ဓာသုံးပါးတို့ကို မရေတွက် အပ်ပါ။သီလက္ခန္ဓာ စသောသုံးပါးသောခန္ဓာတို့ဖြင့်သာ

မြတ်သော-ဖြူစင်သော မဂ္ဂင်ရှစ်ပါးကို ရေတွက်အပ်ပါသည်။

ဝိသာခဒါယကာ....သမ္မာဝါစာ-သမ္မာကမ္မန္တ- သမ္မာအာဇီဝ- အဲဒီမဂ္ဂင်သုံးပါးကို သီလက္ခန္ဓာ(သီလအုပ်စု၌) ရေတွက်အပ်ပါသည်။

သမ္မာဝါယာမ-သမ္မာသတိ-သမ္မာသမာဓိ-အဲဒီတရားသုံးပါးကို သမာဓိက္ခန္ဓာ (သမာဓိအုပ်စု)၌ ရေတွက် အပ်သည်။

သမ္မာဒိဋ္ဌိ- သမ္မာသင်္ကပ္ပ- အဲဒီတရား နှစ်ပါးကို ပညာက္ခန္ဓာ (ပညာအုပ်စု)၌ ရေတွက်အပ်ပါသည်။

## သမာဓိ

ခမေး။ ။အရှင်မဓမ္မဒိန္နာ....အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိဖြစ်ပါသနည်း၊ အဘယ်တရားသည် တည်ကြည်ခြင်း သမာဓိ အကြောင်း နိမိတ်များ ဖြစ်ပါသနည်း။ အဘယ်တရားသည် သမာဓိ၏ အခြံအရံများ ဖြစ်ပါသနည်း၊ အဘယ်တရားများသည် တည်ကြည်ခြင်း သမာဓိကို ပွားများခြင်းဖြစ်ပါသနည်း။

ခဖြေ။ ။ဝိသာခဒါယကာ....စိတ်၏ အာရုံ တခုထဲ၌သာ ရှိနေခြင်းသည် တည်ကြည်ခြင်းသမာဓိဖြစ်ပါသည်။

သတိပဋ္ဌာန်လေးပါးတို့သည် တည်ကြည်ခြင်း သမာဓိ၏ ဖြစ်ကြောင်း နိမိတ်တို့ဖြစ်ပါသည်။

သမ္မပ္ပဓာန် ၄-ပါးတို့သည်တည်ကြည်ခြင်း သမာဓိ၏ အခြံအရံတရားများဖြစ်ပါသည်။

ထိုသတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါးတို့ကိုသာ လျှင်အဖန်ဖန်မှီဝဲခြင်း၊ ပွားများခြင်း၊ကြိမ်ဖန်များစွာပြု လုပ်အားထုတ်ခြင်းသည် တည်ကြည်ခြင်း သမာဓိကိုပွား များနေခြင်းဖြစ်ပါသည်။

## သင်္ခါရ

မေး။ ။အရှင်မဓမ္မာဒိန္နာ.... သင်္ခါရတရား တွေဆိုတာ ဘယ် လောက်များရှိပါသလဲ။

ဖြေ။ ။ဝိသာခဒါယကာ.... ကာယသင်္ခါရ- ဝစီသင်္ခါရ- စိတ္တ သင်္ခါရအားဖြင့် သင်္ခါရတရား သုံးပါးရှိပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ.... အဘယ်တရားက ကာယ သင်္ခါရ၊ အဘယ်တရားက ဝစီသင်္ခါရ၊ အဘယ်တရားက စိတ္တ သင်္ခါရဖြစ်ပါသလဲ။

ဖြေ။ ။ဝိသာခဒါယကာ....အဿာသပဿာသတရား ၂-ပါးက ကာယသင်္ခါရ ဝိတက်ဝိစာရတရား ၂-ပါးက-ဝစီသင်္ခါရ သညာဝေဒနာတရား ၂-ပါးက စိတ္တသင်္ခါရဖြစ်ပါတယ်။

မေး။ ။အရှင်မဓမ္မဒိန္နာ....အဿာသပဿာသတရား ၂-ပါးတို့ ကို ဘာကြောင့်ကာယသင်္ခါရဟုဆိုရပါသနည်း။

ဝိတက်ဝိစာရတရား ၂ ပါးတို့ကို ဘာကြောင့် ဝစီ သင်္ခါရဟု ဆိုရပါသနည်း။

သညာ ဝေဒနာတရား ၂ ပါးတို့ကို ဘာကြောင့် စိတ္တသင်္ခါရဟု ဆိုရပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ အဿာသ ပဿာသ တရား ၂ ပါး တို့ဟာ ကိုယ်၌ မှီကြတယ်၊ ကိုယ်နှင့် စပ်နေ ကြတယ်၊

ဒါကြောင့် အဿာသ ပဿာသတရား ၂-ပါး တို့ကို၊ ကာယသင်္ခါရဟု ဆိုရပါတယ်။

ရှေးဦးစွာ ကြံစည်ဆင်ခြင်ပြီးမှ စကားကိုပြောဆိုကြပါတယ်။ ဒါကြောင့် ဝိတက်ဝိစာရတရား ၂ ပါးကို၊ ဝစီသင်္ခါရဟု ဆိုရပါတယ်။

သညာ ဝေဒနာတရား ၂ ပါးတို့သည် စိတ်နှင့်စပ်၍ နေကြပါတယ်။ ဒါကြောင့်သညာ-ဝေဒနာတရား ၂ ပါး တို့က စိတ္တသင်္ခါရဟု ဆိုရပါတယ်။

## နိရောဓသမာပတ်

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ သညာ-ဝေဒနာတို့ချုပ်ရာ နိရောဓ သမာပတ်သည် အဘယ်သို့ဖြစ်ပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ သညာ- ဝေဒနာတို့ချုပ်ရာ နိရောဓ သမာပတ်ကို ဝင်စားသော ရဟန်းအား၊ ငါသည်သညာ ဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ် ဝင်စားဦးမည်၊ ဝင်စားဆဲ၊ ဝင်စားပြီးပြီဟူ၍ စိတ်မှာမဖြစ်ဘူး။ အမှန် စင်စစ်ကတော့ နိရောဓသမာပတ်ကို မဝင်စားမီ ရှေး အဘို့ကပင်လျှင်၊ သညာဝေဒနာတို့ချုပ်အောင် စိတ်ကို ပွားများထားပြီးသို့ ဖြစ်ပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ နိရောဓ သမာပတ် ဝင် စား သော ရဟန်းအား အဘယ်တရားတွေ ပထမ ချုပ်ပါသနည်း။ ကာယသင်္ခါရတွေဘဲ ပထမချုပ်ပါသလား။ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ တရားတွေဘဲ ပထမ ချုပ်ပါသလား။

ဖြေ။ ။ဝိသာခ ဒါယကာ၊ နိရောဓသမာပတ် ဝင်စားသော ရဟန်းအား ဝစီသင်္ခါရက ပထမချုပ်ပါသည်။ နောက်မှ ကာယသင်္ခါရ၊ ထိုနောက်မှ စိတ္တသင်္ခါရတို့ချုပ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ ဘယ်လိုလုပ်ပြီး နိရောဓ သမာပတ်မှ ထပါသနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ၊ နိရောဓ သမာပတ်မှ ထလိုသော ရဟန်းအား၊ ငါသည် နိရောဓသမာပတ်မှ ထတော့အံ့၊ ထဆဲ၊ ထပြီးပြီဟု ဤကဲ့သို့စိတ်၌မဖြစ်ပါ။ အမှန်စင်စစ် ကတော့ ရှေးအဘို့ကပင်လျှင် နိရောဓသမာပတ် ဝင်စားသော ရဟန်းသည်၊ နိရောဓသမာပတ်မှထနိုင်ရန် စိတ်ကို ပွားများပြီး ကြိုတင်ပြင်ဆင်ပြီး ဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ စကားကြောရှေတယ်လိုတော့ မထင်ပါနဲ့၊ မေးစရာကလေးတွေကတော့ အတော်ဘဲများတော့ ဆက်ပြီး မေးပါရစေအုံးဘုရား။

ဖြေ။ ။မေးစရာရှိတာ ဆက်ပြီး မေးနိုင်ပါတယ်။

မေး။ ။အင်မတန်ကျေးဇူးတင် ဝမ်းမြောက်လှပါတယ်ဘုရား။

အရှင်မဓမ္မဒိန္နာ၊ နိရောဓသမာပတ်မှ ထသောရဟန်းအား အဘယ် တရားတို့သည် ပထမ ဖြစ်ပါသနည်း။ ကာယသင်္ခါရတရားတို့သည် ပထမဖြစ်ပါသလား၊ ဝစီသင်္ခါရတရားတို့သည် ပထမဖြစ်ပါသလား၊ စိတ္တသင်္ခါရတရားတို့သည်ပင် ပထမ ဖြစ်ပါသလား။

ဖြေ။ ။ဝိသာခဒါယကာ၊ နိရောဓသမာပတ်မှထသော ရဟန်းအားပထမဆုံး စိတ္တသင်္ခါရဖြစ်ပါသည်။ နောက်မှကာယသင်္ခါရ၊ နောက်ဆုံးပိတ်မှ ဝစီသင်္ခါရတို့ ဖြစ်ကြပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ နိရောဓသမာပတ်မှထသော ရဟန်းကို ဖဿဘယ်နှစ်ပါး တွေ့ထိပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ နိရောဓသမာပတ်မှထသော ရဟန်းကို သုညတဖဿ၊ အနိမိတ္တဖဿ၊ အပ္ပဏိဟိတဖဿ အဲဒီဖဿတရားသုံးပါး တွေ့ထိအပ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ နိရောဓသမာပတ်မှထပြီးသော ရဟန်း၏စိတ်သည် အဘယ်သို့ညွတ်ပါကိုင်းပါ ရှိုင်းပါသနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ၊ နိရောဓ သမာပတ်မှ ထပြီးသော ရဟန်း၏ စိတ်သည် နိဗ္ဗာန်သို့ ညွတ်ပါသည်၊ နိဗ္ဗာန်သို့ ကိုင်းပါသည်၊ နိဗ္ဗာန်သို့ရှိုင်းပါသည်။

## ဝေဒနာ

မေး။ ။အရှင်မဓမ္မဒိန္နာ၊ ဝေဒနာဘယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခဝေဒနာအားဖြင့် ဝေဒနာသုံးပါး ရှိပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ သုခဝေဒနာဆိုတာဘာခေါ်ပါသလဲ၊ ဒုက္ခဝေဒနာဆိုတာ ဘာခေါ်ပါသလဲ။ အဒုက္ခမသုခဝေဒနာဆိုတာ ဘာခေါ်ပါသလဲ။

ဖြေ။ ။ဝိသာခဒါယကာ၊ ကိုယ်ထဲမှာဘဲဖြစ်ဖြစ်၊ စိတ်ထဲမှာဘဲဖြစ်ဖြစ်၊ ချမ်းချမ်းသာသာ ခံစားရသော ဝေဒနာသည် သုခဝေဒနာဖြစ်ပါသည်။ ကိုယ်ထဲမှာဘဲဖြစ်ဖြစ်၊ စိတ်ထဲမှာဘဲဖြစ်ဖြစ်၊ ဆင်းဆင်းရဲရဲ ခံစားရသောဝေဒနာသည် ဒုက္ခဝေဒနာ ဖြစ်ပါသည်။ ကိုယ်ထဲမှာဘဲဖြစ်ဖြစ် စိတ်ထဲမှာဘဲဖြစ်ဖြစ်၊ ချမ်းသာတာလဲ မဟုတ်၊ ဆင်းရဲတာလဲ

မဟုတ်ဘဲ ခံစားရသော ဝေဒနာသည် အဒုက္ခမသုခ ဝေဒနာ ဖြစ်ပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ သုခဝေဒနာ ဆိုတာ ဘယ်လိုချမ်းသာ၍ ဘယ်လိုဆင်းရဲပါသနည်း။ ဒုက္ခဝေဒနာဆိုတာ ဘယ်လိုချမ်းသာ၍ ဘယ်လိုဆင်းရဲပါသနည်း။ အဒုက္ခမသုခဝေဒနာဆိုတာ ဘယ်လိုချမ်းသာ၍ ဘယ်လိုဆင်းရဲပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ သုခဝေဒနာတည်ရှိခြင်းသည် ချမ်းသာပါသည်။ ဖောက်ပြန် ပျက်စီးခြင်းသည် ဆင်းရဲဖြစ်ပါသည်။ ဒုက္ခဝေဒနာတည်ရှိခြင်းသည် ဆင်းရဲပါသည်။ ဖောက်ပြန်ပျက်စီးခြင်းသည် ချမ်းသာပါသည်။ အဒုက္ခမသုခ ဝေဒနာကို သိမြင်ခြင်းသည် ချမ်းသာ ပါသည်။ မသိမမြင်ခြင်းသည် ဆင်းရဲပါသည်။

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ သုခဝေဒနာ၌ အဘယ် အနုသယ ကိန်းပါသနည်း။ ဒုက္ခ ဝေဒနာ၌ အဘယ် အနုသယ ကိန်းပါသနည်း။ အဒုက္ခမသုခဝေဒနာ၌ အဘယ်အနုသယ ကိန်းပါသနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ သုခဝေဒနာ၌ ရာဂါနုသယ ကိန်းပါသည်။ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယ ကိန်းပါသည်။ အဒုက္ခမ သုခဝေဒနာ၌ အဝိဇ္ဇာနုသယကိန်းပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ အလုံးစုံသော သုခဝေဒနာ၌ ရာဂါနုသယကိန်းပါသလော၊ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာနုသယကိန်းပါသလော၊ အဒုက္ခမသုခ ဝေဒနာအားလုံး၌ အဝိဇ္ဇာနုသယကိန်းပါသလော။

ဖြေ။ ။ဝိသာခ ဒါယကာ၊ သုခ ဝေဒနာ အားလုံး၌ ရာဂါ နုသယ မကိန်းပါ။ ထိုနည်းတူ ဒုက္ခဝေဒနာ အားလုံး၌ ပဋိဃာနုသယ မကိန်းပါ။ အဒုက္ခမသုခဝေဒနာအား လုံး၌ အဝိဇ္ဇာနုသယ မကိန်းပါ။

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ သုခ ဝေဒနာ၌ အဘယ် တရားကို ပယ်အပ်ပါသနည်း၊ ဒုက္ခ ဝေဒနာ၌ အဘယ် တရားကို ပယ်အပ်ပါသနည်း၊အဒုက္ခမသုခဝေဒနာ၌အဘယ်တရား ကို ပယ်အပ်ပါသနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ၊ သုခဝေဒနာ၌ ရာဂါ နုသယကို ပယ်အပ်ပါသည်၊ ဒုက္ခဝေဒနာ၌ ပဋိဃာနုသယကိုပယ် အပ်ပါသည်၊ အဒုက္ခမသုခဝေဒနာ၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ သုခဝေဒနာအားလုံး၌ ရာဂါနုသယ ကို ပယ်အပ်ပါသလော၊ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာ နုယကိုပယ်အပ်ပါသလော၊ အဒုက္ခမ သုခဝေဒနာ အား လုံး၌ အဝိဇ္ဇာနုသယကို ပယ်အပ်ပါသလော။

ဖြေ။ ။ဝိသာခ ဒါယကာ၊ သုခဝေဒနာ အားလုံး၌ ရာဂါနု သယကို မပယ်အပ်ပါ၊ ဒုက္ခဝေဒနာအားလုံး၌ ပဋိဃာ နုသယကို မပယ်အပ်ပါ၊ အဒုက္ခမသုခဝေဒနာ အားလုံး၌ အဝိဇ္ဇာနုသယကို မပယ်အပ်ပါ။

'ဝိသာခဒါယကာ၊ ဒီပုစ္ဆာနဲ့ပတ်သက်လို့အနည်းငယ် ရှင်းပြမှ ပို၍သဘောပေါက်မယ်ထင်ပါတယ်'

'အရှင်မဓမ္မဒိန္နာ၊စိတ်တိုင်းကျရှင်းလင်းဖြေဆိုရင် ပို၍ သဘောဝကျပါလိမ့်မယ်ဘုရား'

ဝိသာခ ဒါယကာ၊ ဗုဒ္ဓ၏ သာသနာတော် ကြီး၌ ရဟန်းများသည် ကာမဂုဏ်တို့မှ၎င်း၊ အကုသိုလ်တို့မှ၎င်း ကင်းရှင်း၍ ဝိတက်ဝိစာရနှင့် တကွဖြစ်သော နီဝရဏ ကင်းခြင်းကြောင့်ဖြစ်သော ပထမစျာန်နှင့် ပြည့်စုံသည် ဖြစ်၍ နေ၏။ ထိုပထမစျာန်ဖြင့် ရာဂါနုသယပယ်၏။ ထိုပထမစျာန်၌ ရာဂါနုသယ မကိန်းပါ။

ဤမြတ်စွာဗုဒ္ဓ၏ သာသနာတော်၌ ရဟန်းများသည် ဤ ကဲ့သို့ ဆင်ခြင်ပါသည်။ အဘယ်သို့ ဆင်ခြင်သနည်းဆိုပါလျှင်၊ ယခုအခါ၌ အကြင်အရိယာ ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်တည်း ဟူသော တည်ရာကိုပြည့်စုံစေ၍ နေထိုင်ရပါအံ့နည်းဟု ဆင်ခြင် ၏။ ဤသို့လျှင် မိမိထက် လွန်မြတ်သော တရားမရှိသော အရ ဟတ္တဖိုလ်၌ တောင့်တခြင်းကိုဖြစ်စေသောရဟန်းအား တောင့်တ ခြင်းကြောင့် ဒေါမနဿဖြစ်၏။ ထိုဒေါမနဿဖြင့် ပဋိဃကိုပယ် ပါသည်။ ထိုဒေါမနဿ၌ ပဋိဃာနုသယ မကိန်းပါ။

ဤမြတ်စွာဘုရား၏ သာသနာတော်ကြီး၌ ရဟန်းများသည် သုခကို၎င်း၊ ဒုက္ခကို၎င်း ပယ်ခြင်းကြောင့် ရှေးအဘို့ကပင်လျှင် သောမနဿ ဒေါမနဿတို့ချုပ်ပါသည်။ ထိုသို့ချုပ်ခြင်းကြောင့် သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်သော ဥပေက္ခာသည် ဖြစ်စေ အပ်သော သတိ၏ထက်ဝန်းကျင် စင်ကြယ်ခြင်းရှိသော စတုတ္ထ စျာန်သို့ ရောက်၍နေ၏။ ထိုစတုတ္ထ စျာန်ဖြင့် အဝိဇ္ဇာနုသယကို ပယ်၏။ ထိုစတုတ္ထစျာန်၌ အဝိဇ္ဇာနုသယမကိန်းပါ-ဟု ရှင်းလင်း ဖြေကြားလေ၏။

# ပြိုင်ဘက်တရား

မေး။ ။အရှင်မဓမ္မဒိန္နာ၊ သုခဝေဒနာ၏ ဆန့်ကျင်ဘက်(ဝါ) ပြိုင်ဘက်တရားကား အဘယ်တရားများပါနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ သုခဝေဒနာ၏ ဆန့်ကျင်ဘက်(ဝါ) ပြိုင်ဘက်တရားကား ဒုက္ခဝေဒနာ ဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ ဒုက္ခဝေဒနာ၏ဆန့်ကျင်ဘက် (ဝါ) ပြိုင်ဘက်တရားကား အဘယ်တရားပါနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ ဒုက္ခဝေဒနာ၏ဆန့်ကျင်ဘက် (ဝါ) ပြိုင်ဘက်တရားကား သုခဝေဒနာဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ အဒုက္ခမသုခ ဝေဒနာ၏ ဆန့်ကျင်ဘက်တရားကား အဘယ်တရားပါနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ အဒုက္ခမသုခ ဝေဒနာ၏ ဆန့်ကျင်ဘက်တရားကား အဝိဇ္ဇာတရားဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်တရားကား အဘယ်တရားပါနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ အဝိဇ္ဇာ၏ဆန့်ကျင်ဘက် တရားကား ဝိဇ္ဇာတရား ဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ ဝိဇ္ဇာ၏ပြိုင်ဘက်တရားကား အဘယ်တရားပါနည်း။

ဖြေ။ ။ဝိသာခဒါယကာ၊ ဝိဇ္ဇာ၏ ပြိုင်ဘက်တရားကား လွတ်မြောက်ခြင်း ဝိမုတ္တိဖြစ်ပါသည်။

မေး။ ။အရှင်မဓမ္မဒိန္နာ၊ လွတ်မြောက်ခြင်း ဝိမုတ္တိ၏ ပြိုင်ဘက်တရားကား-အဘယ်တရားပါနည်း။

ဖြေ။ ။ဝိသာခ ဒါယကာ၊ လွတ်မြောက်ခြင်း ဝိမုတ္တိ၏ ပြိုင်ဘက်တရားကား-နိဗ္ဗာန် ဖြစ်ပါသည်။

## နဲနဲတော့ လွန်တာပေါ့

မေး။ ။အရှင်မ ဓမ္မဒိန္နာ၊ နိဗ္ဗာန်၏ပြိုင်ဘက်တရားကား-အဘယ်တရားပါနည်း ဟု ဆက်လက်၍ မေးခွန်းထုတ်လိုက်သောအခါ၊ အရှင်မဓမ္မဒိန္နာက-

ဝိသာခဒါယကာ နဲနဲလောက်တော့ စဉ်းစားပါအုံး၊ သင်၏အမေးပြဿနာသည် လွန်၍သွားပေပြီ။ အကျွန်ုပ်သည် အဲဒီပြဿနာ၏ အဆုံးကို ဖြေနိုင်စွမ်း မရှိပါ။ ဝိသာခ ဒါယကာ၊ မြတ်သော ရဟန်း၏ အကျင့်သည် နိဗ္ဗာန်သို့ သက်ဝင်၏။ နိဗ္ဗာန်လျှင်လည်းလျှောင်းရာရှိ၏၊ နိဗ္ဗာန်လျှင် အဆုံးရှိ၏။ ရှင်းရှင်းပြောရလျှင် နိဗ္ဗာန်ရောက်လျှင် ကိစ္စပြီးတော့တာဘဲ မဟုတ်လား၊ အကယ်၍ ဝိသာခဒါယကာ၏ စိတ်ထဲတွင် ဒီပြဿနာကို မကျေနပ်သေးဘူးဆိုပါလျှင် ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရားထံ သွားရောက် လျှောက်ထားပါလေ၊ ဗုဒ္ဓဖြေကြားတော်မူသည့်အတိုင်းသာ မှတ်သားပါလော့ ဟု ပြန်ကြားလေ၏။

ဝိသာခဒါယကာသည် အရှင်မ ဓမ္မဒိန္နာနှင့် အမေး အဖြေပြုလုပ်ပြီးသောအခါ၊ အရှင်မဓမ္မဒိန္နာဖြေကြားသော စကားရပ်များကို ဝမ်းမြောက်နှမော် သာဓုခေါ်၍ အရှင်မ ဓမ္မဒိန္နာအားရှိသေစွာရှိခိုးပြီးလျှင် မြတ်စွာဘုရားထံသွားရောက်၍ အကြောင်းစုံကို လျှောက်ထားလေ၏။ ထိုအခါဗုဒ္ဓက ဤကဲ့သို့ မိန့်ကြားတော်မူပါသည်။

ဝိသာခဒါယကာ၊ ငါ၏သမီးတော် ဓမ္မဒိန္နာသည် ပညာရှိပေသည်။ ကြီးမားသောပညာရှိလှပေသည်။ ဝိသာခဒါယကာ၊ သင်သည် အဲဒီပြဿနာများကို အကယ်၍ ငါဘုရားအား မေးလျှောက်ငြားအံ့၊ ငါဘုရားလဲ ဓမ္မဒိန္နာဖြေသလိုပင် ဖြေကြားရပေလိမ့်မည်။ သို့အတွက် ဓမ္မဒိန္နာ ဖြေကြားသည့် အတိုင်းသာ မှတ်သားပေတော့ ဟု မိန့်ကြားတော်မူလေသည်။ ဝိသာခဒါယကာသည် မြတ်စွာဘုရား မိန့်ကြားတော်မူသည်ကို အလွန်ဝမ်းမြောက်သွားလေသတည်း။

(အောက်ပါပုစ္ဆာများမှာ ဗုဒ္ဓကိုယ်တိုင်မေး၍ကိုယ်တော်တိုင်ဖြေဆိုတော်မူသော ပုစ္ဆာများဖြစ်ပါသည်။)

## ယောကျ်ားမချစ်သော မိန်းမများ

မေး။ ။ချစ်သားတို့၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော မည်ကဲ့သို့ အမျိုးသမီးများကို ယောကျ်ားတို့မချစ်မြတ်နိုးပါသလဲ။

ဖြေ။ ။ချစ်သားတို့ ယောကျ်ားတို့မချစ်တဲ့အပြစ်ငါးပါးဆိုတာ (၁) ရုပ်ရည်မချောဘူး၊ (၂) ပစ္စည်းဥစ္စာမပေါဘူး၊ (၃) အကျင့်သီလ မရှိဘူး၊ (၄) အပျင်း ထူ တယ်၊ (၅) သားသမီးရတနာမရနိုင်ဘူး။ အဲဒီအင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ မိန်းမများကို မည်သည့်ယောကျ်ားမှ မချစ်မြတ်နိုးဘူး။

## ယောကျ်ားတို့ချစ်သော အမျိုးသမီးများ

မေး။ ။ယောကျ်ားတို့ ချစ်မြတ်နိုးစေနိုင်သော အင်္ဂါငါးပါးဆိုတာ ဘာလဲ။

ဖြေ။ ။ယောကျ်ားတိုင်းချစ်မြတ်နိုးစေနိုင်တဲ့အင်္ဂါငါးပါးကား- (၁) ရုပ်အဆင်းချောတယ်၊ (၂) ပစ္စည်းဥစ္စာပေါတယ်၊ (၃) ကိုယ်ကျင့်သီလနှင့်ပြည့်စုံတယ်၊ (၄)လိမ္မာရေးခြားရှိ၍ မပျင်းရိသူလဲဖြစ်တယ်၊ (၅) သားသမီးရသူလဲဖြစ်တယ်။ အဲဒီအင်္ဂါငါးပါးနဲ့ပြည့်စုံတဲ့ မိန်းမများကို ယောကျ်ားတိုင်း ချစ်မြတ်နိုးကြပေတယ်။

## မိန်းမ မချစ်သော ယောကျ်ားများ

မေး။ ။လောကကြီးမှာအင်္ဂါငါးပါးနှင့်ပြည့်စုံသောယောကျ်ားများကို မိန်းမများက မချစ်မြတ်နိုးဘူး။ အဲဒီအင်္ဂါငါးပါးဟာ ဘာတွေလဲ။

ဖြေ။ ။မိန်းမမချစ်သော အင်္ဂါငါးပါးကား-(၁) ရုပ်အဆင်းချောသူလဲ မဟုတ်ဘူး၊ (၂) စည်းစိမ်ဥစ္စာ ပေါသူလဲ မဟုတ်ဘူး၊ (၃) ကိုယ်ကျင့်သီလကောင်းသူလဲ မဟုတ်ဘူး၊ (၄) ပျင်းသူဖျင်းသူလဲဖြစ်တယ်၊ (၅)သားသမီးမရသူလဲ ဖြစ်တယ်။ အဲဒီ အင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ယောကျ်ားတိုင်းကို ဘယ်မိန်းမမှ မချစ်မြတ်နိုးကြဘူး။

## ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်

မေး။ ။အင်္ဂါငါးပါးနှင့်ပြည့်စုံတဲ့ ယောကျ်ားတိုင်းကို မိန်းမများက ချစ်ခင်နှစ်သက်မြတ်နိုး စုံမက်ကြတယ်။ အဲဒီအင်္ဂါငါးပါးက ဘာတွေလဲ။

ဖြေ။ ။မိန်းမတိုင်း ချစ်မြတ်နိုးတဲ့ အင်္ဂါငါးပါး ကတော့— (၁) ရုပ်အဆင်း ချောသူလဲဖြစ်တယ်၊ (၂) စည်းစိမ်

ဥစ္စာပေါသူဖြစ်တယ်၊ (၃)အကျင့်စာရိတ္တကောင်းသူလဲ ဖြစ်တယ်၊ (၄)လိမ္မာ၍မပျင်းရိသူလဲဖြစ်တယ် (၅)သား သမီးရတနာ ရသူလဲဖြစ်တယ်။ အဲဒီ အင်္ဂါငါးပါးနှင့် ပြည့်စုံတဲ့ ယောကျ်ားတွေကိုတော့ မိန်းမတိုင်းက ချစ် ခင် မြတ်နိုးကြပေတယ်။

## သီးခြားဒုက္ခ

မေး။ ။အမျိုးသမီးများမှာ သီးခြားဒုက္ခငါးပါးရှိတယ်။ အဲဒီ သီးခြားဒုက္ခ ငါးပါးဆိုတာ ဘာတွေလဲ။

ဖြေ။ ။အမျိုးသမီးများသာ သီးသန့်ခံစားရသော ဒုက္ခငါးမျိုး ဆိုတာ– (၁) လင့်အိမ်လိုက်နေရပြီး မိဘဆွေမျိုးတွေနဲ့ ခွဲနေရတဲ့ဒုက္ခ၊ (၂) ဥတုလာရတဲ့ဒုက္ခ၊ (၃) ကိုယ်ဝန် ဆောင်ရတဲ့ဒုက္ခ၊ (၄) သားဖွားမြင်ရတဲ့ဒုက္ခ၊ (၅) လင် ယောကျ်ားကို အလုပ်အကျွေးပြုရတဲ့ဒုက္ခ။ အဲဒီဒုက္ခ ငါးမျိုးဟာ ယောကျ်ားများနှင့်မဆိုင်ဘဲ အမျိုးသမီး များမှာ သီးသန့်ခံစားရသော သီးခြားဒုက္ခငါးမျိုး ဖြစ် ပေတယ်။

## အပါယ်ကျစေတတ်သော တရားသုံးပါး

မေး။ ။အမျိုးသမီးများ သေလျှင် အပါယ် ကျရောက်စေနိုင် သော တရားသုံးပါးရှိတယ်။ အဲဒီတရားတွေက ဘာ တွေလဲ။

ဖြေ။ ။အမျိုးသမီးများသေလျှင် အပါယ် ကျရောက်စေတတ် သော တရားသုံးပါးဆိုတာက -

(၁) မနက်ပိုင်းမှာ ဝန်တိုတဲ့စိတ်တွေ ထကြွသောင်းကျန်းပြီးနေလေ့ရှိတယ်။ (၂) နေ့လည်ပိုင်းမှာ ငြူစူတတ်တဲ့စိတ်တွေ ထကြွသောင်းကျန်းပြီးနေလေ့ရှိတယ်။ (၃) ညပိုင်းမှာ ကာမရာဂစိတ်တွေ ထကြွသောင်းကျန်းပြီးနေလေ့ရှိတယ်။ အဲဒီသိုမိန်းမမျိုးတွေ သေရင်အပါယ်စာဖြစ်မှာ သေချာတယ်၊ ငရဲကျမှာမလွဲဘူး ဟုမိန့်တော်မူလေ၏။

## ငရဲဘာလို့ရောက်ရတယ်

အခါတပါး အရှင်အနုရုဒ္ဓါထေရ်သည် မြတ်စွာဘုရားထံချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် နေရာတခုတွင်ထိုင်၍ ဤစကားကို လျှောက်ထားလေ၏။

မေး။ ။ဘုန်းတော်ကြီးမြတ်တော်မူလှသောရှင်တော်မြတ်ဘုရားတပည့်တော်သည် အလွန် သန့်ရှင်းသော နတ်မျက်စိဒိဗ္ဗစက္ခုအဘိညာဉ်(တတိယမျက်လုံး)ဖြင့် ငရဲမှာအကြီးအကျယ်ခံနေရတဲ့ အမျိုးသမီးတွေကို မြင်တွေ့နေရပါသည်ဘုရား။ အရှင်ဘုရား၊ ထိုအမျိုးသမီးများသည် ဘယ်လိုအပြစ်တွေ ကျူးလွန်ခဲ့လို့၊ ဘယ်လိုမကောင်းမှုမျိုးကို ပြုလုပ်ခဲ့လို့ ငရဲမှာခံစားနေရပါသလဲဘုရား။

ဖြေ။ ။ချစ်သား အနုရုဒ္ဓါ၊ အောက်ပါ အပြစ်အမျိုးမျိုးတွေ ကျူးလွန်လို့ အဲဒီအမျိုးသမီးတွေ ငရဲမှာခံနေကြရခြင်းဖြစ်တယ်။ အဲဒီအပြစ်အမျိုးမျိုးတွေကတော့-

(၁) သဒ္ဓါတရားလဲ မရှိဘူး၊ အရှက်လဲမရှိဘူး၊

အကြောက်လဲ မရှိဘူး၊ အမျက်ဒေါသလဲ ကြီးတယ်၊ ပညာလဲမရှိဘူး။

(၂) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ ရန်ငြိုးဖွဲ့တတ်တယ်၊ ပညာလဲမရှိဘူး။

(၃) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲ မရှိဘူး၊ ငြူစူ စောင်းမြောင်းတတ်တယ်၊ ပညာလဲမရှိဘူး။

(၄) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲ မရှိဘူး၊ ဝန်တိုတတ်တယ်၊ ပညာလဲမရှိဘူး။

(၅) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ လင်ကို အနိုင်ကျင့်တတ်တယ်၊ ပညာလဲမရှိဘူး။

(၆) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ အကျင့်သီလလဲ မရှိဘူး၊ ပညာလဲမရှိဘူး။

(၇) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ အကြားအမြင်လဲ နည်းတယ်၊ ပညာလဲမရှိဘူး။

(၈) သဒ္ဒါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ ပျင်းရိတယ်၊ ပညာလဲမရှိဘူး။

(၉) သဒ္ဓါတရားလဲ မရှိဘူး၊ အရှက်လဲ မရှိဘူး၊ အကြောက်လဲမရှိဘူး၊ သတိလက်လွတ်နေတယ်၊ ပညာလဲမရှိဘူး။

(၁၀) သူ့အသက်ကိုသတ်လေ့ရှိတယ်၊ သူတပါးဥစ္စာကို ခိုးလေ့ရှိတယ်၊ ကာမကိစ္စတွေကို မှားမှားယွင်း ယွင်း ကျင့်လေ့ရှိတယ်၊ မဟုတ်မမှန် ပြောတတ် သောအလေ့အထရှိတယ်၊ သေအရက်ကိုသောက် စားလေ့ရှိတယ်။

ချစ်သားအနုရုဒ္ဓါ၊ အဲဒီအပြစ်အမျိုးမျိုးတွေ ကျူးလွန် တတ်တဲ့အမျိုးသမီးများသေရင် အပါယ်ကျမယ်၊ ငရဲခံရမှာ သေချာတယ်ဟု မိန့်တော်မူလေသည်။

## နတ်ပြည်ဘာလို့ရောက်ရတယ်

မေး။ ။ဘုန်းတော် ကြီးမြတ်တော်မူလှသော ရှင်တော်မြတ် ဘုရား၊ တပည့်တော်သည်၊ အလွန်သန့်ရှင်းသော နတ် မျက်စိ ဒိဗ္ဗစက္ခုအဘိညာဉ် (တတိယမျက်လုံး)ဖြင့် နတ် ရွာသုဂတိ ရောက်နေတဲ့ အမျိုးသမီးတွေကိုလဲ တွေ့မြင် နေရပါသည်ဘုရား။

ရှင်တော်မြတ်ဘုရား နတ်ပြည်နတ်ရွာ ကောင်းရာ သုဂတိရောက်နေတဲ့ အမျိုးသမီးများသည်၊ ဘယ်လို ကုသိုလ်ကောင်းမှုများ ပြုလုပ်လို့ပါလဲဘုရား။

ဖြေ။ ။ချစ်သားအနုရုဒ္ဓါ၊ နတ်ပြည်နတ်ရွာ ရောက်နေတာက တော့ အောက်ပါကုသိုလ်ကောင်းမှု အမျိုးမျိုးတို့တွင် သက်ဆိုင်ရာ ကုသိုလ်ကောင်းမှုများ ပြုလုပ်၍ နတ်ပြည်

နတ်ရွာသို့ရောက်ရှိခြင်းဖြစ်တယ်၊ အဲဒီကုသိုလ်အမျိုးမျိုးတွေကတော့....

(၁) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ အမျက်ဒေါသ မထွက်တတ်ဘူး၊ ပညာလဲရှိတယ်။

(၂) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ ရန်ငြိုးမဖွဲ့တတ်ဘူး၊ ပညာလဲရှိတယ်။

(၃) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲ ရှိတယ်၊ မငြူစူတတ်ဘူး၊ ပညာလဲရှိတယ်။

(၄) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ ဝန်မတိုတတ်ဘူး၊ ပညာလဲရှိတယ်။

(၅) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ လင်ကို အနိုင်မကျင့်တတ်ဘူး၊ ပညာလဲရှိတယ်။

(၆) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ အကျင့်သီလလဲရှိတယ်၊ ပညာလဲရှိတယ်။

(၇) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ အကြားအမြင်လဲ များတယ်၊ ပညာလဲရှိတယ်။

(၈) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ ထက်သန်သော လုံ့လရှိတယ်၊ ပညာလဲရှိတယ်။

(၉) သဒ္ဓါတရားလဲရှိတယ်၊ အရှက်လဲရှိတယ်၊ အကြောက်လဲရှိတယ်၊ သတိလဲမြဲတယ်၊ ပညာလဲရှိတယ်။

ချစ်သားအနုရုဒ္ဓါ၊ အသီးသီးသောတရားငါးမျိုးစီနှင့် ပြည့်စုံသော အမျိုးသမီးများ သေရင် နတ်ပြည်နတ်ရွာသို့ ရောက်နိုင်ပေတယ်-ဟု မိန့်ကြားတော်မူလေ၏။

[အောက်ပါ ပုစ္ဆာများမှာ ဗုဒ္ဓကိုယ်တိုင်မေး၍။ ကိုယ်တော်တိုင်ဖြေကြားတော်မူသော ပုစ္ဆာများ ဖြစ်ပါသည်။]

## အာဝဇ္ဇနည်အမျိုးသမီးများ

မေး။ ။အမျိုးသမီးများမှာ အားငါးပါး ရှိတယ်၊ အဲ့ဒီငါးပါးဟာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့....၊ အဆင်းအား၊ စည်းစိမ်အား၊ ဆွေမျိုးအား၊ သားသမီးအား၊ ကိုယ်ကျင့် သီလအား၊ အဲဒီငါးပါးနှင့် ပြည့်စုံသော အမျိုးသမီးများသည် မကြောက်မရွံ့ ရဲရဲရင့်ရင့် အိမ်တွင်အုပ်ချုပ်၍ နေနိုင်၏။

## လင်ချစ်ဆေး

မေး။ ။အမျိုးသမီးများ လင်ကိုနိုင်တဲ့ အားငါးပါး ဆိုတာ ဘာလဲ။

ဖြေ။ ။ချစ်သားတို့...၊ အဆင်းအား၊ စည်းစိမ်အား၊ ဆွေမျိုးအား၊ သားသမီးအား၊ ကိုယ်ကျင့်သီလအား၊ အဲဒီအားငါးပါးနှင့်ပြည့်စုံလျှင်၊ လင်ကိုအနိုင်ရ၍ အိမ်ကိုအုပ်ချုပ်နိုင်စွမ်း ရှိပေသည်။ ယင်း အားငါးပါးသည် လင်ချစ်ဆေးပင်တည်း။

## လင်ကိုလွှမ်းမိုးနိုင်သောအား ငါးပါး

မေး။ ။အမျိုးသမီးများ လင်ကိုလွှမ်းမိုးနိုင်တဲ့ အားငါးပါးဆိုတာ ဘာလဲ။

ဖြေ။ ။ချစ်သားတို့၊ အဆင်းအား၊ စည်းစိမ်အား၊ ဆွေမျိုးအား၊ သားသမီးအား၊ ကိုယ်ကျင့်သီလအား၊ အဲဒီအားငါးပါးနှင့်ပြည့်စုံသော အမျိုးသမီးများ လင်ယောကျ်ားကို လွှမ်းမိုး၍ အိမ်ကိုအုပ်ချုပ်နိုင်တယ်။

## တခုတည်းသောအား

မေး။ ။ယောကျ်ားများက အမျိုးသမီးများကို လွှမ်းမိုးနိုင်တဲ့ တခုတည်းသောအားဆိုတာ ဘာလဲ။

ဖြေ။ ။ချစ်သားတို့၊ အစိုးရခြင်းဆိုတဲ့ အားတခုထဲပြည့်စုံတာနှင့် အမျိုးသမီးများကို လွှမ်းမိုးနိုင်တယ်။ အဆင်းအားလဲ မကာကွယ်နိုင်ဘူး၊ စည်းစိမ်အားလဲ မကာကွယ်နိုင်ဘူး၊ ဆွေမျိုးအားလဲ မကာကွယ်နိုင်ဘူး၊ သားသမီးအားလဲမကာကွယ်နိုင်ဘူး၊ ကိုယ်ကျင့်သီလအားလဲ မကာကွယ်နိုင်ဘူး။

## အကျင့်

မေး။ ။ဘယ်လိုအားနှင့် မပြည့်စုံသော အမျိုးသမီးများကို အိမ်မှမောင်းထုတ်သင့်သလဲ။

ဖြေ။ ။ချစ်သားတို့၊ အမျိုးသမီးများမှာ အဆင်းအား၊ စည်းစိမ်ဥစ္စာအား၊ ဆွေမျိုးအား၊ သားသမီးအား၊ ကိုယ်ကျင့်သီလအားဆိုတဲ့ အားငါးပါးရှိတဲ့အထဲက တခြား ဘယ်

အားတွေဘဲရှိရှိ၊ ကိုယ်ကျင့်သီလအားတခုထဲ မရှိဘူးဆိုလျှင်၊ အဲဒီအမျိုးသမီးကို အိမ်ကမောင်းထုတ်သင့်တယ်။

ချစ်သားတို့၊ အခြားအား ၄-ပါးမရှိပေမဲ့၊ ကိုယ်ကျင့်သီလအားဘခုထဲ ပြည့်စုံတဲ့အမျိုးသမီးများကိုတော့ အိမ်က မောင်းမထုတ်သင့်ဘူး။ ဘာပြုလို့လဲဆိုရင် အဲဒီကိုယ်ကျင့်သီလအားတခုထဲပြည့်စုံတာနဲ့ အဲဒီအမျိုးသမီးသေလျှင် နတ်ပြည်နတ်ရွာ ကောင်းရာသုဂတိရောက်နိုင်တဲအတွက်ကြောင့်ဘဲ ဖြစ်တယ်။

## ရနိုင်ခဲသော အချက်ငါးချက်

ခမေး။ ။ချစ်သားတို့၊ ကုသိုလ်ကောင်းမှုမလုပ်ခဲ့ဘူးတဲ့ အမျိုးသမီးများ ရဘို့ခက်တဲ့ ငါးဌာနဆိုတာ ဘာတွေလဲ။

ခဖြေ။ ။ချစ်သားတို့၊ အမျိုးသမီးများသည် ကုသိုလ်ကောင်းမှုမလုပ်ခဲ့ဘူးတဲ့အတွက် (၁) သင့်လျော်သောအမျိုးမှာဖြစ်ဘို့ ခဲယဉ်းတယ်၊ (၂) သင့်လျော်သောအမျိုးမှာ အိမ်ထောင်ကျဘို့ ခဲယဉ်းတယ်၊ (၃) တဦးတည်းသော ဇနီးမယားအဖြစ် နေထိုင်ရဘို့ခဲယဉ်းတယ်၊ (၄) သားသမီးရဘို့ ခဲယဉ်းတယ်၊ (၅) လင်ယောကျ်ားအပေါ် ဩဇာအာဏာ သွမ်းမိုးရဘို့ ခဲယဉ်းတယ်၊ ကုသိုလ်ကောင်းမှုမလုပ်ခဲ့ဘူးတဲ့ အမျိုးသမီးများ အဲဒီငါးဌာန အပြည့်အစုံရဘို့ အင်မတန် ခဲယဉ်းတတ်တယ်။ ဒါကြောင့် အမျိုးသမီးများသည် လင်ယောကျ်ားများထက် ကုသိုလ်ကောင်းမှုကို အထူးဂရုစိုက်သင့်လှပေတယ်။

## အမျိုးသမီးများ ကြီးပွားမှုငါးမျိုး

မေး။ ။အမျိုးသမီးများ ကြီးပွားကြောင်းတရား ငါးပါးဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ အမျိုးကောင်းသမီးများသည်-(၁) ယုံကြည်မှုသဒ္ဓါတရားဖြင့် ကြီးပွားနိုင်၏၊ (၂) ကိုယ်ကျင့်သီလဖြင့် ကြီးပွားနိုင်၏။ (၃) အကြားအမြင် သုတဖြင့် ကြီးပွားနိုင်၏။ (၄) စွန့်ကြဲခြင်း စာဂဖြင့် ကြီးပွားနိုင်၏။ (၅) ပညာဖြင့် ကြီးပွားနိုင်၏။

ချစ်သားတို့၊ အဲဒီတရားငါးပါးသည် အမျိုးကောင်းသမီးများ၏ ကြီးပွားကြောင်းတရားပင် ဖြစ်ပေသည်ဟု မိန့်တော်မူ၏။

အခါတပါး၊ မြတ်စွာဘုရားသည်၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူပါသည်။ ထိုစဉ်အခါ၊ မောဠိယသီဝကမည်သော ပရဗိုဇ်တဦးသည်၊ မြတ်စွာဘုရားထံ သွားရောက်၍၊ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက် ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီးလျှင်၊ နေရာတခုတွင်ထိုင်၍၊ မြတ်စွာဘုရားအား၊ ဤစကားကို လျှောက်ထားလေ၏။

## ကံကိုယုံ၍ ပုံချနေတာ မှန်သလား

မေး။ ။အရှင်ဂေါတမ၊ အချို့သောပုဂ္ဂိုလ်သတ္တဝါများသည်၊ ဘာကလေးဘဲဖြစ်ဖြစ် ဘာကလေးဘဲ ခံစားရ ခံစားရ ချမ်းသာကိုဘဲ ဖြစ်ဖြစ် ဆင်းရဲကိုဘဲ ဖြစ်ဖြစ် ချမ်းသာဆင်းရဲမဟုတ်တာကိုဘဲဖြစ်ဖြစ်၊ တစုံတခုကို ခံစားစံစား

ရလျှင်၊ အဲဒါတွေဟာ ရှေးကံကြောင့် ဖြစ်တယ်လို့ ပြောလေ့ ဆိုလေ့ ယူလေ့ရှိတဲ့ သမဏဗြာဟ္မဏတချို့ ရှိနေကြပါတယ်ဘုရား။ အဲဒီကိစ္စကို ရှင်တော်ဂေါတမက၊ ဘယ်လိုများယူဆပါသလဲဘုရား။

ဖြေ။ ။မောဂ္ဂလ္လာနသီဝက၊ လောကကြီးမှာ သည်းခြေကြောင့် ဖြစ်တဲ့ ဝေဒနာအချို့ ရှိတယ်မဟုတ်လား၊ အဲဒီလို သည်းခြေကြောင့် ဝေဒနာဖြစ်တာကို ကိုယ်တိုင်လဲ သိတယ် မဟုတ်ဘူးလား၊ သည်းခြေကြောင့် ဝေဒနာ ဖြစ်တယ်ဆိုတဲ့ အကြောင်းကို လောကကြီးကလဲ မှန်တယ်လို့ လက်ခံ ကျင့်သုံးနေတယ်မဟုတ်လား၊ အဲဒါကြောင့် လောကကြီးမှာ ဘာကလေးဖြစ်ဖြစ်၊ တစုံတခု ဖြစ်ပေါ်လာလျှင် အဲဒါတွေအားလုံးဟာ ရှေးကံကြောင့် ဖြစ်တယ်လို့ ပြောဆို ယူဆနေကြတဲ့ သမဏဗြာဟ္မဏတွေဟာ ကိုယ်တိုင်သိသင့်တဲ့ အဆင့်ကိုလဲ လွန်သွားပြီ၊ လောကကြီးက မှန်တယ်လို့လက်ခံကျင့်သုံးနေတဲ့ အဆင့်ကိုလဲ လွန်သွားပြီ၊ အဲဒါကြောင့် အဲဒီလို အရမ်းစွတ် ပြောနေကြတဲ့သမဏဗြာဟ္မဏတွေရဲ့ စကားကို အယူဝါဒကို၊ မှားတယ်လို့ ငါဘုရားမိန့်တော်မူတယ်။

သီဝက၊ လောကကြီးမှာ- သလိပ်ကြောင့် ဖြစ်တဲ့ ဝေဒနာ၊ လေကြောင့်ဖြစ်တဲ့ ဝေဒနာ၊ သည်းခြေ-သလိပ်-လေတည်းဟူသော တြိဒေါသကြောင့် ဖြစ်သော ဝေဒနာ၊ ဥတုဖောက်ပြန်လို့ ဖြစ်တဲ့ ဝေဒနာ၊ သူတပါးလုံ့လပယောဂကြောင့်ဖြစ်တဲ ဝေဒနာ၊ ကံကြောင့် ဖြစ်တဲ့ဝေဒနာ ဆိုတဲ့ ခံစားမှုအမျိုးမျိုးတွေ ဖြစ်ပေါ်

နေတယ်မဟုတ်လား။ အဲဒါတွေကို ကိုယ်တိုင်ကိုယ်ကျ သိနေကြတယ်မဟုတ်လား။ လောကကြီးကလဲ မှန်တယ်လို့ လက်ခံကျင့်သုံး နေတယ် မဟုတ်လား၊ အဲဒီလိုဆိုရင် ပုဂ္ဂိုလ်သတ္တဝါတွေဟာ ထင်ကနဲဆို ကံကိုချည်း ပုံချနေတဲ့လူတွေဟာ ဘာဘဲဖြစ်ဖြစ် ရှေးကံကြောင့်ဖြစ်တယ်လို့ ပြောလေ့ဟောလေ့ ယူဆလေ့ရှိတဲ့ ဗြာဟ္မဏတွေဟာ ကိုယ်တိုင်သိအပ်တဲ့ အတိုင်းအတာကိုလဲ ကျော်လွန်သွားကြတယ်။ လောကကြီးက မှန်တယ်လို့ လက်ခံကျင့်သုံး နေတယ်မဟုတ်လား။ အဲဒီလိုဆိုလျှင် ပုဂ္ဂိုလ်သတ္တဝါတွေဟာ ထစ်ကနဲဆို ကံကိုချည်း ပုံချနေတဲ့လူတွေဟာ ဘာဘဲဖြစ်ဖြစ် ရှေးကံကြောင့်ဖြစ်တယ်လို့ ပြောလေ့ပြောထရှိတဲ့ ဟောလေ့ယူဆလေ့ရှိတဲ့ သမဏဗြာဟ္မဏတွေဟာ ကိုယ်တိုင်သိအပ်တဲ့ အတိုင်းအတာကိုလဲ ကျော်လွန်သွားကြတယ်၊ လောကကြီးက မှန်တယ်လို့ လက်ခံကျင့်သုံးနေတဲ့ အတိုင်းအတာကိုလဲ ကျော်လွန်သွားတယ်။အဲဒါကြောင့် အဲဒီ သမဏဗြာဟ္မဏတချို့ရဲ့ ဗရမ်းဘတာ စကားတွေကို ငါဘုရားက မှားတယ်လို့ မိန့်တော်မူတယ်။

(မှတ်ချက်။ ။တချို့က ဝေဒနာဆိုလျှင် ရောဂါကို အသိအမှတ်ပြုနေကြပါသည်။ ဝေဒနာဆိုတာ ပုဂ္ဂိုလ်သတ္တဝါတို့တွင် ခံစားနေသောအရာအားလုံးသည် ဝေဒနာချည်း ဖြစ်ပါသည်။ ကောင်းတာလဲဝေဒနာ၊ ဆိုးတာလဲ ဝေဒနာ၊ ကောင်းတာဆိုးတာမှ လွတ်တာလဲဝေဒနာ၊ လူဆိုတာ ဘယ်အချိန်မှ ဝေဒနာနှင့်မကင်းပါ။ လူတွင်

ဝေဒနာကင်းသော အချိန်ဆိုတာ သေဆုံးသော အချိန်သာ ဖြစ်ပါသည်။ သို့အတွက် ဝေဒနာဆိုတိုင်း ရောဂါဝေဒနာလို့ မမှတ်သားစေလိုပါ။ ခံစားမှုအားလုံးကို ဝေဒနာလို့သဘောပေါက်ထားလျှင်၊ ဝေဒနာကင်းလျှင် ကျန်းမာတယ်ဆိုတဲ့စကားကို စဉ်းစားစရာဖြစ်လာပါလိမ့်မည်။ ကျွန်ုပ်တို့ လက်လှမ်းမှီသလောကမှာ ဝေဒနာကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ နိရောဓသမာပတ်ဝင်စားသူများမှအပ၊ သေတဲ့လူချည်း ဖြစ်ပါသည်။)

(အောက်ပါပုစ္ဆာများကို ဗုဒ္ဓကိုယ်တိုင်မေး၍၊ ဗုဒ္ဓကိုယ်တော်တိုင် ဖြေကြားတော်မူသော ပုစ္ဆာများဖြစ်ပါသည်)

## ကြောင်း-ကျိုးသံသရာ
## (ဖြစ်ကြောင်းတရား)

မေး။ ။အကြောင်းကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ သင်္ခါရကြောင့် ဝိညာဉ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် သဠာယတန၊ သဠာယတနကြောင့် ဖဿ၊ ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်၊ ဥပါဒါန်ကြောင့် ဘဝ၊ ဘဝကြောင့် ဇာတိ၊ဇရာ၊မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတွေ ဖြစ်လာကြတယ်။ဤကဲ့သို့ ဆင်းရဲအစုအပုံဖြစ်ပေါ်လာတာကို အကြောင်းကြောင့် ဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားလို့ ခေါ်တယ်။

အရှင်းဆုံးနဲ့ အကျဉ်းရုံးဖြေဆိုရလျှင် မိမိတို့ ခန္ဓာကိုယ်ကြီးထဲမှာ ဖြစ်ပေါ်နေကြတဲ့ ခန္ဓာဖြစ်စဉ်များသာ ဖြစ်ပါတယ်။ ယင်း ခန္ဓာဖြစ်စဉ်အားလုံးသည် တခုမျှ ချမ်းသာမဟုတ်ပါ၊ အားလုံး ဆင်းရဲဒုက္ခ အစုအပုံများသာ ဖြစ်ပေတယ်။

## ချုပ်ကြောင်းတရား

**မေး။** ။ချစ်သားတို့၊အကြောင်းကြောင့်ဖြစ်သောပဋိစ္စသမုပ္ပါဒ်တရားများ ဘယ်လိုချုပ်ငြိမ်းသလဲ။

**ဖြေ။** ။ချစ်သားတို့၊ အဝိဇ္ဇာ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရချုပ်တယ်၊ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဉ်၊ ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်၊ နာမ်ရုပ် ချုပ်ခြင်းကြောင့် သဠာယတန၊ သဠာယတန ချုပ်ခြင်းကြောင့် ဖဿ၊ ဖဿချုပ်ခြင်းကြောင့် ဝေဒနာ၊ ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာ၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ၊ ဘဝချုပ်ခြင်းကြောင့် ဇာတိ၊ ဇရာမရဏ-သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿ-ဥပါယာသတရားတွေချုပ်တယ်။ အဲဒီလို အလုံးစုံသော ဆင်းရဲဒုက္ခ အစုအပုံကြီး ချုပ်ပျောက်ပျက်စီးသွားခြင်းဟာ၊ ပဋိစ္စသမုပ္ပါဒ်ချုပ်ခြင်း ဖြစ်ပေတယ်။

## ဇရာမရဏ၏သဘော

**မေး။** ။အိုမှုဇရာ၊ သေမှု မရဏဆိုတာ ဘာတွေကိုခေါ်သလဲ။

**ဖြေ။** ။ချစ်သားတို့၊ ထိုထိုများစွာ သတ္တဝါတွေဟာ မိမိ ဖြစ်လေရာ ဘုံဘဝတိုင်းမှာ အိုမင်းတာ၊ ရင့်ရော်တာ၊ သွား

ကျိုးတာ၊ ဆံဖြူတာ၊ အရေတွန့်တာ၊ အသက်အား ဆုတ်ယုတ်တာ၊ အရွယ်ရင့်တာ၊ အဲဒါတွေဟာ အိုခြင်းတရား၏ သဘောလက္ခဏာတွေဖြစ်တယ်။

ထိုထိုများစွာ သတ္တဝါတွေဟာ၊ မိမိတို့ဖြစ်လေရာ ဘုံဘဝများမှ ရွေ့လျောခြင်း၊ ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်ကိုစွန့်ခြင်း၊ သေဆုံးခြင်း၊ ဘဝကိုအဆုံးပြုခြင်း၊ ခန္ဓာတို့၏ ပျက်စီးခြင်း၊ ကိုယ်ကောင်ကို ပစ်ချရခြင်း၊ အဲဒီသဘောတရားတွေဟာ သေခြင်းရဲ့ အထိမ်းအမှတ်လက္ခဏာတွေ ဖြစ်တယ်။

## ဇာတိ၏သဘော

မေး။ ။ပဋိသန္ဓေနေမှု ဇာတိဆိုတာ ဘာကိုခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ ထိုထိုများစွာ သတ္တဝါတွေဟာ ဘုံဘဝအသီးသီးမှာ ဖြစ်ပေါ်လာကြတယ်၊ အပြည့်အစုံ ဖြစ်ပေါ်လာတယ်၊ အမိဝမ်းဗိုက်သို့ ဝင်ရောက်လာတယ်၊ ထင်ရှား ဖြစ်ပေါ်လာတယ်၊ ကိုယ်ခန္ဓာ အထင်အရှား ဖြစ်ပေါ်လာတယ်၊ တည်ရာ အာယတနတွေ ရရှိလာကြတယ်။အဲ့ဒါတွေဟာ ဇာတိဆိုတဲ့ပဋိသန္ဓေနေမှုရဲ့သဘောလက္ခဏာတွေ ဖြစ်တယ်။

## ဘဝဆိုတာ

မေး။ ။ဘဝဆိုတာ ဘာကို ခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ ကာမဘဝ ရူပဘဝ-အရူပဘဝအားဖြင့် အဲဒီသုံးပါးကို ဘဝလို့ခေါ်တယ်။

# ဥပါဒါန်တရား

မေး။ ။ပြင်းစွာစွဲလမ်းမှု ဥပါဒါန်တရားဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ ကာမကိစ္စတွေ အပြင်းအထန် စွဲလမ်းမှု ကာမုပါဒါန်၊ အယူဝါဒတွေကို အပြင်းအထန် စွဲလမ်းမှုဒိဋ္ဌုပါဒါန်၊ အလေ့အကျင့်ကို အပြင်းအထန် စွဲလမ်းမှု သီလဗ္ဗတုပါဒါန်၊ အတ္တကိုပြင်းစွာစွဲလမ်းမှု(ဝါ) ငါ-ငါ-ငါဟု အပြင်းအထန် စွဲလမ်းမှု အတ္တဝါဒုပါဒါန်၊ အဲဒီတရားလေးပါးဟာ အပြင်းအထန် စွဲလမ်းတတ်တဲ့ ဥပါဒါန်တရား လေးပါးဖြစ်တယ်။

## တဏှာ

မေး။ ။တပ်မက်မှုတဏှာဆိုတာ ဘာခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ အဆင်းကိုတပ်မက်မှု-ရူပတဏှာ၊ အသံကို တပ်မက်မှု-သဒ္ဒတဏှာ၊ အနံ့ကိုတပ်မက်မှု-ဂန္ဓတဏှာ၊ အရသာကိုတပ်မက်မှု-ရသတဏှာ၊ အတွေ့ကိုတပ်မက်မှု-ဖေါဋ္ဌဗ္ဗတဏှာ၊ သဘောကိုတပ်မက်မှု-ဓမ္မတဏှာ၊ အဲဒီ ၆-ပါးဟာ တပ်မက်မှုတဏှာများဖြစ်တယ်။

## ဝေဒနာ

မေး။ ။ခံစားမှု ဝေဒနာဆိုတာ ဘာလဲ။

ဖြေ။ ။ချစ်သားတို့၊မျက်စိအတွေ့ကြောင့်ဖြစ်တဲ ခံစားမှု-စက္ခုသမ္ဖဿဇာဝေဒနာ၊ နားအတွေ့ကြောင့်ဖြစ်တဲ့-သောတသမ္ဖဿဇာဝေဒနာ၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်တဲ့ ဃာနသမ္ဖဿဇာဝေဒနာ၊ လျှာအတွေ့ကြောင့်ဖြစ်တဲ့--

ဇိဝှါသမ္ဗဿဇာဝေဒနာ၊ ကိုယ်အတွေ့ကြောင့်ဖြစ်တဲ့-ကာယသမ္ဗဿဇာဝေဒနာ၊ စိတ်အတွေ့ကြောင့်ဖြစ်တဲ့-မနောသမ္ဗဿဇာဝေဒနာ၊ အဲဒီတရား ၆-ပါးဟာ ခံစားမှုဝေဒနာများဖြစ်တယ်။

## တွေ့ထိမှု

မေး။ ။တွေ့ထိမှုဖဿဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ မျက်စိဖြင့်တွေ့ထိမှု-စက္ခုသမ္ဗဿ၊ နားဖြင့်တွေ့ထိမှု-သောတသမ္ဗဿ၊ နှာခေါင်းဖြင့်တွေ့ထိမှု-ဃာနသမ္ဗဿ၊ လျှာဖြင့်တွေ့ထိမှု-ဇိဝှါသမ္ဗဿ၊ ကိုယ်ဖြင့်တွေ့ထိမှု-ကာယသမ္ဗဿ၊ စိတ်ဖြင့်တွေ့ထိမှု-မနောသမ္ဗဿ၊ အဲဒီတရား ၆-ပါးသည် တွေ့ထိမှုဖဿတရားများ ဖြစ်ကြပေတယ်။

## အာယတန (၆) ပါး

မေး။ ။တည်ရာအာယတန ၆-ပါးလို့ခေါ်တဲ့၊ သဠာယတနတရားတွေဟာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊မျက်စိရှဲဘည်ရာ-စက္ခာယတန၊ နားရှဲတည်ရာ-သောတာယတန၊နှာခေါင်းရှဲတည်ရာ-ဃာနာယတန၊ လျှာရှဲတည်ရာ-ဇိဝှါယတန၊ ကိုယ်ရှဲတည်ရာ-ကာယာယတန၊ စိတ်ရှဲတည်ရာ-မနာယတန၊အဲဒီတရား ၆-ပါးဟာ၊ တည်ရာသဠာယတန တရားများဖြစ်တယ်။

# နာမ်-ရုပ်

မေး။ ။နာမ်ရုပ်ဆိုတာ ဘာကိုခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ ခံစားမှုဝေဒနာ၊ မှတ်သားမှုသညာ၊ စေ့ဆော်မှုစေတနာ၊ တွေ့ထိမှုဖဿ၊ နှလုံးသွင်းမှုမနသိကာရ၊ အဲဒီတရားများကို နာမ်လို့ခေါ်ဆိုရမယ်။

မဟာဘုတ် ၄-ပါး၊ အဲဒီမဟာဘုတ် ၄-ပါးအမှီပြု၍ ဖြစ်တဲ့ရုပ်တရား အဲဒီတရားများကို ရုပ်တရားလို့ခေါ်ရမယ်။ အဲဒီတရားနှစ်ခုပေါင်းကို နာမ်ရုပ်လို့ ခေါ်ဆိုအပ်တယ်။

# ဝိညာဉ်

မေး။ ။သိမှုဝိညာဉ်ဆိုတာ-ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ မျက်စိကိုမှီ၍သိမှု-စက္ခုဝိညာဉ်၊ နားကိုမှီ၍သိမှု-သောတဝိညာဉ်၊ နှာခေါင်းကိုမှီ၍သိမှု-ဃာနဝိညာဉ်၊လျှာကိုမှီ၍သိမှု-ဇိဝှါဝိညာဉ်၊ ကိုယ်ကိုမှီ၍သိမှု-ကာယဝိညာဉ်၊ စိတ်ကိုမှီ၍သိမှု-မနောဝိညာဉ်၊အဲဒီတရား ၆-ပါးဟာ၊ သိမှုဝိညာဉ်များ ဖြစ်တယ်။

# သင်္ခါရ

မေး။ ။သင်္ခါရဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့၊ ကိုယ်ဖြင့်ပြုပြင်စီရင်မှု-ကာယသင်္ခါရ၊နှုတ်ဖြင့်ပြုပြင်မှု ဝစီသင်္ခါရ၊စိတ်ဖြင့်ပြုပြင်စီရင်မှု-စိတ္တသင်္ခါရ၊ အဲဒီတရားသုံးပါးဟာ သင်္ခါရတရားများဖြစ်တယ်။

## အဝိဇ္ဇာ

မေး။ ။မသိမှုအဝိဇ္ဇာဆိုတာ ဘာကိုခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ ဆင်းရဲကိုမသိမှု၊ ဆင်းရဲဖြစ်ကြောင်းကို မသိမှု၊ ဆင်းရဲချုပ်ရာကို မသိမှု၊ ဆင်းရဲချုပ်ရာနိဗ္ဗာန် ရောက်ကြောင်း အကျင့်ကိုမသိမှု၊ အဲဒီမသိမှု လေးမျိုး ကို အဝိဇ္ဇာလို့ခေါ်တယ်။

## အကျင့်မှားနှင့် အကျင့်မှန်

မေး။ ။မှားယွင်းတဲ့အကျင့် မိစ္ဆာပဋိပဒါဆိုတာဘာခေါ်သလဲ။

ဖြေ။ ။ချစ်သားတို့၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာစသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပေါ်နေတာ၊ သံသရာစက်ကြီးလည်နေ တာ၊ ဆင်းရဲအစုအပုံကြီးဖြစ်နေတာ၊ အဲဒီလိုမသိသား ဆိုးဝါးတာကို မှားယွင်းတဲ့ အကျင့်မိစ္ဆာ ပဋိပဒါလို့ ခေါ်တယ်။

မေး။ ။မှန်ကန်သော အကျင့်- သမ္မာပဋိပဒါဆိုတာ ဘာခေါ် သလဲ။

ဖြေ။ ။ချစ်သားတို့၊ အဝိဇ္ဇာချုပ်လို့သင်္ခါရချုပ်ဘယ် စသည် ဖြင့် ပဋိစ္စသမုပ္ပါဒ်ချုပ်ပုံ၊ ဆင်းရဲအစုချုပ်ငြိမ်းပုံ၊ သံသရာ စက်ကြီးရပ်ပုံကို သိနေတာကို မှန်ကန်သော အကျင့်- သမ္မာပဋိပဒါလို့ခေါ်တယ်။

## အာဟာရ၏ အကြောင်းခံ

ချစ်သားတို့၊ အာဟာရတရား ၄ မျိုးရှိဘယ်။ နူနုကြမ်းကြမ်း အလုပ်အလွေးလုပ်ပြီး စားမျိုအပ်တဲ့၊ ကဗဠီကာရ အာဟာရက

တမျိုး၊ တွေ့ထိမှု ဖဿာဟာရက တမျိုး၊ စိတ်ကိုလှုံ့ဆော်မှု မနောသဉ္စေတနာဟာရကတမျိုး၊ အထူးသိမှု ဝိညာဏာဟာရက တမျိုးအားဖြင့်၊ အာဟာရက ၄-မျိုး ၄-စား ၄-ပါးရှိတယ်။

မေး။ ။အဲဒီအာဟာရတရား ၄ ပါးဟာ ဘယ်တရားအကြောင်းခံသနည်း၊ ဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ ဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ ဘယ်တရားလျှင် အမွန်အစ ပထမဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့၊ အဲဒီအာဟာရတရား ၄-ပါးဟာ၊ တပ်မက်မှုတဏှာလျှင် အကြောင်းရှိတယ်၊ တပ်မက်မှုတဏှာလျှင် ဖြစ်ပေါ်ကြောင်း ရှိတယ်၊ တပ်မက်မှုတဏှာလျှင် ဖြစ်ကြောင်းရှိတယ်၊ တပ်မက်မှုတဏှာလျှင် အမွန်အစပထမ ဖြစ်တယ်။

မေး။ ။တပ်မက်မှုတဏှာသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစပထမဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့၊ တပ်မက်မှုဆိုတဲ့ တဏှာသည် ခံစားမှုဝေဒနာလျှင် အကြောင်းရှိတယ်၊ ခံစားမှုဝေဒနာလျှင် ဖြစ်ပေါ်ကြောင်း ရှိတယ်၊ ခံစားမှုဝေဒနာလျှင် ဖြစ်ကြောင်းရှိတယ်၊ ခံစားမှုဝေဒနာလျှင် အမွန်အစ ပထမ ဖြစ်တယ်။

မေး။ ။ခံစားမှုဝေဒနာသည်၊ အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသ

နည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊အဘယ် တရားလျှင် အမှန်အစ ပထမဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့၊ ခံစားမှုဝေဒနာသည်၊ တွေ့ထိမှုဖဿလျှင် အကြောင်းရှိ၏၊ တွေ့ထိမှု ဖဿလျှင် ဖြစ်ပေါ်ကြောင်း ရှိ၏၊ တွေ့ထိမှုဖဿလျှင် ဖြစ်ကြောင်းရှိ၏၊ တွေ့ထိမှုဖဿ လျှင် အမှန်အစပထမဖြစ်၏။

မေး။ ။တွေ့ထိမှုဖဿသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင်ဖြစ်ကြောင်းရှိသနည်း၊ အဘယ် တရားလျှင် အမှန်အစဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့၊ တွေ့ထိမှုဖဿသည် တည်ရာ အာယတန ၆ ပါးလျှင် အကြောင်းရှိ၏၊ တည်ရာအာယတန ၆ ပါးလျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ တည်ရာအာယတန ခြောက်ပါး လျှင် ဖြစ်ကြောင်းရှိ၏၊ တည်ရာ အာယတန ၆ ပါးလျှင် အမှန်အစပထမဖြစ်၏။

မေး။ ။တည်ရာ အာယတန ၆ ပါးသည် အဘယ် တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ် ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် အမှန်အစ ပထမ ဖြစ် သနည်း။

ဖြေ။ ။ချစ်သားတို့၊ တည်ရာ အာယတန ၆ ပါးသည် နာမ်ရုပ် ၂ ပါးလျှင် အကြောင်းရှိ၏၊ နာမ်ရုပ် ၂ ပါးလျှင် ဖြစ် ပေါ်ကြောင်းရှိ၏၊ နာမ်ရုပ် ၂ ပါးလျှင် ဖြစ်ကြောင်း ရှိ၏၊ နာမ်ရုပ် ၂ ပါးလျှင် အမှန်အစပထမဖြစ်၏။

မေး။ ။နာမ်ရုပ် ၂ ပါးသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစ ပထမဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့ နာမ်ရုပ် ၂ ပါးသည် သိမှုဝိညာဉ်လျှင် အကြောင်းရှိ၏၊ သိမှုဝိညာဉ်လျှင် ဖြစ်ပေါ်ကြောင်းရှိ၏၊ သိမှုဝိညာဉ်လျှင် ဖြစ်ကြောင်းရှိ၏၊ သိမှုဝိညာဉ်လျှင် အမွန်အစ ပထမရှိ၏။

မေး။ ။သိမှုဝိညာဉ်သည် အဘယ်တရားလျှင် အကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစ ပထမဖြစ်သနည်း။

ဖြေ။ ။ချစ်သားတို့၊ သိမှုဝိညာဉ်သည် ပြုပြင်စီရင်မှု သင်္ခါရလျှင် အကြောင်းရှိ၏၊ ပြုပြင်စီရင်မှု သင်္ခါရလျှင်ဖြစ်ပေါ်ကြောင်းရှိ၏၊ ပြုပြင်စီရင်မှု သင်္ခါရလျှင် ဖြစ်ကြောင်းရှိ၏၊ ပြုပြင်စီရင်မှုသင်္ခါရလျှင် အမွန်အစ ပထမရှိ၏။

မေး။ ။ပြုပြင်စီရင်မှု သင်္ခါရတရားတို့သည် အဘယ်တရားလျှင် အကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်း ရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ကြောင်းရှိသနည်း၊ အဘယ်တရားလျှင် အမွန်အစ ရှိကုန်သနည်း။

ဖြေ။ ။ချစ်သားတို့၊ ပြုပြင်စီရင်မှုသင်္ခါရတို့သည် မသိမှုအဝိဇ္ဇာလျှင် အကြောင်းရှိ၏၊ မသိမှု အဝိဇ္ဇာလျှင် ဖြစ်ပေါ်ကြောင်းရှိကုန်၏၊ မသိမှုအဝိဇ္ဇာလျှင် ဖြစ်ကြောင်းရှိ၏၊ မသိမှုအဝိဇ္ဇာလျှင် အမွန်အစရှိကုန်၏။

ဗုဒ္ဓသည် အာဟာရတရားလေးပါးကို ဟောတော်မူသောအခါ၊ အရှင်မောဠိယဖဂ္ဂုနသည်....

**အရှင်မောဠိယဖဂ္ဂုန**။ ။ရှင်တော်မြတ်ဘုရား၊ သိမှုကိုဆောင်တတ်တဲ့သဘော ဝိညာဏာဟာရကို အဘယ်သူဆောင်ပါသနည်း။

**ဗုဒ္ဓ**။ ။ချစ်သား မောဠိယဖဂ္ဂုန၊ ဒီအမေးဟာ မသင့်တော်ဘူး၊ ဆောင်တယ်လို့ ငါဘုရားမဟောဘူး၊ အကယ်၍ဆောင်တယ်လို့ငါဘုရားဟောတော်မူခဲ့ရင်တော့၊ ဘယ်သူဆောင်ပါသလဲဆိုတဲ့ အမေးဟာ သင့်လျော်တယ်၊ ဒီလိုလဲ ငါဘုရားမဟောဘူး။ အဲဒီလို မဟောတဲ့ငါ့ကို 'အရှင်ဘုရား ဝိညာဏာဟာရသည် ဘယ်တရား၏အကြောင်းဖြစ်ပါသနည်း'ဟု မေးမြန်းလျှောက်ထားမူ အဲဒီသူ၏ အမေးဟာ သင့်လျော်လှပေတယ်။

ချစ်သား မောဠိယဖဂ္ဂုန၊ သိမှုကို ဆောင်တတ်တဲ့သဘော ဝိညာဏာဟာရသည် နောင်တဖန် ဘဝသစ်၌ဖြစ်ကြောင်းဖြစ်တယ်။ ဝိညာဏာဟာရ ဖြစ်ပေါ်လာလို့ရှိရင်၊ တည်ရာအာယတန ၆ ပါးဖြစ်တယ်၊ တည်ရာအာယတန ၆ ပါးအကြောင်းခံတဲ့အတွက် တွေ့ထိမှုဖဿဖြစ်တယ်၊အဲဒီအမေး၌ ဒီအဖြေဟာသင့်လျော်တယ်။

**မေး**။ ။ရှင်တော်မြတ်ဘုရား၊ အဘယ်သူတွေ့ ထိပါသနည်း။

**ဖြေ**။ ။ချစ်သားမောဠိယ၊ ဒီအမေးဟာ မသင့်လျော်ဘူး၊ တွေ့ထိတယ်လို့ ငါဘုရားမဟောဘူး၊ တွေ့ထိတယ်လို့ ငါဘုရားဟောရင်တော့ ဒီအမေးဟာမဆိုးလှဘူး၊ ဒါပေမဲ့

ငါဘုရားတွေ့ထိတယ်လို့မဟောဘူး၊ အဲဒီလို မဟောတဲ့ ငါဘုရားကို မေးချင်းမေးရင် 'အရှင်ဘုရား၊ အဘယ် အကြောင်းခံကြောင့် တွေ့ထိမှုဖဿဖြစ်ပါသလဲ'လို့သာ မေးထိုက်တယ်။ အဲဒီလို မေးခဲ့ပါမူ၊ ချစ်သား တည်ရာ အာယတန ၆ ပါးအကြောင်းခံကြောင့် တွေ့ထိမှုဖဿ ဖြစ်၏။ ဖဿအကြောင်းခံကြောင့် ခံစားမှု ဝေဒနာ ဖြစ်၏။

မေး။ ။ရှင်တော်မြတ်ဘုရား၊ အဘယ်သူခံစားပါသနည်း။

ဖြေ။ ။ခံစားတယ်လို့ ငါဘုရားမဟောဘူး၊ အဲဒီလိုမဟောတဲ့ အတွက် မေးစားမေးရင်၊ အရှင်ဘုရား ဘယ်အကြောင်း ခံကြောင့် ခံစားမှုဝေဒနာ ဖြစ်ပါသလဲလို့သာ မေး ထိုက်တယ်၊ အဲဒီလို မေးမြန်းလာပါမူ၊ တွေ့ထိမှုဖဿ ကြောင့် ခံစားမှုဝေဒနာဖြစ်၏၊ ဝေဒနာအကြောင်းခံ ကြောင့် တပ်မက်မှုတဏှာဖြစ်၏။

မေး။ ။ရှင်တော်မြတ်ဘုရား၊ အဘယ်သူတပ်မက်ပါသနည်း။

ဖြေ။ ။တပ်မက်တယ်လို့ငါဘုရားမဟောဘူး။အဲဒီလို မဟောတဲ့ အတွက် မေးစားမေးရင် 'အရှင်ဘုရား ဘယ်အကြောင်း ခံကြောင့် တပ်မက်မှု ဖြစ်ပါသနည်း'ဟု မေးသင့်မေး ထိုက်တယ်။ အဲဒီလို မေးပြန်လာပါမူ ခံစားမှုဝေဒနာ ကြောင့် တပ်မက်မှုတဏှာဖြစ်တယ်၊ တပ်မက်မှုတဏှာ အကြောင်းခံကြောင့်ပြင်းစွာစွဲလမ်းမှုဥပါဒါန်ဖြစ်တယ်။

မေး။ ။ရှင်တော်မြတ်ဘုရား၊ အဘယ်သူသည် ပြင်းစွာစွဲလမ်း ပါသနည်း။

ဖြေ။ ။ပြင်းစွာစွဲလမ်းတယ်လို့ ငါဘုရားမဟောဘူး၊ အဲဒီလို မဟောတဲ့အတွက် မေးစရာမေးရင် 'အရှင်ဘုရား ဘယ် အကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ဖြစ်ပါ သနည်း'လို့သာ မေးသင့်မေးထိုက်တယ်။ အဲဒီလိုမေး မြန်းလာပါမူ၊ တပ်မက်မှု တဏှာအကြောင်းခံကြောင့် ပြင်းစွာစွဲလမ်းမှုဥပါဒါန်ဖြစ်တယ်၊ ဥပါဒါန်အကြောင်း ခံကြောင့်ဘဝဖြစ်တယ်၊ ဘဝကြောင့် ဇာတိဇရာ မရဏ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ-ဆိုတဲ့ ဆင်းရဲဒုက္ခ အစုအပုံကြီး ဖြစ်ပေါ်လာတယ်ဟု မိန့်ကြား တော်မူလေ၏။

## သမ္မာဒိဋ္ဌိ ဘြာဟ္မဏ ဆိုတာ

မေး ၆၃။ ။ချစ်သားတို့ ဘယ်လိုသိမြင်တဲ့သူကို သမဏဗြာဟ္မ ဏလို့ ခေါ်သလဲ။

ဖြေ ၆၃။ ။ချစ်သားတို့၊ အိုမှုသေမှုတွေကို မသိဘူး၊ ဖြစ် ပေါ်ကြောင်းကိုလဲ မသိဘူး၊ အိုမှုသေမှုတို့၏ ချုပ်ငြိမ်း ရာနိဗ္ဗာန်ကို မသိဘူး၊ အိုမှုသေမှုတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန် ရောက်ကြောင်းအကျင့်ကို မသိဘူးဆိုရင်၊ အဲဒီသူတွေကို သမဏဗြာဟ္မဏလို့ မခေါ်ဘူး။

အဲဒီအတိုင်း အကြောင်းဖြစ်သော ပဋိစ္စသမုပ္ပါဒ် တရားတွေကို မသိဘူးဆိုလျှင် သမဏဗြာဟ္မဏလို့မခေါ် ထိုက်ဘူး။

အိုမှုသေမှုစသော ပဋိစ္စသမုပ္ပါဒ်တရားတွေကိုသိနိုင်း လည်မှသာ၊သမဏဗြာဟ္မဏအစစ်လို့ခေါ်ဆိုထိုက်တယ်။

# အမြင်မှန်

**အရှင်ကစ္စာန။** ။ရှင်တော်မြတ်ဘုရား၊ အမြင်မှန်-အမြင်မှန်လို့ ပြောဟော နေကြပါသည်ဘုရား၊ အဘယ်မျှလောက် ဆိုရင် အမြင်မှန် (သမ္မာဒိဋ္ဌိ)ဖြစ်ပါသလဲဘုရား။

**ဗုဒ္ဓ။** ။ချစ်သား ကစ္စာန၊ သတ္တဝါတွေဟာ များသော အားဖြင့် ရှိတာမရှိတာ ၂ ခုကို အမှီပြုနေကြတယ်။

ချစ်သား ကစ္စာန၊ သင်္ခါရလောကကြီးဖြစ်နေတာကို အမှန်အတိုင်း ဉာဏ်မျက်စိဖြင့် မြင်သိနေတဲ့သူတွေဟာ သင်္ခါရလောကကြီး မရှိဘူးဆိုတဲ့ အယူမဖြစ်ဘူး။

ချစ်သား ကစ္စာန၊ သင်္ခါရလောကကြီး ချုပ်ငြိမ်းရာ ကို မဟုတ်အမှန် ဉာဏ်မျက်စိနဲ့ မြင်သိနေတဲ့ သူတွေမှာ လဲ သင်္ခါရလောကကြီးမြဲတယ်၊ ရှိတယ်ဆိုတဲ့ အယူ မဖြစ်ဘူး။

ဖြစ်နေတာကိုသိလျှင် ဥစ္ဆေဒဒိဋ္ဌိမဖြစ်ဘူး၊ ပျက်နေ တာကိုသိလျှင် သဿတဒိဋ္ဌိကင်းစင်တယ်။အဲဒီလိုသဿတ ဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂ ခုစလုံးလွတ်အောင် ဉာဏ်မျက်စိနဲ့ သိမြင်နေတာကို အမြင်မှန်-သမ္မာဒိဋ္ဌိလို့ခေါ်တယ်....ဟု မိန့်တော်မူ၏။

# မေတ္တကထိကစစ်တမ်း

**ရဟန်းတပါး။** ။လူနတ်တို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၊ မေတ္တကထိက မေတ္တကထိကလို့ အများတကာ ပြောဆို သုံးစွဲနေကြပါတယ်။ အဘယ်မျှလောက် ဟော

နိုင်ပြောနိုင်သူကို တရားဟောဓမ္မကထိကလို့ ခေါ်ဆိုနိုင်ပါသလဲဘုရား။

ဗုဒ္ဓ။ ။ချစ်သားရဟန်း အိုမှုဇရာ၊ သေမှုမရဏ တရားတွေကို ရှုံမုန်းငြီးငွေ့လာအောင် တပ်မက်မှုကင်းလာအောင် ရှင်းလာအောင် ချုပ်ငြိမ်းလာအောင်၊ ဟောနိုင်ပြောနိုင်တဲ့သူကို တရားဟောဓမ္မကထိကလို့ ခေါ်ဆိုနိုင်တယ်။

## တရားကျင့်သူ

ရဟန်းတပါး။ ။သတ္တဝါ လူနတ် အထပ်ထပ်တို့၏ ဆရာတဆူ ဖြစ်တော်မူသော မြတ်စွာဘုရား၊ တရားကျင့်သူ တရားအားထုတ်သူလို့လဲ ပြောဆိုနေကြပါသည်ဘုရား။ အဘယ်မျှလောက်အထိ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်သူကိုမှ တရားကျင့်သူ တရားအားထုတ်သူလို့ ခေါ်ဆိုထိုက်ပါသလဲဘုရား။

ဗုဒ္ဓ။ ။ချစ်သားရဟန်း၊ အိုမှု သေမှု တရားတွေကို ရှုံမုန်းငြီးငွေ့လာအောင်၊ တပ်မက်မှု ကင်းရှင်းလာအောင်၊ ချုပ်ငြိမ်းလာအောင်၊ ကျင့်ကြံအားထုတ်နိုင်ပါမူ ထိုသူကို တရားကျင့်သူ တရားအားထုတ်သူလို့ ခေါ်ဆိုနိုင်ပေ၏ချစ်သား။

## နိဗ္ဗာန်ရောက်သူ

ရဟန်းတပါး။ ။နိဗ္ဗာန်လမ်းကို ညွှန်ပြတော် မူဘတ်သော မြတ်စွာဘုရား၊ နိဗ္ဗာန်ရောက်သူ နိဗ္ဗာန်ရောက်သူလို့

ပြောဆိုနေကြပါသည်ဘုရား။ နိဗ္ဗာန်ရောက်သူ ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေကို ခေါ်ပါသလဲဘုရား။

**ဗုဒ္ဓ။** ။ချစ်သားရဟန်း၊ အိုမူ သေမှုတွေကို ရှုံမုန်းငြီးငွေ့ ခြင်းကြောင့်၊တပ်မက်မှုကင်းရှင်းခြင်းကြောင့်၊ ချုပ်ငြိမ်း ခြင်းကြောင့် ဘာမျှအစွဲအလမ်း မရှိဘဲ ကိလေသာမှ လွတ်မြောက်သူကို မသေခင် အသက်ထင်ရှားရှိစဉ် ခုဘဝ တွင်ပင် နိဗ္ဗာန်ရောက်သူဟု ခေါ်ဆိုထိုက်ပေသည်။

(**မှတ်ချက်-သေမှနိဗ္ဗာန်ရောက်သလား။** ။များသောအားဖြင့် တချို့လူသားတို့ အထင်မှားနေသည်မှာ သေမှနိဗ္ဗာန် ရောက်သည်ဟု ထင်နေကြပါသည်။ အသက်ရှိစဉ်တွင်မှ နိဗ္ဗာန်ကို အရိပ်အငွေ့မမြင်တွေ့ရဘဲနှင့် သေမှနိဗ္ဗာန် ရောက်သည်ဆိုသော စကားသည်၊ အကောင်းဆုံးသော ပြက်လုံးတခုသာ ဖြစ်ပေလိမ့်မည်။ အထက်တွင် ဗုဒ္ဓကိုယ် တိုင်က မသေခင်အသက်ထင်ရှားရှိစဉ် နိဗ္ဗာန်ရောက်သူ ရှိတယ်ဟု ဟောကြားတော်မူခဲ့သည် မဟုတ်ပါလား။ သဉပါဒိသေသ နိဗ္ဗာန်ဆိုသည်မှာ မသေခင်ဘဝမှာပင် သိမြင်တွေ့ရှိသော ရောက်နိုင်သော မျက်မှောက်ပြုနိုင် သော နိဗ္ဗာန်ဆိုသည်ကို သတိထားသင့်သည် မဟုတ်ပါ လော။)

"ချစ်သားတို့၊ ထိုနည်းအတိုင်း ဘဝစသည် ပဋိစ္စ သမုပ္ပါဒ်တခုလုံးကို ဆိုလိုသည်ကို နာ လည်သဘော ပေါက်ကြရပေမည်။

# ဆင်းရဲကိုဘယ်သူလုပ်သလဲ

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေထိုင်တော်မူပါသည်။ ထိုစဉ် သာယာသော နံနက်ခင်းတခု၌ သင်္ကန်းကို ပြင်ဆင်ဝတ်ရုံတော်မူ၍၊ သပိတ်သင်္ကန်းကိုပိုက်ပြီး ရာဇဂြိုဟ်ပြည်တွင်းသို့ ဆွမ်းခံကြွတော်မူပါသည်။

ထိုအခါ ကြွလာတော်မူသော မြတ်စွာဘုရားကို အစေလကဿပသည် အဝေးမှပင်လှမ်း၍မြင်လေသောကြောင့် အဆောတလျင် မြတ်စွာဘုရားထံ သွားရောက်၍ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်လေသည်။ နှုတ်ဆက်ပြီးသောအခါ သင့်တင့်လျောက်ပတ်သော နေရာတခုတွင် အသာရပ်၍-

'ရှင်တော်ဂေါတမ ရှင်တော်ဂေါတမသည် အကျွန်ုပ်၏ အမေးကို ဖြေကြားဘို့ခွင့်ပြုပါမူ အကျွန်ုပ်သည် အကြောင်းအရာ အနည်းအပါးလောက် မေးမြန်းလိုပါသည်'ဟု လျှောက်ထား၏။

'ကဿပ၊ မေးမြန်းချိန်မဟုတ်သေးဘူး၊ ဆွမ်းခံဝင်ဆဲပင်ဖြစ်သည်'

'ရှင်တော်ဂေါတမ၊ မေးစရာအများကြီးမဟုတ်ပါ။ ပြဿနာအနည်းအပါးသာ ဖြစ်ပါသည်'

ဗုဒ္ဓသည် သုံးကြိမ်တိုင်အောင် တားမြစ်သော်လဲ မရမချင်းဇွတ်အတင်း မေးနေသောကြောင့် ဗုဒ္ဓက မေးလိုရာမေးတော့ဟု ခွင့်ပြုတော်မူလိုက်၏။

မေး။ ။လူနတ်ဗြဟ္မာ သတ္တဝါအများတို့၏ အမေးပုစ္ဆာများကို ဖြေကြားနှစ်သိမ့် စေနိုင်တော်မူသော မြတ်စွာဘုရား၊ ဆင်းရဲကို ကိုယ်တိုင်ပြုလုပ်အပ်ပါသလော။

ဖြေ။ ။ကဿပ ဒီလိုမဆိုနဲ့။

မေး။ ။ဆင်းရဲကို သူတပါးတွေပြုအပ်ပါသလော။

ဖြေ။ ။ကဿပ ဒီလိုမဆိုနဲ့။

မေး။ ။ဆင်းရဲကို ကိုယ်တိုင်လဲလုပ်အပ်၊ သူတပါးတွေလဲ လုပ်အပ်ပါသလော။

ဖြေ။ ။ကဿပ ဒီလိုမဆိုနဲ့။

မေး။ ။ဆင်းရဲကို ကိုယ်တိုင်လဲမလုပ်အပ်၊ သူတပါးတွေလဲမလုပ်ပဲနဲ့ အကြောင်းမဲ့ဖြစ်ပါသလော။

ဖြေ။ ။ကဿပ၊ ဒီလိုလဲမဆိုနဲ့။

မေး။ ။ဆင်းရဲမရှိပါလော။

ဖြေ။ ။ကဿပ၊ ဆင်းရဲရှိတယ်။

မေး။ ။ဒီလိုဆိုရင် ရှင်တော်ဂေါတမသည် ဆင်းရဲကိုမသိမမြင်ပါသလော။

ဖြေ။ ။ကဿပ၊ ငါဘုရားသည် ဆင်းရဲကိုသိမြင်တယ်၊ ငါဘုရားထက်သိတဲ့လူ မြင်တဲ့လူမရှိဘူး-ဟု မိန့်တော်မူ၏။

မေး။ ။ရှင်တော် ဂေါတမ၊ ဘယ်လိုပါလဲ ဘုရား။ မေးခွန်းလေးခုလုံးမှာ ဒီလိုမဆိုနဲ့ချည့် မိန့်တော်မူပါသည်။ တခါဆင်းရဲကိုမသိဘူးလားမေးတော့ သိတယ်လို့ ပြောပြန်ပါသည်။ ဆင်းရဲကို ရှင်တော်ဂေါတမ မသိမမြင်ဘူးလားမေးတော့ ငါဘုရားသိတယ်-မြင်တယ်လို့ ဆိုပြန်ပါသည်။

ရှင်တော် ဂေါတမ၊ အကျွန်ုပ်တော့ နားရှုပ် နေပါပြီ။ သို့ပါ၍ ဆင်းရဲဒုက္ခ အကြောင်းကို အကျွန်ုပ်နားလည် သဘောပေါက်အောင် ဟောကြားတော်မူပါလော့။

ဖြေ။ ။ကဿပ၊ တယောက်ယောက်ကပြုလုပ်တယ်၊ အဲဒီလူဘဲ ခံစားတယ်လို့ အစကထဲကရှိခဲ့လျှင်၊ ဆင်းရဲကိုကိုယ်တိုင် လုပ်အပ်တယ်လို့ ပြောဆိုတဲ့သူဟာ၊ သဿတဒိဋ္ဌိအယူသို့ ရောက်တယ်။

"ကဿပ.... သူတပါးလုပ်တယ်၊ သူတပါးဘဲ ခံစားတယ်လို့အစကထဲကရှိခဲ့ရင်၊ ဝေဒနာနှိပ်စက်စဉ် ဆင်းရဲကို သူတပါးလုပ်တယ်လို့ ပြောဆိုတဲ့သူဟာ ဥစ္ဆေဒဒိဋ္ဌိအယူ သို့ရောက်တယ်။ အဲဒီအစွန်း ၂-ခုလွတ်အောင် အလယ် အလတ် အားဖြင့် ငါဘုရား တရားဟောတော်မူတယ်။ အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်တယ်" စသည်ဖြင့် ပဋိစ္စ သမုပ္ပါဒ် ဖြစ်ပုံချုပ်ပုံကို ဟောကြားတော်မူလေ၏။

ဤသို့ပဋိစ္စသမုပ္ပါဒ်တရားကို ဟောကြားတော်မူသည်ရှိသော် အစေလ ကဿပသည် မြတ်စွာဘုရားအား ဤစကားကိုလျှောက် ထားလေ၏။

"အရှင်ဘုရား.... တရားတော်သည် အလွန်အားရနှစ်သက်ဖွယ် ကောင်းလှပါသည် ဘုရား။ မီးရှူးကန်ဆောင်ကို ကိုင်ဆောင် ပြဘိသကဲ့သို့၊ မြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးတို့ဖြင့် တရားတော်ကို ဟောပြောပြသတော်မူပါပေ၏ အရှင်ဘုရား။ တပည့်တော်သည် မြတ်ဘုရားထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ရလိုပါ၏"ဟု လျှောက်ထားလေ၏။

ကဿပ၊ သာသနာ့အပြင်ဘက်အယူကို ယူဘူးသူများသည်၊ ရှင်ရဟန်းအဖြစ်ရလိုပါမူ၊ လေးလပတ်လုံး သီးခြားကျင့်ရတယ်။ လေးလပြည့်တဲ့အခါ၊ ရဟန်း အများက ကျေနပ် နှစ်သက်မယ် ဆိုရင် ရှင်ပြုပေးကြတယ်၊ ရဟန်းတက်ပေး ကြတယ်။ ကဿပ၊ ဒီကိစ္စမှာ ပုဂ္ဂိုလ်တို့၏ ထူးခြား ချက်ကို ငါဘုရား သိရှိတော်မူတယ်။

"အရှင်ဘုရား.... သီးခြားအကျင့်ကို လေးလမဟုတ်ပါ၊ လေး နှစ်တောင်ကျင့်ပါမည်ဘုရား၊ လေးနှစ်ပြည့်တဲ့အခါသာ အများ သံဃာ နှစ်သက်ကျေနပ်ပါက ရှင်အဖြစ်၊ ရဟန်းအဖြစ် ချီးမြှင့် ပေးတော်မူပါဘုရား"ဟု လျှောက်ထား၏။

အစေလကဿပသည် မြတ်စွာဘုရားသာသနာတော်၌ ရဟန်း အဖြစ်ကိုရရှိလေ၏။ ရရှိ၍ မကြာမီပင် တပါးတည်းဆိတ်ငြိမ်ရာ သွား၍၊ မမေ့မလျော့ ပြင်းပြင်းထန်ထန် ကိုးစားအားထုတ်လိုက် သောအခါ၊ လုပ်ဆောင်ဖွယ်ကိစ္စအားလုံးပြီးဆုံး၍၊ ကဿပသည် ရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၍ သွားလေသတည်း။

**ဇာတ်မှုရကပရိဗိုဇ်။** ။အရှင်မဂေါတမ၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြုလုပ် အပ်ပါသလော၊ သူတပါးတွေသာ ပြုလုပ် အပ်ပါသလော၊ ကိုယ်တိုင်လဲ လုပ်အပ် သူတပါးတွေလဲ လုပ်အပ်ပါသလော၊ ကိုယ်တိုင်လဲ မလုပ်အပ်၊ သူတပါး တွေလဲ မလုပ်အပ်ပဲ အကြောင်းမဲ့ ဖြစ်ပါသလော-ဟု ပြဿနာ ၄-ချက်ကိုမေးသောအခါ၊ မေးတိုင်း မေးတိုင်း မြတ်စွာဘုရားသခင်က—

"ဒီလိုမဆိုနဲ့"ဟု တားမြစ်တော်မူသည်။

မေး။ ။အရှင်ဂေါတမ၊ ဘယ်လိုမျှားပါလဲ၊ ချမ်းသာဆင်းရဲသည် မရှိပါသလော။

ဖြေ။ ။တိမ္ဗရုက၊ ချမ်းသာဆင်းရဲဆိုတာ ရှိတယ်။

မေး။ ။ဒီလိုဆိုပါလျှင်၊ ရှင်တော်ဂေါတမသည် ချမ်းသာဆင်းရဲကို မသိပါသလော၊ မမြင်ပါသလော။

ဖြေ။ ။တိမ္ဗရုက၊ ချမ်းသာဆင်းရဲကို ငါဘုရားသိလဲသိတယ်၊ မြင်လဲမြင်တယ်။

မေး။ ။ရှင်တော်ဂေါတမ၊ အမေး ၄-ချက်မေးတဲ့အခါ တားမြစ်ပါသည်။ ချမ်းသာဆင်းရဲကို မရှိဘူးလားမေးတော့ ရှိတယ်လို့ဖြေပါသည်။ အဲဒီ ချမ်းသာဆင်းရဲကို မသိဘူးလား မမြင်ဘူးလား မေးတော့ ငါဘုရား သိတယ်—မြင်တယ်လို့ ဖြေဆိုပါသည်။ ဒါဖြင့် ရှင်တော်ဂေါတမသည် အကျွန်ုပ်အား ချမ်းသာဆင်းရဲကို ဟောကြားတော်မူပါလော့။

ဖြေ။ ။တိမ္ဗရုက၊ ဒီအရာသည်ပင် ဝေဒနာ၊ အဲဒီဝေဒနာဘဲ ခံစားတယ်လို့ အစကပင်ရှိခဲ့လျှင်၊ ချမ်းသာဆင်းရဲကို ကိုယ်တိုင် ပြုလုပ်အပ်၏ဆိုတဲ့အယူဖြစ်ခဲ့၏။ ဒီအရာသည်ပင်ဝေဒနာ၊ အဲဒီဝေဒနာဘဲ ခံစားတယ်လို့ ငါမဆိုဘူး။

"တိမ္ဗရုက၊ ဝေဒနာကတခြား ခံစားတဲ့လူကတခြား ဘဲလို့ အစကပင်ရှိခဲ့ပါလျှင်၊ ဝေဒနာနှိပ်စက်လာတဲ့အခါ သူတပါးပြုလုပ်အပ်၏ဆိုတဲ့ အယူဖြစ်ခဲ့၏။ အဲဒီလို ဝေဒနာကတခြား ခံစားတဲ့လူက တခြားလို့လဲ ငါမဆိုဘူး။ တိမ္ဗရုက၊ အဲဒီအစွန်း ၂-ခုလွတ်အောင် အလယ်အလတ်အားဖြင့် ငါဘုရားဟောတော်မူတယ်။ အဝိဇ္ဇာကြောင့်

သင်္ခါရဖြစ်တယ်” စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံချုပ်ပုံ အလုံးစုံကို ဟောကြားတော်မူလေ၏။

တိမ္ဗရုက ပရိဗိုဇ်သည် ဝမ်းမြောက် ဝမ်းသာဖြစ်၍၊ ရာသက်ပန် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်တော်မူပါဘုရား”ဟု လျှောက်ထားလေ၏။

## လူမိုက်နှင့်ပညာရှိတို့ ထူးခြားချက်

ဗုဒ္ဓ။ ။ချစ်သားတို့... လူမိုက်နှင့် ပညာရှိတို့၏ ထူးခြားချက်ကား အဘယ်နည်း၊ ကွဲလွဲချက်ကား အဘယ်နည်း၊ အကြောင်းထူးကားအဘယ်နည်း။

ရဟန်းများ။ ။ရှင်တော်မြတ်ဘုရား.... အားလုံး တရားတော်များသည် ရှင်တော် ဘုရားဟောကြားမှ ကြားနာ မှတ်သားရမည့်တပည့်သားများ ဖြစ်ပါတယ်ဘုရာ။

ဗုဒ္ဓ။ ။ချစ်သားတို့....အဝိဇ္ဇာ အပိတ်အပင်ခံရပြီး တပ်မက်မှုတဏှာနှင့်ယှဉ်သော လူမိုက်များဟာ ဤကိုယ်ခန္ဓာကြီးဖြစ်ပေါ်လာတယ်ဆိုရင် အဲဒီလူမိုက်တွေဟာ အဝိဇ္ဇာကိုလဲ မပယ်အပ်သေးဘူး၊ တဏှာကလဲ မကုန်သေးဘူး၊ အဲဒါဘာပြုလို့ဖြစ်သလဲဆိုရင် အဲဒီ လူမိုက်တွေဟာ ဝဋ်ဆင်းရဲကုန်အောင် မြတ်သောအကျင့်ကို မကျင့်လို့ဖြစ်တယ်၊ အဲဒီလိုမကျင့်တဲ့အတွက် လူမိုက်များဟာ ခန္ဓာကိုယ်ပျက်စီးသွားရင် ခန္ဓာကိုယ်စား ရတဲ့အတွက် ပဋိသန္ဓေနေရ၊ အိုရ၊ သေရ၊ စိုးရိမ်ရ၊ ငိုကြွေးရ၊ ဆင်းရဲရ၊ နှလုံး မသာရ၊ ပြင်းစွာပင်ပန်းရတဲ့ ဆင်းရဲတွေမှ မလွတ်မြောက်နိုင်ဘူး ဟုငါဆို၏။

ချစ်သားတို့ အဝိဇ္ဇာ အပိတ်ပင်ခံရ၍ တပ်မက်မှု တဏှာနှင့်ယှဉ်နေသော ပညာရှိများကျတော့ ဒီကိုယ် ခန္ဓာကြီးဖြစ်ပေါ်လာတယ်ဆိုရင် အဝိဇ္ဇာကိုလဲ ပယ်အပ် ပြီးပြီ၊ တဏှာလဲ ကုန်ခမ်းသွားပြီ၊ အဲဒီလိုဘာပြုလို့ဖြစ်သလဲ ဆိုရင် ချစ်သားတို့ ပညာရှိများသည် ဝဋ်ဆင်းရဲကုန်ရန် မြတ်သောအကျင့်ကိုကောင်းစွာကျင့်လို့ဖြစ်တယ်၊ အဲဒီလို ကျင့်တဲ့အတွက် ပညာရှိများသေသွားရင် နောက်ထပ် ခန္ဓာအစား မရဘူး။ အဲဒီလို ခန္ဓာစားမရတဲ့အတွက် ပဋိသန္ဓေနေရ၊ အိုရ၊ သေရ၊ စိုးရိမ်ရ၊ ငိုကြွေးရ၊ ဆင်းရဲရ၊ နှလုံးမသာမယာဖြစ်ရ၊ ပြင်းစွာ ပင်ပန်းရတဲ့ ဆင်းရဲ အပေါင်းမှ လွတ်မြောက်တယ်လို့ ငါဘုရား ဆိုတယ်။

ချစ်သားတို့....မြတ်သောအကျင့်ကို ကျင့်တာ မကျင့် တာဟာ လူမိုက်နှင့် ပညာရှိတို့၏ ထူးခြားချက်၊ ကွဲလွဲ ချက်၊ အကြောင်းထူးချက် အကြီးဆုံးဖြစ်ပေတယ်ဟု ဗုဒ္ဓ က မိန့်ကြားတော်မူလေ၏။

---

## ပဋိစ္စသမုပ္ပါဒ်

[အောက်ပါပုစ္ဆာများကို ဗုဒ္ဓကိုယ်တိုင်မေး၍ ကိုယ်တော်တိုင် ပြန်လည်ဖြေဆိုတော်မူသော ပုစ္ဆာများဖြစ်ပါသည်။]

မေး။ ။အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားဆိုတာဘာလဲ။

ဖြေ။ ။ချစ်သားတို့....ပဋိသန္ဓေနေမှုအကြောင်းခံလို့၊ အိုမှုသေ မှုတွေဖြစ်ရတယ်၊ အကြောင်း တရားတွေ တည်ရှိနေတဲ့ အတွက်၊ စွဲမြဲနေတဲ့အတွက် အကျိုးတို့၏ အကြောင်း

တရားဆိုတဲ့ သဘောသည် လောကမှာ မြတ်စွာဘုရား ပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေတည်ရှိနေမည်သာ ဖြစ်တယ်။ ထိုအကြောင်းတရာ ကို မြတ်စွာဘုရား တို့သည် ထိုးထွင်း၍ သိမြင်တော်မူကြတယ်။ ဉာဏ်ဖြင့် သက်ဝင်တော်မူကြတယ်၊ သိတော်မူပြီး၍ ဟောကြားတော် မူတယ်၊ သိစေတော်မူတယ်၊ ဖြစ်စေတော်မူတယ်၊ ဖွင့်ပြဝေဖန်တော်မူတယ်၊ ပေါ်လွင်အောင် ပြုလုပ်တော်မူတယ်၊ ရှုကုန်လော့ဟုလည်း ဟောကြားတော်မူတယ်၊ ချစ်သာ တို့...ပဋိသန္ဓေနေမှု အကြောင်းခံကို အိုမှုသေမှု ဖြစ်တယ်၊ စသည်ဖြင့် အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားကို ရှင်းလင်းမိန့်ကြားတော်မူ၏။

## ပဋိစ္စသမုပ္ပန္န

မေး။ ။အကျိုးပဋိစ္စသမုပ္ပန္နတရားဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့....အိုမှုသေမှုတွေသည် မမြဲဘူး၊ ပြုပြင်စီရင်နေကြရတယ်၊ အကြောင်းကိုစွဲ၍ ဖြစ်တယ်၊ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်းသဘောရှိတယ်။ ချစ်သားတို့.... ပဋိသန္ဓေနေမှုသည် မမြဲဘူး။ ပြုပြင်စီရင် နေကြ ရတယ်၊ အကြောင်းကိုစွဲ၍ဖြစ်တယ်။ ကုန်ခြင်း၊ ပျက်ခြင်း၊ ကင်းပြတ်ခြင်း၊ ချုပ်ခြင်း သဘောရှိတယ်၊ စသည် ဖြင့် အကြောင်းကိုစွဲ၍ ဖြစ်သော အကျိုးပဋိစ္စသမုပ္ပန္န တရားများကို ရှင်းလင်းမိန့်ကြားတော်မူပါသည်။

ချစ်သားတို့....ငါ၏ တပည့်သား အရိယာများသည် ဤသည်ကား အကြောင်း ပဋိစ္စသမုပ္ပါဒ်တရား၊ ဤသည်

ကားအကျိုးပဋိစ္စသမုပ္ပန္နတရားဟု ဟုတ်မှန်သောအတိုင်း အသိဉာဏ်မျက်စိဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်လာသော အခါ....

ငါသည်လွန်လေပြီးသောအခါက ဖြစ်ခဲ့ဘူးသလား၊ မဖြစ်ခဲ့ဘူးလား၊ လွန်လေပြီးသောအခါက ဘယ်လို ဖြစ်ခဲ့သလဲ၊ ဘယ်ပုံဖြစ်ခဲ့သလဲ၊ ငါသည် လွန်လေ ပြီးသော အခါက ဘယ်လိုဖြစ်ပြီး၍ ဘယ်လိုဖြစ်ခဲ့သလဲဟု ရှေးအဘို့သို့ပြေးဝင်သွားမယ်။

ငါသည်နောက်ကာလ၌ဖြစ်လတံ့လော၊မဖြစ်လတံ့လော၊ ငါသည် နောင်ကာလ၌ ဘယ်လို ဖြစ်လတံ့နည်း၊ ဘယ်ပုံဖြစ်လတံ့နည်း၊ ငါသည် နောင်ကာလ၌ ဘယ်လိုဖြစ်၍ ဘယ်ပုံဖြစ်လတံ့နည်း ဟုနောက်အဘို့သို့ ပြေးဝင်သွားမယ်။

ငါသည်ဖြစ်နေသလော၊ ဖြစ်မနေသလော၊ ငါသည် ဘယ်လိုဖြစ်သနည်း၊ အဘယ်ပုံဖြစ်နေသနည်း၊ ဤသတ္တဝါသည် အဘယ်အရပ်မှလာခဲ့သနည်း၊ ထိုသတ္တဝါသည် အဘယ်အရပ်သို့သွားလတံ့နည်း ဆိုတဲ့ အခုဘဝမှာလဲ မိမိကိုယ်၌ သို့လောသို့လော ဆိုတဲ့ ယုံမှားသံသယဖြစ်တယ်ဟူသော အကြောင်းမျိုးသည်မရှိဘူး။

မေး။ ။အဲဒီလို ယုံမှားသံသယမရှိတာဟာ ဘာပြုလို့ပါလဲ။

ဖြေ။ ။ချစ်သားတို့ ငါ၏ အရိယာတပည့်များသည် ဒါက အကြောင်း ပဋိစ္စသမုပ္ပါဒ်တရားဘဲ၊ ဒါကတော့အကျိုး ပဋိစ္စသမုပ္ပန္နတရားဘဲဟု ဟုတ်တိုင်းမှန်စွာ မှန်ကန်တဲ့

အသိဉာဏ်မျက်စိနဲ့ ကောင်းစွာတွေ့မြင်ထားလို့ဖြစ်တယ်
ဟု မိန့်တော်မူ၏။

---

## မသိသူကျော်သွား သိသူဖော်စား

"ချစ်သားတို့ သိတဲ့လူ မြင်တဲ့လူ အာသဝေါကုန်တယ်လို့ ငါဆိုတယ်။ မသိတဲ့လူမမြင်တဲ့လူ အာသဝေါကုန်တယ်လို့ ငါ မဆိုဘူး။ ဘယ်နည်းဘယ်ပုံ သိတဲ့လူ မြင်တဲ့လူ အာသဝေါကုန်သလဲ၊ ဒါကရုပ်၊ ဒါက ဝေဒနာ၊ ဒါက သညာ၊ ဒါကသင်္ခါရ၊ ဒါက ဝိညာဉ်၊ ဤသို့ဖြစ်တယ်၊ ဤသို့ချုပ်တယ်ဟု သိတဲ့လူ မြင်တဲ့လူ အာသဝေါကုန်ခြင်းဖြစ်တယ်"

"ချစ်သားတို့ အဲ ထိုသို့သိသောသူ၊ မြင်သောသူအား အာသဝေါကုန်တဲ့ အရဟတ္တဖိုလ် ဖြစ်လတ်သောအခါ၊ အရဟတ္တဖိုလ်ကိုသိသော ပစ္စဝေက္ခဏာဉာဏ်ကိုအကြောင်းနှင့်တကွဖြစ်တယ်။ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး"

မေး။ ။အရဟတ္တဖိုလ်ကိုသိတဲ့ ပစ္စဝေက္ခဏာဉာဏ်၏အကြောင်း က ဘာတွေလဲ။

ဖြေ။ ။အာသဝေါတရားမှ လွတ်မြောက်တဲ့ အရဟတ္တဖိုလ်လို့ ဆိုရမယ်။ အဲဒီအရဟတ္တဖိုလ်ကိုလဲ အကြောင်းနှင့်တကွ ဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အရဟတ္တဖိုလ် အကြောင်းကား အဘယ်နည်း ။

ဖြေ။ ။တပ်ခြင်းကင်းမှု အရဟတ္တမဂ်ဖြစ်တယ်၊ အဲဒီအရဟတ္တမဂ်ကလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီအရဟတ္တမဂ်၏အကြောင်းကား အဘယ်နည်း။
ဖြေ။ ။ငြီးငွေ့မှု နိဗ္ဗိန္ဒဉာဏ်ဖြစ်တယ်။ အဲဒီ နိဗ္ဗိန္ဒဉာဏ်ကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။
မေး။ ။အဲဒီနိဗ္ဗိန္ဒဉာဏ်၏အကြောင်းကား အဘယ်နည်း။
ဖြေ။ ။ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်ဖြစ်တယ်။ အဲဒီ ဉာဏ်အမြင်ကိုလဲ အကြောင်းနှင့် တကွ ဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။
မေး။ ။အဲဒီဟုတ်တိုင်းမှန်စွာသိသော ဉာဏ်အမြင်၏အကြောင်းကား အဘယ်နည်း။
ဖြေ။ ။တည်ကြည်မှု သမာဓိဖြစ်တယ်။ အဲဒီ သမာဓိကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်။ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။
မေး။ ။အဲဒီသမာဓိ၏အကြောင်းတရားကား အဘယ်နည်း။
ဖြေ။ ။ချမ်းသာမှုသုခဖြစ်တယ်၊ အဲဒီသုခကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ငါမဆိုဘူး။
မေး။ ။အဲဒီသုခ၏အကြောင်းကား အဘယ်နည်း။
ဖြေ။ ။ငြိမ်းချမ်းမှုပဿဒ္ဓိဖြစ်တယ်၊ အဲဒီပဿဒ္ဓိကိုလဲအကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။
မေး။ ။အဲဒီပဿဒ္ဓိ၏အကြောင်းကား အဘယ်နည်း။
ဖြေ။ ။နှစ်သက်မှုပီတိဖြစ်တယ်၊ အဲဒီပီတိကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီပီတိ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ဝမ်းမြောက်မှု ပါမောဇ္ဇဖြစ်တယ်၊ အဲဒီပါမောဇ္ဇကိုလဲ အကြောင်းနှင့်တကွ ဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီပါမောဇ္ဇ၏ အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ယုံကြည်မှု သဒ္ဓါတရားဖြစ်တယ်၊ အဲဒီ သဒ္ဓါကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီသဒ္ဓါ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ဆင်းရဲခြင်းဒုက္ခဖြစ်တယ်၊ အဲဒီဒုက္ခကိုလဲအကြောင်းနှင့်တကွဖြစ်တယ်။ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဆင်းရဲခြင်းဒုက္ခ၏ အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ပဋိသန္ဓေနေမှု ဇာတိ ဖြစ်တယ်။ အဲဒီ ဇာတိကိုလဲ အကြောင်းနှင့်တကွ ဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဇာတိ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ဘဝဖြစ်တယ်၊ အဲဒီဘဝကိုလဲအကြောင်းနှင့်တကွ ဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဘဝ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ပြင်းစွာစွဲလမ်းမှုဥပါဒါန်ဖြစ်တယ်၊ အဲဒီဥပါဒါန်ကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဥပါဒါန်၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။တပ်မက်မှုတဏှာဖြစ်တယ်၊ အဲဒီတဏှာကိုလဲအကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီတဏှာ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ခံစားမှုဝေဒနာဖြစ်တယ်၊ အဲဒီဝေဒနာကိုလဲအကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဝေဒနာ၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ဖဿတွေ့ထိမှု ဖဿဖြစ်တယ်၊ အဲဒီတွေ့ထိမှု ဖဿကိုလဲအကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။အဲဒီဖဿအကြောင်းကား အဘယ်နည်း။

ဖြေ။ ။တည်ရာအာယတန ၆-ပါး၊ သဠာယတနဖြစ်တယ်၊ အဲဒီ သဠာယတနကိုလဲ အကြောင်းနှင့်တကွ ဖြစ်တယ်။ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။သဠာယတန၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။နာမ်ရုပ်ဖြစ်တယ်၊အဲဒီနာမ်ရုပ်ကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲ ဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။နာမ်ရုပ်၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။သိမှုဝိညာဉ်ဖြစ်တယ်၊ အဲဒီဝိညာဉ်ကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။ဝိညာဉ်၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။ပြုပြင်စီရင်မှု သင်္ခါရတရားတို့ဖြစ်တယ်၊ အဲဒီ သင်္ခါရတရားကိုလဲ အကြောင်းနှင့်တကွဖြစ်တယ်၊ အကြောင်းမရှိဘဲဖြစ်တယ်လို့ ငါမဆိုဘူး။

မေး။ ။သင်္ခါရတို့၏အကြောင်းကား အဘယ်နည်း။

ဖြေ။ ။မသိမှုအဝိဇ္ဇာဖြစ်တယ်။

ချစ်သားတို့၊ သင်္ခါရတို့သည်အဝိဇ္ဇာလျှင် အကြောင်းရှိတယ်၊ ဝိညာဉ်သည် သင်္ခါရလျှင် အကြောင်းရှိတယ်၊ နာမ်ရုပ်သည် ဝိညာဉ်လျှင်အကြောင်းရှိတယ်၊ သဠာယတနသည် နာမ်ရုပ်လျှင် အကြောင်းရှိတယ်၊ ဖဿသည် သဠာယတနလျှင် အကြောင်းရှိတယ်၊ ဝေဒနာသည် ဖဿလျှင် အကြောင်းရှိတယ်၊ တဏှာသည် ဝေဒနာလျှင် အကြောင်းရှိတယ်၊ ဥပါဒါန်သည် တဏှာလျှင်အကြောင်းရှိတယ်၊ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိတယ်၊ ဇာတိသည် ဘဝလျှင် အကြောင်းရှိတယ်၊ သဒ္ဓါသည် ဒုက္ခလျှင်အကြောင်းရှိတယ်၊ ပါမောဇ္ဇသည် သဒ္ဓါလျှင် အကြောင်းရှိတယ်၊ ပဿဒ္ဓိသည် ပီတိလျှင် အကြောင်းရှိတယ်၊ သုခသည် ပဿဒ္ဓိလျှင် အကြောင်းရှိတယ်၊ သမာဓိ တည်ကြည်မှုသည် သုခလျှင် အကြောင်းရှိတယ်၊ နိဗ္ဗိန္ဒဉာဏ်သည် ယထာဘူတဉာဏ်လျှင် အကြောင်းရှိတယ်၊ တပ်မက်ခြင်းကင်းမှု အရဟတ္တမဂ်ဉာဏ်သည် နိဗ္ဗိန္ဒဉာဏ်လျှင် အကြောင်းရှိတယ်၊ ဝိမုတ္တိ ဟူသော အရဟတ္တဖိုလ် ဉာဏ်သည် အရဟတ္တမဂ် ဉာဏ်လျှင်

အကြောင်းရှိတယ်၊ အာသဝေါတရား ကုန်တာကို သိသော ပစ္စဝေက္ခဏာဉာဏ်သည် အရဟတ္တဖိုလ်လျှင် အကြောင်းရှိတယ်ဟု မိန့်တော်မူလေ၏။

ချစ်သားတို့...ဥပမာ အားဖြင့် တောင်ထိပ်မှာ မိုးအကြီးအကျယ်ရွာသွန်းလိုက်တဲ့အခါ ရေတွေဟာနိမ့်ရာသို့စီးဆင်း သွားတဲ့အတွက် တောင်အောက်က ပပ်ကြားအက်ကွဲ မြောင်းငယ်မြောင်းကြီးတို့ကို ပြည့်လျှံစေတယ်၊ ပပ်ကြားအက် မြောင်းငယ်မြောင်းကြီးတို့ပြည့်လျှံလာတဲ့အခါ အိုင်ငယ်အိုင်ကြီးတို့ကို ပြည့်လျှံစေတယ်၊ အိုင်ငယ်အိုင်ကြီးတို့ ပြည့်လျှံလာသောအခါ မြစ်ငယ်မြစ်ကြီး အသီးသီးတို့ကို ပြည့်လျှံစေတယ်၊ မြစ်ငယ်မြစ်ကြီး အသီးသီးတို့ပြည့်လျှံလာသောအခါ မဟာသမုဒ္ဒရာကြီးကို ပြည့်လျှံစေတယ်။

ချစ်သားတို့...အဲဒီ ဥပမာအတိုင်း သင်္ခါရ တရား တို့သည် အဝိဇ္ဇာလျှင် အကြောင်းရှိတယ်၊ ဝိညာဉ်သည် သင်္ခါရလျှင် အကြောင်းရှိတယ်၊ နာမ်ရုပ်သည် ဝိညာဉ်လျှင် အကြောင်းရှိတယ်၊ အာယတန ၆ ပါးသည် နာမ်ရုပ်လျှင်အကြောင်းရှိတယ်၊ ဖဿသည်အာယတန ၆ ပါးလျှင်အကြောင်းရှိတယ်၊ ဝေဒနာသည် ဖဿလျှင်အကြောင်းရှိတယ်၊ တဏှာသည် ဝေဒနာလျှင် အကြောင်းရှိတယ်၊ ဥပါဒါန်သည် တဏှာလျှင် အကြောင်းရှိတယ်၊ ဘဝသည် ဥပါဒါန်လျှင် အကြောင်းရှိတယ်၊ ဆင်းရဲခြင်း ဒုက္ခသည်ဇာတိလျှင်အကြောင်းရှိတယ်၊ သဒ္ဓါသည် ဆင်းရဲခြင်း ဒုက္ခလျှင်အကြောင်းရှိတယ်၊ ဝမ်းမြောက်ခြင်း ပါမောဇ္ဇသည် သဒ္ဓါလျှင် အကြောင်းရှိတယ်၊ ပီတိသည် ပါမောဇ္ဇ လျှင်

အကြောင်းရှိတယ်၊ ပဿဒ္ဓိသည် ပီတိလျှင် အကြောင်းရှိတယ်၊ သုခသည်ပဿဒ္ဓိလျှင် အကြောင်းရှိတယ်၊ သမာဓိသည် သုခလျှင် အကြောင်းရှိတယ်။ ယထာ ဘူတ ဉာဏ်သည် သမာဓိလျှင် အကြောင်းရှိတယ်၊ နိဗ္ဗိန္ဒဉာဏ်သည် ယထာဘူတ ဉာဏ်လျှင် အကြောင်းရှိတယ်၊ အရဟတ္တမဂ်သည်နိဗ္ဗိန္ဒဉာဏ်လျှင် အကြောင်းရှိတယ်၊ အရဟတ္တဖိုလ်သည်အရဟတ္တမဂ်လျှင် အကြောင်းရှိတယ်၊ အာသဝေါ တရားကုန်ခြင်းကိုသိတဲ့ ပစ္စဝေက္ခဏာ ဉာဏ်သည် အရဟတ္တဖိုလ်လျှင် အကြောင်း ရှိပေတယ်ဟု ဟောကြားတော်မူ၏။

## အမြင်မျိုးစုံ

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် နံနက်အခါ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်ကိုပိုက်ပြီး ရာဇဂြိုဟ်ပြည်သို့ဆွမ်းခံ ကြွတော်မူပါသည်။ ထိုအခါ အရှင်သာရိပုတ္တရာသည် ဆွမ်းခံရန် အတော်စောနေသေးသည့်အတွက် သာသနာပြင်ပ တိတ္ထိပရိဗိုဇ်တို့၏ကျောင်းသို့ ခေတ္တခဏလောက် ဝင်ရောက်ရလျှင် ကောင်းမည်ဟု အကြံအစည် ဖြစ်တော်မူပါသည်။

ထိုနောက် အရှင် သာရိ ပုတ္တရာသည် တိတ္ထိပရိဗိုဇ်တို့၏ ကျောင်းကို ခေတ္တဝင်ရောက်၍ တိတ္ထိပရိဗိုဇ်တို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီးလျှင် တနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါတိတ္ထိပရိဗိုဇ်တို့က အရှင် သာရိပုတ္တရာကိုယ်တော်ကြီး အနားမှာထိုင်ပြီး ဤစကားကို မေးမြန်း လျှောက်ထားကြပါသည်။

**တိတ္ထိပရိဗိုဇ်များ။** ။ငါ့ရှင်သာရိပုတ္တရာ....ဆင်းရဲကို ကိုယ်တိုင် လုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ကမ္မဝါဒီသမဏ ဗြာဟ္မဏတချို့ ရှိနေကြပါတယ်။

ငါ့ရှင်သာရိပုတ္တရာ.... ဆင်းရဲကို သူတပါးတွေ လုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီ သမဏ ဗြာဟ္မဏတချို့ လဲရှိနေကြပါတယ်။

ငါ့ရှင်သာရိပုတ္တရာ....ဆင်းရဲကို ကိုယ်တိုင်လဲလုပ်အပ်တယ်၊ သူတပါးတွေလဲ လုပ်အပ်တယ်ဆိုပြီး ပြောဆိုပညတ်နေကြတဲ့ သမဏဗြာဟ္မဏတွေ တချို့လဲရှိနေကြပါတယ်။

ငါ့ရှင်သာရိပုတ္တရာ....ဆင်းရဲကို ကိုယ်တိုင်လဲ မလုပ်အပ်ဘူး။ သူတပါး တွေလဲ မလုပ်အပ်ဘူး။ သူ့ဟာသူ အကြောင်းမဲ့ သက်သက်ဖြစ်တယ်လို့ ပြောဆို ပညတ် နေနေကြတဲ့ ကမ္မဝါဒီ သမဏဗြာဟ္မတချို့လဲ ရှိနေကြပါတယ်။

ငါ့ရှင်သာရိတ္တရာ....အဲဒီလိုအယူဝါဒအမျိုးမျိုး ရှိရာ၌ ရဟန်းဂေါတမသည် မည်သို့သောအယူရှိပါသနည်း။ ဘယ်လိုများဟောပါပြောပါသနည်း၊ အကျွန်ုပ်တို့ ဘယ်လိုပြောဟောရင် ရှင်တော်ဂေါတမ ဟောပြော ချက်အတိုင်း ဟောတယ်ပြောတယ်လို့ ဆိုနိုင်ပါသနည်း၊ ကဲ့ရဲ့ဖွယ်မဖြစ်နိုင်ပါသနည်း ဟုမေးမြန်းကြလေ၏။

**ရှင်သာရိပုတ္တရာ**

ငါ့ရှင်တို့....ဆင်းရဲဒုက္ခ အကြောင်းကိုစွဲ၍ ဖြစ်သော အကျိုးတရား (ပဋိစ္စသမုပ္ပန္န) တရားလို့ မြတ်စွာဘုရား

ဟောကြားတော်မူအပ်ပါတယ်။ ဘာကိုစွဲ၍ ဖြစ်သလဲဆိုရင် တွေ့ထိမှု ဖဿကိုစွဲ၍ ဖြစ်တယ်။ အဲဒီလိုဟောတဲ့ ပြောတဲ့လူတွေဟာ မြတ်စွာဘုရားဟောတော်မူတဲ့အတိုင်း အတူလိုက်၍ဟောပြောရာရောက်ပါတယ်။ မြတ်စွာဘုရားကို မဟုတ်မမှန်ပြောဆိုစွပ်စွဲရာ မရောက်ပါဘူး၊ မြတ်စွာဘုရားတရားနှင့်လျော်သော တရားကို ဟောတယ် ပြောတယ်လို့ဆိုနိုင်ပါတယ်၊ အကြောင်းနှင့်တကွဖြစ်၍ ကဲ့ရဲ့ရာမရောက်ပါဘူး။

ငါ့ရှင်တို့....အဲဒီ အယူဝါဒ လေးမျိုးတို့တွင် ဆင်းရဲဒုက္ခကိုကိုယ်တိုင်လုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ သမဏဗြာဟ္မဏတွေရဲ့ ဝေဒနာဟာလဲ တွေ့ထိမှု ဖဿအကြောင်းခံကြောင့်ဖြစ်တယ်။ ဆင်းရဲဒုက္ခကို သူတပါးတွေ ပြုလုပ်နေကြတယ်လို့ ပြောဆိုပညတ်နေကြတဲ့ သမဏဗြာဟ္မဏတွေရဲ့ ဝေဒနာဟာလဲ တွေ့ထိမှု ဖဿအကြောင်းခံကြောင့်ဘဲဖြစ်တယ်။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်လဲပြုလုပ်အပ်တယ်။ သူတပါးတွေလဲ ပြုလုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ သမဏဗြာဟ္မဏတို့ရဲ့ ဝေဒနာဟာလဲ ဖဿအကြောင်းခံကြောင့်ဘဲဖြစ်တယ်။ ဆင်းရဲဒုက္ခကို ကိုယ်တိုင်လုပ်တာလဲမဟုတ်။ သူတပါးလုပ်တာလဲမဟုတ်။ အကြောင်းမဲ့သက်သက်ဖြစ်တယ်လို့ ပြောဆိုပညတ် ပညတ်နေကြတဲ့၊ သမဏ ဗြာဟ္မဏ တွေရဲ့ ဝေဒနာဟာလဲ ဖဿအကြောင်းခံပြီးမှ ဖြစ်တယ်၊နောက်ဆုံးဘယ်သူတွေရဲ့ ဝေဒနာဘဲဖြစ်ဖြစ် (ဆင်းရဲချမ်းသာကို

ဝေဒနာဟု ဆိုလိုသည်) ဖဿမပါဘဲနှင့် ဖြစ်တာ တခုမရှိဘူး။

ငါ့ရှင်တို့.... အဲဒီအယူလေးမျိုးထဲက ဆင်းရဲဒုက္ခကို ကိုယ်တိုင်လုပ်အပ်တယ်လို့ ပြောဆို ပညတ်နေကြတဲ့ ကမ္မဝါဒီသမဏဗြာဟ္မဏတွေဟာလဲဖဿကိုဘေးဖယ်ထားပြီး ခံစားရလိမ့်မယ်ဆိုတဲ့ အကြောင်းအချက်မရှိဘူး။

ဆင်းရဲဒုက္ခကို သူတပါးတွေပြုလုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီသမဏဗြာဟ္မဏတွေ ဟာလဲ ဖဿကို ဘေးဖယ် ထားပြီး ခံစား ရလိမ့်မယ် ဆိုတဲ့ အကြောင်း အချက်မျိုးလဲမရှိဘူး။

ဆင်းရဲဒုက္ခကိုကိုယ်တိုင်လဲ ပြုလုပ်အပ်တယ်၊ သူတပါးတွေလဲပြုလုပ်အပ်တယ်လို့ပြောဆို ပညတ်နေကြတဲ့ ကမ္မဝါဒီသမဏဗြာဟ္မဏတွေဟာလဲ ဖဿကိုဘေးဖယ်ထားပြီး ခံစားရလိမ့်အုံးမယ်ဆိုတဲ့ အကြောင်း အချက် မျိုးလဲမရှိဘူး။

ဆင်းရဲဒုက္ခကိုကိုယ်တိုင်လဲ မလုပ်အပ်၊သူတပါး တွေလဲမလုပ်အပ်၊ အကြောင်းမဲ့ သက်သက်ဖြစ်နေတယ်လို့ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီ သမဏဗြာဟ္မဏ တွေဟာလဲ ဖဿကို ဘေးဖယ်ထားပြီး ခံစား ရလိမ့်အုံးမယ် ဆိုတဲ့ အကြောင်းအချက်မျိုးလဲ မရှိဘူး ဟုမိန့်တော်မူ၏။

အရှင်အာနန္ဒာသည်၊ သာသနာပြင်ပမှ တိတ္ထိပရိဗိုဇ်တွေနှင့် အရှင်သာရိပုတ္တရာတို့ ပြောဆိုနေသောစကားကို ကြားသိလေသော်၊ ရာဇဂြိုဟ်ပြည်မှ ဆွမ်းခံအပြန်၊ မြတ်စွာဘုရားထံ ဝင်

ရောက်၍၊ ရှိသေစွာရှိခိုးပြီး အကြောင်းစုံကိုပြန်ကြားလျှောက်ထားလေ၏။

အာနန္ဒာ၊ ကောင်းမွန်စွာ ဖြေကြားလိုတဲ့သူတွေဟာ အခုဘာရိပုတ္တာရာဖြေသလိုဘဲ ဖြေကြားရပေလိမ့်မယ်။ အာနန္ဒာ.... ဆင်းရဲဒုက္ခကိုစွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားလို့ ငါဘုရားဟောတော်မူတယ်။

ဘာကိုစွဲ၍ဖြစ်သလဲ၊ ဖဿကိုစွဲ၍ဖြစ်တယ်။ အဲဒီလိုပြောဆိုတဲ့သူတွေ ဟောပြောတဲ့သူတွေဟာ ငါဘုရားစကားအတိုင်း ပြောဆိုတဲ့သူ ဟောပြောတဲ့သူတွေဖြစ်တယ်။ ငါဘုရားကို မဟုတ်မမှန် ပြောဆိုစွပ်စွဲရာမရောက်ဘူး။ ငါဘုရား၏ တရားတော်နှင့်လျော်သော တရားကို ဟောပြောတဲ့သူတွေဖြစ်တယ်။ ဘာမှ အပြစ်ဆိုစရာ ကဲ့ရဲ့စရာမရှိဘူး။

အာနန္ဒာ၊ အဲဒီအယူလေးပါးထဲက ဆင်းရဲဒုက္ခကို ကိုယ်တိုင်လုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီသမဏဗြာဟ္မဏတွေရဲ့ ဝေဒနာဟာလဲ တွေ့ထိမှု ဖဿအကြောင်းခံကြောင့်ဖြစ်တယ်...စသည်ဖြင့် အထက်ကအတိုင်း ရှင်းလင်းမိန့်ကြားတော်မူလေ၏။

အာနန္ဒာ၊ တခါတုန်းကလဲ အဲဒီ ရာဇဂြိုဟ်ပြည်နယ်မှာဘဲ တိတ္ထိပရိဗိုဇ်တွေ အဲဒီပြဿနာမျိုးကို မေးမြန်းဘို့လာကြတယ်။ ငါဘုရားကိုယ်တိုင်လဲ သာရိပုတ္တရာ ဖြေသလိုဘဲ ဖြေဆိုတော်မူခဲ့တယ်။

အာနန္ဒာ၊ အဲဒီပြဿနာသင့်ဉာဏ်မှာ ထင်မြင်စေလော့။

အရှင်ဘုရား၊ တပည့်တော်ကို ငါ့ရှင်အာနန္ဒာ၊ ဇရာမရဏဟာ ဘယ်တရားအကြောင်းခံသနည်း၊ ဘယ်တရားလျှင် ဖြစ်ပေါ် ကြောင်းရှိသနည်း၊ ဘယ်တရားကြောင့် ဖြစ်သနည်း၊ ဘယ်တရားလျှင် အမွန်အစရှိသနည်း....ဟု မေးမြန်းလာကြပါမူ ငါ့ရှင်တို့ ဇရာမရဏဟာ ဇာတိအကြောင်း ခံတယ်၊ ဇာတိလျှင်ဖြစ်ပေါ် ကြောင်းရှိတယ်၊ ဇာတိကြောင့်ဖြစ်တယ်၊ ဇာတိလျှင် အမွန်အစ ရှိတယ်-လို့ ဖြေကြားလိုက်ပါမည်ဘုရား။

အရှင်ဘုရား၊ ဆက်လက်ပြီး မေးမြန်းကြပါမူ အကြောင်း ပဋိစ္စသမုပ္ပါဒ် တရားအားလုံးကိုရင်း၊ အကျိုးပဋိစ္စသမုပ္ပန္နတရား အားလုံးကိုရင်း၊ သက်ဆိုင်ရာအကြောင်းအကျိုး အကုန်လုံးဖြေ ကြားလိုက်ပါမည်ဘုရား....ဟု လျှောက်ထားလေ၏။

---

## ဆင်းရဲ-ချမ်းသာ

အရှင်ဘူမိဇသည်၊ ညနေဆည်းဆာတွင် တပါးတည်း ကိန်း အောင်းနေရာမှ ထ၍ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ပြီးလျှင် အရှင်သာရိပုတ္တရာနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီး နေရာတခုတွင်ထိုင်လျက် ဤစကားကို လျှောက်ထားလေ၏။

အရှင်ဘူမိဇ။ ။ငါ့ရှင်သာရိပုတ္တရာ၊ ချမ်းသာဆင်းရဲကို ကိုယ် တိုင်လုပ်အပ်တယ်လို့ ပြောဆိုပညတ်မနကြတဲ့ ကမ္မဝါဒီ သမဏဗြာဟ္မဏ တချို့လဲရှိတယ်၊ ချမ်းသာ ဆင်းရဲကို သူတပါးကို ပြုလုပ်အပ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီ သမဏဗြာဟ္မဏတချို့လဲရှိတယ်၊ ချမ်းသာ

ဆင်းရဲကိုတိုယ်တိုင်လဲ လုပ်အပ်တယ်၊ သူတပါးတွေလဲ လုပ်အပ်တယ်လို့ အဲ့ဒီလို ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီသမဏဗြာဟ္မဏတချို့လဲရှိတယ်၊ငါ့ရှင်သာရိပုတ္တရာ ချမ်းသာဆင်းရဲကို ကိုယ်တိုင်လဲ မလုပ်အပ် သူတပါးတွေလဲ မလုပ်အပ်၊ အကြောင်းမဲ့ဖြစ်တယ်လို့ ပြောဆိုပညတ်နေကြတဲ့ ကမ္မဝါဒီ သမဏဗြာဟ္မဏ တချို့လဲ ရှိဘယ်။

ငါ့ရှင်သာရိပုတ္တရာ၊အဲဒီအရာမှာ တပည့်တော်တို့ဆရာမြတ်စွာဘုရားက အဘယ်သို့ အယူဝါဒရှိပါသနည်း၊ အဘယ်သို့ ဟောကြား ပညတ်ပါသနည်းဟု မေးလျှောက်၏။

**အရှင်သာရိပုတ္တရာ။** ။ငါ့ရှင်ဘူမိဇ၊ ချမ်းသာဆင်းရဲကို စွဲ၍ဖြစ်သော ပဋိစ္စသမုပ္ပန္နတရားလို့ ငါတို့ ဘ-ဘုရားက ဟောကြားပညတ်တော်မူပါတယ်။ ဘာကိုစွဲ၍ဖြစ်သလဲ၊ ဖဿကိုစွဲ၍ဖြစ်တယ်စသည်ဖြင့် ရှေးကအတိုင်း အကျယ်တဝင့် တိတ္ထိပရိဗိုဇ်တွေကို ဖြေကြားသလို ကျေနပ်လောက်အောင် ရှင်းလင်း ဖြေကြားတော် မူလေ၏။ (ချမ်းသာဆင်းရဲနှစ်ခု တွဲမေးတာ တခုသာလျှင်ထူး၏။)

## မှန်ကန်သော အကျင့်တရား

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍....

ချစ်သား သာရိပုတ္တရာ၊ ပါရာယနဝဂ်၊ အဇိတလုလင်မေးတဲ့ မေးခွန်း၌၊ အရှင်ဘုရား ဤသာသနာတော်ကြီး၌ တရားသိပြီး

သော ပုဂ္ဂိုလ်များလဲ ရှိကြပါကုန်သည်ဘုရား။ များစွာသော ကျင့်ဆဲပုဂ္ဂိုလ်များလဲ ရှိကြပါကုန်သည်ဘုရား။ ထိုပုဂ္ဂိုလ်တို့၏ အကျင့်တရားကို တပည့်တော် မေးလျှောက်ပါသည် ဘုရား။ ရင့်ကျက်သော ပညာရှိတော်မူသော မြတ်စွာဘုရားသည် ထို အကျင့်တရားကို ဟောကြားတော်မူပါလော့ဆိုတဲ့ စကားကို လျှောက်ထားတယ်။

ချစ်သား သာရိပုတ္တရာ၊ အကျဉ်းအားဖြင့် ဟောကြားတဲ့ တရားအနက်ကို အဘယ်သို့မှတ်အပ်သနည်းဟု ဗုဒ္ဓက မိန့်တော်မူသည်ရှိသော် အရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေလေသည်။ ၂ ကြိမ် ၃ ကြိမ်တိုင်အောင် ဗုဒ္ဓက မိန့်တော်မူသော်လဲ အရှင် သာရိပုတ္တရာသည် ဆိတ်ဆိတ်သာနေပါ၏။

ထိုသို့ ဆိတ်ဆိတ်နေသောအခါ၊ ဗုဒ္ဓက....

သာရိပုတ္တရာ၊ ဤသည်ကား ခန္ဓာငါးပါးတည်း ရှုလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ဤသည်ကား ခန္ဓာငါးပါးတည်း ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့်ရှု၏။ ဤ သည်ကား ခန္ဓာငါးပါးတည်းဟု ဟုတ်မှန်သောအတိုင်း ကောင်း သောပညာဖြင့်ရှုပြီး ခန္ဓာငါးပါးကို ငြီးငွေ့အောင် တပ်ခြင်း ကင်းအောင် ချုပ်ငြိမ်းအောင်ကျင့်၏ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာ။

ထိုခန္ဓာငါးပါးသည် အာဟာရလျှင်ဖြစ်ကြောင်းရှိ၏ ဟုဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှု၏။ ဟုတ်မှန်သောအတိုင်းရှုပြီး၍ အာဟာရလျှင်ဖြစ်ကြောင်း ရှိသော ခန္ဓာငါးပါးကို ငြီးငွေ့အောင် တပ်ခြင်းကင်း

အောင် ချုပ်ငြိမ်းအောင်ကျင့်၏။ ထိုအာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏ဟုဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှု၏။ ဟုတ်မှန်သောအတိုင်း ရှုပြီး၍ ချုပ်ခြင်းသဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့အောင်တပ်ခြင်းကင်းအောင်၊ချုပ်ငြိမ်းအောင် ကျင့်ပါ၏အရှင်ဘုရား။ဤသို့လျှင် ကျင့်ဆဲသေက္ခပုဂ္ဂိုလ်များ ဖြစ်ပါသည်ဘုရား။

အရှင်သာရိပုတ္တရာ၊ အဘယ်သို့လျှင် သိပြီးသောတရားရှိသူများဖြစ်သနည်း။

အရှင်ဘုရား၊ ဤသည်ကား ခန္ဓာငါးပါးတည်းဟုဟုတ်မှန်သောအတိုင်းရှု၏။ ထိုသို့ရှုပြီး၍ ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် အစွဲအလမ်းမရှိတော့ဘဲ ကိလေသာတို့မှ လွတ်မြောက်ခြင်းဖြစ်ပါသည်။ ခန္ဓာငါးပါးသည် အာဟာရလျှင် ဖြစ်ကြောင်းရှိ၏ဟု ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့်ရှု၏။ထိုသို့ရှုပြီး၍ အာဟာရလျှင် ဖြစ်ကြောင်းရှိသောခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် အစွဲအလမ်းမရှိတော့ဘဲ ကိလေသာတို့မှ လွတ်မြောက်ပါသည်။ အာဟာရချုပ်ခြင်းကြောင့် ခန္ဓာငါးပါးသည် ချုပ်ခြင်းသဘောရှိ၏ဟု ဟုတ်တိုင်းမှန်စွာ ကောင်းသောပညာဖြင့်ရှု၏။ ထိုသို့ရှုပြီး၍ ချုပ်ခြင်းသဘောရှိသော ခန္ဓာငါးပါးကို ငြီးငွေ့ခြင်းကြောင့် တပ်မက်မှုကင်းခြင်းကြောင့် ချုပ်ငြိမ်းခြင်းကြောင့် အစွဲအလမ်းမရှိမှု ကိလေ

သာမှ လွတ်မြောက်ခြင်းဖြစ်ပါသည်အရှင်ဘုရား။ ဤသို့လျှင် သိအပ်ပြီးသောတရားရှိသူဖြစ်ပါသည်ဘုရား။

အရှင်ဘုရား၊ အဇိတလုလင်၏အမေးကို အကျဉ်းအားဖြင့် ဟောတော်မူသောတရား၏ အနက်အဓိပ္ပါယ်အကျယ် ဖြစ်ပါသည်ဘုရားဟု လျှောက်ထားလေ၏။

ချစ်သားသာရိပုတ္တရာ၊ ဤသည်ကား ခန္ဓာငါးပါးဘဲဟု အစစ်အမှန် ဉာဏ်မျက်စိဖြင့် သိမယ်မြင်မယ်၊သိမြင်တဲ့အတိုင်း ခန္ဓာငါးပါးကို ငြီးငွေ့လာအောင် တပ်မက်မှုကင်းလာအောင် ချုပ်ငြိမ်းလာအောင်ကျင့်မယ်၊ အဲဒီခန္ဓာငါးပါးဟာ အာဟာရလျှင်ဖြစ်ကြောင်း ရှိတယ်လို့ဟုတ်တိုင်းမှန်စွာ ဉာဏ်မျက်စိနဲ့သိမြင်မယ်၊ သိမြင်တဲ့အတိုင်း အာဟာရကြောင့်ဖြစ်တဲ့ ခန္ဓာငါးပါးကို ငြီးငွေ့လာအောင် တပ်မက်မှုကင်းလာအောင် ချုပ်ငြိမ်းလာအောင်ကျင့်မယ်၊ အာဟာရချုပ်လျှင် ခန္ဓာငါးပါး ချုပ်တယ်ဆိုတဲ့သဘောကို ဟုတ်တိုင်းမှန်စွာ ကောင်းသောပညာဖြင့် သိမယ်မြင်မယ်၊ သိမြင်တဲ့အတိုင်း ဉာဏ်မျက်စိဖြင့်ကြည့်၍ ချုပ်ခြင်းသဘောရှိသော ခန္ဓာငါးပါးကိုငြီးငွေ့လာအောင်၊ တပ်မက်မှုကင်းလာအောင်၊ ချုပ်ငြိမ်းလာအောင်ကျင့်မယ်၊ အဲဒီလိုကျင့်လျှင် အဲဒီပုဂ္ဂိုလ်တွေဟာ ကျင့်ဆဲဖြစ်တယ်။

အဲဒီအတိုင်းကျင့်၍ အစွဲမရှိတော့ဘဲ ကိလေသာတို့မှလွတ်မြောက်လာမယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်တွေဟာ သိအပ်ပြီးသော တရားရှိသူဖြစ်တယ်”ဟု ဗုဒ္ဓကိုယ်တော်တိုင်ထပ်မံ၍ ရှင်းလင်းဖြေကြားတော်မူ၏။

## အရှင်သာရိပုတ္တရာ၏ သာဝကဥာဏ်

ကဠာရခတ္တိယအမည်ရှိသောရဟန်းသည် အရှင်သာရိပုတ္တရာ ထံသွား၍ အရှင်သာရိပုတ္တရာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီးနောက် နေရာတခုတွင်ထိုင်၍ အရှင်သာရိ ပုတ္တရာအား ဤစကားကိုလျှောက်ထားသည်။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ၊ မောလိယဖဂ္ဂုနဆိုတဲ့ ရဟန်းတပါး အခု လူထွက်သွားပြီ။

ဖြေ။ ။အဲဒီရဟန်းသည် သာသနာတော်မှာ သက်သာရာ မရ ဘူးနဲ့တူတယ်။

မေး။ ။အရှင်ဘုရား၊ ဒီလိုဆိုရင် အရှင်သာရိပုတ္တရာသည် သာ သနာတော်၌ သက်သာရာရပါသလော။

ဖြေ။ ။ငါ့ရှင်ကဠာရ၊ ငါ့မှာ ဘာမျှယုံမှားသံသယမရှိဘူး။

မေး။ ။အရှင်ဘုရား၊ နောင်အခါအတွက်ကော သက်သာရာ ရပါမည်လော။

ဖြေ။ ။ငါ့ရှင်ကဠာရ၊ ငါ့မှာ ဘာမျှ တွေးတောမှုမရှိဘူး-ဟု မိန့်တော်မူ၏။

ထိုသို့မိန့်ကြားတော်မူသောအခါ၊ ကဠာရခတ္တိယရဟန်းသည် မြတ်စွာဘုရားထံသွား၍ ရှိသေစွာရှိခိုးပြီးလျှင်-

အရှင်ဘုရား၊ အရှင်သာရိပုတ္တရာသည် ပဋိသန္ဓေနေ မှုဇာတိ ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စဟူသမျှ ပြုလုပ်ပြီးစီးပြီ၊ နောက်ထပ် ဘာမျှ လုပ်စရာမရှိတော့ဘူး-ဟု အရဟတ္တဖိုလ် (နိဗ္ဗာန်ရတဲ့

အကြောင်း)ကိုပြောကြားနေပါသည်ဘုရား-ဟုလျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတပါးကိုခေါ်တော်မူ၍ "ငါ့ရှင်ငါဘုရားအမိန့်ဖြင့် သာရိပုတ္တရာကိုခေါ်ချေ"ဟုမိန့်တော်မူလိုက်၏။ ထိုရဟန်းသည် အရှင်သာရိပုတ္တရာထံသွား၍ "အရှင်ဘုရား၊ အရှင်ဘုရားကို မြတ်စွာဘုရားသခင် ခေါ်တော်မူနေပါသည်"ဟု လျှောက်ထားလေ၏။"ကောင်းပြီငါ့ရှင်"ဟု မိန့်တော်မူပြီး အရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားထံသွား၍ ရိုသေစွာ ရှိခိုးပြီး တနေရာတွင် ထိုင်နေလေ၏။

**ဗုဒ္ဓ။** ။သာရိပုတ္တရာ၊ ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စဟူသမျှ ပြုလုပ်ပြီးပြီလို့ အရဟတ္တဖိုလ်ရအောင်လုပ်ဆောင်ဘွယ်မရှိဘူးဟုသိတယ်လို့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ပြောကြားတယ်ဆိုတာ မှန်သလား။

**အရှင်သာရိပုတ္တရာ။**

အရှင်ဘုရား၊ တပည့်တော် တိုက်ရိုက်မပြောပါဘုရား။

မေး။ ။သာရိပုတ္တရာ၊ မည်သည့်ပရိယာယ်မျိုးနဲ့ဘဲ ပြောပြော၊ ပြောတာကို ပြောတယ်လို့ဘဲမှတ်ယူရမယ်။

ဖြေ။ ။အရှင်ဘုရား၊ တပည့်တော် တိုက်ရိုက်မပြောပါလို့ လျှောက်ထားပြီးပြီမဟုတ်ပါလားဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....သင်ဘယ်လိုသိမြင်လို့ ပဋိသန္ဓေနေမှုကုန်ပြီး မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စယူသမျှပြုလုပ်ပြီးစီးပြီလို့ အရဟတ္တဖိုလ် ရအောင်လုပ်

ဘိုမလိုတော့ဘူးဟုသိတယ်လို့။ အရဟတ္တဖိုလ်ကို ပြောကြားနိုင်သလဲလို့ သင့်ကိုမေးလာရင် သင်ဘယ်လို ဖြေမလဲ။

ဖြေ။ ။ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပသော် မူသောမြတ်စွာဘုရား။ တပည့်တော်ကို ဘယ်လိုသိ ဘယ်ဆိုမြင်၍ အရဟတ္တဖိုလ်ကို ပြောကြားနိုင်သလဲလို့ မေးမြန်းလာလာကြပါမူ တပည့်တော်၏ ဆိုလတံ့သောအတိုင်း ဖြေကြားလိုက်ပါမည်ဘုရား။

ငါ့ရှင်တို့....အကြင်အကြောင်းကြောင့်ပဋိသန္ဓေနေမှုဇာတိဖြစ်တယ်။ထိုအကြောင်းကုန်သောကြောင့် ငါသည် ပဋိသန္ဓေနေမှုကုန်ပြီဟုသိပါသည်။ ထိုသို့ သိသည့်အတွက် ပဋိသန္ဓေမနေရတော့ဘူး။ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စအားလုံးပြီးပြီ။ အရဟတ္တဖိုလ်ရအောင်လုပ်ဆောင်ဖွယ် မရှိတော့ဘူးလို့ သိသည်ဟု ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....ပဋိသန္ဓေနေမှု ဇာတိသည် ဘယ်တရားအကြောင်းခံသနည်း၊ ဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း။အဘယ်ကြောင့်ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်းဟုမေးလာလျှင် အဘယ်သို့ဖြေမည်နည်း။

ဖြေ။ ။အရှင်ဘုရား....ထိုကဲ့သို့ မေးလာလျှင် ငါ့ရှင်တို့....ပဋိသန္ဓေနေမှု ဇာတိသည် ဘဝလျှင် အကြောင်းရှိတယ်၊ ဘဝလျှင်ဖြစ်ပေါ်ကြောင်းရှိတယ်၊ ဘဝကြောင့် ဖြစ်

ဘယ်၊ ဘဝလျှင်အမွန်အစရှိဘယ်ဟု ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....ဘဝသည် အဘယ် တရား လျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်ကြောင့်ဖြစ်သနည်း၊ အဘယ်တရားလျှင်အမွန်အစရှိသနည်းဟုမေးကြကုန်မူ အဘယ်သို့ ဖြေကြားမည်နည်း၊

ဖြေ။ ။အရှင်ဘုရား.... တပည့်တော်ကို ထိုသို့မေးကြ ပါကုန်မူ ငါ့ရှင်တို့....ဘဝသည် ဥပါဒါန်လျှင် အကြောင်း ရှိ၏။ ဥပါဒါန်လျှင် ဖြစ်ပေါ်ကြောင်းရှိ၏။ ဥပါဒါန် ကြောင့် ဖြစ်၏။ ဥပါဒါန်လျှင် အမွန်အစရှိ၏ ဟု တပည့်တော် ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ....စွဲလမ်းမှုဥပါဒါန် အဘယ် တရား လျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ် ပေါ်ကြောင်းရှိသနည်း။ အဘယ် တရားကြောင့် ဖြစ် သနည်း၊ အဘယ်တရားလျှင် အမွန်အစရှိသနည်းဟု မေး ကုန်မူ သင်သည်အဘယ်သို့ဖြေကြား မည်နည်း။

ဖြေ။ ။အရှင်ဘုရား တပည့်တော်ကို မေးကြကုန်မူ ငါ့ရှင်တို့ စွဲလမ်းမှုဥပါဒါန်သည်ဘပ်မက်မှုတဏှာလျှင် အကြောင်း ရှိ၏၊ တဏှာလျှင် ဖြစ်ကြောင်းရှိ၏၊ တဏှာကြောင့်ဖြစ် ၏၊ တဏှာလျှင် အမွန်အစရှိ၏ ...ဟု ဖြေကြားလိုက် ပါမည်ဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ၊ တပ်မက်မှုတဏှာသည် အဘယ်တရားလျှင် အကြောင်းရှိသနည်း၊ အဘယ်တရားလျှင် ဖြစ်ပေါ်ကြောင်းရှိသနည်း၊ အဘယ်တရားကြောင့်ဖြစ်သနည်း၊ အဘယ်တရားလျှင် အမွန်အစ ရှိသနည်းဟု မေးကြကုန်မူ သင်အဘယ်သို့ ဖြေကြားမည်နည်း။

ဖြေ။ ။အရှင်ဘုရား၊ တပည့်တော်ကို မေးကြကုန်မူ ငါ့ရှင်တို့ တပ်မက်မှုတဏှာသည် ခံစားမှုဝေဒနာလျှင်အကြောင်းရှိ၏၊ ဝေဒနာလျှင် ဖြစ်ပေါ်ကြောင်းရှိ၏။ ဝေဒနာကြောင့်ဖြစ်၏။ ဝေဒနာလျှင်အမွန်အစရှိ၏ဟု ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။အရှင်သာရိပုတ္တရာ၊ သင်ဘယ်လိုသိ ဘယ်လိုမြင်သောကြောင့် ဝေဒနာကို မနှစ်သက်ပါသလဲလို့ မေးကြကုန်မူ သင်ဘယ်လိုဖြေကြားမည်နည်း။

ဖြေ။ ။အရှင်ဘုရား၊ တပည့်တော်ကို ဘယ်လို သိမြင်သောကြောင့် ဝေဒနာကိုမနှစ်သက်ပါသလဲလို့ မေးကြကုန်မူ ငါ့ရှင်တို့၊ ခံစားမှုဝေဒနာဆိုတာ သုခဝေဒနာ-ဒုက္ခဝေဒနာ-အဒုက္ခမသုခဝေဒနာအားဖြင့် သုံးပါးရှိတယ်။ ငါ့ရှင်တို့ အဲဒီဝေဒနာသုံးပါးဟာ အမြဲမရှိဘူး၊ အဲဒီလို မမြဲတဲ့အတွက် ဆင်းရဲတယ်၊ အဲဒီလိုမမြဲတာ ဆင်းရဲတာကို ကိုယ်တိုင်ဉာဏ်မျက်စိနဲ့ သိမြင်နေလျှင် ဝေဒနာကို မနှစ်သက်တော့ဘူး....ဟု တပည့်တော် ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။ငါ့ရှင်သာရိပုတ္တရာ၊ ကောင်းပေစွ-ကောင်းပေစွ-ဝေဒနာဟူသမျှ အားလုံးဟာ ဆင်းရဲဒုက္ခသာ ဖြစ်တယ်ဆိုတဲ့

စကားလုံးဟာ အကျဉ်းရုံး ဖြေကြားဘို့ အကြောင်း ပရိယာယ်ဖြစ်တယ်....ဟု မိန့်တော်မူ၏။ ဆက်လက်၍ ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်က....

'ငါ့ရှင်သာရိပုတ္တရာ၊ ဘယ်လိုလွတ်မြောက်တဲ့အတွက် ပဋိသန္ဓေနေမှုကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စ ပြုလုပ်ပြီးစီးပြီ၊ အရဟတ္တဖိုလ်ရအောင် နောက်ထပ်ဘာမှလုပ်စရာမလိုတော့ဘူးလို့ အရဟတ္တဖိုလ် နိဗ္ဗာန်ကို ပြောကြားနိုင်သလဲလို့ မေးလာကြမူ သင် ဘယ်လိုဖြေကြားမလဲ။

ဖြေ။ ။ငါ့ရှင်တို့၊ ငါသည် အဇ္ဈတ္တသန္တာန်မှာဖြစ်သော လွတ်မြောက်ခြင်းကြောင့် ပြင်းစွာစွဲလမ်းမှုဥပါဒါန်တွေအားလုံး ကုန်ဆုံးသွားသောကြောင့် သတိနှင့် စောင့်ကြည့်နေသော ငါ့ကို အာသဝေါတရားတွေ မစီးဝင်နိုင်တော့ဘူး၊ မိမိကိုယ်ကိုတောင် အယူတ်ဆုံး မသိတော့ဘူး၊ အဲဒီလို သတိနှင့်ပြည့်စုံနေလို့ဖြစ်တယ်....ဟု ဖြေကြားလိုက်ပါမည်ဘုရား။

မေး။ ။သာရိပုတ္တရာ၊ ကောင်းပေစွ-ကောင်းပေစွ-ငါဘုရားဟောကြားတော်မူတော တရား၌ ယုံမှားမှုမရှိ၊ ငါဟာ အာသဝေါတရားတွေ ပယ်ပြီးပြီလားလို့လဲ တွေးတောမှု မဖြစ်ဆိုသော စကားသည် အကျဉ်းအားဖြင့် ဖြေကြားဘို့အကြောင်း ပရိယာယ်ဖြစ်သည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူပြီး နောက် နေရာမှထကာ ကျောင်းတွင်းသို့ ဝင်တော်မူ လေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကြွ သွား၍ မကြာမီ ရဟန်းတို့ကို ဤသို့မိန့်တော်မူပါသည်။

'ငါ့ရှင်တို့၊ ဒီကိစ္စကို မေးလိမ့်မယ်လို့ အစက ငါကြို တင်သိမထားဘူး။ သို့အတွက် ပထမဆုံး ပြဿနာကို မေးတော်မူတဲ့အခါ အနည်းငယ် ဆုတ်ဆိုင်းဆုတ်ဆိုင်း ဖြစ်နေတယ်။ ငါ့ရှင်တို့ မြတ်စွာဘုရား ပထမဆုံးပြဿ နာကို ဝမ်းမြောက်တော်မူကထဲက ငါ့စိတ်ယဲမှာ အကြံ တခုပေါ်လာတယ်။ အကယ်၍ မြတ်စွာဘုရားသည် ငါ့ကို ပုဒ်အမျိုးမျိုး နည်းပရိယာယ် အသွယ်သွယ်ဖြင့် အဲဒီအနက်အဓိပ္ပါယ်တွေကို တနေ့လုံး မေးငြားအံ့၊ တနေ့လုံး ဖြေလိုက်မည်၊ တညလုံးမေးရင်လဲ တညလုံး ဖြေလိုက်မည်၊ တနေ့လုံးတညလုံး ဆက်တိုက်မေးရင်လဲ တနေ့လုံးတညလုံး ဖြေလိုက်မည်။ ၂-နေ့ ၂-ည၊ ၃-နေ့ ၃-ည၊ ၄-နေ့ ၄-ည၊ ၅-နေ့ ၅-ည၊ ၆-နေ့ ၆-ည၊ ၇-နေ့ ၇-ညပတ်လုံး အဲဒီအနက်အဓိပ္ပါယ်ပုဒ်အမျိုးမျိုး နည်းပရိယာယ် အသွယ်သွယ်ဖြင့် မေးငြားအံ့၊ ပုဒ် အမျိုးမျိုး နည်းပရိယာယ် အသွယ်သွယ်တို့ဖြင့် ထို အနက်အဓိပ္ပါယ်ကို ဖြေကြားလိုက်ပါအံ့ဟု မိန့်ဆိုတော် မူ၏။

ထိုအခါ ကဠာရခတ္တိယ ရဟန်းသည် နေရာမှထကာ မြတ်စွာဘုရားထံသွား၍ ရှိသေစွာ ရှိခိုးပြီးလျှင် အရှင်

သာရိပုတ္တရာ ကိုယ်တော်ကြီး မိန့်ကြားသော စကား ညဿံ အလုံးစုံကို တလုံးမကျန် မြတ်စွာဘုရားအား ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ ဗုဒ္ဓက ရဟန်း သာရိပုတ္တရာဟာ သာဝက ပါရမီဉာဏ်ကို ထိုးထွင်း၍သိတယ်၊ ပညာ အရာမှာ တေဒဂ်ဘွဲ့ထူးနှင့် ချီးမြှင့်ရသူဖြစ်တယ်၊ ငါဘုရားမေး သလောက် ဖြေနိုင်တဲ့ သာဝကပါရမီဉာဏ် ထက်သန်သူ ဖြစ်တယ်ဟု မိန့်တော်မူလိုက်လေ၏။

## ဉာဏ်၏တည်ရာ

မေး။ ။ချစ်သားတို့၊ ဉာဏ်၏တည်ရာ ဉာဏဝတ္ထု(၄၄)ပါးဆို တာဘာလဲ။

ဖြေ။ ။ချစ်သားတို့....

(၁) အိုမှုသေမှုကို သိသောဉာဏ်၊ အိုမှုသေမှုဖြစ်ပေါ် ကြောင်းကို သိသောဉာဏ်၊ အိုမှုသေမှုချုပ်ရာကို သိသောဉာဏ်၊ အိုမှုသေမှု၏ချုပ်ရာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကိုသိသောဉာဏ်။

(၂) ပဋိသန္ဓေနေမှုကိုသိသောဉာဏ်၊ ပဋိသန္ဓေနေမှု ဖြစ်ပေါ်ကြောင်းကို သိသောဉာဏ်၊ ပဋိသန္ဓေ နေမှုချုပ်ရာကိုသိသောဉာဏ်၊ပဋိသန္ဓေနေမှုချုပ် ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သိသော ဉာဏ်။

(၃) ဘဝကိုသိသောဉာဏ်၊ ဘဝဖြစ်ပေါ်ကြောင်းကို သိသောဉာဏ်၊ ဘဝချုပ်ရာကို သိသောဉာဏ်၊ ဘဝချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သိသောဉာဏ်။

(၄) ပြင်းစွာစွဲလမ်းမှု ဥပါဒါန်ကိုသိသောဉာဏ်၊ ဥပါဒါန်ဖြစ်ကြောင်းကို သိသောဉာဏ်၊ ဥပါဒါန်ချုပ်ရာကို သိသောဉာဏ်၊ ဥပါဒါန်ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို သိသောဉာဏ်။

(၅) တပ်မက်မှုတဏှာကို သိသောဉာဏ်၊ တဏှာဖြစ်ပေါ်ကြောင်းကိုသိသောဉာဏ်၊ တဏှာချုပ်ရာကို သိသောဉာဏ်၊ တဏှာချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို သိသောဉာဏ်။

(၆) ခံစားမှုဝေဒနာကို သိသောဉာဏ်၊ ဝေဒနာဖြစ်ပေါ်ကြောင်းကို သိသောဉာဏ်၊ ဝေဒနာချုပ်ရာကို သိသောဉာဏ်၊ ဝေဒနာချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို သိသောဉာဏ်။

(၇) တွေ့ထိမှုဖဿကို သိသောဉာဏ်၊ ဖဿဖြစ်ပေါ်ကြောင်းကို သိသောဉာဏ်၊ ဖဿ ချုပ်ရာကို သိသောဉာဏ်၊ဖဿချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်ကိုသိသောဉာဏ်။

(၈) တည်ရာ အာယတန ၆-ပါး၊ သဠာယတနကို သိသောဉာဏ်၊ သဠာယတနဖြစ်ပေါ်ကြောင်းကို သိသောဉာဏ်၊ သဠာယတနချုပ်ရာကို သိသော

ဥာဏ်၊ သဠာယတန ချုပ်ရာ နိဗ္ဗာန်ရောက် ကြောင်းအကျင့်ကို သိသောဥာဏ်။

(၉) နာမ်ရုပ်ကို သိသော ဥာဏ်၊ နာမ်ရုပ် ဖြစ်ပေါ် ကြောင်းကိုသိသောဥာဏ်၊ နာမ်ရုပ် ချုပ်ရာကို သိသောဥာဏ်၊ နာမ်ရုပ်ချုပ်ရာ နိဗ္ဗာန်ရောက် ကြောင်းအကျင့်ကို သိသောဥာဏ်။

(၁၀) သိမှုဝိညာဉ်ကို သိသောဥာဏ်၊ ဝိညာဉ်ဖြစ်ပေါ် ကြောင်းကို သိသောဥာဏ်၊ ဝိညာဉ်ချုပ်ရာကို သိသောဥာဏ်၊ ဝိညာဉ်ချုပ်ရာ နိဗ္ဗာန်ရောက် ကြောင်းအကျင့်ကို သိသောဥာဏ်။

(၁၁) ပြုပြင်စီရင်မှု သင်္ခါရတို့ကိုသိသောဥာဏ်၊ သင်္ခါရ တို့ ဖြစ်ပေါ်ကြောင်းကိုသိသောဥာဏ်၊ သင်္ခါရတို့ ချုပ်ရာကို သိသောဥာဏ်၊ သင်္ခါရတို့ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုသိသော ဥာဏ် တို့တည်း။

ချစ်သားတို့....အဲဒီလေးပါးကို ဥာဏ်၏တည်ရာ ဥာဏဝတ္ထုများဖြစ်တယ်ဟု မိန့်တော်မူ၏။

မေး။ ။အိုမှု သေမှုဆိုတာ ဘာတွေလဲ။

ဖြေ။ ။ချစ်သားတို့....အိုမင်းတယ်၊ ရင့်ရော်တယ်၊ သွားကျိုး၊ ဆံဖြူ၊ အရေတွန့်၊ အားအင် ဆုတ်ယုတ်ပြီး အရွယ်ရင့် လာတာကိုခေါ်တယ်။

ရွေ့လျောခြင်း၊ ပျက်ခြင်း၊ ကွယ်ပျောက်ခြင်း၊ အသက်ကိုစွန့်ခြင်း၊ သေခြင်း၊ ဘဝကိုအဆုံးပြုခြင်း၊

ခန္ဓာတွေပျက်စီးခြင်း၊ ကိုယ်ကောင်ကြီးကို ပစ်ချခြင်း တို့ကို သေတယ်လို့ခေါ်တယ်၊ အဲဒီ ၂-ခု ပေါင်းကို အိုတယ် သေတယ်လို့ခေါ်တယ်။

ပဋိသန္ဓေနေလို့ အိုရ သေရတယ်၊ ပဋိသန္ဓေချုပ်ရင် အိုမှု သေမှုမရှိဘူး၊ ချုပ်တယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားသည် မအိုအောင် မသေအောင် လုပ်တဲ့အကျင့်၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်တယ်။

ချစ်သားတို့....အိုတာ သေတာကို သိတယ်၊ အိုခြင်း သေခြင်း၏ ဖြစ်ပေါ်ကြောင်းကိုသိတယ်၊ အိုခြင်း သေခြင်း၏ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုသိတယ်၊ အဲဒီလိုသိသိနေတာဟာ တရားကိုသိတဲ့ အသိဉာဏ် ဖြစ်တယ်၊ အဲဒီလိုသိနေတဲ့ ပုဂ္ဂိုလ်တွေဟာ မြင်အပ်သိအပ်၊ အခါမလင့် အကျိုးပေးတတ် ရောက်အပ်သော ဉာဏ်ဖြင့် သက်ဝင်၍ ယူအပ်သော သစ္စာလေးပါး တရားတို့ဖြင့် အတိတ်အနာဂတ်ကို နည်းဆောင်၍ သိအပ်တယ်။

ဟိုလွန်လေပြီးတဲ့ အတိတ်ကာလက သမဏဗြာဟ္မဏတွေဟာလဲ အိုခြင်း သေခြင်းကိုသိကြတယ်၊ အိုခြင်း သေခြင်း၏ ဖြစ်ပေါ်ပုံကို သိကြတယ်၊ အိုခြင်း သေခြင်း၏ ချုပ်ရာကို သိကြတယ်၊ အိုခြင်း သေခြင်း၏ ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို သိကြတယ်၊ အဲဒီသမဏဗြာဟ္မဏ အားလုံးဟာလဲ ယခုငါသိသလိုဘဲ သိရှိတော်မူကြတယ်။

နောင်လာမည့် အနာဂတ်ကာလက သမဏဗြာဟ္မဏတွေဟာလဲ အိုခြင်း သေခြင်းကိုသိကြလိမ့်မယ်၊အိုခြင်း

သေခြင်းဖြစ်ပေါ်ကြောင်းကို သိကြလိမ့်မယ်၊ အိုခြင်း သေခြင်း၏ ချုပ်ရာကို သိကြလိမ့်မယ်၊ အိုခြင်းသေခြင်း၏ ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို သိကြလိမ့်မယ်၊ အဲဒီသမဏဗြာဟ္မဏအားလုံးဟာ အခုငါသိသလိုဘဲ သိရှိကြလိမ့်မယ်လို့ အတိတ်အနာဂတ်ကို နည်းဆောင်၍ သိအပ်တယ်၊ အဲဒီလို သိတာဟာ အရိယာတပည့်များ၏ မဂ်ဉာဏ်သို့ အစဉ်လိုက်ခြင်း၌ဖြစ်သော ဉာဏ်တည်း။

## နိဗ္ဗာန်တံခါးဝသို့ရောက်သူ

ချစ်သားတို့....ငါဘုရား၏ အရိယာတပည့်များသည် သစ္စာလေးပါးတရား၌ သိသောဉာဏ်၊ မဂ်ဉာဏ်ကို အစဉ်လိုက်၍ သိသော ပစ္စဝေက္ခဏာဉာဏ်၊ အဲဒီဉာဏ် ၂-ပါးလုံး စင်ကြယ်လာမယ်၊ ဖြူစင်လာမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို (၁) မှန်ကန်သော အယူနှင့်ပြည့်စုံသူ၊ (၂) မှန်ကန်သော ဉာဏ်အမြင်နှင့်ပြည့်စုံသူ၊ (၃) သူတော်ကောင်းတရားသို့ရောက်သူ၊ (၄) သူတော်ကောင်းတရားကိုမြင်သူ၊ (၅) ကျင့်ဆဲ သေက္ခဉာဏ်နှင့် ပြည့်စုံသူ၊ (၆) ကျင့်ဆဲသေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူ၊ (၇) တရားအယဉ်သို့ ကောင်းစွာရောက်သူ၊ (၈) ကိလေသာကိုဖေါက်ခွဲသော အရိယာ ပညာရှိသူ၊ (၉) အမြိုက်နိဗ္ဗာန်တံခါးဝသို့ ရောက်၍နေသူ ဟု ချီးကျူးပြောဆိုအပ်၏။

ဗုဒ္ဓ။ ။ချစ်သားတို့....ပဋိသန္ဓေနေမှု ဇာတိဆိုတာဘာလဲ၊ ဘဝဆိုတာဘာလဲ။ ဥပါဒါန်ဆိုတာဘာလဲ၊ တဏှာဆိုတာဘာလဲ၊ ဝေဒနာဆို တာဘာလဲ၊ ဖဿဆို တာဘာလဲ၊ သဠာယတန ဆိုတာဘာလဲ၊ နာမ်ရုပ် ဆိုတာ ဘာလဲ၊

ဝိညာဉ်ဆိုတာဘာလဲ၊ ပူပြင်စီရင်မှု သင်္ခါရတရား တွေ ဆိုတာဘာလဲ။

ဗုဒ္ဓ။ ။ချစ်သားတို့....ပူပြင်စီရင်မှုသင်္ခါရ တရားတွေဟာ
(၁) ကိုယ်ဖြင့်ပူပြင်စီရင်မှု ကာယသင်္ခါရ
(၂) နှုတ်ဖြင့်ပူပြင်စီရင်မှု- ဝစီသင်္ခါရ
(၃) စိတ်ဖြင့် ပူပြင်စီရင်မှု- စိတ္တသင်္ခါရ.
အားဖြင့်သင်္ခါရ သုံးမျိုးရှိတယ်။

မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရတရားတွေ ဖြစ်ပေါ်လာကြရတယ်။အဝိဇ္ဇာချုပ်လျှင် သင်္ခါရတရားတွေ အားလုံး ချုပ်ကြရတယ်။ မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ သင်္ခါရတရား ချုပ်ရာနိဗ္ဗာန်ရောက်ကြောင်းအကျင့်ဖြစ်တယ်ဟု မိန့်တော်မူ၏။

ချစ်သားတို့....ပူပြင်စီရင်မှုသင်္ခါရတရားတွေကိုသိတယ်၊ ဖြစ်ပေါ်ကြောင်းကိုသိတယ်၊ ချုပ်ရာကိုသိတယ်၊ သင်္ခါရ တရားတို့ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုသိတယ်၊ အဲဒီလိုသိမြင်လာသောအခါ ငါဘုရား၏ အရိယာတပည့် များသည် သစ္စာလေးပါးတရားကိုသိမြင်သောဉာဏ်ဖြစ်ပေါ်လာတယ်၊ အဲဒီအရိယာတပည့်များသည် မြင်အပ်သိအပ် အခါမလင့် အကျိုးပေးသက်ရောက်အပ်သော ဉာဏ်ဖြင့်သက်ဝင်၍ ယူအပ်သော ဤသစ္စာလေးပါးတရားဖြင့် အတိတ်အနာဂတ်တို့ကိုလဲ နည်းမှီ၍သိအပ်တယ်။

လွန်လေပြီးသောအတိတ်က ပူပြင်စီရင်မှုသင်္ခါရတရားတွေကိုသိတယ်၊ ဖြစ်ပေါ်ကြောင်းကိုသိတယ်၊ ချုပ်ရာကိုသိတယ်၊ သင်္ခါရတို့ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကိုသိတယ်၊ အဲဒီလို

သိကြတဲ့သမဏဗြာဟ္မဏတွေဟာလဲ ယခုငါသိသလိုဘဲ သိရှိကြခြင်းဖြစ်တယ်။

နောက်လာမည့်အနာဂတ်ကာလမှာ ပြုပြင်စီရင်မှု သင်္ခါရတရားကို ဖြန့်ပုံချုပ်ပုံ စသည်တို့ကို သိလတံ့သည့်ကား ယခုငါသိသလိုဘဲ သိကြလိမ့်မည်သာဖြစ်တယ်။

ချစ်သားတို့.... ငါဘုရား၏ အရိယာ တပည့်များသည် သစ္စာလေးပါးတရားကို သိသောဉာဏ်၊မဂ်ဉာဏ်သို့ အစဉ် လိုက်၍သိသော ပစ္စဝေက္ခဏာဉာဏ်၊ အဲဒီဉာဏ် နှစ်ခုစလုံး စင်ကြယ်လာမယ်၊ ဖြူစင်လာမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်ကို အထက်ကအတိုင်း-

(၁) မှန်ကန်သောအယူနှင့်ပြည့်စုံသူ။
(၂) မှန်ကန်သောဉာဏ်အမြင်နှင့် ပြည့်စုံသူ။
(၃) သူတော်ကောင်းတရားသို့ရောက်သူ။
(၄) သူတော်ကောင်းတရားကို မြင်သူ။
(၅) ကျင့်ဆဲသေက္ခဉာဏ်နှင့်ပြည့်စုံသူ။
(၆) ကျင့်ဆဲသေက္ခဝိဇ္ဇာနှင့် ပြည့်စုံသူ။
(၇) တရားအယဉ်သို့ကောင်းစွာ ရောက်သူ။
(၈) ကိလေသာကိုဖောက်ခွဲသော အရိယာပညာရှိသူ
(၉) အမြိုက်နိဗ္ဗာန်တံခါးဝသို့ ရောက်၍နေသူ။

ဟုဆိုအပ်၏ဟု ဗုဒ္ဓကမိန့်တော်မူသေး၏။

## ဉာဏ်၏တည်ရာဝတ္ထု ၇၇ ပါး

ဒုဒ္ဓ။ ။ချစ်သားတို့....ဉာဏ်၏တည်ရာဉာဏဝတ္ထု ၇၇ ပါးဆိုတာဘာတွေလဲ။

ဗုဒ္ဓ။ ။ချစ်သားတို့... ပဋိသန္ဓေနေမှုရှိလို့ အိုမှုသေမှုဖြစ်တယ်လို့ သိတဲ့ဉာဏ်၊ ပဋိသန္ဓေမနေရင် မအိုရမသေရဘူးဟု သိသောဉာဏ်၊ ဟိုလွန်ခဲ့တဲ့ အတိတ်ကာလတုန်းကလဲ ပဋိသန္ဓေနေလို့သာအိုရသေရတယ်ဟု သိသောဉာဏ်၊အတိတ်ကာလတုန်းကလဲပဋိသန္ဓေမနေရင် မအိုရ မသေရဘူးဟု သိသောဉာဏ်၊ နောင်လာမဲ့ အနာဂတ်မှာလဲ ပဋိသန္ဓေနေရင် အိုရသေရလိမ့်အုံးမယ်လို့သိသောဉာဏ်၊ပဋိသန္ဓေမနေရင်မအိုရမသေရဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်း သဘော ရှိတယ်လို့ သိသောဉာဏ်။

၂။ ဘဝအကြောင်းခံကြောင့် ဇာတိဖြစ်တယ်လို့ သိသောဉာဏ်၊ ဘဝမရှိလျှင်ဇာတိမရှိဘူးဟု သိသောဉာဏ်၊ ဟိုလွန်ခဲ့တဲ့ အတိတ်ကာလတုန်းကလဲ ဘဝရှိလို့သာ ဇာတိရှိတယ်ဟုသိသောဉာဏ်၊ အတိတ်တုန်းကလဲ ဘဝမရှိရင် ဇာတိမရှိဘူးဟုသိသောဉာဏ်၊ နောင်လာမဲ့ အနာဂတ်မှာလဲ ဘဝရှိရင်ဇာတိ ရှိလိမ့်အုံးမယ်လို့ သိသောဉာဏ်၊ ဘဝမရှိရင် ဇာတိမရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းသဘောရှိတယ်လို့သိသောဉာဏ်။

၃။ ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်လို့ သိသောဉာဏ်၊ ဥပါဒါန်မရှိလျှင် ဘဝမရှိဘူးဟု သိသောဉာဏ်၊ လွန်ခဲ့တဲ့

အတိတ်ကာလတုန်းကလဲ ဥပါဒါန်ရှိလို့သာ ဘဝရှိတယ်ဟုသိသောဉာဏ်၊ အတိတ်တုန်းကလဲ ဥပါဒါန်မရှိရင် ဘဝမရှိဘူးဟု သိသောဉာဏ်၊ နောင်လာမဲ့ အနာဂတ်မှာလဲ ဥပါဒါန်ရှိရင် ဇာတိရှိလိမ့်အုံးမယ်လို့ သိသောဉာဏ်၊ ဥပါဒါန်မရှိရင် ဇာတိမရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အားဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိ ဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်း သဘောရှိတယ်လို့ သိသောဉာဏ်။

၄။ တဏှာကြောင့် ဥပါဒါန်ဖြစ်တယ်လို့ သိသောဉာဏ်၊ တဏှာမရှိလျှင် ဥပါဒါန် မရှိဘူးဟု သိသော ဉာဏ်၊ အတိတ် ကာလတုန်းကလဲ တဏှာရှိလို့သာ ဥပါဒါန်ရှိတယ်ဟုသိသောဉာဏ်၊ တဏှာမရှိရင်ဥပါဒါန် မရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲ တဏှာရှိရင် ဥပါဒါန်ရှိလိမ့်အုံးမယ်လို့ သိသောဉာဏ်၊ တဏှာမရှိရင် ဥပါဒါန်မရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာ၊ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်း သဘောရှိတယ်လို့ သိသောဉာဏ်။

၅။ ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့သိသောဉာဏ်၊ ဝေဒနာမရှိလျှင် တဏှာမရှိဘူးဟုသိသောဉာဏ်၊ အတိတ်ကာလတုန်းကလဲ ဝေဒနာရှိလို့သာ တဏှာရှိတယ်ဟု သိသောဉာဏ်၊ ဝေဒနာမရှိရင် တဏှာမရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲဝေဒနာရှိရင်တဏှာရှိလိမ့်အုံးမယ်လို့သိသောဉာဏ်၊ ဝေဒနာမရှိရင် တဏှာမရှိဘူးဟု သိ

သောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်းချုပ်ခြင်း သဘောရှိတယ်လို့ သိသောဉာဏ်။

၆။ ဖဿကြောင့် ဝေဒနာဖြစ်တယ်လို့ သိသောဉာဏ်၊ ဖဿမရှိလျှင် ဝေဒနာမရှိဘူးဟု သိသောဉာဏ်၊ အတိတ်ကာလတုန်းကလဲ ဖဿရှိလို့သာ ဝေဒနာရှိတယ်ဟု သိသောဉာဏ်၊ ဖဿမရှိရင် ဝေဒနာမရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲ ဖဿရှိရင် ဝေဒနာရှိလိမ့်အုံးမယ်လို့ သိသောဉာဏ်၊ ဖဿမရှိရင် ဝေဒနာမရှိဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်း သဘောရှိတယ်လို့ သိသောဉာဏ်။

၇။ သဠာယတနကြောင့် ဖဿဖြစ်တယ်လို့ သိသောဉာဏ်၊ သဠာယတနမရှိလျှင် ဖဿမရှိဘူးဟု သိသောဉာဏ်၊ အတိတ်ကာလတုန်းကလဲ သဠာယတနရှိလို့သာ ဖဿရှိတယ်ဟု သိသောဉာဏ်၊ သဠာယတနမရှိရင် ဖဿမရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲ သဠာယတနရှိရင် ဖဿရှိလိမ့်အုံးမယ်ဟု သိသောဉာဏ်၊ သဠာယတနမရှိရင် ဖဿမရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းသဘောရှိတယ်လို့ သိသောဉာဏ်။

၁။ နာမ်ရုပ်ကြောင့် သဠာယတနဖြစ်တယ်လို့သိသောဉာဏ်၊ နာမ်ရုပ်မရှိလျှင် သဠာယတန မရှိဘူးဟုသိသောဉာဏ်၊

အတိတ်ကာလတုန်းကလဲ နာမ်ရုပ်ရှိလို့သာ သဠာယတန ရှိတယ်ဟု သိသောဉာဏ်၊ နာမ်ရုပ်မရှိလျှင် သဠာယတန မရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲနာမ်ရုပ်ရှိရင် သဠာယတန ရှိလိမ့်အုံးမယ်ဟု သိသောဉာဏ်၊ နာမ်ရုပ် မရှိရင် သဠာယတနမရှိဘူးဟု သိသောဉာဏ်၊ အဲဒီ ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန် ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းသဘောရှိတယ် လို့ သိသောဉာဏ်။

၉။ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်တယ်လို့ သိသောဉာဏ်၊ ဝိညာဉ်မရှိလျှင်နာမ်ရုပ်မရှိဘူးဟုသိသောဉာဏ်၊အတိတ် ကာလတုန်းကလဲ ဝိညာဉ်ရှိလို့သာ နာမ်ရုပ်ရှိတယ်ဟု သိသောဉာဏ်၊ ဝိညာဉ်မရှိရင် နာမ်ရုပ်မရှိဘူးဟု သိ သောဉာဏ်၊ အနာဂတ်မှာလဲ ဝိညာဉ်ရှိရင် နာမ်ရုပ် ရှိလိမ့်အုံးမယ်ဟုသိသောဉာဏ်၊ ဝိညာဉ်မရှိရင် နာမ်ရုပ် မရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာ တဲ့ ဓမ္မဋ္ဌိတိဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ် ခြင်း ချုပ်ခြင်းသဘော ရှိတယ်လို့ သိသောဉာဏ်။

၁၀။ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်တယ်လို့ သိသောဉာဏ်၊ သင်္ခါရမရှိလျှင် ဝိညာဉ်မရှိဘူးဟုသိသောဉာဏ်၊အတိတ် ကာလတုန်းကလဲ သင်္ခါရရှိလို့သာ ဝိညာဉ်ရှိတယ်ဟု သိသောဉာဏ်၊ သင်္ခါရမရှိရင် ဝိညာဉ်မရှိဘူးဟု သိသော ဉာဏ်၊ အနာဂတ်မှာလဲ သင်္ခါရရှိရင် ဝိညာဉ်ရှိလိမ့် အုံးမယ်ဟု သိသောဉာဏ်၊ သင်္ခါရမရှိရင် ဝိညာဉ်မရှိ

ဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ မမြင့်တိုဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း ချုပ်ခြင်းသဘောရှိတယ်လို့ သိသောဉာဏ်။

၁၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်လို့ သိသောဉာဏ်၊ အဝိဇ္ဇာမရှိလျှင် သင်္ခါရမရှိဘူးဟုသိသောဉာဏ်၊အတိတ်ကာလတုန်းကလဲ အဝိဇ္ဇာရှိလို့သာ သင်္ခါရရှိတယ်ဟုသိသောဉာဏ်၊ အဝိဇ္ဇာမရှိရင် သင်္ခါရမရှိဘူးဟု သိသောဉာဏ်၊ အနာဂတ်မှာလဲ အဝိဇ္ဇာရှိရင် သင်္ခါရရှိလိမ့်အုံးမယ်ဟု သိသောဉာဏ်၊ အဝိဇ္ဇာမရှိရင် သင်္ခါရမရှိဘူးဟု သိသောဉာဏ်၊ အဲဒီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတဲ့ မမြင့်စိုဉာဏ်ဟာလဲ ကုန်ခြင်း ပျက်ခြင်း ကင်းပြတ်ခြင်း၊ ချုပ်ခြင်းသဘောရှိတယ်လို့ သိသောဉာဏ်။

အကြောင်းတရားတခုလျှင် အသိဉာဏ် (၇)မျိုးစီရှိသောကြောင့် အသိဉာဏ် ၇၇-မျိုး၊ ဉာဏဝတ္ထု (၇၇)မျိုးဖြစ်ပေသည်ဟု မိန့်တော်မူ၏။

## ဒီကိုယ်ကြီးဟာ ဘယ်သူ့ဥစ္စာလဲ

ဗုဒ္ဓ။ ။ချစ်သားတို့၊ ဒီကိုယ်ခန္ဓာကြီးဟာ ဘယ်သူ၏ဥစ္စာလဲ။

ဗုဒ္ဓ။ ။ချစ်သားတို့၊ ဒီကိုယ်ခန္ဓာကြီးဟာ သင်တို့ရဲ့ ဥစ္စာလဲ မဟုတ်ဘူး။ သူတပါးရဲ့ဥစ္စာလဲမဟုတ်ဘူး။ အမှန်ကတော့ ရှေးကံဟောင်းကြောင့် ဖြစ်ပေါ်လာတဲ့ ကိုယ်ခန္ဓာကြီး ဖြစ်တယ်။ အကြောင်းတရားတွေက ပြုပြင်စီရင်နေကြတယ်။ စေတနာကံလျှင် အရင်းခံရှိတယ်။ ဝေဒနာ၏ တည်ရာဖြစ်တယ်လို့ မှတ်သားထားကြရမယ်။

အဲဒီနေရာမှာ ငါဘုရား၏ အရိယာတသည့်များသည် ပဋိစ္စသမုပ္ပါဒ်ကိုသာ သင့်လျော်အောင် ကောင်းစွာနှလုံး သွင်းရမယ်။

အကြောင်းတရားရှိလို့သာ အကျိုးတရားဖြစ်တယ်၊ အကြောင်းတရားဖြစ်လို့သာ အကျိုးတရားဖြစ်တယ်။

အကြောင်းတရား မရှိလျှင် အကျိုးတရား မရှိဘူး။ အကြောင်းတရားချုပ်လျှင် အကျိုးတရား ချုပ်ရိုးထုံးစံ ရှိတယ်။ မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရတရားတွေ ဖြစ် တယ်စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံ၊ ဆင်းရဲဒုက္ခဖြစ်ပုံ၊ သိနားလည်အောင် ကြိုးစားရမယ်။ အဝိဇ္ဇာအကြွင်းမဲ့ ချုပ်လျှင် သင်္ခါရချုပ်တယ်စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် ချုပ်ပုံ ဆင်းရဲအစုအပုံ ချုပ်ငြိမ်းပုံ ချုပ်ငြိမ်းနည်းကို သိ နားလည်အောင် အထပ်ထပ်အခါခါ ပွားများလေ့လာ ရမယ်’ဟု ဟောကြားတော်မူ၏။

## ဘာ့ကြောင့် နောက်ထပ်မွေးရသေရသလဲ

မေး။ ။ဘာကြောင့် နောက်ထပ် မွေးရ အိုရ သေရစသည်တို့ ဖြစ်ကြသလဲ။

ဖြေ။ ။ချစ်သားတို့၊ စေ့ဆော်မှုကလဲ စေ့ဆော်မယ်၊ ကြံစည် မှုကလဲ ကြံစည်မယ်၊ ကိန်းအောင်းမှုကရေးကလဲ ကိန်း အောင်းမယ်၊ အဲဒါတွေဟာ ဝိညာဉ်တည်ဘို့အကြောင်း တွေဖြစ်တယ်။ အကြောင်းရှိသော် ဝိညာဉ်ဘည်မယ်၊ ကမ္မဝိညာဉ်တည်လာရင် စည်ပင်လာရင်၊ နောက်ထပ်

ဘဝသစ် ဖြစ်ပေါ်လာမယ်။ ဘဝသင် နောက်ထပ်ဖြစ်လာရင် မွေးရ အိုရ သေရ စိုးရိမ်ရ ငိုကြွေးရ ဆင်းရဲရ နှလုံးမသာဖြစ်ရ ပြင်းစွာ ပင်ပန်းရတဲ့ ဆင်းရဲဒုက္ခတွေ စုပုံဝိုင်းအုံပြီး ဖြစ်ပေါ်လာကြလိမ့်မယ်။

ချစ်သားတို့၊ အကယ်၍ မစေ့ဆော်မကြံစည်စေကာမူ အနုသယကိန်းအောင်းနေမယ်ဆိုရင် အဲဒီအနုသယကိန်းတာဟာ ဝိညာဉ်တည်ဘို့အကြောင်းဖြစ်တယ် လုံလောက်တယ်၊ အကြောင်း လုံလောက်တဲ့အတွက် ဝိညာဉ်တည်လာမယ်၊ ကမ္မဝိညာဉ်တည်လာရင် စည်ပင်လာရင် နောက်ထပ်ဘဝသစ်ဖြစ်မှာ သေချာတယ်၊ဘဝသစ်ဖြစ်လာမယ်ဆိုရင် နောက်ထပ် မွေးရ အိုရ သေရ စိုးရိမ်ရ ငိုကြွေးရ ဆင်းရဲရ နှလုံးမသာဖြစ်ရ ပြင်းစွာ ပင်ပန်းရတဲ့ ဆင်းရဲဒုက္ခ အစုအပုံတွေ ဝိုင်းအုံဖြစ်ပေါ်လာမှာသေချာတယ်။

ချစ်သားတို့....စေ့လည်းမစေ့ဆော်၊ ကြံလည်းမကြံစည်၊ အနုသယလဲမကိန်းတော့ဘူးဆိုရင် အဲဒီအခါမှာအနုသယမကိန်းတဲ့အတွက် ဝိညာဉ်တည်ဘို့အကြောင်း မလုံလောက်တော့ဘူး၊ မလုံလောက်တဲ့အတွက် ဝိညာဉ်မတည်နိုင်ဘူး၊ ဝိညာဉ်မတည်ရင် နောက်ထပ် မမွေးရ မအိုရ မသေရ မစိုးရိမ်ရ မငိုကြွေးရ မဆင်းရဲရ နှလုံးမသာမဖြစ်ရ ပြင်းစွာပင်ပန်းမှုမဖြစ်ရတော့ဘူး၊ ဆင်းရဲ အစုအပုံဒုက္ခအလုံးစုံတွေဟာအားလုံး ချုပ်ငြိမ်း ပျက်စီး ကုန်ကြတယ်ဟု မိန့်တော်မူ၏။

## ငါငရဲမကျတော့ဘူး

အနာထပိဏ်သူဌေး။ ။လူနတ်တို့၏ဆရာတဆူဖြစ်တော်မူသော မြတ်စွာဘုရား.... ဘေးရန်ငါးမျိုး ငြိမ်းအေးကြောင်း တရားဆိုတာ ဘာတွေများပါလဲဘုရား။

ဗုဒ္ဓ။ ။သူကြွယ်....သူ့အသက်ကို သတ်လေ့ရှိတဲ့သူဟာ သူ့ အသက်သတ်တဲ့အတွက် ခုဘဝမှာလဲ ဘေးရန်များတယ်၊ နောက်ဘဝမှာလဲဘေးရန် များတယ်။ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံး မသာခြင်းကိုလဲ ခံစားရတယ်။ သူ့ အသက်ကို မသတ်ဘဲရှောင်ကြဉ်သူများကတော့ ဤကဲ့သို့ သောဘေးရန်မျိုးမရှိဘူး၊ ငြိမ်းတယ်....

သူကြွယ်....သူတပါးဥစ္စာ ခိုးယူလေ့ရှိသူ များဟာလဲ သူတပါးဥစ္စာခိုးယူမိတဲ့ အတွက် ခုဘဝမှာလဲ ဘေးရန် များတယ်။ နောင်ဘဝမှာလဲဘေးရန်များတယ်။ စိတ်၌ ဖြစ်သောဆင်းရဲခြင်း၊ နှလုံးမသာခြင်းများကို ခံစားရ တယ်။ သူတပါးဥစ္စာမခိုးယူဘဲ ရှောင်ကြဉ်တဲ့ သူများ တော့ အဲဒီလိုဘေးရန်မျိုးမရှိဘူး၊ ငြိမ်းတယ်။

သူကြွယ်....ကာမကိစ္စတွေမှာ မှားယွင်း ကျင့်လေ့ရှိ သော သူများသည်ခုဘဝမှာလဲ ရန်များတယ်၊ နောက် ဘဝမှာလဲ ရန်များတယ်၊ စိတ်၌ဖြစ်သော ဆင်းရဲခြင်း နှလုံး မသာခြင်းများကို ခံစားရတယ်။ ကာမ ကိစ္စတွေ ကိုမမှားယွင်းရအောင် ရှောင်ကြဉ်တဲ့ သူများကျတော့ ဒီလိုဘေးရန်မျိုးမရှိဘူး၊ငြိမ်းတယ်။

သူကြွယ်....မဟုတ်မမှန်ပြောဆိုလေ့ရှိတဲ့ သူများဟာ အဲဒီလိုပြောဆိုတဲ့အတွက် ခုဘဝမှာလဲ ဘေးရန် များတယ်၊ နောက်ဘဝမှာလဲဘေးရန်များတယ်။ စိတ်ဆင်းရဲခြင်း နှလုံးမသာယာခြင်းကိုလဲ ခံစားရတယ်၊ မဟုတ်မမှန်သော စကားကိုမပြောဘဲ အမြဲရှောင်ကြဉ် နေသူများကျတော့ ဒီလိုဘေးရန်မျိုးမရှိဘူး၊ငြိမ်းတယ်။

သူကြွယ်....မေ့လျော့တွေဝေတတ်တဲ့ သေအရက်ကို သောက်စားလေ့ရှိတဲ့သူများဟာ ခုဘဝမှာလဲ ဘေးရန်များတယ်၊ နောင်ဘဝမှာလဲ ဘေးရန်များတယ်၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာခြင်း ဒုက္ခကိုလဲ ခံစားရတယ်၊ မသောက်မစားဘဲ ရှောင်ကြဉ်တဲ့သူများကျတော့ အဲဒီလို ဘေးရန်မျိုးမရှိဘူး၊ ရန်ငြိမ်းတယ်။

သူကြွယ်....အဲဒီတရား ငါးပါးဟာ ရန်ငြိမ်းကြောင်း တရားများဖြစ်ပေတယ်။

မေး။ ။သောတာပတ္တိ အင်္ဂါလေးပါးနှင့် ပြည့်စုံရမယ်ဆိုတာ ဘာတွေလဲ။

ဖြေ။ ။သူကြွယ်....ဘုရားဂုဏ်တော်ကိုးပါးကို ယုံကြည်လေးစားတာကတပါး၊ တရားဂုဏ်တော်ခြောက်ပါးကို ယုံကြည်လေးစားတာကတပါး၊ သံဃာ့ဂုဏ်တော် ကိုးပါးကို ယုံကြည်လေးစားတာကတပါး။

မကျိုးမပေါက် မပြောက်မကျားသော တဏှာကျွန်အဖြစ်မှ လွတ်မြောက်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သော

တည်ကြည်မှု သမာဓိကိုဖြစ်စေတတ်ကုန်သော အရိယာတို့ နှစ်သက်အပ်ကုန်သော သီလတို့နှင့် ပြည့်စုံကုန်၏။ ဤတရားလေးပါးသည် သောတာပတ္တိအင်္ဂါဖြစ်သည်။ အဲဒီ သောတာပတ္တိအင်္ဂါတို့နှင့်လဲ ပြည့်စုံကုန်၏။

မေး။ ။ထိုပုဂ္ဂိုလ်များသည် အဘယ်တရားကို ပညာမျက်စိဖြင့် ကောင်းစွာ မြင်အပ်သနည်း၊ ကောင်းစွာ ထိုးထွင်း၍ သိအပ်သနည်း။

ဖြေ။ ။သူကြွယ်....ဤသာသနာတော်ကြီး၌ အရိယာ တပည့်များသည် ပဋိစ္စသမုပ္ပါဒ်တရားကိုသာ ကောင်းစွာနှလုံးသွင်းအပ်တယ်။ အကြောင်းတရား ရှိလို့သာ အကျိုးတရားရှိတယ်၊ အကြောင်းတရား ဖြစ်ခြင်းကြောင့်သာ အကျိုးတရားများ ဖြစ်ကြရတယ်၊ အကြောင်းတရား မရှိသော် အကျိုးတရားမရှိနိုင်၊ အကြောင်းတရား ချုပ်ခြင်းကြောင့် အကျိုးတရားချုပ်တယ်၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် စသည်ဖြင့် ဆင်းရဲအစုဖြစ်တယ်။ အဝိဇ္ဇာ ချုပ်လျှင် သင်္ခါရချုပ်တယ် စသည်ဖြင့် ဆင်းရဲအစုချုပ်တယ်။ အဲဒါတွေဟာ အရိယာတပည့်များကောင်းစွာ မြင်အပ်၊ ထိုးထွင်းသိအပ်သော တရားများဖြစ်တယ်။

သူကြွယ်....ရန်ငြိမ်းကြောင်းတရားငါးပါး၊ သောတာပတ္တိအင်္ဂါလေးပါးတို့နှင့် ပြည့်စုံမယ်၊ အပြစ်ကင်းသော တရားကို ပညာမျက်စိဖြင့် ကောင်းစွာမြင်မယ် ထိုးထွင်း၍ သိလာမယ်၊ အဲဒီလိုအခါမျိုးရောက်လာလျှင် ငါဟာ ငရဲမကျတော့ဘူး၊ တိရစ္ဆာန်မဖြစ်တော့ဘူး၊ ပြိတ္တာမဖြစ်တော့ဘူး၊ အပါယ်ဘုံ မရောက်တော့ဘူး၊ ငါသည်

သောတာပန် ကောန်ဖြစ်ပြီ၊ ပျက်စီးပြီး ရောက်ချင်ရာ ရောက်မသွားတော့ဘူး၊ အထက်မဂ်သုံးပါးသို့သာ တက်လှမ်းစရာ အကြောင်းရှိတယ်လို့ မိမိကိုယ်မိမိ ပြောချင်သပဆိုရင် ပြောနိုင်၊ ဆိုချင်သပဆိုရင် ဆိုနိုင်တယ်ဟု ဗုဒ္ဓက ဟောကြားတော်မူလေသတည်း။

## နွားနှစ်ကောင်နှင့် ကြိုးတချောင်း

အခါတပါး မထေရ်များစွာတို့သည် မစ္ဆိကာသဏ္ဍအရပ်၊ ဝေ့းပင်တော၌ သီတင်းသုံးနေထိုင်တော်မူကြသည်။ တနေ့သောအခါ ဆွမ်းစားပြီးချိန်တွင် တန်ဆောင်းကြီးအတွင်း၌ စုဝေးရောက်ရှိလာကြကုန်သည်။ များစွာသော မထေရ်တို့ အနက်အချို့သောမထေရ်များက—

"ငါ့ရှင်တို့....သံယောဇဉ်နှင့်သံယောဇနိယ အဲဒီတရား ၂-ပါးဟာ အနက်ရေသဒ္ဒါရော ထူးပါသလား သို့မဟုတ်၊ အနက်အဓိပ္ပါယ်တူ၍ သဒ္ဒါလောက်ပဲ ထူးခြားပါသလား"ဟု မေးမြန်းစူးစမ်းကြရာမှ အမေးပုစ္ဆာပြဿနာတခု ဖြစ်ပေါ်လာသည်။

ထိုအခါ အချို့သော မထေရ်တို့က "ငါ့ရှင်တို့....သံယောဇဉ်နှင့် သံယောဇနိယ တရား ၂-ပါးဟာ အနက်အဓိပ္ပါယ်လဲ ထူးတယ်၊ သဒ္ဒါလဲထူးတယ်"ဟုဆို၏။ အချို့ကလဲ "အနက်အဓိပ္ပါယ်တော့ မထူးဘူး၊ သဒ္ဒါလောက်ပဲထူးတယ်"ဟု သူထမျိုးငါတဖုံ ပြောဆိုငြင်းခုံနေကြလေသည်။

ထိုသို့ သူတမျိုးငါတဖုံ ပြောဆိုငြင်းခုံနေကြသည်ကို မိဂပတာရွာငယ်သို့ ကိစ္စတခုနှင့်ရောက်လာသော စိတ္တသူကြွယ်က ကြားသိလေ၏။

ထိုအခါ စိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ထံ ချဉ်းကပ်၍ ရှိသေစွာရှိခိုးပြီးလျှင် နေရာတခုတွင်ထိုင်၍ ဤစကားကိုလျှောက်ထားလေသည်။

"အရှင်မြတ်တို့ဘုရား.... အရှင်မြတ်တို့သည် သံယောဇဉ်နှင့် သံယောဇနိယတရား ၂-ပါးအကြောင်းနှင့်ပတ်သက်၍ သူတမျိုး ငါတဖုံ ပြောဆိုငြင်းခုံနေကြသည်ကို တပည့်တော် ကြားနေရပါသည်ဘုရား"

"တကာတော်ကြားတဲ့အတိုင်း မှန်၏"ဟု မထေရ်မြတ်တို့ဖြေမိန့်တော်မူကြသည်။

"အရှင်မြတ်တို့ဘုရား....တပည့်တော်ကို အနည်းငယ်လောက်လျှောက်ထားခွင့် ပြုတော်မူကြပါဘုရား"

"လျှောက်ထားနိုင်ပါတယ် တကာတော်"

"အရှင်မြတ်တို့ဘုရား... သံယောဇဉ်နှင့် သံယောဇနိယတရား ဤ ၂-ပါးသည် တခုနှင့်တခုမတူ ကွဲပြားခြားနားလှပါသည်ဘုရား"

"အရှင်မြတ်တို့ဘုရား....လောကတံထွာ ဓမ္မတာ အားဖြင့် ပညာရှိတို့သည် ဆိုလိုတဲ့စကား၏ အနက်အဓိပ္ပါယ်ကို သိလွယ်စေရန် ဥပမာကလေးနှင့် ပြောရိုးဆိုရိုး ရှိပါသည်ဘုရား၊ သို့ပါ၍ တပည့်တော်ကိုလဲ ဥပမာကလေးနှင့် ပြောဆိုလျှောက်ထားခွင့် ပြုတော်မူပါဘုရား"

"အရှင်မြတ်တို့ဘုရား.... နွားနက်တကောင် နှင့် နွားဖြူတကောင်ကို ကြိုးတချောင်း ထဲနှင့် ချည်ထားပါသည်ဘုရား။ အဲဒီလိုကြိုးတချောင်းထဲနှင့် ချည်ထားတဲ့အတွက် နွားနက်သည်

နွားဖြူ၏ အနှောင်အဖွဲ့ သံယောဇဉ်ပါလားဘုရား၊ သို့မဟုတ် နွားဖြူသည် နွားနက်၏ အနှောင်အဖွဲ့ သံယောဇဉ်ပါလားဘုရား”

“နွား ၂-ကောင်ဟာ အနှောင်အဖွဲ့ သံယောဇဉ်မဟုတ်ဘူး တကာတော်၊ ၂-ကောင်လုံးကိုချည်ထားတဲ့ ကြိုးတချောင်းထဲကိုသာ အနှောင်အဖွဲ့ သံယောဇဉ်ဟုဆိုရမည် တကာတော်”ဟု မထေရ်တို့က မိန့်တော်မူလေ၏။

‘အရှင်ဘုရားတို့....ယခုလျှောက်ထားတဲ့ ဥပမာအတိုင်း-

မျက်စိသည်အဆင်းရူပါရုံ၏ အနှောင်အဖွဲ့မဟုတ်ပါ၊ အဆင်းရူပါရုံသည်လည်း မျက်စိ၏အနှောင်အဖွဲ့ သံယောဇဉ် မဟုတ်ပါဘုရား....

‘မျက်စိနှင့် ရူပါရုံ နှစ်ပါးစုံကို အစွဲပြုပြီး လိုချင်တပ်မက်မှုဆန္ဒရာဂဖြစ်ပေါ်လာပါသည်ဘုရား၊ အဲဒီလိုချင်တပ်မက်တဲ့ စိတ်ဆန္ဒရာဂကိုသာ အနှောင်အဖွဲ့လို့ခေါ်ရပါမည်ဘုရား၊ သံယောဇဉ်လို့ခေါ်တွင်ရပါမည်ဘုရား။

‘မျက်စိနှင့်ရူပါရုံကိုတော့ သံယောဇဉ်၏ အာရုံ၊ သံယောဇနီယတရားလို့ခေါ်တွင်ရပါမည်ဘုရား။

‘နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အတွေ့၊ စိတ်နှင့်သဘောတရားများ သည်လည်း အထက်ပါဥပမာ အတိုင်းပါဘုရား’ဟုလျှောက်ထားလေ၏။

ထိုအခါမထေရ်မြတ်တို့က ‘တကာတော်၊အင်မတန်ခက်ခဲနက်နဲတဲ့ဘုရားစကားတော်များ၌ ပညာမျက်စိကို ဆောင်နိုင် သဖြင့် အလှူအရတော်ပေစွ၊ အလှူအရကောင်းပေးစွ’ဟု ၀မ်းမြောက်၀မ်းသာမိန့်ကြားတော်မူလေသတည်း။

မှတ်ချက်။ ။လောကတွင်တောထအောင်ပြောဆိုသုံးနှုန်း နေကြသည့် သံယောဇဉ်ဆိုတာဘာလဲ၊တရားခံအစစ်ဟာဘာဆိုတာ၊ စာရှုသူများ သဘောပေါက်စေလိုသော ဆန္ဒနှင့်တင်ပြရခြင်းဖြစ်ပါသည်။ တချို့က သားသမီး သံယောဇဉ်၊ ချစ်ဇနီးသံယောဇဉ်၊ ပစ္စည်းသံယောဇဉ်လို့ ထင်မြင်ယူဆနေတတ်ကြပါသည်။ ပြောဆိုစွဲလမ်းနေတတ်ကြပါသည်။ ထိုသို့ပြောဆိုသုံးနှုန်းနေသည်ကို ကြားဘူးကြပါလိမ့်မည်။ ကိုယ်တိုင်လဲပြောဆိုသုံးနှုန်းတတ်ကြ ပါတည်။ ဤကဲ့သို့ပြောဆိုသုံးစွဲနေကြခြင်းသည် အစစ်အမှန်မဟုတ်တိုက်ရိုက်မဟုတ်၊ မုချမဟုတ်၊ တင်စားသုံးနှုန်းထားသောစကားမျှသာဖြစ်ပါသည်။ သွယ်ဝိုက်သည့် စကား၊ လူကြားကောင်း အောင်ပြောဆိုသည့် စကားမျိုးသာဖြစ်ပါသည်။ တရားခံအစစ်ကိုထိမ်ချန်ထားသည့်စကား မျိုးဖြစ်ပါသည်။

တရားခံအစစ်အမှန်မှာ သူတို့တတွေကို ချစ်ခင် စုံမက်နှစ်သက်တွယ်တာနေသော ခင်ဗျားတို့ ကျွန်တော်တို့ ၏ကိုယ်တွင်းမှာရှိသည့် ဆန္ဒရာဂ၊ တဏှာ လောဘသာတရားခံအစစ်၊ နှောင်ကြိုးအစစ်၊ သံယောဇဉ် အစစ်ဖြစ်ပါသည်။ သားသမီးနှင့် ဇနီး ပစ္စည်းတွေဟာ နှောင်ဖွဲ့တတ်တဲ့ သံယောဇဉ်ကြိုးတွေမဟုတ်ပါ။

သို့ပါ၍ သံယောဇဉ်ဖြတ်လိုကြပါလျှင်၊ မိမိတို့ ကိုယ်တွင်းမှာရှိသော ဆန္ဒရာဂတဏှာလောဘကိုသာလက္ခဏာရေးသုံးပါးနှင့် ဆင်ခြင်သုံးသပ်၍ အမြစ်ပြတ်အောင်သုတ်သင်ကြရပါမည်။ သူတပါးတွေ လက်ညှိုးထိုးနေ

စရာမဟုတ်၊ ကိုယ့်စိတ်ကိုသာ နိုင်ဘို့အရေး ကြိုးကြောင်း ကင်ပြလိုက်ရပါသတည်း။ **စာရေးသူ**

---

## ခေတ်တို့၏ထူးခြားမှု

အခါတပါးစိတ္တသူကြွယ်သည် မထေရ်ရဟန်းတို့ကို နေအိမ်သို့ ဆွမ်းစားပင့်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းလေသည်။ မထေရ်ရဟန်းများနေအိမ်သို့ ကြွတော်မူ၍ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူကြကုန်၏။

ထိုအခါစိတ္တသူကြွယ်သည် ရဟန်းသံဃာတော်များထံ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် နေရာတခုတွင်ထိုင်၍ ဤစကားကို လျှောက်ထားမေးမြန်းလေ၏။

**စိတ္တသူကြွယ်။** ။ဆရာတော်ကြီးများဘုရား.... ခေတ်တို့၏ထူးခြားမှု၊ခေတ်တို့၏ထူးခြားမှုလို့ ပြောဆို နေကြပါသည် ဘုရား၊ အဘယ်မျှလောက်ဖြင့် ခေတ်တို့၏ ထူးခြားမှုကို ဗုဒ္ဓဘုရားဟောကြားတော်မူခဲ့ပါသလဲဘုရား။

ဤသို့မေးလျှောက်သောအခါ ဆရာတော် ဘုရားကြီးများ သည်ဆိတ်ဆိပင်နေတော်မူသည်။ နှစ်ကြိမ် သုံးကြိမ်မေးလျှောက် သော်လည်း ဆိတ်ဆိတ်ပင် နေတော်မူလေ၏။

ထိုအခါ အရှင်ဣသိဒတ္တသည် ကြွလာသော ရဟန်း သံဃာ များအောက်အငယ်ဆုံးဖြစ်လေသည်။ အရှင်ဣသိဒတ္တသည် ဆရာ တော်ဘုရားကြီးထံဤပြဿနာ သူဖြေရန်ခွင့်တောင်းလေ၏။ ဆရာ တော်ဘုရားကြီးက ခွင့်ပြုတော်မူသောအခါ....

ဣလသိဒတ္တ။ ။ဒါယကာစိတ္တသူကြွယ်....သင်သည်ဓာတ်တို့၏ထူး
ခြားမှုကိုမေးသည်မဟုတ်လော။
'မှန်ပါ့ဘုရား'
'စိတ္တသူကြွယ်....မြတ်စွာဘုရားဟောကြားသော်မူသောဓာတ်
တို့၏ ထူးခြားချက်ကတော့....

၁။ စက္ခုဓာတ်- ရူပဓာတ်- စက္ခုဝိညာဏဓာတ်။
၂။ သောတဓာတ်- သဒ္ဒဓာတ်- သောတဝိညာဏဓာတ်
၃။ ဃာနဓာတ်- ဂန္ဓဓာတ်- ဃာနဝိညာဏဓာတ်
၄။ ဇိဝှါဓာတ်- ရသဓာတ်- ဇိဝှါဝိညာဏဓာတ်
၅။ ကာယဓာတ်- ဖောဋ္ဌဗ္ဗဓာတ်-ကာယ ဝိညာဏဓာတ်
၆။ မနောဓာတ်- ဓမ္မဓာတ်- မနောဝိညာဏဓာတ်

အားဖြင့်တမျိုးသုံးခုစီ ၆-မျိုးဖြစ်တယ်။ ဤသို့ ဓာတ်တို့၏ထူး
ခြားမှုကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်'ဟု ဖြေ
ကြားလေ၏။

ထိုအခါစိတ္တသူကြွယ်သည် အရှင်ဣလသိဒတ္တ၏ အဖြေစကားကို
အလွန်နှစ်သက်ဝမ်းမြောက် သွားလေ၏။ စေတနာပြည့်လျှမ်း၊
ဝမ်းပန်းတသာ၊ ဆွမ်းဘောဇဉ် အဖြာဖြာတို့ဖြင့် ရိုသေစွာဆက်
ကပ်လှူဒါန်းလေ၏။

ဆွမ်းကိစ္စပြီး၍ ပြန်ကြွသောအခါ ဆရာတော် ဘုရားကြီးက
'ငါ့ရှင်ဣလသိဒတ္တ....သင်သည်အလွန်ဉာဏ်ထက်မြက် ပေသည်။
တော်ပါပေသည်။ နောက်နောင်ဤကဲ့သို့ အခြား ပြဿနာများ
ပေါ်ပေါက်လာမူ သင်သာလျှင်ဖြေဆိုပါလော့'ဟု ခွင့်ပြုချီးကျူး
တော်မူလေသည်။

## ငါ–စွဲတဲ့အကြောင်းရင်း

အခါတပါး စိတ္တသုကြွယ်သည် မစ္ဆိကာသဏ္ဍ အရပ်တွင် သီတင်းသုံးတော်မူကြသော၊ မထေရ်ရဟန်းတို့ကို နေအိမ်သို့ ဆွမ်းစားပင့်၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်လှူဒါန်းလေသည်။ မထေရ်ရဟန်းတို့သည် စိတ္တသုကြွယ်၏ ပင့်လျှောက်ချက်အရ၊ စိတ္တသုကြွယ်၏အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွရောက်တော်မူလာကြသည်။ ထိုအခါ စိတ္တသုကြွယ်သည် မထေရ်မြတ်တို့ထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် ပြဿနာများကို မေးလျှောက်တော့သည်။

မေး။ ။ဆရာတော်ဘုရား၊ လောကကြီးသည် မြဲတယ်ဟူ၍ရင်း၊ မမြဲဘူးဟူ၍ရင်း၊ လောကကြီးသည် အဆုံးရှိတယ်ဟူ၍ရင်း၊ အဆုံးမရှိဘူးဟူ၍ရင်း၊ ဒီအသက်ဟာ ဒီကိုယ်ကောင်ကြီးဟူ၍ရင်း၊ အသက်ကတခြား-ကိုယ်ကောင်ကြီးကတခြားဟူ၍ရင်း၊ သတ္တဝါတွေဟာ သေပြီးနောက် ပြန်ဖြစ်တယ်၊ သတ္တဝါတွေဟာ သေပြီးနောက် ပြန်မဖြစ်တော့ဘူး၊ သတ္တဝါတွေဟာ သေပြီးနောက် တချို့ပြန်ဖြစ်တယ် တချို့ကျတော့ပြန်မဖြစ်တော့ဘူး၊ သတ္တဝါတွေဟာ သေပြီးနောက် ပြန်ဖြစ်တာလဲမဟုတ်ဘူး၊ ပြန်မဖြစ်တာလဲမဟုတ်ဘူးဟူ၍ သူတမျိုး ငါတဖုံ မိစ္ဆာအယူမျိုးစုံတို့ ဖြစ်ပေါ် နေကြပါသည် ဘုရား။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကလဲ၊ မိစ္ဆာဒိဋ္ဌိ ၆၂ ပါးတောင်ရှိတယ်လို့ ဗြဟ္မဇာလသုတ်မှာ ဟောကြားတော်မူပါတယ်ဘုရား။

ဆရာတော်သခင်အရှင်သူမြတ်ဘုရား၊ ဤမိစ္ဆာအယူ၀ါဒ အမျိုးမျိုးတို့သည် ဘယ်တရားများ ရှိလို့ဖြစ်ပါသလဲဘုရား....ဟု မေးမြန်းလျှောက်ထားလေ၏။ ၂ကြိမ် ၃ ကြိမ် လျှောက်ထားသော်လဲ ဆရာတော်ဘုရားကြီးသည် ဆိတ်ဆိတ်ပင် နေတော်မူလေ၏။

ထိုစဉ်အခါရဟန်းသံဃာအားလုံးအောက်အငယ်ဆုံးဖြစ်သော အရှင်ဣသိဒတ္တက ဆရာတော်ကြီးဘုရား.... တပည့်တော် စိတ္တသူကြွယ်၏ပြဿနာကို ဖြေဆိုပါမည်ဘုရား။

ငါ့ရှင်ဣသိဒတ္တ၊ သင့်သဘောကျဖြေဆိုပါတော့။

ဣသိဒတ္တ။ ။ဒါယကာ၊ သင်သည် မိစ္ဆာအယူ၀ါဒအမျိုးမျိုးတို့ ဖြစ်ပေါ်တဲ့အကြောင်းရင်းကိုမေးတယ်မဟုတ်လား။

စိတ္တသူကြွယ်။ ။မှန်လှပါဘုရား။

ဣသိဒတ္တ။ ။ဒါယကာ၊ လောကကြီးမှာရှိကြတဲ့ မိစ္ဆာအယူ၀ါဒအမျိုးမျိုးတွေဟာ သက္ကာယဒိဋ္ဌိရှိလို့သာ ဖြစ်နိုင်ကြတယ်၊ သက္ကာယဒိဋ္ဌိမရှိလျှင် မဖြစ်နိုင်ကြဘူး။

စိတ္တသူကြွယ်။ ။အရှင်ဘုရား၊ သက္ကာယဒိဋ္ဌိသည် ဘာကြောင့်ဖြစ်ပါသလဲ၊ ဘယ်လိုဖြစ်ပါသလဲဘုရား။

ဣသိဒတ္တ။ ။ဒါယကာ၊ လောကကြီးမှာ လူတွေဟာ မျာသောအားဖြင့် အကြားအမြင် ဗဟုသုတ မရှိကြဘူး။ အရိယာပုဂ္ဂိုလ်တွေကို မဖူးမြင်ကြရဘူး၊ အရိယာများသိတဲ့ သစ္စာတရား၌ သိကြားလိမ်မာမှုမရှိဘူး၊ အရိယာတရား၌ ယဉ်ပါးမှု နီးစပ်မှု ယဉ်ကျေးမှု မရှိကြဘူး၊

သူတော်ကောင်းတွေကိုလဲမမြင်ဖူးဘူး၊ သူတော်ကောင်းတရား၌လဲ သိကြားလိမ်မာမှုမရှိဘူး၊ သူတော်ကောင်းတရား၌လည်း မယဉ်ပါးဘူး၊ မနီးစပ်ဘူး၊ အဲဒီလို အကြားအမြင် ဗဟုသုတ မရှိတဲ့အတွက် ဒီရုပ်ကောပ်ကြီးကို အတ္တဟူ၍ရှင်း၊ ရုပ်ရှိသော အတ္တဟူ၍ရှင်း၊ အတ္တ၌ ရုပ်ဟူ၍ရှင်း၊ ရုပ်ရှိသောအတ္တဟူ၍ရှင်း၊ အတ္တ၌ ရုပ်ဟူ၍ရှင်း၊ ရုပ်၌အတ္တဟူ၍ရှင်း၊ အမြဲတမ်း စွဲလမ်းရှု မှတ်နေကြတယ်။ ဝေဒနာ-သညာ-သင်္ခါရဝိညာဏ်တို့ကိုလဲ ထိုနည်းရှင်း တစ်မက်စွဲလမ်းနေကြတယ်၊ ရှုမှတ်ပွားများနေကြတယ်။

အဲဒီလို အတ္တ-သို့မဟုတ်-ငါ-ငါ-ငါ-ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာ-ငါ့ပစ္စည်း-ငါ့သမီး-ငါ့သား စသည်ဖြင့် ငါ-တရားတွေ လွှမ်းမိုးနေတဲ့ အတွက် သက္ကာယဒိဋ္ဌိဖြစ်လာတယ်။

၁မေး။ ။အရှင်ဘုရား၊ သက္ကာယဒိဋ္ဌိမဖြစ်အောင် ဘယ်လိုများပြုလုပ်ရပါမည်နည်းဘုရား။

ခဖြေ။ ။ဒါယကာ၊ လောကကြီးမှာ အကြားအမြင် ဗဟုသုတနှင့်ပြည့်ဝတဲ့ အရိယာ တပည့်သားတွေဟာ အရိယာပုဂ္ဂိုလ်များကို ဖူးမျှော်ကြတယ်၊ အရိယာသစ္စာတရား၌ သိကြားလိမ်မာမှုရှိတယ်၊အရိယသစ္စာတရား၌ ယဉ်ကျေးမှုရှိတယ်၊ ထိုနည်းအတူ သူတော်ကောင်းတရားထွေကို တွေ့မြင်ဖူးမျှော်ကြတယ်၊ ဆွေးနွေးမေးမြန်းကြဘယ်။ သို့အတွက် သူတော်ကောင်းတရား၌ သိကြားလိမ်မာမှု

ရှိတယ်၊ ယဉ်ကျေးသိမ်မွေ့မှုရှိတယ်၊ ဒါကြောင့် ရုပ်ကို အတ္တဟူ၍ရင်း၊ ရုပ်ရှိသောအတ္တဟူ၍ရင်း၊အတ္တ၌ရုပ်ဟူ၍ရင်း၊ ရုပ်၌အတ္တဟူ၍ရင်း၊ မစွဲလမ်း မရှုမှတ်တော့ဘူး။ ဝေဒနာ-သညာ-သင်္ခါရ-ဝိညာဏ်တို့ကို ထိုနည်းတူ စွဲလမ်းမှု မရှိတော့ဘူး။ ငါ-ငါ့-ငါ-ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာ-ငါ့ပစ္စည်း-ငါ့သမီး-ငါ့သား စသည်ဖြင့် မရှုမှတ်တော့ မစွဲလမ်းတော့ဘူးဆိုလျှင် သက္ကာယဒိဋ္ဌိမဖြစ်နိုင်တော့ဘူး။

မှတ်ချက်။ ။**လက်တွေ့ဒိဋ္ဌိပြုတ်နည်း**- စိတ်၌ဒိဋ္ဌိအားကြီးတဲ့အတွက် စိတ္တာနုပဿနာအကျဉ်းဖြင့် ရှင်းလင်းပြပါအံ့။

သက္ကာယဒိဋ္ဌိပြုတ်အောင် ရှုမှတ် ပွားများလိုသော ယောဂီပုဂ္ဂိုလ်တို့သည် မိမိသန္တာန်တွင် ပေါ်လာသော စိတ်အစဉ်ကို ဉာဏ်နှင့်မြင်အောင်ရှုရပါမည်။

ဥပမာ-စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် ဆိုကြပါစို့။ အဲဒီစားချင်စိတ်ကလေးဟာ နဂိုကရှိနှင့်တာလား၊ ခုမှပေါ်တာလား၊ ခုမှပေါ်တာ။ အဲဒီလိုပေါ်လာသည့်အတွက် တခုခု စားလိုက်ပြီဆိုကြပါစို့၊ စားချင်တဲ့စိတ်ဟာ စားစိတ်သို့ ပါသေးရဲ့လား မပါတော့ဘူး။ အဲဒီလိုမပါတော့တာဟာ သေတာဘဲ၊ မမြဲဘူးလို့ ခေါ်တာဘဲ။ အဲဒီလိုမမြဲတဲ့ သဘောတရားတွေကို သိမြင်နေရင်၊ မြဲတယ်လို့ယူဆနေတဲ့ သဿတဒိဋ္ဌိလွင့်စဉ်သွားတယ်။ စားတဲ့စိတ်ကလေးပြီးတော့ ရေသောက်ချင်တဲ့စိတ်ကလေး ပေါ်လာပြန်တယ်။ စားစိတ်တွင်ရပ်

သလား-မရပ်ဘူး ရပ်လျှင်သေပြီ။ မရပ်ဘဲဆက်နေတဲ့အတွက်သာ လူတွေဟာ အသက်ရှင်နေကြတယ်။ အဲဒီလို စားစိတ်ကလေး ပျက်သွား သေသွားပြီးတဲ့နောက် သောက်ချင်တဲ့စိတ်က ဆက်ပြီးပေါ်လာတဲ့အတွက် သေရင်ပြီးတာဘဲဆိုတဲ့ ဥစ္ဆေဒ အယူဟာ လွင့်စဉ်သွားပြန်တယ်။ ဘယ်စိတ်ပဲပေါ်ပေါ် အဖြစ်ကိုမြင်ရင် အပျက်စင်တယ် (ဝါ) ဥစ္ဆေဒဒိဋ္ဌိစင်တယ်။ အပျက်ကိုမြင်ရင် အဖြစ်စင်တယ် (ဝါ) ခိုင်တယ်မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိစင်တယ်။ အဲဒီလို ဖြစ်ပျက်-ဖြစ်ပျက်ကို မြင်အောင်ရှုနေတဲ့အတွက် သဿတဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးစလုံးလွင့်စဉ်သွားတယ်။ သဿတဥစ္ဆေဒ ဒိဋ္ဌိ ၂-ခုစလုံးမရှိတော့ဘူးဆိုလျှင် ငါ-ငါ့ကိုယ် ငါဟာ ငါ့ပစ္စည်းဆိုပြီး အစွဲကြီးကြီးနဲ့ သဲကြီးမဲကြီးဖြစ်နေတဲ့ သက္ကာယဒိဋ္ဌိဟာ အမြစ်ပါပြတ်သွားပြီ။ အလျှင်းကိုမဖြစ်နိုင်တော့ဘူး၊ လက်တွေ့တရား အားထုတ်ကြည့်လို့ တရားမိလာလျှင် ယခုထက်ပို၍ရှင်းပါလိမ့်မည်။ ဝိပဿနာတရားသည် အလုပ်တရားဖြစ်၍ အလုပ်နှင့်ရှင်းလျှင် ပို၍ခရီးရောက်ပါသည်။ စာမှာမူ အကူအညီလမ်းပြလောက် အထောက်အကူ လောက်သာ ရစေနိုင်ပါသည်။ ။စာရေးသူ)

စိတ္တသုက္ကြွယ်သည် အရှင်ဣသိဒတ္တ၏အပြောကိုအလွန်သဘောကျသွားသည့်အတွက် ဆက်၍မေးမြန်းပြန်ပါသည်။

မေး။ ။အရှင်ဘုရား၊ အဘယ်အရပ်မှ ကြွလာပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ အဝန္တီတိုင်းမှ ကြွလာခဲ့ပါတယ်။

မေး။ ။ဒါဖြင့်ဘုရား၊ အဲဒီအဝန္တိတိုင်းမှာ တပည့်တော် မမြင်ဘူးသေးတဲ့ ကလိဒတ္တဆိုတဲ့အမျိုးသားတယောက် ရဟန်းဝတ်နေတယ်လို့ ကြားသိနေပါတယ်ဘုရား၊ အရှင်ဘုရား အဲဒီအရှင်ကလိဒတ္တကို မြင်ဘူးပါသလားဘုရား။

ဖြေ။ ။ဒါယကာ မြင်ဘူးပါတယ်။

မေး။ ။ဒါဖြင့်ဘုရား အဲဒီအရှင်ဟာ ဘယ်အရပ်မှာများသီတင်းသုံးတော်မူပါသလဲဘုရားဟု မေးလျှောက်သော် အရှင်ကလိဒတ္တသည် ဆိတ်ဆိတ်ပင် နေတော်မူ၏။

စိတ္တသူကြွယ်သည် အနည်းငယ်ရိပ်စားမိလာ၍-

မေး။ ။အရှင်ဘုရားသည်ပင်တပည့်တော်မိတ်ဆွေအရှင်ကလိဒတ္တ မဟုတ်ပါလားဘုရား။

ဖြေ။ ။ဒါယကာ ဟုတ်တယ်။

မေး။ ။ဒါဖြင့်ဘုရား၊ အရှင်ဘုရား ဒီမစ္ဆိကာသဏ္ဍမှာဘဲ သီတင်းသုံးတော်မူပါဘုရား၊ ဒီအရပ်ဟာလဲ မွေ့လျော်ဘွယ် ကောင်းပါတယ်ဘုရား။ တပည့်တော်လဲ ပစ္စည်းလေးပါးဖြင့် တာဝန်ယူ ထောက်ပံ့ပါမည် ဘုရားဟု လျှောက်ထား၏။

ထိုအခါ အရှင်ကလိဒတ္တသည် စိတ္တသူကြွယ်၏ လျှောက်ထားတောင်းပန်ချက်ကို လက်ခံသည့်သဘောဖြင့် 'သာဓု....သာဓု'ဟု မိန့်ကြားတော်မူလေ၏။

# တန်ခိုးဖြင့်ပူဇော်ခြင်း

အခါတပါး စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍအရပ်ရှိ ရဟန်းသံဃာများစွာတို့ကို ပင့်ဖိတ်၍ အလွန်မွန်မြတ်သော နို့ဃနာဆွမ်းကို စေတနာထက်သန်စွာဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

များစွာသော ရဟန်းသံဃာတို့သည် နို့ဃနာဆွမ်း ဘုဉ်းပေးပြီးနောက် ကျောင်းတော်သို့ ပြန်ကြွသောအခါ စိတ္တသူကြွယ်သည် "အကြွင်းအကျန်တွေကို စွန့်ပစ်လိုက်ကြ"ဟု ပြောဆိုမှာကြားပြီး ရဟန်းသံဃာများစွာတို့ နောက်မှလိုက်၍ သွားလေ၏။

ထိုအချိန်တွင် နေမင်းသည် ခြစ်ခြစ်တောက် ပူပြင်းလျက်ရှိသည်။ ရဟန်းသံဃာ များစွာတို့သည်လည်း ဆွမ်းစားပြီးစဖြစ်၍ ကိုယ်လက်လေးလံစွာဖြင့် ကြွလှမ်းနေကြရပါသည်။

ရဟန်းသံဃာထဲတွင် အရှင်မဟာကသည် ရဟန်းသံဃာများစွာတို့အောက် အငယ်ဆုံး ကိုယ်တော်ကလေးဖြစ်သည်။ အရှင်မဟာကသည် ရဟန်းသံဃာများစွာတို့ ဆင်းရဲပင်ပန်းစွာ ကြွလှမ်းနေသည်ကို မြင်ရ၍....

မေး။ ။ဆရာတော်ကြီးများဘုရား၊ အခုလိုနေအင်မတန်ပူပြင်းနေတဲ့အချိန်မှာ လေပြေလေး တဖြူးဖြူးတိုက်နေမယ်ဆိုရင် မကောင်းဘူးလားဘုရား။

မိုးကလေးအုံ့နေမယ်ဆိုရင်ကော မကောင်းဘူးလားဘုရား....

မိုးကလေးတဖွဲဖွဲရွာသွန်းနေမယ်ဆိုရင်ကော မကောင်းဘူးလားဘုရား။

ဖြေ။ ။ငါ့ရှင်မဟာက၊ အလှန့်အလှန်ကောင်းပေတာခပေါ့ဟု မိန့်တော်မူပါသည်။

ထိုအခါ အရှင်မဟာကသည်လေပြေလေအေးကို တဖြေးဖြေး တိုက်ခတ်စေပါသည်။ မိုးကလေးအုံ့မှိုင်းမှိုင်းနေအောင် မိုးကလေးတဖွဲ့ဖွဲ့ရွာသွန်းအောင် တန်ခိုးဖြင့်ဖန်ဆင်းတော်မူလိုက်လေ၏။

ထိုအခါ စိတ္တသူကြွယ်သည် ဒီအငယ်ဆုံးကိုယ်တော်ကလေးဟာ တယ်ပြီးတန်ခိုးထက်မြက် လှပါကလားဟု စိတ်ထဲက ကြံစည်မိလေ၏။

အရှင်မဟာကသည် ကျောင်းအရာမ်သို့ ရောက်သော် ဆရာတော်ဘုရားကြီးအား-

'အရှင်ဘုရား၊ ဤမျှလောက်ဖြင့် တော်လောက်ပါပြီလား ဘုရား'

'ငါ့ရှင်မဟာက၊ ဤမျှဖြင့် ပြုသင့်သည်ကိုပြုအပ်ပြီ၊ ပူဇော်အပ်ပြီ'ဟု မိန့်တော်မူ၏။ ရဟန်းသံဃာများစွာတို့သည် မိမိတို့နေထိုင်ရာ ကျောင်းအသီးသီးသို့ ကြွတော်မူကြလေ၏၊ အရှင်မဟာကသည်လည်း မိမိကျောင်းသို့ကြွတော်မူလေ၏။

စိတ္တသူကြွယ်သည် အရှင်မဟာကထံသွား၍ ရှိသေစွာရှိခိုးပြီးလျှင်....

'အရှင်ဘုရား၊တပည့်တော်တောင်းပန်ပါရစေဘုရား။ တန်ခိုးပြာဋိဟာ တခုလောက်ပြတော် မူပါဘုရား'ဟု လျှောက်ထား၏။

'သူကြွယ် ဒီလိုဆိုရင် ကျောင်းအဝင်ဝမှာ အဝတ်တထည်ခင်း၍ အပေါ်ကမြက်တွေ ကြဲထားလိုက်'ဟုမိန့်တော်မူ၏၊

စိတ္တသူကြွယ်သည် အရှင်မဟာက မိန့်တော်မူသည့်အတိုင်း အားလုံးအပြည့်အစုံ လုပ်ကိုင်ထား လိုက်လေ၏။

ထိုအခါ အရှင်မဟာကသည် ကျောင်းတွင်းသို့ဝင်၍ တံခါးကိုအလုံပိတ်ပြီး မင်းတုန်းထိုးလိုက်လေ၏။ တံခါးရွက်ကြားသော့ပေါက်ကြားမှ အခိုးအလျှံထွက်စေ၍ မြက်တွေကိုသာလောင်ကျွမ်းစေပြီး၊ အခင်းကိုမလောင်ကျွမ်း စေနိုင်သောတန်ခိုးပြာဋိဟာကို ဖန်ဆင်းတော်မူ၏။

စိတ္တသူကြွယ်သည် အခင်းကိုမီးလောင်သွားမည်စိုးလှ၍ ကဗျာကရာ ခါပြီး ကြက်သီးမွေးညင်းထလျက် ကြောက်ရွံ့စွာရပ်၍နေလေ၏။

အရှင်မဟာကသည် တံခါးဖွင့်၍ အသာထွက်လာပြီး"သူကြွယ်တော်လောက်ပြီလား"ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ တော်လောက်ပါပြီ ဘုရား၊ အရှင်ဘုရား ဤမစ္ဆိကာသဏ္ဍမှာဘဲ သီတင်းသုံးတော်မူပါဘုရား၊ တပည့်တော် ပစ္စည်းလေးပါး ဒါယကာခံပါမည်ဘုရား"ဟု မိန့်တော်မူပြီး ကျောင်းတွင်းသို့ဝင်၍ အိပ်ရာနေရာတို့ကို သိမ်းဆည်းကာ သပိတ်သင်္ကန်းတို့ကိုယူဆောင်ပြီး နောက်ထပ်ပြန်မလာသော ကြွခြင်းဖြင့် မစ္ဆိကာသဏ္ဍမှ အပြီးအပိုင်ကြွမြန်းသွားလေတော့သတည်း။

## အနှောင်အဖွဲ့မှ လွတ်မြောက်သူ

တနေ့သ၌ စိတ္တသူကြွယ်သည် မစ္ဆိကာသဏ္ဍအရပ် ဂွေးပင်တော၌ သီတင်းသုံးနေတော်မူသော အရှင်ကာမဘူထံ သွားရောက်၍ ရိုသေစွာရှိခိုးပြီး နေရာတခုတွင် ထိုင်နေပါသည်။

မေး။ ။ဒါယကာ၊ မြတ်စွာဘုရားသည် နေလင်္ဂါသေတပစ္စာဒေါ အစရှိသော ဂါထာကို ဟောတော်မူခဲ့ပါသည်။ သူကြွယ်အကျဉ်းချုံး၍ ဟောတော်မူသော စကား၏အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဘယ်လို မှတ်သင့်ပါသနည်း။

ဖြေ။ ။အရှင်ဘုရား၊ ဤဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူအပ်ပါသလားဘုရား။

အရှင်ကာမဘူ။ ။အေး၊ ဒါယကာ ဘုရားဟောတာမှန်တယ်။

စိတ္တသူကြွယ်။ ။ဒါဖြင့် တပည့်တော် နဲ့နဲ့လောက် စဉ်းစားပါရစေအုံးဘုရား။

## ဘုရားဟော အကျဉ်း

အပြစ်ကင်းသော အစိတ်အပိုင်းရှိသော ဖြူသောအမိုးရှိသော ဘခုသော အကန့်ရှိသော ရထားသည် လည်း၏။ ဆင်းရဲခြင်းကင်းလျက် အယဉ်ကိုဖြတ်ပြီးလျှင် အနှောင်အဖွဲ့မရှိမူ၍ လာနေသောသူကို ရှုလော့။

"အရှင်ဘုရား၊ အထက်ပါ စကား၏ အနက်အဓိပ္ပါယ်အကျယ်ကို အောက်ပါအတိုင်း မှတ်သားသင့်ပါသည်ဘုရား"

"အရှင်ဘုရား၊ အပြစ်ကင်းသော အစိတ်အပိုင်းဆိုတာ သီလကို ခေါ်ပါတယ်ဘုရား"

ဖြူသောအမိုးဆိုတာ လွတ်မြောက်ခြင်း အရဟတ္တဖိုလ်၏အမည်ပါဘုရား။

တခုသောအကန့် ဆိုတာက သတိကို ခေါ်ပါတယ်ဘုရား။

လည်၏- ဆိုသောစကားသည် ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းကို ခေါ်ပါတယ်ဘုရား။

ရထား- ဆိုသောစကားသည် မိဖန္ဓစ်ပါးတို့၏ သွေးသားဖြင့်ဖြစ်သော ထမင်း မုံ့တို့ဖြင့်ကြီးပွားသော အမြဲမရှိခြင်း၊ လိမ်းကျံခြင်း၊ နှိပ်နယ်ခြင်း၊ ပြိုကွဲပျက်စီးခြင်းသဘောရှိသော မဟာဘုတ် ၄-ပါး အမျိုးပြုသော ဤခန္ဓာကိုယ်ကြီး၏ အမည်ပါဘုရား။

"အရှင်ဘုရား၊ စွဲမက်မှုရာဂသည် ဆင်းရဲခြင်းဒုက္ခ ဖြစ်ပါသည်။ အမျက်ထွက်မှု ဒေါသသည် ဆင်းရဲဒုက္ခဖြစ်ပါသည်။ တွေဝေမှု မောဟသည် ဆင်းရဲဒုက္ခဖြစ်ပါသည်။ ထိုဆင်းရဲအပေါင်းတို့သည် အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်များတွင် မရှိပါဘုရား၊ ထို့ကြောင့် ရဟန္တာများကို ဆင်းရဲမရှိသူဟု ခေါ်ပါသည်ဘုရား-

လာနေသူ- ဆိုသောအမည်သည် ရဟန္တာ၏အမည်ပါဘုရား။

အယဉ်-ဟူသော အမည်သည် တင်မှက်မှုတဏှာ၏အမည်ပါဘုရား။

ထိုတပ်မက်မှုတဏှာကို အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်များသည် ပယ်ပြီးကြပါပြီဘုရား၊အမြစ်အရင်းကို အကြွင်းမဲ့ နှုတ်ပြီးကြကုန်ပါပြီဘုရား၊ နောင် အသစ်မဖြစ်နိုင်တော့ပါ

ဘုရား၊ ထို့ကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာအရှင်မြတ်များသည် အယဉ်ကိုဖြတ်ပြီးသူများ ဖြစ်ကြပါသည်ဘုရား။

စွဲမက်မှုရာဂသည် အနှောင်အဖွဲ့တခုပါဘုရား၊အမျက်ထွက်မှုဒေါသ သည်လည်း အနှောင်အဖွဲ့ တခုပါဘုရား၊ တွေဝေမှုမောဟသည်လည်း အနှောင်အဖွဲ့တခုပါဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာများသည် အနှောင်အဖွဲ့အားလုံးကို ပယ်အပ်ကုန်ပါပြီဘုရား၊ အမြစ်ပါမကျန်ပယ်နှုတ်ပြီးကုန်ပါပြီဘုရား၊ နောက်ထပ်တဖန် အသစ်ပြန်မဖြစ်နိုင်တော့ပါဘုရား၊ ထို့ကြောင့် အာသဝေါကုန်ပြီးသော ရဟန္တာများသည် အနှောင်အဖွဲ့မရှိသူများ ဖြစ်ကြပါသည်ဘုရား၊ ထိုစကားရပ်များသည် မြတ်စွာဘုရား အကျဉ်းအားဖြင့် ဟောတော်မူအပ်သော စကား၏ အနက်အဓိပ္ပါယ်အကျယ်ဖြစ်ပါသည်ဘုရားဟု ရှိသေစွာလျှောက်ထားလေ၏။

"ဒါယကာ၊ နက်နဲခက်ခဲသော ဘုရားစကားတော်၌ ပညာမျက်စိကို ဆောင်နိုင်သဖြင့် အရဘောင်ပေစွ၊ ကောင်းစွာ ရအပ်ပေစွတကား"ဟု မိန့်တော်မူ၏။

## သေခြင်းနှင့်သင်္ခါရတရား ချုပ်ခြင်းတို့၏ ကွာခြားချက်

စိတ္တသူကြွယ်သည် အရှင် ကာမဘူထံသွား၍ အောက်ပါစကားကို လျှောက်ထားလေ၏။

မေး။ ။အရှင်ဘုရား၊ သင်္ခါရတရား ဘယ်နှစ်ပါး ရှိပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ သင်္ခါရတရားဆိုတာ ကာယသင်္ခါရ-ဝစီသင်္ခါရ-စိတ္တသင်္ခါရအားဖြင့် သုံးပါးရှိတယ်။

မေး။ ။အရှင်ဘုရား၊ သင်္ခါရတရား သုံးပါး ဆိုတာတော့ သဘောကျ ကျေနပ်ပါပြီဘုရား၊ ကာယသင်္ခါရဆိုတာ ဘာကိုခေါ်ပါသလဲဘုရား- ဝစီသင်္ခါရဆိုတာ ဘာကို ခေါ်ပါသလဲဘုရား၊ စိတ္တသင်္ခါရဆိုတာ ဘာကို ခေါ်ပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ ထွက်သက်ဝင်သက်ကို ကာယသင်္ခါရခေါ်တယ်၊ ဝိတက်ဝိစာရကို ဝစီသင်္ခါရခေါ်တယ်၊ သညာဝေဒနာတို့ကို စိတ္တသင်္ခါရခေါ်တယ်။

မေး။ ။အရှင်ဘုရား၊ ထွက်သက် ဝင်သက်ကို ဘာကြောင့် ကာယသင်္ခါရလို့ ခေါ်ပါသလဲဘုရား၊ ဝိတက်ဝိစာရကို ဘာကြောင့် ဝစီသင်္ခါရလို့ ခေါ်ပါသလဲဘုရား၊ သညာဝေဒနာတို့ကို ဘာကြောင့် စိတ္တသင်္ခါရလို့ ခေါ်ပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ထွက်သက်ဝင်သက်တွေဟာကိုယ်ခန္ဓာကြီးကို အမှီပြုနေကြတယ်။ ကိုယ်ခန္ဓာနှင့် စပ်နေကြတယ်။ ဒါကြောင့် သူတို့ကို ကာယသင်္ခါရလို့ ခေါ်ဆိုရတယ်။

ဒါယကာ၊ ရှေးဦးစွာ ကြံစည်၍ဆင်ခြင်သုံးသပ်ပြီးမှ စကားပြောကြတယ်၊ ဒါကြောင့် ဝိတက်ဝိစာရကို ဝစီသင်္ခါရလို့ ခေါ်ဆိုရတယ်။

ဒါယကာ မှတ်သားမှုသညာ၊ ခံစားမှုဝေဒနာ၊ အဲဒီတရား ၂ ပါးဟာ စိတ်ပေါ်တွင် အမှီပြု၍ဖြစ်တယ်။

စိတ်နှင့်စပ်နေတယ်။ ဒါကြောင့် သူတို့ ၂ ခုကို စိတ္တသင်္ခါရဟု ခေါ်ဆိုရတယ်။

မေး။ ။အရှင်ဘုရား၊ သညာဝေဒနာချုပ်တဲ့ နိရောဓသမာပတ်သည် ဘယ်လိုဖြစ်ပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ သညာဝေဒနာချုပ်ခြင်းသို့ရောက်နေသော ရဟန်းအား ငါသည် သညာဝေဒနာတို့၏ ချုပ်ခြင်းသို့ ရောက်အံ့ဟူ၍၎င်း၊ ရောက်၏ဟူ၍၎င်း၊ ရောက်ပြီဟူ၍၎င်း၊ ဒီလိုစိတ်မျိုး မဖြစ်ပေါ်ဘူး၊အမှန်ကတော့နိရောဓသမာပတ်ကို ဝင်စားသော ရဟန်းအား သညာဝေဒနာချုပ်အောင် ရှေးရှုဆောင်နိုင်သောစိတ်ကို ရှေးဦးမဆွကပင် ကြိုတင်၍ ပွားပြီးဖြစ်နေ၏။

မေး။ ။အရှင်ဘုရား၊ ကောင်းလှပါသည်ဘုရား ဒါထက်ဘုရား၊ ဆက်ပြီး မေးလျှောက်ပါရစေဦးဘုရား။

ဖြေ။ ။မေးလျှောက်နိုင်ပါတယ် ဒါယကာ။

မေး။ ။အရှင်ဘုရား၊ သညာဝေဒနာချုပ်နေတဲ့ ရဟန်းအား ဘယ်တရားများ ချုပ်ပါသေးသလဲဘုရား၊ ကာယသင်္ခါရက ရှေးဦးစွာ ချုပ်ပါသလား ဝစီသင်္ခါရက ရှေးဦးစွာချုပ်ပါသလား၊ စိတ္တသင်္ခါရက ရှေးဦးစွာ ချုပ်ပါသလားဘုရား။

ဖြေ။ ။ဒါယကာ၊ သညာဝေဒနာချုပ်သော ရဟန်းအား ဝစီသင်္ခါရသည် ရှေးဦးစွာချုပ်သည်၊ နောက်မှကာယသင်္ခါရချုပ်သည်၊ နောက်မှ စိတ္တသင်္ခါရချုပ်သည်။

မေး။ ။အရှင်ဘုရား၊ သေလွန်ကာလပြုသူနဲ့ သညာ

ဝေဒနာချုပ်တဲ့ ရဟန်းဆိုတဲ့ နိရောဓသမာပတ် ဝင်စားသူသည် ဘယ်လိုများ ထူးခြားပါသလဲ။

ဖြေ။ ။ဒါယကာ၊ သေတဲ့လူများဟာ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ၊ သင်္ခါရသုံးခုစလုံးချုပ်ငြိမ်းတယ်။ အသက်ကုန်တယ်၊ကိုယ်ငွေ့မရှိဘူး၊ ဣန္ဒြေပျက်စီးတယ်။

သညာဝေဒနာတို့ချုပ်မှု နိရောဓသမာပတ်ဝင်စားတဲ့ ရဟန်းများကျတော့ ကာယသင်္ခါရ-ဝစီသင်္ခါရ-စိတ္တသင်္ခါရဆိုတဲ့ သင်္ခါရသုံးခုချုပ်ငြိမ်းတယ်၊ အသက်မကုန်ဘူး၊ ကိုယ်ငွေ့ရှိတယ်၊ ဣန္ဒြေအလွန်ကြည်လင်တယ်၊ အဲဒါ-သေတဲ့သူနှင့် နိရောဓသမာပတ်ဝင်စားတဲ့ ရဟန်းတို့၏ ထူးခြားချက်ပဲ ဒါယကာ။

မေး။ ။အရှင်ဘုရား၊သညာဝေဒနာချုပ်တဲ့ နိရောဓသမာပတ်ကိုဝင်စားတဲ့ ပုဂ္ဂိုလ်တွေ နိရောဓသမာပတ်မှ ဘယ်လိုလုပ်ပြီး ထပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ နိရောဓသမာပတ်ကို ဝင်စားတဲ့ရဟန်းများသည် ငါသည် နိရောဓသမာပတ်မှထတော့အံ့ဟူ၍ရင်း၊ ထ၏ဟူ၍ရင်း၊ ထပြီဟူ၍ရင်း၊ ဤကဲ့သို့သော စိတ်မျိုး မဖြစ်ဘူး။ ဘာပြုလို့လဲဆိုရင် နိရောဓသမာပတ်မှ ထအောင် ရှေ့ရှုဆောင်နိုင်အောင် စိတ်ကိုရှေးဦးမဆွကပင် ကြိုတင်၍ ပွားပြီးထားလို့ဖြစ်တယ်။

မေး။ ။အရှင်ဘုရား၊ နိရောဓသမာပတ်မှထသော ရဟန်းများသည် ဘယ်တရား ရှေးဦးစွာဖြစ်ပါသလဲဘုရား၊ ကာယသင်္ခါရက အရင်ဖြစ်ပါသလား၊ ဝစီသင်္ခါရက အရင်

ဖြစ်ပါသလား၊ စိတ္တသင်္ခါရက အရင် ဖြစ်ပါသလား ဘုရား။

ဖြေ။ ။ဒါယကာ၊ နိရောဓသမာပတ်မှထသော ရဟန်းများ သည် စိတ္တသင်္ခါရက အရင်ဖြစ်သည်၊ နောက်မှ ကာယ သင်္ခါရ-နောက်မှ ဝစီသင်္ခါရတို့ဖြစ်ကြပေတယ်။

မေး။ ။အရှင်ဘုရား၊ နိရောဓသမာပတ်မှထသော ရဟန်းကို တွေ့ထိမှု ဖဿသည် ဘယ်လောက်များ တွေ့ထိပါသလဲ ဘုရား။

ဖြေ။ ။ဒါယကာ၊ နိရောဓသမာပတ်မှ ထသော ရဟန်းကို သုညတဖဿ၊ အနိမိတ္တဖဿ၊ အပ္ပဏိဟိတဖဿဆိုတဲ့ ဖဿသုံးမျိုး တွေ့ထိတယ် ဒါယကာ။

မေး။ ။အရှင်ဘုရား၊ နိရောဓသမာပတ်မှထသော ရဟန်း၏ စိတ်သည် ဘယ်ဘက်သို့ညွတ်နေပါသလဲ၊ ဘယ်ဘက်သို့ ကိုင်းနေပါသလဲ၊ ဘယ်ဘက်သို့ ရှိုင်းနေပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ နိရောဓသမာပတ်မှထသော ရဟန်း၏ စိတ် သည် ဆိတ်ငြိမ်ရာသို့ညွတ်နေသည်၊ ကိုင်းနေသည်၊ ရှိုင်း နေသည်။

မေး။ ။အရှင်ဘုရား၊ နိရောဓသမာပတ်အား ဘယ်မျှသော တရားတို့က ကျေးဇူးပြုပါသလဲဘုရား။

ဖြေ။ ။ဒါယကာ၊ အစပထမ မေးရမဲ့မေးခွန်းကို ခုမှလာပြီး မေးတယ်၊ သို့သော်လဲ သင့်မေးခွန်း အလကားမဖြစ်ပါ စေနှင့် ငါဖြေကြားလိုက်ပါ့မယ်။ ဒါယကာ၊ နိရောဓ သမာပတ် ဝင်စားနိုင်အောင် သမထ ဝိပဿနာဆိုတဲ့ တရား ၂-ပါးက အထူးဘဲကျေးဇူးပြုပေတယ်။

အရှင်ဂေါဒတ္တ။

မေး။ ။သူကြွယ်၊ အပ္ပမာဏမည်သော စိတ်၏ လွတ်မြောက်မှု၊ အာကိဉ္စညာမည်သော စိတ်၏လွတ်မြောက်မှု၊ သုညတမည်သော စိတ်၏လွတ်မြောက်မှု၊ အနိမိတ္တမည်သော စိတ်၏လွတ်မြောက်မှု၊ အဲဒီတရားလေးပါးဟာ အနက်အဓိပ္ပာယ်ထူး-သဒ္ဒါထူးရှိပါသလား၊ သို့မဟုတ် အနက်အဓိပ္ပာယ်တူ၍ သဒ္ဒါလောက်သာ ထူးပါသလား။

စိတ္တသူကြွယ်။

ဖြေ။ ။အကြောင်းပရိယာယ်ရှိနေပါသည်။ ယင်း အကြောင်းပရိယာယ်ကိုစွဲ၍ ဤတရားတို့သည်။ အနက်အဓိပ္ပာယ်လဲထူး၊သဒ္ဒါလဲထူးကြပါတယ်ဘုရား၊ အကြောင်းပရိယာယ်ရှိပါသည်။ ယင်းအကြောင်းပရိယာယ်ကိုစွဲ၍ ဤတရားများသည် အနက်အဓိပ္ပာယ်တူ၍ သဒ္ဒါလောက်သာ ထူးတာလဲ ရှိကြပါသည်ဘုရား။

"အရှင်ဘုရား၊ အကြောင်းပရိယာယ်ရှိတယ်၊ ယင်းအကြောင်းပရိယာယ်ကိုအစွဲပြု၍ အနက်အဓိပ္ပာယ်လဲထူး သဒ္ဒါလဲထူးတဲ့အကြောင်းက ဒီလိုပါဘုရား။

"အရှင်ဘုရား၊ ဤသာသနာတော်ကြီး၌ ရဟန်းသည် ချမ်းသာစေလိုသော မေတ္တာစိတ်နှင့် အရပ်မျက်နှာ တခုလုံးကို ပျံ့နှံ့၍နေပါတယ်ဘုရား၊ ထို့အတူ အရပ်မျက်နှာ ၂-ခု ၃-ခု ၄-ခုလုံးသို့ ပျံ့နှံ့စေ၍နေပါတယ်ဘုရား၊ အထက်အောက်ဖီလာ အရပ်မျက်နှာအားလုံးတို့၌ရှိသော သတ္တဝါအားလုံးကို မိမိကိုယ်နှင့် ထပ်တူပြု၍ မေတ္တာ-

တရားပွားများပုံ့နှံ့စေ၍နေပါတယ်ဘုရား။ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ခြင်း မုဒိတာ၊ လျစ်လျူရှုခြင်း ဥပေက္ခာတရားများနှင့် ရှေးနည်းတူ ပွားများပုံ့နှံ့၍ နေပါတယ်ဘုရား။ ဤကဲ့သို့နေထိုင်ခြင်းကို အပ္ပမာဏ မည်သော စိတ်၏လွတ်မြောက်မှုဟု ခေါ်ဆိုပါတယ် ဘုရား။

"အရှင်ဘုရား၊ အာကိဉ္စညာမည်သော စိတ်၏ လွတ် မြောက်မှုကတော့ ဤသာသနာတော်၌ ရဟန်းသည် ဝိညာဏဉ္စာယတနစျာန်ကို လုံးဝလွန်မြောက်၍ စိုးစဉ်းမျှ မရှိဟု စီးဖြန်းလျက်၊ အာကိဉ္စညာယတနစျာန်သို့ရောက် ၍နေပါသည်ဘုရား။ အရှင်ဘုရား၊ ဤသည်ကို အာ ကိဉ္စညာမည်သော စိတ်၏လွတ်မြောက်မှုဟု ခေါ်ဆိုပါ သည်ဘုရား။

"အရှင်ဘုရား၊ သုညတမည်သော စိတ်၏လွတ်မြောက် မှုကတော့ ဤသာသနာတော်၌ ရဟန်းသည် တောသို့ ဝင်၍ဖြစ်စေ၊ သစ်တပင်ရင်း ဝါးတရုံအောက်သို့ကပ်၍ ဖြစ်စေ၊ ဆိတ်ငြိမ်ရာသို့ကပ်၍ဖြစ်စေ၊ ဤတရားများကား အတ္တမှရှင်း၊ အတ္တနိယမှရှင်း ဆိတ်သုဉ်း၏ဟု ဆင်ခြင်၏။ အရှင်ဘုရား၊ ဤသည်ကို သုညတမည်သော စိတ်၏ လွတ်မြောက်မှုလို့ ခေါ်ဆိုပါတယ်ဘုရား။

"အရှင်ဘုရား၊ အနိမိတ္တမည်သော စိတ်၏ လွတ် မြောက်မှုကတော့ ဤသာသနာတော်၌ ရဟန်းသည် အလုံးစုံသော နိစ္စနိမိတ်စသည်တို့ကို နှလုံးမသွင်းခြင်း ကြောင့် နိစ္စနိမိတ်စသည်တို့မရှိသော စိတ်၏ တည်ကြည်

ခြင်းသို့ ကပ်ရောက်ဝင်စား၍နေပါသည်ဘုရား၊ ဤသည်ကို အနိမိတ္တမည်သော စိတ်၏လွတ်မြောက်မှုဟု ခေါ်ဆိုရပါတယ်ဘုရား။ ယင်း အကြောင်းပရိယာယ်ကိုစွဲ၍ ဤတရားတို့သည် အနက်အဓိပ္ပာယ်လဲထူး၊ သဒ္ဒါလဲ ထူးကြပါတယ်ဘုရား။

"အရှင်ဘုရား၊ အကြောင်းပရိယာယ်ကိုစွဲ၍ အနက်အဓိပ္ပာယ်တူပြီး သဒ္ဒါသာ ထူးတယ်ဆိုတဲ့စကားကတော့ ဒီလိုပါဘုရား၊ စွဲမက်မှု-ရာဂ၊ အမျက်ထွက်မှု-ဒေါသ၊ တွေဝေမှု-မောဟ၊ ဤတရား ၃-ပါးသည် ပမာဏကို ပြုတတ်ပါသည်ဘုရား၊ ဒါပေမဲ့ ရဟန္တာအရှင်မြတ်များသည် ဤတရား ၃-ပါးကို ပယ်အပ်ပါကုန်ပြီ၊ အမြစ်အရင်းပါမကျန် အကြွင်းမဲ့ နှုတ်အပ်ပါကုန်ပြီ၊ နောက်တဖန် အသစ်မဖြစ်နိုင်တော့ပါဘုရား။

"အရှင်ဘုရား၊ ပမာဏမရှိကုန်သော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက် မပျက်စီးသော စိတ်၏လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်ဘုရား။

"အရှင်ဘုရား၊ ထိုမပျက်စီးသော စိတ်၏လွတ်မြောက်ခြင်းသည်ကား စွဲမက်မှု-ရာဂ၊ အမျက်ထွက်မှု-ဒေါသ၊ တွေဝေမှု-မောဟတို့မှ ဆိတ်သုဉ်းကြပါသည် ဘုရား။ စွဲမက်မှု-ကြောင့်ကြ၊ အမျက်ထွက်မှု-ကြောင့်ကြ၊ တွေဝေမှု-ကြောင့်ကြ၊ ထိုတရားတို့သည် အာသဝေါကုန်ပြီးသော ရဟန္တာများ ပယ်အပ်ကုန်ပါပြီ၊ အမြစ်အရင်းပါမကျန် အကြွင်းမဲ့ နှုတ်အပ်ပစ်အပ်ပါကုန်ပြီ၊ နောက်တဖန် အသစ်မဖြစ်နိုင်ကြတော့ပါဘုရား။

အရှင်ဘုရား.... ကြောင့်ကြမရှိသော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက် မပျက်စီးသောစိတ်၏ လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟု ဆိုအပ်ပါသည်ဘုရား၊ ထိုအမြတ်ဆုံးသောစိတ်၏ လွတ်မြောက်ခြင်းသည် စွဲမက်မှုရာဂ၊ အမျက်ထွက်မှုဒေါသ၊ တွေဝေမှုမောဟတို့မှ ဆိတ်သုဉ်းကြပါသည်ဘုရား၊ စွဲမက်မှုရာဂ၊ အမျက်ထွက်မှုဒေါသ၊ တွေဝေမှုမောဟ၊ ဤတရားတို့သည် နိစ္စနိမိတ်စသည်တို့ကို ပြုတတ်ကြပါသည်။ ထိုတရားသုံးပါးကိုအာသဝေါကုန်ပြီးသောရဟန္တာများပယ်အပ်ကုန်ပါပြီ။ အမြစ်အရင်းပါမကျန် ပယ်နုတ်အပ်ကုန်ပါပြီ ဘုရား....နောင်တဖန်အသစ်မဖြစ်နိုင်ကြတော့ပါဘုရား။

အရှင်ဘုရား....နိစ္စနိမိတ်စသည် မရှိကုန်သော စိတ်၏ လွတ်မြောက်ခြင်းဟူသမျှတို့ထက် မပျက်စီးသော စိတ်၏ လွတ်မြောက်ခြင်းကို အမြတ်ဆုံးဟုဆိုအပ်ပါသည်ဘုရား၊ ထိုမပျက်စီးသော စိတ်၏လွတ်မြောက် ခြင်းသည် ရာဂ-ဒေါသ- မောဟတို့မှ ဆိတ်သုဉ်း ပါသည်ဘုရား။

အရှင်ဘုရား.... ယင်းအကြောင်း ပရိယာယ်ကို စွဲ၍ ဤတရားတို့သည်အနက် အဓိပ္ပါယ်တူ၍၊ သဒ္ဒါလောက်သာ ထူးကြပါသည်ဘုရား။

**အရှင်ဂေါဒတ္တ။** ။သူကြွယ်....နက်နဲခက်ခဲသော ဘုရား စကားတော်များ၌ ပညာမျက်စိကို ဆောင်နိုင်ပေရကား သင့်အား အရတော်ပေစွ၊ ကောင်းစွာ ရအပ်ပေစွတကား ဟု ချီးကျူးမိန့်ကြားတော်မူလေ၏။

## ခုစားလေးကြော်ခုဆီထမင်း

အခါတပါး နိဂဏ္ဌနာဋ္ဌပုတ္တသည်မစ္ဆိကာသဏ္ဍာသို့ သူ၏ တက္ကတွန်း ပရိသတ်ကြီးနှင့်အတူ ရောက်လာသည့် အကြောင်းကို စိတ္တသူကြွယ် ကြားသိလေ၏။ စိတ္တသူကြွယ်သည် ဥပါသကာ များစွာနှင့် နိဂဏ္ဌနာဋ္ဌ ပုတ္တထံသွားရောက်၍ ဝမ်းမြောက် ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီး နေရာတခုတွင် ထိုင်နေလေ၏။

နိဂဏ္ဌနာဋ္ဌပုတ္တ။ ။သူကြွယ်....သင်သည် ဝိတက် ဝိစာရ ကင်းသော သမာဓိဟူရင်း၊ ဝိတက်ဝိစာရချုပ်ခြင်း ရှိ၏ဟူ၍ ရင်း၊ ဟောပြော နေသည်ကို သင်ယုံကြည် သလော။

စိတ္တသူကြွယ်။ ။အရှင်....အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားသည်ကိုယုံကြည်၍ သိတာ မဟုတ်ပါဟု ဆိုလိုက်လျှင်-

နိဂဏ္ဌနာဋ္ဌပုတ္တက အပေါ်မော့ကြည့်ပြီး=

'အရှင်တို့....ဤသူကိုကြည့်ပါ။ ဤစိတ္တသူကြွယ်သည် အလွန်ရိုးဖြောင့်တဲ့ လူဖြစ်တယ်၊ စဉ်းလဲ ကောက်ကျစ်တဲ့ လူမဟုတ်ဘူး၊ လှည့်ဖြားတတ်တဲ့လူမဟုတ်ဘူး၊ ဝိတက်ဝိစာရကို ချုပ်စေသင့်တယ်လို့ ထင်တဲ့လူဟာ လေကို ပိုက်ကွန်နဲ့တားနိုင်တယ်လို့ မှတ်ထင်နေတဲ့ လူဖြစ်တယ်။

ဝိတက်ဝိစာရကိုချုပ်စေသင့်တယ်လို့ ထင်မြင် ယူဆနေတဲ့လူဟာ ဂင်္ဂါမြစ်ရေအယဉ်ကို မိမိလက်ဖြင့် ပိတ်ထားနိုင်တယ်လို့ ထင်မြင်ယူဆနေတဲ့လူဖြစ်တယ်။

အရှင်ဘုရား....ဒီကိစ္စကို ဘယ်လိုသဘော ရပါသလဲ၊ ဉာဏ်နဲ့သဒ္ဓါ-ဘယ်အရာကသာ၍ မြတ်ပါသလဲ။

သူကြွယ်....သဒ္ဓါထက် ဉာဏ်ကပို၍ မြတ်သည်။

အရှင်ဘုရား....တပည့်တော်သည် သူပြော လူပြောကို ယုံကြည်တဲ့လူစား မဟုတ်ပါ၊ အရှင်ဘုရား တပည့်တော် ကိုယ်တိုင် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်များကို အလိုရှိတိုင်းစိတ်ကြိုက် ဝင်စားနိုင်ပါ သည်ဘုရား ဝိတက်ဝိစာရ ကင်းသော သမာဓိ ရှိတယ်၊ ဝိတက်ဝိစာရ ချုပ်ခြင်းရှိတယ်ဆိုတာ ကိုယ်တွေ့ပါဘုရား၊ ဘယ်သမဏဗြာဟ္မဏတွေကိုယုံကြည် ကိုးစားလို့ သိတာ မဟုတ်ပါ၊ ကိုယ်တိုင်ကိုယ်ကျ အားထုတ် ထားလို့သိမြင် နေကြခြင်းဖြစ်ပါတယ်ဘုရား၊မည်သူတဦးတယောက်ကိုမျှ ယုံကြည်အားထားလို့ မဟုတ်ပါဘုရားဟု လျှောက်ထား လိုက်၏။

ထိုအခါ နိဂဏ္ဌနာဋပုတ္တသည် သူ့ပရိသတ်ကို စောင်းငဲ့ ကြည့်ပြီး....

'တပည့်တို့....ဒီစိတ္တသူကြွယ်ကို ကြည့်ကြလော့၊ အလွန် မရိုး ဖြောင့်တဲ့လူဖြစ်တယ်၊ ကောက်ကျစ် စဉ်းလဲတဲ့လူ ဖြစ်တယ်၊ အလွန်လှည့်ဖြားတတ်တဲ့လူဖြစ်တယ်'ဟု ဆိုပြန်တော့သည်။

ထိုအခါစိတ္တသူကြွယ်က'အရှင်ဘုရား....အခု စာလေးကြော်၊ အခုဆိုထမင်းတတ်နိုင်လှချည့်လား၊ အခုနဘဲအရှင်ဘုရား တပည့် တွေကို စိတ္တသူကြွယ်ဟာ အလွန်ရိုးဖြောင့်တယ်၊ ကောက်ကျစ် စဉ်းလဲမှုမရှိဘူး၊ လှည့်ဖြားမှုမရှိဘူးလို့ပြောတယ်၊ ခုချက်ခြင်း ဘဲစိတ္တသူကြွယ်ဟာ မရိုးဖြောင့်ဘူး၊ အလွန်ကောက်ကျစ် စဉ်းလဲ တယ်။ လှည့်ပတ်ဖြားယောင်းတတ်တယ်လို့ ပြောပြန်တယ်။ ရှေ

စကားမှန်ရင် နောက်စကားမှားပါလိမ့်မယ်၊ နောက်စကား မှန်ရင်လဲ ရှေ့စကားမှားပါလိမ့်မယ်ဘုရား။

## ပြဿနာ (၁၀) ချက်

'အရှင်ဘုရား....အကြောင်းနှင့်တကွ ပြဿနာ (၁၀)ချက်ကို သိရှိ လာသောအခါ နိဂဏ္ဍ ပရိသတ်နှင့် အတူ ငါသိပြီဟု အကြောင်းကြားတော်မူပါဘုရား။

၁- ခုဆိုတာ ဘာလဲ
၂- ခုဆိုတာ ဘာလဲ
၃- ခုဆိုတာ ဘာလဲ
၄- ခုဆိုတာ ဘာလဲ
၅- ခုဆိုတာ ဘာလဲ
၆- ခုဆိုတာ ဘာလဲ
၇- ခုဆိုတာ ဘာလဲ
၈- ခုဆိုတာ ဘာလဲ
၉- ခုဆိုတာ ဘာလဲ
၁၀- ခုဆိုတာ ဘာလဲ

အဲဒီပြဿနာ (၁၀)ချက်၏ အနက် အဓိပ္ပာယ်ကို သေသေချာချာသိမြင်လာသောအခါ တပည့်ဆီ အကြောင်း ကြားပါဘုရား'ဟုပြောဆိုပြီးနေရာမှ ထပြန်သွားလေ၏။

ပြဿနာ(၁၀)ချက်ဖြစ်ပေါ်လာပုံမှာသာသနာ ပြင်ပတိတ္ထိတွေနှင့် ဘုရားရှင်၏ တပည့်သားများ ထိပ်တိုက်တိုးသော အခါ တိတ္ထိတွေက 'ငါ့ရှင်တို့ ရဟန်းဂေါတမဟာ သူ့တပည့်တွေကို

'ချစ်သားတို့ အလုံးစုံသောတရားကိုသိ၍ နေကြလော့'လို့ ဆုံးမတော်မူတယ်။ ငါတို့တိတ္ထိဆရာကြီးတွေကလဲ သူ့တပည့်တွေကို အလုံးစုံသော တရားကို သိ၍နေကြတော့ လို့ဘဲဆုံးမကြတယ်။

'ငါ့ရှင်တို့....ရဟန်းကြီးဂေါတမနှင့်ငါတို့ဟာ ဆုံးမတာချင်း ဘာထူးသလဲ၊ တရားဟောတာချင်းဘာထူးသလဲ၊ ထူးတယ်လို့ ထင်တာတွေဟာ ဘာတွေလဲ'ဟု ပြောဆိုနေကြသည်။

ထိုအကြောင်းကို မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားသောအခါ မြတ်စွာဘုရားက'ချစ်သားဒီလိုဆိုရင် တိတ္ထိတွေနှင့် ထိပ်တိုက်တိုးတဲ့အခါမေးဘို့ပြဿနာ(၁၀)ခု ပေးလိုက်မယ်၊ အဲဒီပြဿနာ(၁၀)ခုနှင့် ကိုင်ပေါက်လိုက်လျှင် တိတ္ထိတွေဟာ လှုပ်နိုင်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အရာ မဟုတ်လို့ဖြစ်တယ်။ သူတို့ဉာဏ်မမှီလို့ ဖြေနိုင်မှာမဟုတ်ဘူး။အလွန် ပင်ပန်းဆင်းရဲကြလိမ့်မယ်။ နတ်ပြည်လူ့ပြည် ဗြဟ္မာ့ပြည်နှင့်တကွ သြကာသလောကကြီးတခုလုံးမှာ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သမဏဗြာဟ္မဏမှ နေရာတကျဖြေဆိုနိုင်မှာ မဟုတ်ဘူး၊ဖြေနိုင်မည့်လူ ငါဘုရားမြင်တော်မမူဘူး၊ ငါဘုရားနှင့် ငါဘုရား၏ တပည့်သားများ၊ ငါဘုရားရဲ့တရားကို ကြားနာဘူးတဲ့ သူများသာ အတိအကျဖြေဆိုနိုင်ကြပေလိမ့်မယ်'ဟု မိန့်တော်မူ၏။

## ဗုဒ္ဓ၏အမေးအဖြေ

မေး။ ။၁-ဆိုတာဘာလဲ။

ဖြေ။ ။အားလုံးသတ္တဝါတွေဟာ အာဟာရ တခုထဲပေါ်မှာ တည်ရှိနေတဲ့အတွက် ၁-ဆိုတာအာဟာရကို ခေါ်တယ်။

အဲဒီအာဟာရတခုကိုပိုင်ပိုင်နိုင်နိုင် သိလျှင် အခု ဘဝမှာ ပင် ဒုက္ခကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။

မေး။ ။၂-ခုဆိုတာဘာလဲ။

ဖြေ။ ။၂-ခုဆိုတာရုပ်နာမ် ၂ပါးကိုခေါ်တယ်။

မေး။ ။၃၊ခုဆိုတာဘာလဲ။

ဖြေ။ ။၃-ခုဆိုတာဝေဒနာသုံးပါးကို ခေါ်တယ်။

မေး။ ။၄-ခုဆိုတာဘာလဲ။

ဖြေ။ ။၄-ခုဆိုတာအာဟာရ ၄-ပါး။ သစ္စာ ၄-ပါး၊ သတိ ပဋ္ဌာန် ၄-ပါးကိုခေါ်တယ်။

မေး။ ။၅-ခုဆိုတာဘာလဲ။

ဖြေ။ ။၅-ခုဆိုတာ ဥပါဒါနက္ခန္ဓာ ၅-ပါးကိုခေါ်တယ်။

မေး။ ။၆-ခုဆိုတာဘာလဲ။

ဖြေ။ ။၆-ခုဆိုတာ အဇ္ဈတ္တိကာယတန ၆-ပါးကို ခေါ်တယ်။

မေး။ ။၇-ခုဆိုတာဘာလဲ။

ဖြေ။ ။၇-ခုဆိုတာ ဝိညာဏဋ္ဌိတိ ၇-ပါး၊ ဗောဇ္ဈင် ၇-ပါးကို ခေါ်တယ်။

မေး။ ။၈-ခုဆိုတာဘာလဲ။

ဖြေ။ ။၈-ခုဆိုတာ လောကဓံတရား ၈-ပါး၊ မဂ္ဂင် ၈-ပါးကို ခေါ်တယ်။

မေး။ ။၉-ခုဆိုတာ ဘာလဲ။

ဖြေ။ ။၉-ခုဆိုတာ သတ္တာဝါ ၉-ပါးကို ခေါ်တယ်။

မေး။ ။၁၀-ခုဆိုတာဘာလဲ။

ဖြေ။ ။၁၀-ခုဆိုတာ အကုသိုလ်ကမ္မပထတရား ၁၀-ပါးနဲ့ ကုသိုလ်ကမ္မပထတရား ၁၀-ပါးကို ခေါ်တယ်။

[မှတ်ချက်။ ။ဤပြဿနာ ၁၀-ချက်ကို ကလေးသူငယ်များ အား သင်ကြားပေးရန်သူငယ်တန်းသင်အဖြစ်၊ခုဒ္ဒကပါဠ အဌကထာတွင်လာသော ပြဿနာများဖြစ်သည်။ ဤ ပြဿနာ ၁၀-ခုအနက်မှ တခုခုကိုမှန်မှန်ကန်ကန် ပိုင်ပိုင် နိုင်နိုင်သိလျှင် မဂ်ဖိုလ် ရနိုင်ပေသည်။ ခုဘာဝမှာပင် နိဗ္ဗာန်ကို မျက်မှောက်ပြုပါသည်။ သူလိုငါလို တော်ရုံ တန်ရုံသိသော အသိမျိုးကို ဆိုလိုသည်မဟုတ်ပါ။ မဂ် ဉာဏ်ဖိုလ်ဉာဏ် ရနိုင်လောက်သော အသိထူးကိုသာ ဆို လိုပါသည်။ စာရေးသူ။]

---

## မိတ်ဆွေကောင်းဟူသည်

တခါသော် အစေလကဿပသည်၊ မစ္ဆိတာသဏ္ဍာသို့ ဆိုက် ရောက်လာပါသည်။ အစေလကဿပသည် စိတ္တသူကြွယ်၏ သူငယ်ချင်းဟောင်းတဦးဖြစ်၏။ စိတ္တသူကြွယ်သည် သူငယ်ချင်း ဟောင်း အစေလကဿပ ရောက်ရှိလာသောသတင်းကို ကြားသိ ရ၍ဝမ်းမြောက်ဝမ်းသာ သွားရောက်တွေ့ဆုံနှုတ်ဆက်လေသည်။ တယောက်နှင့်တယောက် ဝမ်းမြောက်ဝမ်းသာပြောဆိုနှုတ်ဆက် ပြီးနောက်....

စိတ္တသူကြွယ်။ ။အရှင်သက်န်းဝတ်ပ၊၂ ဘယ်လောက်ကြာပါ ပြီလဲ။

အစေလကဿပ။ ။သူကြွယ် အနှစ် ၃၀ တောင်ရှိပါပြီ။

မေး။ ။အရှင်သည် နှစ်ပေါင်း ၃၀ အတွင်းမှာ သာမန်လူသားတို့ ရနေကျတရားထက် သာလွန်မြင့်မြတ်သော ပုဂ္ဂိုလ်ထူးများသာ ရထိုက်သော တရားထူးတခုခုကို ရရှိပါပြီလားဘုရား။

ဖြေ။ ။သူကြွယ် (၁) အဝတ်မဝတ်ပဲနေတဲ့ နဂ္ဂယျအကျင့် (၂) ကတုံးရိတ်တတ်တဲ့ မဏ္ဍေယျအကျင့် (၃) ထိုင်ရာမှထတဲ့အခါ တင်ပါးဖုံခါရန် ဥဒေါင်းမြီးကိုကိုင်တဲ့ ပါဝဋ္ဋနိပ္ဖေါ္ဋနအကျင့် အဲဒီ အကျင့် ၃ မျိုးမှတပါးဘာတရားမှ ထူးထူးခြားခြား မရသေးပါ....ဟု ဖြေကြား၏။ ဆက်လက်၍....

**အစေလကဿပ**။ ။သူကြွယ် သင်လဲ ဂေါတမဗုဒ္ဓရဲ့ တပည့်သာဝက ဥပါသကာဖြစ်တာ ဘယ်လောက်ကြာပြီလဲ။

**စိတ္တသူကြွယ်**။ ။အရှင်ကဿပ အနှစ် ၃၀ ရှိပါပြီ။

မေး။ ။သူကြွယ်၊ သင်လဲ နှစ်ပေါင်း ၃၀ အတွင်းမှာ မည်သို့သောတရားထူးများ ရရှိပါသလဲ။

ဖြေ။ ။အရှင်အစေလကဿပ၊ အကျွန်ုပ်သည် ကာမကိလေသာနှင့် အကုသိုလ်တရားတွေမှ ကင်းဆိတ်ပြီး ပဌမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကို အလိုရှိတိုင်း၊ စိတ်တိုင်းကျ ဝင်စားနိုင်ပါသည်။ အကျွန်ုပ်သေပါလျှင် ကျောင်းဒါယကာကြီး စိတ္တ သူကြွယ်ဟာ သံယောဇဉ်ကင်းသွားပြီ၊ ကာမဘုံသို့ ပြန်မလာတော့ဘူးဟု ဘုရင်းရှင်မိန့်တော်မူမည်မှာ မလွဲပါဘုရား။

[အနာဂါမ်ဖြစ်ပြီဟု ပြောဆိုခြင်းဖြစ်သည်။]

ထိုအခါ အစေလကဿပသည် "အချင်းတို့ ကောင်းစွာဟောကြားအပ်သော တရားတော်များသည် အလွန်တရာ အံ့ဩဘွယ်ရာကောင်းလှပေသည်။ အိမ်ရာတည်ထောင်ပြီး လူ့ဘောင်မှာနေတဲ့ လူဝတ်ကြောင်များတောင်မှ ပုဂ္ဂိုလ်ထူးများသာ ရသင့်ရထိုက်တဲ့ တရားထူးတရားမြတ်ကို ရရှိကြပါပေသည်"ဟု ချီးကျူးပြောဆိုလေ၏။

"သူကြွယ် ငါလဲဘဲ ဘုရားသာသနာမှာ ရှင်ရဟန်းအဖြစ်ကို ရရှိလိုပါသည်။ ဆောင်ရွက် ပေးပါ"ဟု တောင်းပန်လေ၏။

စိတ္တသူကြွယ်သည်၊ လူ့ဘဝက သူငယ်ချင်းဟောင်း ဖြစ်ခဲ့သော အစေလကဿပကို မထေရ်မြတ်တို့ထံခေါ်သွား၍ "အရှင်မြတ်တို့ဘုရား ဟောဒီ အစေလကဿပကို ရှင်ရဟန်းပြုပေးတော်မူကြပါဘုရား၊ တပည့်တော်ပစ္စည်းလေးပါး တာဝန်ယူပါသည်ဘုရား"ဟု လျှောက်ထားလေ၏။

မထေရ်မြတ်တို့သည် အနာဂါမ်ကျောင်းဒါယကာသူကြွယ်ကြီး လျှောက်ထားချက်အတိုင်း၊ အစေလကဿပကို ရှင်ရဟန်းပြုပေးတော်မူကြလေ၏။ အစေလကဿပ ရဟန်းအဖြစ်ကိုရ၍ တရားကို အလွန်အမင်းကြိုးစားအားထုတ်သည့်အတွက် မကြာမီပင် ရဟန္တာဖြစ်ရှိသွားလေ၏။

[မှတ်ချက်။ ။စိတ္တသူကြွယ်သည်အကျိုးရှိအောင်ဆောင်ရွက်ပေးတတ်သော သူငယ်ချင်းကောင်း ပီသလှ

ပါပေသည်။ ဤကဲ့သို့ အဘိုးတန် သူငယ်ချင်းကောင်းများကို ယုံကြည်ကိုးစားထိုက်သည်။ ပေါင်းသင်းဆက်သွယ်ထိုက်သည်။ မိမိအလိုလိုက် အကြိုက်သာပေးပြီး မကောင်းတဲ့ဘက်ကိုသာ မဲ့ဆွယ်တတ်သော သူငယ်ချင်းယုတ်များကို အထူးသဖြင့်ရှောင်ရှားသင့်သည်။လောကကြီး၌ အပေါင်းကြောင့် ဂုဏ်တက်တာနည်း၍ အပေါင်းကြောင့် ဂုဏ်ပျက်သည်ကများလေသည်။စားရသောက်ရတုန်း ပေါင်းသင်း၍ ဒုက္ခရောက်သည့်အခါ ရှောင်သွားတတ်သော အပေါင်းအသင်းက များလေသည်။ အထူးသဖြင့် မကောင်းသောလမ်းဖြစ်သည့် အသောက်အစား လောင်းကစားနှင့် အပျော်အပါးကို ဆွယ်တတ်မြှူတတ်သော သူငယ်ချင်းများကို အထူးရှောင်ရှားသင့်လှပေသည်။ စာရေးသူ]

---

## စကြဝတေးမင်း မလုပ်ချင်သူ

အခါတပါး အနာဂါမ် စိတ္တသူကြွယ်ကြီးသည်၊ ရောဂါဝေဒနာ ဖိစီးနှိပ်စက်လာသည့်အတွက် အပြင်းအထန် ဝေဒနာခံစားနေရလေသည်၊ ထိုအချိန်တွင် နတ်ပေါင်းများစွာတို့သည် စိတ္တသူကြွယ်ထံလာပြီး "သူကြွယ်ကြီး နောက်ဘဝ၌ စကြဝတေးမင်းဖြစ် နိုင်ပါသည်။ စကြဝတေးမင်း၏အဖြစ်ကို လိုလားတောင်းတပါလော့"ဟု တိုက်တွန်းကြလေ၏။

ထိုအခါ စိတ္တသူကြွယ်က "အသင်နတ်သားတို့၊ လောကကြီးမှာ စကြာမင်းရဲ့ စည်းစိမ်ဆိုတာလဲ မီးရှိန်လိုပူတာဘဲ၊ ဘာမှ

ခိုင်တာမြဲတာမဟုတ်ဘူး၊ ဒါတွေကို ဘာမှမလိုချင်ဘူး၊ ဒါတွေဟာ စွန့်လွှတ်သင့်တဲ့ အရာတွေသာဖြစ်တယ်”ဟု နတ်တွေကို ပြန်ကြား ပြောဆိုလိုက်သည်။

## ဂယောင်ဂတမ်း

ထိုအခါ အနားတွင် လူနာစောင့်နေကြသော ဆွေမျိုးသားချင်း အပေါင်းတို့က “အရှင်သူကြွယ်၊ သတိ ထားပါ၊ ဂယောင်ဂတမ်း ယောင်ရမ်းပြောဆိုမနေပါနှင့်”ဟု တောင်းပန်ကြလေ၏။

မေး။ ။ငါ့ဘာတွေများ ဂယောင်ဂတမ်း ယောင်ရမ်းပြောဆိုနေလို့လဲ။

ဖြေ။ ။နတ်တွေနှင့်ပြောဆိုနေသံကို ကြားရပါသည်ဟု ၎င်းတို့ကြားရသည့်အတိုင်း သားချင်းများက ပြန်ပြောလေသည်။

စိတ္တသူကြွယ်။ ။သားချင်းတို့၊ ငါဟာ ဂယောင်ဂတမ်းနှင့် ယောင်ရမ်း ပြောဆိုနေတာမဟုတ်ဘူး၊ နတ်တွေဟာ ငါ့ကို စကြာမင်းလုပ်ဘို့ လာပြီးတိုက်တွန်းနေလို့ စကြာမင်း စည်းစိမ်ဆိုတာလဲ မီးရှိန်လိုပူတာဘဲ၊ ဘာတခုမှ ခိုင်တာမြဲတာမဟုတ်ဘူး၊ ဒါတွေဟာ စွန့်လွှတ်သင့်တဲ့ အရာတွေသာဖြစ်တယ်လို့ နတ်တွေကိုပြန်ကြားပြောဆိုနေခြင်းဖြစ်တယ်ဟု စိတ္တသူကြွယ်က ရှင်းပြလေ၏။

ထိုအခါ ဆွေမျိုးသားချင်းများက “အရှင်သူကြွယ်ကြီး၊ ဘယ်လိုအကျိုးထူးတရားတွေမြင်လို့ နတ်တွေက လာရောက် တိုက်တွန်းပါသလဲ”

"သားချင်းတို့၊ နတ်တွေက စိတ္တသူကြွယ်ဟာ အကျင့်သီလနှင့် ပြည့်စုံတယ်၊ သမာဓိရှိတယ်၊ စိတ်နေစိတ်ထား မြင့်မြတ်ဖြူစင်တယ်၊ဒါကြောင့် သူလိုချင်လို့ရှိရင် တောင့်တလို့ရှိရင် စကြဝတေးမင်းတောင် ဖြစ်နိုင်တယ်ဆိုတာ သိလို့ တရားသဖြင့် မင်းပြုဘို့ လာရောက်တောင်းပန်ကြခြင်းဖြစ်တယ်။

"လောကမှာ တရားရှိတဲ့ပုဂ္ဂိုလ်များဟာ တရားနှင့် လျော်တဲ့အကျိုး ခံစားခွင့်ရှိတယ်ဆိုတာ နတ်တွေမြင်သိလို့ တောင်းပန်ကြခြင်းဖြစ်တယ်"ဟု မိန့်ကြားသည်။

"ဒီလိုဆိုရင် အရှင်သူကြွယ်ကြီး၊ အကျွန်ုပ်တို့အားလည်း ဆိုဆုံးမပြီး ဩဝါဒပေးသနားပါအုံး"ဟု သားချင်းအပေါင်းက တောင်းပန်ကြလေ၏။

## စိတ္တသူကြွယ်၏ဩဝါဒ ၄-ချက်

"သားချင်းတို့....

မြတ်စွာဘုရား၏ ဂုဏ်တော် ၉-ပါးကို သက်ဝင် ယုံကြည်ကြကုန်လော့။

တရားတော်မြတ်၏ ဂုဏ်တော် ၆-ပါးကိုလည်း သက်ဝင် ယုံကြည်ကြကုန်လော့။

သံဃာတော်အရှင်မြတ်၏ ဂုဏ်တော် ၉-ပါးကိုလည်း သက်ဝင်ယုံကြည်ကြကုန်လော့။

လှူဘွယ်ဝတ္ထုပစ္စည်းများ၌ အလှူခံသီလဝန် အရှင်မွန်အရှင်ကောင်းတွေနှင့် မခွဲခြမ်းသူဖြစ်အောင် ကျင့်ကြ

လော့”ဟု ဩဝါဒ ၄-ချက်ပေးခဲ့ပြီး၊ စိတ္တသူကြွယ်သည် ဇီဝိန်ချုပ်၍သွားလေ၏။

## မံ ရှုဘဲ စားရိုး ထုံးစံမရှိ

[ရှင်းလင်းချက်။ ။အလှူခံသီလဝန် အရှင်မွန် အရှင်ကောင်းတွေနဲ့ မခွဲခြမ်းရဘူးဆိုတာက အရှင်မွန် အရှင်ကောင်းတွေကို ဒါလောက်တော့လှူမည်၊ ဒါတွေကတော့ ငါတို့စားသုံးမည်ဟု ခွဲခြမ်းခြင်း ဝေဖန်ခြင်း မပြုလုပ်ရဟုဆိုလိုသည်။ ဤနေရာ၌ အရှင်မွန်အရှင်ကောင်းများကိုသာ ဆိုလိုသည်။ ရွှေငွေကိုကိုယ်တိုင်ခံယူပြီး မအပ်တဲ့ပိုက်ဆံကို ကိုယ်တိုင်ခံယူနေသော သင်္ကန်းဝတ်များကို ဆိုလိုသည် မဟုတ်ပါ၊ အကျင့်စာရိတ္တ ပြည့်စုံသော ရဟန်းသံဃာများကိုသာ ဆိုလိုပါသည်။

အရှင်မွန်အရှင်ကောင်းတွေနှင့်ကျတော့ မိမိကိုယ်နှင့် တထပ်တည်း ထားရမည်။ ဥပမာ ပဉ္စဂ္ဂပုဏ္ဏားကြီးသည် စားသောက်နေဆဲ အာဟာရကိုပင် မြတ်စွာဘုရားအား လှူဒါန်းခဲ့ဘူးသည့်သာဓကရှိသည်။ “စားသောက်နေဆဲ ဖြစ်၍မလှူနိုင်ဘူး၊ မလှူကောင်းဘူး”ဟု သဘောမထားအပ်ပါ၊ “လှူကောင်းတယ်၊ လှူသာလှူပါ”ဟု ဆိုလိုသည်။ “အလှူခံတွေအတွက်တော့ လှူပြီးပြီ၊ ငါ့အတွက် ငါ့ဘို့ဘဲ ကျန်တော့တယ်လို့လဲ သဘောမထားသင့်ဘူး။ အကယ်၍ အလှူခံနှင့်ကြုံမယ်ဆိုမယ်ဆိုရင် ထပ်၍ထပ်၍ သာ လှူဒါန်းနိုင်ရမည်။

ဒုဋ္ဌဂါမဏိမင်းကြီး မိန့်ကြားခဲ့သလို “ငါတို့အမျိုးဟာ အစားတလုပ်ကိုသော်မှ မလှူဘဲ စားလေ့မရှိဘူး” ဆိုသည့်စကားကို အမြဲတန်း နှလုံးသွင်းသင့်သည်ဟု ဆိုလိုသည်။ စာရေးသူ]

## အကြမ်းနှင့်အနု

စဏ္ဍာအမည်ရှိသော ရွာသူကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာ ရှိခိုးပြီးလျှင် ဤစကားကိုလျှောက်ထားလေ၏။

စဏ္ဍာရွာသူကြီး။ ။အရှင်ဘုရား၊ အချို့သော လူတွေကို ကြမ်းတမ်းတဲ့သူ၊ လူကြမ်းကြီး၊ လူရမ်းကြီးဟု ခေါ်ဆိုနေကြပါသည်ဘုရား၊ ထိုသို့ခေါ်ဆိုရခြင်း၏အကြောင်းရင်းကား အဘယ်သို့ပါနည်း၊ အထောက်အပံ့ကား အဘယ်သို့ပါနည်း–

“အရှင်ဘုရား၊ လောကကြီး၌ တချို့လူတွေကို သိမ်မွေ့သူ၊ သိမ်မွေ့သူဟု ခေါ်ဆိုနေကြပါသည်ဘုရား၊ ထိုသို့ခေါ်ဆိုရခြင်း၏အကြောင်းရင်းကားအဘယ်နည်း၊ အထောက်အပံ့ကား အဘယ်နည်း”

ဗုဒ္ဓ။ ။စဏ္ဍာရွာသူကြီး၊ လောကကြီးမှာ တချို့လူတွေဟာ စွဲမက်မှုရာဂ မပယ်နိုင်ကြသေးဘူး။ အမျက်ထွက်မှုဒေါသကို မပယ်နိုင်ကြသေးဘူး၊ တွေဝေမှု မိုက်မဲမှုမောဟကိုမပယ်နိုင်ကြသေးဘူး၊ အဲဒီတရား ၃-ပါးကို မပယ်နိုင်ကြသေးတဲ့အတွက် သူတပါးတွေက အမျက်ထွက်အောင်၊ စိတ်ဆိုးအောင် ပြုလုပ်လာတဲ့အခါ ဒေါသအမျက် ချောင်းချောင်း ထွက်လာကြတယ်၊ အကြီး

အကျယ် စိတ်ဆိုးလာကြတယ်။ အဲဒီလိုစိတ်ဆိုးသူအမျက်ထွက်သူကို လူကြမ်းကြီး လူရမ်းကြီးလို့ ခေါ်ဆိုကြတယ်၊ အဲဒီလိုဖြစ်တာဟာ လူကြမ်းကြီးလူရမ်းကြီးလို့ ခေါ်ဆိုရခြင်း၏ အကြောင်းရင်းဘဲ အထောက်အပံ့ဘဲ”ဟု မိန့်ဆိုတော်မူ၏။ ဆက်လက်၍....

“စဏ္ဍရွာသူကြီး၊ တချို့လူတွေဟာ စွဲမက်မှု-ရာဂ၊ အမျက်ထွက်မှု-ဒေါသ၊ တွေဝေမိုက်မဲမှု-မောဟ၊ အဲဒီတရား ၃-ပါးကို ပယ်အပ်ပြီ၊ အဲဒီလိုပယ်လိုက်တဲ့အတွက် သူတပါးတွေက အမျက်ထွက်အောင်၊ စိတ်ဆိုးအောင် ပြုလုပ်ကြသော်လဲ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း မရှိတော့ဘူး၊ အဲဒီလိုမရှိတဲ့အတွက် အဲဒီလူတွေကို သိမ်မွေ့သူ၊ သိမ်မွေ့သူဟု ခေါ်ဆိုကြရတယ်။ အဲဒီလိုခေါ်ဆိုရခြင်း၏ အကြောင်းရင်းကား အဲဒါတွေဘဲ၊ အထောက်အပံ့ကလဲ အဲဒါတွေဘဲ”ဟု မိန့်ကြားတော်မူ၏။

## အိုဘယ့်ဇာတ်ဆရာ

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တာလ ပုဋ္ဌ အမည်ရှိတဲ့ ဇာတ်ဆရာကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ ရိုသေစွာရှိခိုးပြီးလျှင် ဤစကားကို လျှောက်ထားလေ၏။

**တာလပုဋ္ဌဇာတ်ဆရာ။**

မေး။ ။ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား ပွဲလယ်ခေါင် ဇာတ်စင်ပေါ်ကနေပြီး၊ မှားတာမှန်တာတွေ အပထား၍ လူအများ ပျော်ရွှင်

လာအောင် သရုပ်ဆောင်နေကြရတဲ့ က,ချေသည် သဘင်သည်တွေ သေသွားတဲ့အခါ ပဟာသဆိုတဲ့ နတ်ပြည်ရောက်တယ်၊ ပဟာသနတ်မင်းကြီး၏ အသင်းဝင်ဖြစ်တယ်လို့ ပြောဆိုနေကြတဲ့ ရှေးရှေးသော ဆရာ့ ဆရာကြီးများဖြစ်သော သဘင်သည်တို့၏စကားများကို ကြားဘူးပါတယ်ဘုရား၊ ရှင်ထော်မြတ်ဘုရားသည် သူတို့ပြောတဲ့စကားကို အဘယ်သို့ ဆိုလိုတော်မူပါသနည်းဘုရား" ဟု လျှောက်ထား၏။

ထိုအခါ ဗုဒ္ဓက "ဇာတ်ဆရာကြီး၊ မတော်ဘူး၊ ဒီစကားကို ဒီတွင်ဘဲရပ်၊ ရှေ့ဆက်ပြီး ငါ့ကိုမမေးနှင့်"ဟု တားမြစ်တော်မူလေ၏။

တာလပုဋ္ဌ ဇာတ်ဆရာကြီးသည် မြတ်စွာဘုရားသခင် တားမြစ်သော်လည်း ဇွတ်အတင်းပင် ၃-ကြိမ်တိုင်အောင် ဆက်တိုက် လျှောက်ထားလေ၏။ ထိုအခါ ဘုရားရှင်ကိုယ်တော်မြတ်က–

"ဇာတ်ဆရာကြီး၊ အတန်တန် ငါဘုရား တားမြစ်လို့မရတဲ့အတွက် ဖြေကြားပေတော့အံ့။

"ဇာတ်ဆရာကြီး၊ သတ္တဝါတွေဟာ နဂိုမူလ အစကတဲက စွဲလမ်းမှု တဏှာရာဂနှောင်ကြိုးနဲ့ တုတ်နှောင်ခံနေကြရတယ်။ အဲဒီလူတွေကို ဇာတ်စင်ပေါ်ကနေပြီး စွဲသည်ထက်စွဲအောင် ပြုမူလုပ်ဆောင်ကြတယ်။ သတ္တဝါတွေဟာ နဂိုကမှ ဒေါသကြီးရတဲ့အထဲ ဇာတ်စင်ပေါ်ကနေပြီး ဒေါသအမျက် ချောင်းချောင်းထွက်အောင် သရုပ်ဆောင်ကြပြန်တယ်။ ဇာတ်ဆရာကြီး၊ သတ္တဝါတွေဟာ

နဂိုမူလ အစကထဲကိုက မောဟဖုံးလွှမ်းနေကြတယ်။ မေ့လျော့ ယစ်မူးနေကြတယ်။ မောဟ အမိုက်မှောင်ထဲမှာ အသဲခိုက်အောင် ပျော်ပိုက်နေကြတယ်။ မောဟ နှောင်ကြိုးနဲ့ အတုတ်အနှောင် ခံနေကြရတယ်။ နဂိုကမှ မောဟထူပြောလှတဲ့ သတ္တဝါတွေကို ဇာတ်သဘင်သည် က,ချေသည်တွေက တွေဝေသည်ထက် တွေဝေလာအောင်၊ မေ့လျော့သည်ထက် မေ့လျော့လာအောင်၊ ယစ်မူးသည်ထက် ယစ်မူးလာအောင် သရုပ်ဆောင်ပြကြတယ်။ အဲဒီဇာတ်သဘင် ပညာသည်တွေဟာ မိမိကိုယ်တိုင်ကလဲ မေ့လျော့ ယစ်မူးနေကြတယ်။ ပွဲကြည့် ပရိသတ်ကိုလဲ မေ့လျော့ယစ်မူးစေကြတယ်။ အဲဒီလိုပြုလုပ်တဲ့အတွက် ခန္ဓာပျက်ကြွေ သေလွန်တဲ့နောက်မှာ ပဟာသငရဲသို့ ကေန်အမှန် ကျရောက်ကြလိမ့်မယ်။

"ပွဲထဲမှာ မှန်တာမမှန်တာ အပထား၊ ဟုတ်တာမဟုတ်တာဘေးချိတ်ပြီး လူတွေကို မူးလာအောင်ရူးလာအောင်၊ မြူးလာအောင်၊ ပျော်လာအောင်၊ ရွှင်လာအောင် လုပ်ဆောင်တဲ့အတွက် ပဟာသမည်သော နတ်တွေရဲ့ အသင်းအပင်းမှာဖြစ်တယ်လို့ ပြောတဲ့စကားဟာ မဟုတ်မမှန် လုပ်ကြံပြောတဲ့စကားဖြစ်တယ်။ အလကားစကား၊ မုသားစကားဖြစ်တယ်။ အဲဒီလိုယူရင်လဲ အဲဒီအယူဟာ အလွန်မှားယွင်းတဲ့ မိစ္ဆာအယူသာဖြစ်တယ်။ မှားယွင်းတဲ့အယူကို ယူတဲ့လူတိုင်း၊ လူပုဂ္ဂိုလ် သတ္တဝါတိုင်းဟာ ငရဲကျရင်ကျ၊ ငရဲမကျရင် ခွေး-ဝက်-စတဲ့ တိရစ္ဆာန်ဖြစ်မှာ သေချာတယ်။ အဲဒီ ၂-ခုကလွဲပြီး ဘာ

တခုမှ မဖြစ်နိုင်ဘူး”ဟု ရှင်းလင်းပြတ်သားစွာ ဟော ကြားတော်မူလေ၏။

ထိုကဲ့သို့ ဗုဒ္ဓက ရှင်းလင်းမိန့်ကြားတော်မူသောအခါ တာလ ပုဋ္ဌ ဇာတ်ဆရာကြီးက ချုံးပွဲချ၍ ငိုကြွေးလေ၏။ ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင်ကျလေ၏။

“ဇာတ်ဆရာကြီး၊ မတော်ဘူး၊ ဒီစကားကို ဒီတွင်ဘဲ ရပ်တော့၊ ငါ့ကို ရှေ့ဆက်မမေးနဲ့လို့ အတန်တန် ငြင်း ပယ်ရက်သားနဲ့ ဆက်မေးတဲ့အတွက် အခုတော့ ငိုပွဲ ဆင်ရပြီမဟုတ်လား”

“အရှင်ဘုရား၊ မြတ်စွာဘုရား ဟောကြားတော်မူ သော စကားကြောင့် တပည့်တော် ငိုကြွေးတာမဟုတ် ပါဘုရား။ ဇာတ်သမား သဘင်သည်တွေဟာ သေသွား တဲ့အခါ ပဟာသနတ်ပြည်ရောက်တယ်၊ ပဟာသဆိုတဲ့ နတ်တွေဖြစ်တယ်လို့ ဟိုရှေးရှေးက ဆရာ့ဆရာကြီးများ ဖြစ်တဲ့ က,ချေသည်၊ သဘင်သည်များက ရက်စက်ယုတ် မာစွာ အချိန်အကြာကြီး အလိမ်အညာ ခံနေရတာကို တွေးမိတိုင်း ရင်နာလွန်းလို့ ငိုကြွေးမိခြင်း ဖြစ်ပါသည် ဘုရား”ဟု လျှောက်ထားလိုက်လေ၏။

တာလပုဋ္ဌဇာတ်ဆရာကြီးသည် ဘုရားရှင်ထံတွင် ရှင်ရဟန်း အဖြစ် ခွင့်တောင်း၍ ရဟန်းအဖြစ်ရလျှင် လွန်စွာ ကြိုးစားအား ထုတ်သည့်အတွက် မကြာမြင့်မီ ရဟန္တာတပါးဖြစ်၍သွားလေ၏။

## သူယုတ်မာတွေ နတ်ပြည်ရောက်အောင်

အခါတပါး မြတ်စွာဘုရားသည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါ အသိဗန္ဓကဏ်၏သား ရွာသူကြီးသည် မြတ်စွာဘုရားထံ သွားရောက်၍ ရိုသေစွာရှိခိုးပြီး ဤစကားကိုလျှောက်ထားလေ၏။

**အသိဗန္ဓကဏ်၏သား ရွာသူကြီး။**

**မေး။** ။ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့် ပြည့်စုံကျော်ကြား ရှင်တော်မြတ်ဘုရား၊ ရေကရားကိုကိုင်၊ မှော်ပန်းပန်၊ ရေထဲဆင်း၊ မီးကိုလုပ်ကျွေးပြီး ပစ္ဆာဘူမိ၌နေတဲ့ပုဏ္ဏားတွေဟာ သေသွားတဲ့လူတွေကို အထက်ကိုရောင်ခအောင်လုပ်နိုင်တယ်၊ နတ်ပြည်ရောက်အောင် လုပ်နိုင်တယ်ဟု ပြောဆိုနေကြပါတယ်ဘုရား။

"ပူဇော်ကြည်နူး၊ ထူးသောအလှူကို ခံတော်မူထိုက်သော ရှင်တော်မြတ်ဘုရား။ ရှင်တော် မြတ်ဘုရားသည်၊ သေသွားတဲ့ လူတွေအားလုံးကို နတ်ပြည်ရောက်အောင် ပို့ဆောင် နိုင်ပါသလားဘုရား"

**ဖြေ။** ။ဒါယကာ ရွာသူကြီး၊ ဒီလိုဆိုရင် ဒီကိစ္စအတွက် သင့်ကိုဘဲပြန်ပြီး မေးခွန်းထုတ်ရအုံးမယ်၊သင့်စိတ်ထဲ သဘောတဲ ထင်မြင်တဲ့အတိုင်းသာ ဖြေကြားပေတော့။

"ရွာသူကြီး၊ ဒီအမေး ပုစ္ဆာကို ဘယ်လို ထင်မြင်ယူဆသလဲ၊ လောကကြီးမှာ လူတယောက်ဟာ သူ့အသက်ကို သတ်လေ့ရှိတယ်၊ သူ့ဘပါးပစ္စည်းကို ခိုးယူလေ့ရှိတယ်၊ သူ့တပါး သားမယားကို ပြစ်မှားလေ့ရှိတယ်၊

မဟုတ်မမှန်တဲ့ စကားကို ပြောကြားလေ့ရှိတယ်၊ ကုန်း တိုက်တဲ့စကားကိုပြောဆိုလေ့ရှိတယ်၊ ဆဲဆိုကြိမ်းမောင်း လေ့ရှိတယ်၊ အကျိုးမရှိ အဓိပ္ပါယ်မရှိသော စကားဖျင်း တွေကို ပြောလေ့ရှိတယ်၊ အဘိဇ္ဈာများတယ်၊ သူတပါး ကိုဖျက်ဆီးလိုတယ်၊ မှားယွင်းတဲ့အယူကိုမှ ယူလေ့ရှိတယ်၊ အဲဒီလူမျိုး သေဆုံးသွားတဲ့အခါ ကောင်းရာ သုဂတိ ရောက်ပါစေဆိုပြီး လူတွေထောင်ပေါင်းများစွာစုပေါင်း ဝိုင်းအုံပြီး အထပ်ထပ် အခါခါ ဆုတောင်းပတ္ထနာ ပြု ကြမယ်၊ ချီးမွမ်းကြမယ်၊ တောင်းပန်ကြမယ်၊ အဲဒီလို စုပေါင်းပြီး ဆုတောင်းပတ္ထနာ ပြုလုပ်တဲ့အတွက် အဲဒီ လူဟာ ကောင်းရာ သုဂတိဖြစ်တဲ့ နတ်ပြည် နတ်ရွာကို ရောက်နိုင်ပါသလား"

"ဘယ်နည်းနဲ့မှ မရောက်နိုင်ပါဘုရား"

"ရွာသူကြီး၊ ဥပမာ အားဖြင့် လူ တယောက်ဟာ အင်မတန်ကြီးမားလှတဲ့ကျောက်တုံးကြီးတတုံးကို အလွန် နက်တဲ့ရေအိုင်ကြီးထဲ ပစ်ချလိုက်မယ်။ ပြီးတော့ လူတွေ အများကြီးခေါ်ပြီး 'အို....ကျောက်တုံးကြီး အပေါ်ကို ပေါ်လာပါလော့၊ ကုန်းပေါ်ကို တက်လာပါလော့'လို့ ဝိုင်းပြီးပြောဆိုတောင်းပန်ကြမယ်။ လက်အုပ်ချီမိုးရှိခိုးပြီး ဆုတောင်းပတ္ထနာ ပြုကြမယ်ဆိုရင်၊ အဲဒီ ကျောက်တုံး ကြီးဟာ လူအပေါင်းတို့၏ ဆုတောင်း ပတ္ထနာကြောင့် အပေါ်သို့ တက်လာနိုင်ပါ့မလား၊ ဖြစ်ကော ဖြစ်နိုင်ပါ့ မလား"

"ရှင်တော်ဘုရား.... အပေါ်လဲ တက်မလာနိုင်ပါ၊ ဖြစ်လဲမဖြစ်နိုင်ပါဘုရား"

"ရှာသူကြီး၊ အဲဒီဥပမာလိုဘဲ မကောင်းမှုကို တခုမချန်အကုန်လုပ်ပြီး သေသွားတဲ့လူကို နတ်ပြည်ရောက်ပါစေ၊ ကောင်းရာသုဂတိရောက်ပါစေဆိုပြီး လူစုလူဝေးနဲ့ ဝိုင်းပြီးဆုတောင်းပတ္တနာပြုလုပ်သော်လဲ မကောင်းတဲ့လူတွေ သွားရာလမ်းဖြစ်တဲ့ အပါယ်ငရဲကိုဘဲ ရောက်ကြသွားကြရမှာဘဲ"ဟု မိန့်ဘော်မူ၏။ ဆက်လက်၍—

"ရှာသူကြီး၊ ဤလောကကြီးမှာ တချို့လူတွေဟာ သူ့အသက်ကိုမသတ်ဘူး၊ သူတပါးဥစ္စာကို မခိုးယူဘူး၊ သူတပါးအိမ်ရာကို မကျူးလွန်ဘူး၊ မဟုတ်မမှန် မပြောဆိုဘူး၊ကုန်းမတိုက်ဘူး၊ဆဲရေးတိုင်းထွာပြီး စကားမပြောဘူး၊ အကျိုးမရှိ အလကားစကားတွေကို မပြောဘူး၊ အဘိဇ္ဈာမရှိဘူး၊ သူတပါးကိုမဖျက်ဆီးလိုဘူး၊ မှားသောအယူဝါဒမရှိဘူး၊ မှန်ကန် ဖြောင့်မတ်သော အယူဝါဒကိုသာ ယူလေ့ရှိတယ်၊ အဲဒီလူကို လူတွေက ဝိုင်းပြီးဆုတောင်းကြတယ်။ အဲဒီလူအပါယ်ကျပါစေ ငရဲကျပါစေ ဆိုပြီး ဆုတောင်းကြတယ်၊ အဲဒီလို လူတွေဝိုင်းပြီး ဆုတောင်းကြတဲ့အတွက် ကျိန်ဆဲကြတဲ့အတွက် အဲဒီလူဟာ ငရဲရောက်နိုင်သလား၊ အပါယ်ကျနိုင်သလား"

"မရောက်နိုင်ပါဘုရား၊ မဖြစ်နိုင်ပါဘုရား၊ အရှုးအလုပ်နှင့်သာ တူပါသည်ဘုရား"

"ရှာသူကြီး....၊ ဥပမာအားဖြင့် လူတယောက်ဟာ ထောပတ်အိုး ဆီအိုးကြီးတွေကိုရေနက်ထဲဆင်း၍မြှုပ်ပြီး

ရိုက်ခွဲ ဖျက်ဆီးလိုက်တယ်။ အဲဒီလို မြုပ်ပြီး ခွဲလိုက်တဲ့ အတွက် အိုးခြမ်းကွဲအောက်ကျသွားပြီး ထောပတ်ဆီတွေ က ရေပေါ် တက်လာကြတယ်။ အဲဒီထောပတ်ဆီတွေကို လူတွေအများကြီး ဝိုင်းပြီး ဟဲ့ထောပတ်တွေ ဆီတွေ မြုပ်သွားကြတော့လို့ ဆုတောင်းမယ်။အဲဒီလိုဆုတောင်း တဲ့အတွက် အဲဒီ ထောပတ်တွေ ဆီတွေဟာ ရေထဲမြုပ် သွားသလား၊ ရေထဲ နစ်သွားသလား၊ ရေအောက်ကို ရောက်သွားသလား"

"ရောက်လဲမရောက်နိုင်ပါ၊ ဖြစ်လဲမဖြစ်နိုင်ပါဘုရား"

"ရွာသူကြီး၊ အဲဒီဥပမာအတိုင်းဘဲ။ တချို့လူတွေ ဟာ သူ့အသက်သတ်ခြင်းစသော မကောင်းတဲ့ ဒုစရိုက် လုပ်ငန်းတွေကို ရှောင်ကြဉ်တယ်။ အကျင့်သီလ ပြည့်စုံ တယ်၊ အဲဒီလိုကိုယ်ကျင့်သီလနှင့် ပြည့်စုံတဲ့သူ၊ ဒုစရိုက်မှု မကျူးလွန်တဲ့သူကို လူတွေဝိုင်းပြီး အဲဒီလူ သေသွားရင် ငရဲကျပါစေ၊ အပါယ်ရောက်ပါစေဆိုပြီး ဆုတောင်း ဆုယူပြုလုပ်ကြမယ်။ အဲဒီလိုလူတွေဝိုင်းပြီး ဆုတောင်းတဲ့ အတွက် အပါယ်ငရဲကို ရောက်နိုင်ပါသလား"

"မရောက်နိုင်ပါဘုရား"

"မှန်ပေတယ်။ ကောင်းရာသုဂတိဖြစ်တဲ့ နတ်ပြည် သို့သာ ကေန်ရောက်မှာဖြစ်ပေတယ်"ဟု ဗုဒ္ဓကမိန့်တော် မူ၏။

ထိုသို့မိန့်ကြားတော်မူသော် အသိဗန္ဓကၡ၏သား ရွာ သူကြီးက—

"အရှင်ဘုရား၊ တပည့်တော်အား ရာသက်ပန် ကိုး ကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား"ဟု လျှောက်ထားလေတော့သတည်း။

---

## သတ္တဝါများ၏ အကျိုးစီးပွား

အခါတပါး မြတ်စွာဘုရားသည် ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ်၊ အသိဗန္ဓကာ၏သား ရွာသူကြီးသည်၊ မြတ်စွာဘုရားထံသွားရောက်၍ ဤစကားကိုလျှောက်ထားလေ၏။

ရွာသူကြီး။ ။ဘုန်းတော် နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား၊ ရှင်တော်မြတ်ဘုရားသည်သတ္တဝါအများ၏ အကျိုးစီးပွားကို လိုလားတောင့်တလျက်နေသည် မဟုတ်ပါလားဘုရား။

ဗုဒ္ဓ။ ။မှန်တယ်ရွာသူကြီး၊ ငါဘုရားသည် သတ္တဝါအများ၏ အကျိုးစီးပွားကို လိုလား တောင့်တလျက် နေတော်မူ၏။

မေး။ ။ဒါဖြင့်ဘုရား၊ ရှင်တော် မြတ်ဘုရားသည် အဘယ်ကြောင့် သတ္တဝါအချို့အား ကောင်းမွန်စွာ တရားဟော၍ သတ္တဝါအချို့အား အဘယ်ကြောင့် ကောင်းမွန်စွာ တရားမဟောပါသနည်း။

ဖြေ။ ။ရွာသူကြီး....ဒီမေးခွန်းနှင့်ပတ်သက်လို့သင့်ကိုဘဲ ပြန်မေးရဦးမယ်၊ သင်စိတ်တိုင်းကျသာဖြေပေတော့။
'မှန်ပါ့ဘုရား'

ပုဒ္ဒ။ ။ရှာသူကြီး....သူကြွယ် လယ်သမားတဦးမှာ အကောင်း စားလယ်တကွက်၊ အလတ်စားလယ်တကွက်၊ အညံ့စား ကြွတ်တီးကုန်း မြေညံ့လယ်တကွက်ဟူ၍ လယ်သုံးကွက် ရှိတယ်ဆိုပါတော့။ အဲဒီသူကြွယ် လယ်သမား ကြီးဟာ စိုက်ပျိုးချိန်ရောက်လာတဲ့အခါ စိုက်ပျိုးတော့မယ် ဆိုရင် ဘယ်လယ်ကွက်ကို အရင်စိုက်ပျိုးမလဲ၊ အကောင်းဆုံး လယ်ကို စိုက်ပျိုးမှာလား၊ အလတ်စားလယ်ကို စိုက်ပျိုး မလား၊ အညံ့ဆုံးကြွတ်တီးကုန်းမြေညံ့လယ်ကို စိုက်ပျိုး မလား။

ဖြေ။ ရှင်တော်မြတ်ဘုရား....အကောင်းဆုံး လယ်မြေကို ပထမ အဦးဆုံးစိုက်ပျိုးပါလိမ့်မယ်။ နောက်မှ အလတ်စားလယ် မြေကိုစိုက်ပျိုးပါလိမ့်မယ်။ နောက်ဆုံးပိတ်မှသာ အညံ့ ကြွတ်တီးကုန်း လယ်မြေကို နွားစားမြက်လောက်ပဲ ရရ ဆိုတဲ့သဘောမျိုးနဲ့စိုက်ပျိုးပါလိမ့်မယ်ဘုရား.... မစိုက်ပဲ ထားတောင် လဲ ထားပါလိမ့်မယ်ဘုရား။

ပုဒ္ဒ။ ။ရှာသူကြီး.... ငါဘုရားရဲ့ တပည့် သာဝက ရဟန်း ယောကျ်ား၊ ရဟန်းမိန်းမများဟာ အကောင်းဆုံး လယ် အမျိုးအစားနှင့်တူတယ်။ သူတို့တတွေဟာ ငါဘုရားသာ လျှင်မှီခိုရာ၊ လည်းလျောင်းရာ၊ ပုန်းအောင်းရာ၊ကိုးကွယ် ရာရှိသောကြောင့်၊ သူတို့အား အစ၏ ကောင်းခြင်း။ အလယ်၏ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်း ရှိသော အနက်သဒ္ဒါနှင့်ပြည့်စုံသော တရားကို ငါဘုရားဟော ကြားတော်မူတယ်၊ အလုံးစုံပြည့်စုံပြီး ထက်ဝန်းကျင်

စင်ကြယ်သော အကျင့်မြတ်ကို ငါဘုရား ပြတော်မူတယ်။

ရှာသူကြီး.... ငါ၏ သီတင်းသည် ဥပါသကာ ယောကျ်ား၊ ဥပါသိကာမိန်းမများကတော့ အလတ်စား လယ်မြေများနှင့် တူတယ်၊ သူတို့ကိုလဲဘဲ ငါဘုရား သာ လျှင်မှီခိုရာ၊ လည်းလျောင်းရာ၊ ပုန်းအောင်းရာ၊ ကိုးကွယ် ရာရှိတဲ့အတွက်ကြောင့်၊ သူတို့အားလဲ စ-လယ်-အဆုံး သုံးပါးလုံးကောင်းခြင်းရှိသော အနက်သဒ္ဒါနှင့် ပြည့်စုံ သောတရားကို ငါဘုရား ဟောကြားတော် မူခြင်း ဖြစ် တယ်။ အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ် သော အကျင့်မြတ်ကို ပြတော်မူခြင်းဖြစ်တယ်။

'ရှာသူကြီး.... တိတ္ထိတွေမှ တပါးကြွင်းကျန် နေတဲ့ သမဏဗြာဟ္မဏပရိဗိုဇ်တွေကတော့အညံ့ဆုံး ကြတ်တီး ကုန်းလယ်မြေများနဲ့တူတယ်၊တပုဒ်ထဲဂါထာလောက် သိ ရမှတ်ရ၊ကြားရ၊နာရမယ်ဆိုရင်အချိန်ကြာမြင့်စွာအကျိုး ခံစားခွင့်ရှိနိုင်တယ်၊ စီးပွားချမ်းသာနှင့်ပြည့်စုံနိုင်တယ်ဆို တဲ့ရည်ရွယ်ချက်ဖြင့် စလယ်ဆုံး သုံးပါးစလုံးကောင်းခြင်း ရှိသောအနက်သဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော် မူခြင်းဖြစ်တယ်၊ ထက်ဝန်းကျင် စင်ကြင်သော အကျင့် မြတ်ကို ပြတော်မူခြင်းဖြစ်တယ်

"ရှာသူကြီး၊ နောက်ဥပမာတခု ပေးရဦးမယ်၊ လူ လူတယောက်မှာ ရေလှောင်အိုးကြီး ၃-လုံးရှိတယ်၊ တ လုံးက ပေါက်လဲမပေါက်၊ ယိုလဲမယို၊ စိမ့်လဲမစိမ့်ဘူး၊ တလုံးကတော့ ပေါက်တော့မပေါက်ဘူး၊ ယိုလဲယိုတယ်၊

စိမ့်လဲစိမ့်တယ်၊ နောက်ဆုံး တလုံးကတော့ ပေါက်လဲပေါက်၊ ယိုလဲယို၊ စိမ့်လဲစိမ့်တယ်၊ အဲဒီလူဟာ ရေလှောင်မယ်ဆိုရင် ဘယ်အလုံးကို ရေအရင်ထည့်မလဲ၊ ရေအရင်လှောင်မလဲ”

ပြေ။ ။အရှင်ဘုရား၊ ရေလှောင်မယ်ဆိုရင် မပေါက်မယိုမစိမ့်တဲ့ ရေလှောင်အိုးကြီးမှာ ပထမဆုံးရေထည့်၍ လှောင်ပါလိမ့်မယ်ဘုရား၊ နောက်မှမပေါက်ဘဲ ယိုရုံစိမ့်ရုံလောက်ရှိတဲ့အိုးမှာ ရေထည့်၍ လှောင်ပါလိမ့်မယ်၊ ပေါက်လဲပေါက်၊ ယိုလဲယို၊ စိမ့်လဲစိမ့်တဲ့အိုးမှာတော့ အနဲဆုံးအိုးဆေးရုံဘဲဖြစ်ဖြစ် ဆိုတဲ့သဘောနဲ့ ရေထည့်၍ နောက်ဆုံးမှ လှောင်လိမ့်မယ်ဘုရား။

ဗုဒ္ဓ။ ။ရွာသူကြီး၊ ပေါက်လဲမပေါက်၊ ယိုလဲမယို၊ စိမ့်လဲမစိမ့်တဲ့အိုးဟာ ငါ၏တပည့်သား ရဟန်းယောကျ်ား၊ရဟန်းမိန်းမများနှင့်တူတယ်။ မပေါက်ဘဲ ယိုရုံ စိမ့်ရုံလောက်အိုးဟာ၊ တပည့်ဒါယကာ ဒါယိကာမ၊ ဥပါသကာ ဥပါသိကာမများနှင့်တူတယ်။ အညံ့ဆုံး ပေါက်လဲပေါက်၊ ယိုလဲယို၊ စိမ့်လဲစိမ့်တဲ့အိုးဟာ တိတ္ထိတွေမှတပါး ကျန်တဲ့ သမဏဗြာဟ္မဏပရိဗိုဇ်တွေနှင့် တူပေတယ်ဟု မိန့်ကြားတော်မူ၏။

ရွာသူကြီး။ ။အရှင်ဘုရား၏ တရားတော်သည် အလွန်နှစ်သက်ဖွယ်ကောင်းလှပါသည်ဘုရား၊ တပည့်တော်ကို ရာသက်ပန် ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရားဟု လျှောက်ထားလေ၏။

# ငရဲကြီးတတ်တယ်

အခါတပါး မြတ်စွာဘုရားသည် နာဠန္ဒမြို့ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေတော်မူပါသည်။ ထိုအခါ နိဂဏ္ဌ၏တပည့်တဦးဖြစ်သော၊ အသိဗန္ဓက၏သား ရွာသူကြီး သည် မြတ်စွာဘုရားထံ ရောက်ရှိလာပါသည်။

ဗုဒ္ဓ။ ။ရွာသူကြီး၊ နိဂဏ္ဌနာဋပုတ္တဆရာကြီးက သူ့တပည့် တွေကို ဘယ်လိုတရားများ ဟောကြားပါသလဲ။

ရွာသူကြီး။ ။အရှင်ဘုရား၊ နိဂဏ္ဌနာဋပုတ္တက သူ့တပည့်တပန်း တွေကို-

သူ့အသက်ကိုသတ်လျှင် အပါယ်ကျမယ်၊ ငရဲကြီးမယ်။

သူ့ဉစ္စာခိုးလျှင် အပါယ်ကျမယ်၊ ငရဲကြီးမယ်။

ကာမတို့၌ မှားယွင်းစွာကျင့်လျှင် အပါယ်ကျမယ်၊ ငရဲ ကြီးမယ်။

မမှန်တာပြောရင် အပါယ်ကျမယ်၊ ငရဲကြီးမယ်။

များသောအားဖြင့်က ဦးဆောင်သွားလိမ့်မယ်လို့ ဟောကြား ပါတယ်ဘုရား။

မေး။ ။ရွာသူကြီး၊ နိဂဏ္ဌနာဋပုတ္တရဲ့ စကားအတိုင်းဆိုရင် အပါယ် ကျမဲ့လူ၊ ငရဲကြီးမဲ့ လူ တယောက် မှ ရှိမှာ မဟုတ်ဘူး။

ဖြေ။ ။ဒါတော့ တပည့်တော်လဲ မလျှောက်တတ်ပါဘုရား။

မေး။ ။ရွာသူကြီး၊ ဒီကိစ္စကို ဘယ်လိုထင်မြင်ယူဆသလဲ။

ဥပမာအားဖြင့် လူတယောက်ဟာ နေ့နေ့ညည ဘယ် အချိန်မဆို သူ့အသက်ကို သတ်လေ့ရှိတယ်လို့ ဆိုကြ

ပါစို့၊ အဲဒီလူဟာ သတ်တဲ့အချိန်နဲ့ မသတ်တဲ့အချိန်၊ ဘယ်အချိန်ကများနိုင်သလဲ။

ဖြေ။ ။အရှင်ဘုရား၊ သတ်တဲ့အချိန်နဲ့ မသတ်တဲ့အချိန် မသတ်တဲ့အချိန်ကသာ များနိုင်ပါတယ်ဘုရား။

မေး။ ။ရှာသူကြီး၊ နိဂဏ္ဌနာဋပုတ္တရဲ့စကားအတိုင်း များတဲ့ကံကသာ နိုင်စတမ်းဆိုရင် အပါယ်ကျမဲ့လူ၊ ငရဲကြီးမဲ့လူတယောက်မှ ရှိမှာမဟုတ်တော့ဘူး။

ရှာသူကြီး၊ သူ့စကားကို ဘယ်လိုသဘောရသလဲ၊ ဘယ်လိုယူဆသလဲ၊လူတယောက်ဟာ နေ့နေ့ညည အချိန်မရွေး လစ်လျှင်လစ်သလို သူတပါးပစ္စည်း ခိုးယူလေ့ရှိတယ်၊ အဲဒီလူဟာ ခိုးတဲ့အချိန်နဲ့ မခိုးတဲ့အချိန်၊ ဘယ်အချိန်ကများသလဲ။

ဖြေ။ ။အရှင်ဘုရား၊ မခိုးတဲ့အချိန်က များပါတယ်ဘုရား။

မေး။ ။ရှာသူကြီး၊ နိဂဏ္ဌနာဋပုတ္တရဲ့စကားအတိုင်း များတဲ့ကံက ဆောင်သွားမယ်ဆိုရင် အပါယ်ကျမဲ့လူ၊ ငရဲကြီးမဲ့လူ တယောက်မှ ရှိမှာမဟုတ်ဘူး။

ဖြေ။ ။မှန်လှပါ၊ ရှိမယ်မဟုတ်ပါဘုရား။

မေး။ ။နိဂဏ္ဌနာဋပုတ္တရဲ့စကားကို ဘယ်လိုစဉ်းစားမလဲ-

လူတယောက်ဟာ နေ့နေ့ညည ဘယ်အချိန့်မဆို အခွင့်ရတိုင်း ကာမတို့၌ မှားယွင်းတဲ့အကျင့်ကိုကျင့်တယ်၊ အဲဒီလူဟာ ကာမကိစ္စနှင့် ပတ်သက်လို့ မှားယွင်းစွာကျင့်တဲ့အချိန်နဲ့ မကျင့်တဲ့အချိန်၊ ဘယ်အချိန်က များသလဲ။

ဖြေ။ ။အရှင်ဘုရား၊ ကာမကိစ္စနဲ့ ပတ်သက်သို့ မှားယွင်းတဲ့ အကျင့်မကျင့်တဲ့ အချိန်ကများပါလိမ့်မယ်ဘုရား။

မေး။ ။နိဂဏ္ဍာဌှဟာတဲ့တရားအတိုင်း များစွာသော ထိုထိုကံ တွေက ဆောင်သွားခဲ့သော် အပါယ်ကျမဲ့လူ ငရဲကြီး မဲ့ လူ တဦးတယောက်မှ ရှိမှာမဟုတ်ဘူး။

ဖြေ။ ။ဒီလိုတော့လဲ ဖြစ်နိုင်မယ်မထင်ပါဘုရား။

မေး။ ။ရွာသူကြီး၊ နိဂဏ္ဍနာဋပုတ္တရဲ့စကားနှင့် ပတ်သက်ပြီး ဘယ်လိုများ ခံယူချက်ရှိသလဲ။

လူတယောက်ဟာ နေ့-ညမရွေး ဘယ်အချိန်မှာဘဲ ဖြစ်ဖြစ် အခွင့်သာလျှင်သာသလို လိမ်ညာ ပြောတတ် တယ်၊ မဟုတ်တာမမှန်တာတွေကို ပြောဆိုတတ်တယ်၊ အဲဒီလူလိမ်လူညာတဦးဟာ လိမ်ညာတဲ့အချိန်နဲ့ မလိမ် ညာဘဲနေတဲ့အချိန် ဘယ်အချိန်ကများနိုင်ပါသလဲ။

ဖြေ။ ။အရှင်ဘုရား၊ မလိမ်မညာဘဲနေတဲ့အချိန်က များနိုင်ပါ တယ်ဘုရား။

မေး။ ။ရွာသူကြီး တခုစဉ်းစားကြည့်ပါ။ နိဂဏ္ဍာရဲ့ စကား အတိုင်း များတဲ့ကံက အနိုင်ယူစတမ်းဆိုရင် အပါယ်ကျ တဲ့လူ၊ ငရဲကြီးမဲ့လူတယောက်မှ ရှိမှာမဟုတ်ဘူး။

ဖြေ။ ။ဒီလိုတော့လဲ ဖြစ်နိုင်မယ် မထင်ပါဘုရား။

ဗုဒ္ဓ။ ။ရွာသူကြီး၊ ဤလောကကြီးမှာ သူ့အသက်သတ်တဲ့လူ တိုင်း၊ သူ့ဥစ္စာခိုးတဲ့လူတိုင်း၊ ကာမကိစ္စတွေမှာ မှား ယွင်းစွာ ကျင့်တဲ့လူတိုင်း၊ မဟုတ်မမှန် လိမ်ညာပြောတဲ့ လူတိုင်း၊ အပါယ်ကျတယ် ငရဲကျတယ်လို့ မိမိတို့ ဆရာ

ကြီး သမားကြီးတွေက အယူဝါဒ ယူဆလေ့ရှိတယ်
ပြောလေ့ ဟောလေ့ ဆိုဆုံးမလေ့ရှိတယ်။

"ရှာသူကြီး၊ အဲဒီလို ဆရာကြီး သမားကြီးတွေကို ကြည်ညိုလေးစားတဲ့ တပည့်တွေက ဒီလိုစဉ်းစားဆင်ခြင်ကြတယ်၊ 'ငါတို့ဆရာကြီး သမားကြီးတွေက ဒီလိုပြောဆိုဆုံးမလေ့ရှိတယ်။ သူ့အသက်သတ်လျှင် အပါယ်ကျမယ်၊ ငရဲကြီးမယ်၊ သူ့ဥစ္စာခိုးလျှင်၊ ကာမကိစ္စတွေကို မှားယွင်းစွာ ကျူးလွန်လျှင်၊ မဟုတ်ထာ မမှန်တာတွေကို လိမ်ညာပြောလျှင် အပါယ်ကျမယ်၊ ငရဲကြီးမယ်၊ အမြဲတမ်း ပြောဆိုဆုံးမလေ့ရှိတယ်၊ ငါလဲ သူ့အသက်ကိုသတ်မိတယ်၊ သူ့ဥစ္စာကိုခိုးမိတယ်၊ မှားယွင်းတဲ့ကာမကိစ္စကို ကျူးလွန်မိတယ်၊ မဟုတ်ထာ မမှန်တာတွေကို လိမ်ညာပြီး ပြောမိဆိုမိတယ်၊ သို့အတွက် ငါလဲအပါယ်ကျသူ၊ ငရဲကြီးသူဖြစ်မှာ သေချာတယ်ဆိုတဲ့ အယူမှားကို ယူမှားနေတယ်။ ထိပ်မှာ သံမှိုနှက်သလို ခိုင်မြဲစွာစွဲဝင်နေတယ်။ အဲဒီလိုပြောဟောနေကြတဲ့ ဆရာကြီး သမားကြီးတို့ရဲ့စကားကို မပယ်ဖျက်နိုင်ရင် အဲဒီအယူဝါဒ အစွဲအလမ်းကို မစွန့်ပစ်နိုင်ရင် အဲဒီစိတ် အဲဒီအစွဲအလမ်း အဲဒီအယူအဆကြောင့် ထမ်းလာတဲ့ ဝန်ထုပ်ကြီး မြေကြီးပေါ် ဘုံးကနဲ ပစ်ချလိုက်သလို အပါယ်ငရဲမှာ စုံးစုံးမြုပ်သွားတတ်တယ်" (လောက၌ အစွဲအလမ်းသည် အင်မတန် ကြောက်စရာကောင်းလှသော ရောဂါဆိုးကြီးဖြစ်သည်။)

"ရှင်သူကြီး၊ လောကကြီးမှာ ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ထင်ရှားစွာ ပွင့်ထွန်း ပေါ်ပေါက်တော်မူတယ်။ ထိုမြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါတို့ကို ဆိုဆုံးမတဲ့ နေရာမှာ အတုမရှိ ပြိုင်ဘက်ကင်းသူ ဖြစ်တော်မူတယ်။ ဘုန်းတော်ခြောက်စုံ တန်ခိုးဂုဏ်နှင့်လည်း ပြည့်စုံကျော်ကြားတော်မူတယ်"

"ထိုမြတ်စွာဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် သူ့အသက်သတ်ခြင်းကို ကဲ့ရဲ့တော်မူတယ်။ အထူးကဲ့ရဲ့တော်မူတယ်၊ သူ့အသက်မသတ်ဘို့ ရှောင်ကြဉ်ဘို့ကို အစဉ်ဟောတော်မူတယ်။ ထိုနည်းအတူ သူတပါး ဥစ္စာမခိုးဘို့၊ မလုဘို့၊ ဓါးပြမတိုက်ဘို့၊ ခါးပိုက်မနှိုက်ဘို့၊ ကာမကိစ္စတွေမှာ မှားယွင်းတဲ့အကျင့်ကို မကျင့်ဘို့၊ မဟုတ်မမှန် လိမ်ညာပြီး မဆိုဘို့၊ ရှောင်ကြဉ်ဘို့ အမြဲတန်းလိုပင် အခွင့်သင့်သည့်အခါတိုင်း အကြောင်းအားလျော်စွာ ဟောကြားတော်မူတယ်"

"ငါသည်၊ သူ့အသက်ကို ဤမျှဤမျှ သတ်မိခဲ့၏။ ဒီလိုသတ်မိဖြတ်မိခြင်းသည်မကောင်း၊ အဲဒီကိစ္စကြောင့် အမြဲတန်း စိတ်မချမ်းမသာဖြစ်နေမယ်၊ စိတ်ဆင်းရဲနေမယ်ဆိုရင် မကောင်းတဲ့အလုပ်ကို ငါမလုပ်ဘူးလို့ ပြောလို့ဖြစ်နိုင်မှာမဟုတ်ဘူး။ ငြင်းလို့ရမှာမဟုတ် ရှောင်လို့ဖြစ်မှာ မဟုတ်ဘူးဟု ထိုသူသည် ဆင်ခြင်၍ သူ့အသက်ကို မသတ်တော့ဘူးဟု စိတ်ကိုဆုံးဖြတ်လိုက်၏။ သူ့အသက်သတ်တဲ့ အလုပ်ကို စွန့်ပစ်လိုက်၏။ နောင်ဘယ်

တော့မှ မှသတ်တော့ဘူးဟုဆိုပြီး ရှောင်ကြဉ်လိုက်၏။ အဲဒီလို မကောင်းမှုကိုပယ်ပစ်လိုက်တဲ့အတွက် မကောင်းမှုမှ လွန်မြောက်သွား၏။

"မြတ်စွာဘုရားသည်၊ အကြောင်း အမျိုးမျိုးဖြင့် သူ့ဥစ္စာကို ခိုးယူခြင်း၊ ကာမကိစ္စတွေမှာ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန်သော စကားတွေကို လိမ်ညာပြောဆိုခြင်း စသည်တို့ကို ကဲ့ရဲ့တော်မူတယ်။ ရှုတ်ချတော်မူတယ်။ အရှောင်ကြဉ်ခိုင်းတော်မူတယ်။ ငါဟာ သူတပါးပစ္စည်းတွေကို ခိုးယူမိတယ်၊ ငါဟာ မလုပ်သင့် မလုပ်ထိုက်သော ကာမကိစ္စတွေမှာ မှားယွင်းစွာ ကျူးလွန်မိတယ်။ ငါသည် မဟုတ်ထာ မမှန်တာတွေကို လိမ်ညာပြီး ပြောမိဆိုမိတယ်။ အဲတာတွေ မကောင်းဘူး။ အဲဒီ အကြောင်းတွေ တွေးပြီး စိတ်မအေးဖြစ်နေရုံနဲ့ စိတ်မချမ်းမသာ ဖြစ်နေရုံနဲ့ ဒီကိစ္စတွေ အေးမှာ မဟုတ်ဘူး။ ဒီအပြစ်မှ လွတ်မှာမဟုတ်ဘူး။ ဒီအပြစ်တွေကို ငါမလုပ်ဘူးလို့ ငြင်းလို့ရမှာမဟုတ်ဘူးလို့ ဤကဲ့သို့ စဉ်းစားဆင်ခြင်ပြီး အဲဒီအကုသိုလ်တွေကို မပြုလုပ်တော့ဘူး။ အဲဒီအမှားမျိုး မကျူးလွန်တော့ဘူး။ အားလုံးစွန့်ပယ်ပစ်လိုက်တယ်။ နောင်အခါ မလုပ်တော့ဘူးလို့လဲ စိတ်ကို ဆုံးဖြတ်လိုက်တယ်၊ ရှောင်ကြဉ်လိုက်တယ်။ အဲဒီလို ပြုလုပ်တာဟာ မကောင်းမှုကို ပယ်တယ်လို့ ခေါ်တယ်။ မကောင်းမှုမှ လွန်မြောက်တယ်လို့ ဆိုနိုင်တယ်"

"အဲဒီလူတွေဟာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မှားယွင်းတဲ့ ကာမကိစ္စတွေကို ကျူးလွန်ခြင်း၊

မဟုတ်မမှန် ပြောဆိုခြင်း စသည်တို့ကိုပယ်၍ ရှောင်ကြဉ်လိုက်ကြတယ်။ ဒုစရိုက်အလုပ်တွေကို မလုပ်တော့ဘူး၊ မကျူးလွန်တော့ဘူး၊ အပြီးအပြတ် ရှောင်ကြဉ်ဘို့ ဆုံးဖြတ်လိုက်တယ်။ သူတပါး စည်းစိမ်ကို မကြံစည်တော့ဘူး၊ သူတပါးပျက်စီးစေလိုတဲ့စိတ်မျိုး မမွေးတော့ဘူး၊ မကောင်းတဲ့ အယူဝါဒတွေကိုစွန့်လွှတ်လိုက်ပြီး ကောင်းသောအယူဝါဒတွေကို ပြောင်းလဲခံယူလိုက်တယ်၊ လိုက်နာကျင့်သုံးလိုက်တယ်''

''ရှာသူကြီး၊ အဲဒီလူတွေဟာ သူတပါး စည်းစိမ်ကို မကြံစည်ကြတော့ဘူး၊ သူတပါး ပစ္စည်း ဥစ္စာ ပျက်စီးစေလိုတဲ့ စိတ်ဆန္ဒ မရှိတော့ဘူး၊ မတွေဝေဘဲ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်အောက်မေ့ပြီး သတ္တဝါတွေ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဆိုပြီး အရပ်မျက်နှာ တခုဖြစ်ဖြစ်၊ အရပ်ဆယ်မျက်နှာစလုံးဖြစ်ဖြစ်၊ အတိုင်းအရှည်မရှိသော မေတ္တာဘာဝနာကို ပွားများနေ၊ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်၊ မေတ္တာစိတ်ဖြင့် ပျံ့နှံ့နေတယ်''

'ရှာသူကြီး၊ ဥပမာ ပေးရမယ်ဆိုရင် အားရှိသော ခရုသင်းမှုတ်တဲ့လူဟာ မပင်ပန်းဘဲ အရပ်လေးမျက်နှာက ကြားသိအောင် မှုတ်နိုင်သလို အဲဒီနည်းတူ သတ္တဝါတွေ ချမ်းသာပါစေဆိုတဲ့ မေတ္တာတည်းဟူသော လွတ်မြောက်စိတ်ကို လေ့လာသည်ရှိသော် ကြိမ်ဖန်များစွာပြုလုပ်အားထုတ်သည်ရှိသော် ပြုလုပ်ပြုခဲ့သော ကာမာဝစရကံဟာ မဟဂ္ဂုတ်ကံ၌ မကြွင်းကျန် မတည်နိုင်ဘူး။

ရှာသူကြီး....ငါဘုရား၏ တပည့်သားတွေဟာ သူတပါး စည်းစိမ်ကို ရွှေရှုကြံစည်ခြင်း၊ ပျက်စီးစေလိုခြင်း၊ ကင်းရှင်းစွာ မတွေ့ဝေပဲ၊ ဆင်ခြင်ဉာဏ်သမ္ပဇဉ်အောက်မေ့မှု သတိရှိလျက် သနားခြင်း ကရုဏာနှင့်ယှဉ်သောစိတ်၊ ဝမ်းမြောက်ခြင်း မုဒိတာနှင့်ယှဉ်သောစိတ်၊ လျစ်လျူရှုခြင်း ဥပေက္ခာနှင့် ယှဉ်သောစိတ်ဖြင့် အရပ်မျက်နှာတခုကို ပျံ့နှံ့စေ၍နေ၏။ အရပ်မျက်နှာ ၂-၃--၄အထက် အောက်ဒေါင့်စသည်ဖြင့် အရပ် (၁၀)မျက်နှာစလုံး၌ ရှိသော သတ္တဝါအားလုံးအပေါ် မိမိနှင့် ထပ်တူပြု၍ ပြန့်ပြောသောမြင့်မြတ်သောအတိုင်းအရှည်မရှိသော ငြိုငြင်ခြင်းမရှိသော ဗြဟ္မစိုရ်တရားများနှင့် ပွားများအားထုတ်၍ ပျံ့နှံ့စေ၍နေ၏။

"ရှာသူကြီး.... အားရှိသော ခရုသင်းသမားသည် မပင်ပန်းဘဲ အရပ်လေးမျက်နှာကကြားသိအောင် မှုတ်နိုင်သလို ဤနည်းအတူ ဗြဟ္မစိုရ် တရားတည်းဟူသော လွတ်မြောက်စိတ်ကို လေ့လာသည်ရှိသော် အကြိမ်များစွာ ပြုလုပ်အားထုတ်သည်ရှိသော် နှိုင်းယှဉ်ခြင်းကို ပြုတတ်တဲ့ ကာမာဝစရ ကံတွေဟာ မဟဂ္ဂုတ်ကံ၌မကြွင်းကျန်၊ မဟဂ္ဂုတ်ကံ၌မတည်နိုင်ဘူး"ဟု မိန့်တော်မူ၏။

"ရှင်တော်ဘုရား၊ အလွန်နှစ်သက်ဖွယ် ကောင်းလှပါသည်ဘုရား၊ တပည့်တော်ကို ဒီကနေ့ကစ၍ ရာသက်ပန် ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား" ဟု လျှောက်ထားလေ၏။

# ဗုဒ္ဓနှင့်ဝါဒပြိုင်ပွဲ

အခါတပါး မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာတို့နှင့်အတူ ဒေသစာရီ လှည့်လည်တော်မူရာ နာဠန္ဒမြို့သို့ ဆိုက်ရောက်တော်မူလေ၏၊

ထိုစဉ်အခါ နာဠန္ဒမြို့ကြီးသည် အစားအစာ ရှားပါးနေသည်။ အသက်မွေးဘို့ ခဲယဉ်းနေသည်။ အစားအစာ ရှားပါးသည့်အတွက် အငတ်ဘေးကြီးဆိုက်ပြီး သေကြေပျက်စီးကြသည့်အတွက် အရိုးတွေ ဖွေးဖွေးလှုပ်နေသည်။ စာရေးတန်မဲလက်မှတ်များ (ဝါ) ကုန်ဝယ်ခွဲလက်မှတ်များနှင့် အသက်မွေးနေကြရသည်။

ထိုအခါတွင် နိဂဏ္ဌနာဋပုတ္တသည် များစွာသော နိဂဏ္ဌပရိသတ်ကြီးနှင့်အတူ နာဠန္ဒမြို့တွင် နေထိုင်လေ၏။ နိဂဏ္ဌ၏ တပည့်တဦးဖြစ်သော အသိဗန္ဓကဏ်၏သားဖြစ်သော ရွာသူကြီးသည် သူ့ဆရာ နိဂဏ္ဌနာဋပုတ္တထံသွားရောက်၍ ရှိခိုးပြီး နေရာတခုတွင် ထိုင်နေလေ၏။ ထိုင်နေသော ရွာသူကြီးအား နိဂဏ္ဌနာဋပုတ္တက....

"ရွာသူကြီး၊ လာအုံး ငါအကြံပေးမယ် ဂေါတမဗုဒ္ဓနှင့် သွားရောက်၍ ဝါဒပြိုင်ချေ၊ သင်သာ ဂေါတမဗုဒ္ဓနှင့်သွားပြီး ဝါဒပြိုင်လို့ရှိရင်....

အသိဗန္ဓကဏ်၏သား ရွာသူကြီးဟာ ဟော့-အင်မတန်တန်ခိုးကြီးနေတဲ့ ဂေါတမဗုဒ္ဓနှင့် ဝါဒပြိုင်တယ်ဆိုပြီး နာမည်ကြီးလာလိမ့်မယ်၊ ကျော်စောသတင်း တောမီးလိုခဏခြင်းပျံ့နှံ့လာလိမ့်မယ်'ဟု မြှောက်ပင့်ပေးလေ၏။

"အရှင်၊ အင်မတန် တန်ခိုးကြီးနေတဲ့ ဂေါတမဗုဒ္ဓကို အကျွန်ုပ် ဘယ်လိုလုပ်ပြီး ဝါဒပြိုင်နိုင်ပါ့မလဲ"

"ဘာမှမပူနဲ့၊ ရှာသူကြီး....ငါအကြံပေးတဲ့အတိုင်း သင်ပြပေးတဲ့အတိုင်းသာ ဂေါတမဆီသွားပြီး မေးခွန်းထုတ်ချေ။ ဂေါတမဟာ အစွန်းနှစ်ဖက် ထွက်နေတဲ့ ပြဿနာကြောင့် ဘေးကြပ်နံကြပ်ဖြစ်ပြီး မထွေးနိုင် မအန်နိုင်ဖြစ်လိမ့်မယ်၊အဲဒီလိုဖြစ်ရင်မင်းနိုင်ရောပေါ့"ဟု ပြောဆိုလေ၏။

ထိုအခါ ရှာသူကြီးက "အရှင်၊ ကောင်းပါပြီ သွားရောက်ပြီး ဝါဒပြိုင်ပါမည်၊ ပြဿနာကိုသာ သင်ကြားပေးပါ"ဟု တောင်းပန်လေ၏။

နိဂဏ္ဌနာဋပုတ္တက"ဒါမှ ငါ့တပည့်ကွ"ဟု ချီးကျူးပြီး ပြဿနာသင်ကြား၍ ဂေါတမဘုရားထံ ဝါဒပြိုင်ရန် စေလွှတ်လိုက်လေ၏။

အသိဗန္ဓကၡ၏သား ရှာသူကြီးသည် သူ့ဆရာသင်ပေးချက်ကို နှုတ်ငုံကျက်ပြီး ဂေါတမဗုဒ္ဓကို ဝါဒပြိုင်ရန် သွားရောက်လေ၏။

ရှာသူကြီး။ ။အရှင်ဘုရား၊ ရှင်တော်ဘုရားသည် အကြောင်းအမျိုးမျိုးနှင့် အမျိုးသားတို့အား အစဉ်သနားခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလား၊ အစဉ် စောင့်ရှောက်ခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလော၊ အစဉ် ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူသည် မဟုတ်ပါလော။

ဗုဒ္ဓ။ ။မှန်တယ်ရှာသူကြီး၊ ငါဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် အမျိုးသားတို့အား အစဉ်သနားခြင်း၊ အစဉ်စောင့်ရှောက်ခြင်း၊ အစဉ်ငဲ့ညှာခြင်းကို ချီးမွမ်းတော်မူတယ်။

မေး။ ။အရှင်ဘုရား၊ ဒီလိုဆိုရင် ဘာပြုလို့ အငတ်ဘေးဆိုက်နေတဲ့အရပ်ကို ပရိသတ်ကြီးနဲ့အတူ ဒေသစာရီ လှည့်လည်ပါသနည်း၊ အရှင်ဘုရားသည် အမျိုးပျက်အောင်ပြုလုပ်ပါသလော၊ အမျိုးတို့၏ အကျိုးမဲ့ကို ကျင့်ကြံအားထုတ်ပါသလော၊ အမျိုးတို့၏ ပျက်စီးခြင်းကို ပြုကျင့်ပါသလော။

## ဆွမ်းလောင်းရုံနဲ့ မွဲမသွားနိုင်

ဖြေ။ ။ရှာသူကြီး၊ ဒီကမ္ဘာကနေပြီး ဟိုကုန်ခဲ့တဲ့ ၉၁ ကမ္ဘာအထိ ငါဘုရား ပြန်ကြည့်တဲ့အခါ ချက်ပြီးသားဆွမ်းကိုလောင်းရုံနဲ့ ပျက်စီးတဲ့လူ၊ ငတ်ပြတ် သွားတဲ့သူ တယောက်မှမရှိဘူး၊ အမှန်စင်စစ်ကတော့ ချမ်းသာကြွယ်ဝတဲ့လူတွေဟာ ပေးလှူခြင်းကြောင့်လဲ ကြီးပွားချမ်းသာလာကြတယ်၊ အကျင့်သီလ စာရိတ္တကောင်းလို့လဲ ကြီးပွားချမ်းသာလာကြတယ်။

"ရှာသူကြီး၊လူတွေဥစ္စာပစ္စည်းပျက်စီးတဲ့အကြောင်းတရားဟာ ရှစ်ပါးရှိတယ်"

၁။ မင်းဘေးကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

၂။ ခိုးသား ဓါးပြဘေးကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

၃။ မိုးဘေးကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

၄။ ရေဘေးကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

၅။ မြှုပ်ထားတဲ့ ပစ္စည်းများလဲ နေရာမှ ရွေ့တတ်တယ်။

၆။ အားထုတ်မှု မကောင်းလို့လဲ လုပ်ငန်းပျက်စီးတတ်တယ်။

၇။ အမျိုးထဲမှာ ပစ္စည်းဖြုန်းတီးမယ့်သူ အမျိုးရဲ့မီးခဲ့ကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

၈။ မမြဲတဲ့ အနိစ္စသဘောတရားကြောင့်လဲ ပျက်စီးဆုံးရှုံးတတ်တယ်။

'ရှာသူကြီး....ဥစ္စာပစ္စည်းပျက်စီးတတ်တဲ့ အကြောင်းတရားကတော့အဲ ဒီရှစ်ပါးဘဲ၊ အဲဒါအပြင် မရှိနိုင်။

'ရှာသူကြီး....အဲဒီအကြောင်း တရားရှစ်ပါးကြောင့် ဥစ္စာပစ္စည်းပျက်စီးတာကို ငါ့ဘုရားကိုအမျိုးဖျက်အောင်ပြုလုပ်တယ်၊ အမျိုးတို့၏အကျိုးမဲ့ကိုကျင့်ကြံ အားထုတ်တယ်၊ အမျိုးပျက်စီးအောင် လုပ်တယ်လို့ ငါ့ဘုရားကိုသွားပုပ်လေလွင့် စွပ်စွဲတဲ့လူ၊ ပြောတဲ့ဆိုတဲ့ လူတွေဟာ၊ အဲဒီစကားကို မရုပ်သိမ်းဘူး၊ မပယ်ဖျက်ဘူး၊စိတ်ဓာတ်ကို မချုပ်တည်းဘူး၊ စိတ်ဓာတ်ကို မပြင်ဆင်ဘူး၊ အဲဒီအယူကို မစွန့်လွှတ်ဘူးဆိုရင် ထမ်းလာတဲ့ ဝန်ထုပ်ကြီး ပစ်ချလိုက်သလို၊ ငရဲမှာစုံးစုံးမြုပ်သွားလိမ့်မယ်'ဟု မိန့်တော်မူလိုက်၏။ ထိုအခါ ရှာသူကြီးက-

'အရှင်ဘုရား.... အရှင်ဘုရား၏ တရား တော်သည် အလွန်ပင်နှစ်သက်ဖွယ် ရှိလှပါသည်ဘုရား၊ တပည့်တော်ကိုအသက်ထက်ဆုံးကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ်မှတ်ယူတော်မူပါဘုရား'ဟု ရှိသေစွာ လျှောက်ထားလိုက်လေ၏။

## ရဟန်းဆိုတာရွှေငွေကို ကိုင်သင့်သလား

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်မည် ရှင့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ ထိုစဉ်အခါနန်းတော်၌ အညီအညွတ် အစည်းဝေးနေကြသော မင်းပရိသတ်ကြီးအတွင်း၌ သဘင်းစကားတခုဖြစ်ပေါ်လာလေ၏။

'သာကီဝင်မင်းသား၊ မြတ်စွာဘုရား၏ တပည့်သား ရဟန်းသံဃာတို့အားရွှေငွေသည်အပ်တယ်၊ သာကီဝင်မင်းသားရဟန်းသံဃာတို့သည် ရွှေငွေကို နှစ်သက်သာယာကြတယ်၊ ရွှေငွေကိုကိုင်ခံကြတယ်'ဟု သတင်း စကားတခုဖြစ်ပေါ်၍နေလေ၏။

ထိုအခါမဏိစူဠကရွာ သူကြီးသည် မင်းပရိသတ် အတွင်း၌ ထိုင်လျက်ရှိလေသည်။မဏိစူဠကရွာသူကြီးကမင်းပရိသတ်ကြီးကို--

'အရှင်တို့....ဒီလိုမပြောကြပါနဲ့၊ မဆိုကြပါနဲ့။သာကီဝင် မင်းသား၊ ဘုရားသားတော်များအား ရွှေငွေသည်မအပ်ပါ၊ ရွှေငွေကိုမနှစ်သက် မသာယာကြပါ၊ ရွှေငွေကိုမကိုင်ခံကြပါ၊ သာကီဝင် မင်းသား၊ ဘုရားသားတော် များသည် ရွှေငွေ ရတနာကျောက်မျက် စသည်တို့မှ ကင်းရှင်းကြပါကုန်၏။ပယ်ထားကြပါကုန်၏'ဟုပြောကြားလေ၏။ မဏိစူဠက ရွာသူကြီးသည် မင်း

ပရိသတ်ကြီးကိုပြောနိုင်ဆိုနိုင်သော အခွင့်အရေးရှိသူ၊ ပြောရဲဆိုရဲသူ သြဇာအာဏာရှိသူတစ်ဦးဖြစ်လေသည်။

ထိုသို့ပြောဆိုပြီးနောက် မဏိစူဠကရွာသူကြီး၊ မြတ်စွာဘုရားထံသွားရောက်၍ ရိုသေစွာ ရှိခိုးပြီးလျှင်အကြောင်းစုံကိုလျှောက်ထားလေ၏။

မဏိစူဠကရွာသူကြီး။ ။ရှင်တော် မြတ်ဘုရား....တပည့် တော်သည်ရှင်တော်ဘုရားကို အကြောင်းစုံ လျှောက်တားခဲ့သည့်အတိုင်း၊ မင်းပရိသတ်ကြီးကို ပြောဆိုဟန့်တားခဲ့ပါသည်ဘုရား။ တပည့်တော်သည် ရဟန်းတော် အားရွှေငွေရတနာများသည်မအပ်ဘူး၊ နှစ်သက်သာယာမှုမရှိဘူး၊ မကိုင်ခံကြဘူး၊ ပယ်ထားတော်မူကြတယ်၊ရွှေငွေမှုကင်းရှင်းတော်မူကြတယ်လို့ တပည့်တော်ပြောဆိုခဲ့သော စကားများသည် ရှင်တော်ဘုရား၏အလိုတော်ကျအတိုင်းဖြစ်ပါသလော....ရှင်တော်ဘုရား စကား အတိုင်းပြောဆိုသည်ဟုဆိုနိုင်ပါသလော၊ ရှင်တော် ဘုရားအားမဟုတ်မမှန်လုပ်ကြံစွပ်စွဲရာများ ကျရောက်ပါ သလော၊ တရားတော်နှင့်အညီ တရားအတိုင်းပြောဆိုသည်ဟုဆိုနိုင်ပါသလော၊ မြတ်စွာဘုရား၏ ဝါဒကို အတုယူ၍ ပြောခြင်းသည်အကြောင်းအကျိုးခိုင်လုံ၍ ကဲ့ရဲ့စရာမ ဖြစ်ပါသလောဟု လျှောက်ထားမေးမြန်းလေ၏။

ဗုဒ္ဓ။ မဏိစူဠကရွာသူကြီး....သင်သည် ဤကဲ့သို့ပြောဆိုခဲ့ခြင်းဟာ ငါဘုရား၏ စကားအတိုင်း ပြောဆိုခဲ့ခြင်း ဖြစ်တယ်၊ ငါဘုရားကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲရာမရောက်ဘူး၊ ငါဘုရား၏တရားတော်နှင့်အညီ ပြောဆို ခဲ့ခြင်းဖြစ်

တယ်၊ ငါဘုရား၏ဝါဒကိုအတုယူ၍ ပြောဆိုခြင်းသည် အကြောင်းအကျိုးခိုင်လုံသည့်အတွက် ဘာတခုမှ အကဲရှိခံစရာ အကြောင်းမရှိဘူး။ ဘာမှသံသယ ဖြစ်စရာ မလိုဘူး။မှန်တယ်ရှာသူကြီး၊ သာကီဝင်မင်းသား ငါဘုရား၏တပည့်သားရဟန်းသံဃာများအား ရွှေငွေသည်မအပ်စပ်ဘူး။ ရွှေငွေကိုမနှစ်သက် မသာယာကြဘူး၊ ရွှေငွေကိုမကိုင်ခံကြဘူး၊ ရွှေငွေကို ပယ်ထားကြတယ်။ ရွှေငွေမှကင်းရှင်းကြတယ်။

'မဏိစူဠက ရှာသူကြီး—ရွှေငွေကို အပ်သောသူသည် လောကီအာရုံကာမဂုဏ်ငါးပါးလဲအပ်တော့တာဘဲ၊ကာမဂုဏ်ငါးပါးနှင့် အင်စပ်တဲ့လူတိုင်း ရဟန်း သဘောမရှိ။ ရဟန်းစစ်ရဟန်းမှန်နဲ့ရဟန်းမြတ်၊ရဟန်းကောင်းလို့မဆိုထိုက်ဘူး၊ ငါဘုရား၏တပည့် သားသဘောမရှိ၊ ငါဘုရား၏ဘပည့်သား အစစ်လို့ မခေါ်နိုင်ဘူးလို့သာ မှတ်ထားပေတော့ ရှာသူကြီး။ ငါဘုရားသည် ဤကဲ့သို့အစစ်အမှန်ကိုဟောကြားတော်မူတယ်။

"လောကမှာ မြက်ကိုအလိုရှိသောသူသည် မြက်ကိုရှာသင့်၏။သစ်သားကို အလိုရှိသောသူသည် သစ်သားကိုရှာသင့်၏။ လှည်းကိုအလိုရှိသော သူသည် လှည်းကိုရှာသင့်၏။ အလုပ်သမားကို အလိုရှိသောသူသည် အလုပ်သမားကိုရှာသင့်၏။ ဘယ်နည်းနှင့်မျှ ငါဘုရား၏ တပည့်သား ရဟန်းသံဃာများသည် ရွှေငွေကို သာယာသင့်တယ်၊ ရှာဖွေသင့်တယ်လို့ ငါဘုရားဟောတော်မမူဘူး

ဆိုတာ တထစ်ချမှတ်ထားပေတော့ ရှာသူကြီး''ဟု မိန့်ကြားတော်မူလေ၏။

## ဆင်းရဲ၏ ဖြစ်ကြောင်းချုပ်ကြောင်း

အခါတပါး မြတ်စွာဘုရားသည် မလ္လတိုင်း ဥရုဝေလကပ္ပ မည်သောမလ္လမင်းတို့၏ နိဂုံး၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါတွင် ဘဒြကရှာသူကြီးသည် မြတ်စွာဘုရားထံ သွားရောက်၍ ရိုသေစွာ ရှိခိုးပြီးလျှင် နေရာတခုထွင်ထိုင်၍ ဤစကားကို တောင်းပန်လျှောက်ထားလေ၏။

"ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသောမြတ်စွာဘုရား၊ တပည့်တော်အား သနားတော်မူပါသဖြင့် ဆင်းရဲဖြစ်ခြင်း၊ ဆင်းရဲချုပ်ခြင်းအကြောင်းကိုဟောကြားတော်မူပါဘုရား"ဟု တောင်းပန်လျှောက်ထားလေ၏။

'ရှာသူကြီး၊ ဟိုလွန်ခဲ့တဲ့အတိတ်၌ ဤကဲ့သို့ ဖြစ်ခဲ့ဘူးပြီဆိုပြီး ငါဘုရားသည် သင့်အား အတိတ်ကို အကြောင်းပြု၍ ဆင်းရဲဖြစ်တာချုပ်တာတွေ ဟောခဲ့ပြောခဲ့မူ၊ သင်ယုံမှားသံသယ ဖြစ်ချင်ဖြစ်နေပေအုံးမယ်၊ အတွေးတွေ ဝင်ချင်ဝင်နေအုံးမယ်'

'ရှာသူကြီး၊ နောင်လာမဲ့ အနာဂတ်ကာလမှာ ဤကဲ့သို့ ဖြစ်လိမ့်မယ်ဆိုပြီး ငါဘုရားသည် အနာဂတ်ကို အကြောင်းပြု၍ ဆင်းရဲဖြစ်တာချုပ်တာတွေ ရှောက်ဟောနေရင်လဲ သင်သံသယဖြစ်ချင်ဖြစ်နေအုံးမယ်၊ တွေးလုံးတွေဝင်ချင်ဝင်နေအုံးမယ်"

"ဒီတော့ ရှာသူကြီး၊ ငါဘုရားလဲ ဒီနေရာမှာထိုင်နေတယ်၊ ဒီအနားမှာပင် ထိုင်နေတဲ့ သင့်ကို အခုချက်ခြင်းလက်ငင်း ဒိဋ္ဌဆင်းရဲ ဖြစ်ပုံချုပ်ပုံတွေကို ဟောကြားမယ်၊ သင်ယုံယုံကြည်ကြည်နဲ့ ဂရုစိုက်ပြီး နားထောင်ပေတော့ နှလုံးသွင်းပေတော့"

ဘဒြက ရှာသူကြီးသည် "ကောင်းပါပြီဘုရား"ဟု ဝန်ခံလျှောက်ထားလိုက်လေ၏။

"ရှာသူကြီး၊ ယခုဟောမယ့်တရားကို ဘယ်လို ထင်မြင်ယူဆသလဲ၊ ဟောဒီ ဥရုဝေလကပ္ပမှာ အသတ်ခံရလို့ဖြစ်စေ၊ အချုပ်အနှောင် ခံရလို့ဖြစ်စေ၊ ပျက်စီးဆုံးရှုံးလို့ဖြစ်စေ၊ ကဲ့ရဲ့သဂြိုဟ် စကားတင်း အဆိုခံရလို့ဖြစ်စေ၊ ပူဆွေးမှု ငိုကြွေးမှု ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်မှု ပြင်းစွာ ပင်ပန်းရမှုများ ဖြစ်နိုင်လောက်တဲ့ သင်နှင့်ပတ်သက်နေတဲ့ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများ ရှိပါသလား"

ဖြေ။ ။အရှင်ဘုရား၊ ဒီဥရုဝေဋ္ဌကပ္ပမှာ တပည့်တော်အမျိုးတွေ တပုံကြီးရှိပါတယ်ဘုရား။

မေး။ ။ရှာသူကြီး၊ ဟောဒီ ဥရုဝေဋ္ဌကပ္ပမှာ အသတ်ခံရလို့ဖြစ်စေ၊ အချုပ်အနှောင်ခံရလို့ဖြစ်စေ၊ ပျက်စီးဆုံးရှုံးလို့ဖြစ်စေ၊ ပူဆွေးမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်မှု၊ ပြင်းစွာပင်ပန်းမှုများ ဖြစ်ပေါ်နိုင်လောက်သော သင်နှင့် ဘယ်လိုမှမပတ်သက်တဲ့ တစိမ်းပြင်ပြင်တွေကော မရှိဘူးလား။

ဖြေ။ ။အရှင်ဘုရား၊ ဘယ်လိုမှမပတ်သက်တဲ့ တစိမ်းပြင်ပြင်တွေလဲ တပုံတပင်ကြီး ရှိပါတယ်ဘုရား။

မေး။ ။ရှင်သူကြီး၊ ဒီဥရုဝေဠုကပ္ပမှာနေကြတဲ့ တချို့လူတွေကို အသတ်ခံရလို့ဘဲဖြစ်ဖြစ်၊ အချုပ်အနှောင်ခံရလို့ဘဲ ဖြစ်ဖြစ်၊ ပျက်စီးဆုံးရှုံးလို့ဘဲဖြစ်ဖြစ်၊ ပူဆွေးမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်မှု၊ ပြင်းစွာပင်ပန်းရမှု ဖြစ်ပေါ်လာရတဲ့အကြောင်းရင်းကိစ္စကဘာလဲ၊ အကြောင်း အထောက်အပံ့ကားဘာလဲ။

ဖြေ။ ။အဲဒီလူတွေအပေါ် တပည့်တော်ချစ်ခင်နှစ်သက်မှု၊ လိုချင် တပ်မက်မှုဆန္ဒရာဂ ရှိနေလို့ပါဘုရား။

ဖြေ။ ။ဒီဥရုဝေဠုကပ္ပမှာနေထိုင်ကြတဲ့ တချို့လူတွေ အသတ်ခံရလို့ဘဲဖြစ်ဖြစ်၊ ပျက်စီးဆုံးရှုံးလို့ဘဲဖြစ်ဖြစ်၊ ပူဆွေးမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်မှု၊ ပြင်းစွာ ပင်ပန်းမှုမဖြစ်တဲ့အကြောင်းရင်းကိစ္စကား ဘာလဲ၊ အထောက်အပံ့ကား ဘာလဲ။

ဖြေ။ ။အရှင်ဘုရား၊ အဲဒီလူတွေအပေါ် ချစ်ခင်နှစ်သက်မှု၊ လိုချင်တပ်မက်မှု၊ ဆန္ဒရာဂမရှိမှုတို့ပါဘုရား၊ သံယောဇဉ် မခင်တွယ်လို့ပါဘုရား။

ဗုဒ္ဓ။ ။ရှင်သူကြီး၊ အခု သင်ကိုယ်တွေ့မျက်မြင် ဖြစ်လာပြီမဟုတ်လား၊ အသိဉာဏ်ဝင်လာပြီမဟုတ်လား၊ အဲဒီသဘော အတိုင်း အတိတ်ကာလ၊ အနာဂတ်ကာလတွေကိုလဲ ဆင်ခြင်၍ သဘောပေါက်ပေတော့။

'ရှင်သူကြီး၊ ဟိုအတိတ်ကာလကဖြစ်ခဲ့တဲ့ ဆင်းရဲဒုက္ခဟူသမျှဟာလဲ လိုချင်မှုဆန္ဒလျှင် အရင်းခံရှိတယ်၊ လိုချင်မှုဆန္ဒကိုဘဲ အကြောင်းခံတယ်။ မှန်တယ် ရှင်သူကြီး၊

လိုချင်တဲ့ဆန္ဒသည် ဆင်းရဲဒုက္ခ၏ အရင်းခံ ရေသောက်မြစ် ဖြစ်တယ်။

'နောင်လာမဲ့ အနာဂတ်တွေမှာ ဖြစ်ပေါ်လာကြမဲ့ ဆင်းရဲအစုအပုံ အလုံးစုံတွေဟာလဲ လိုချင်မှုဆန္ဒလျှင် အရင်းခံရှိတယ်၊ လိုချင်မှုဆန္ဒလျှင် အကြောင်းခံတယ်။ မှန်တယ်ရှာသူကြီး၊ လိုချင်မှုဆန္ဒသည် ဆင်းရဲဒုက္ခအားလုံး၏ ပင်မအရင်းခံ ရေသောက်မြစ်ကြီးဖြစ်တယ်။

'အရှင်ဘုရား၏ တရားတော်သည် အံ့သြဘွယ်ရှိလှပါသည်ဘုရား၊ မဖြစ်ဘူးမြဲ ထူးကဲလှပါသည်ဘုရား၊ ဆင်းရဲဒုက္ခဟူသမျှအားလုံးသည် လိုချင်မှုဆန္ဒလျှင် အရင်းခံရှိ၏၊ လိုချင်မှုဆန္ဒလျှင် အကြောင်းခံ၏၊ လိုချင်မှုဆန္ဒသည် ဆင်းရဲဒုက္ခ၏ အရင်းခံဖြစ်တယ်ဆိုတဲ့စကားကို မြတ်စွာဘုရားသည် အလွန်ကောင်းစွာ ဟောကြားအပ်ပါသည် ဘုရား။

'အရှင်ဘုရား၊ တပည့်တော်၏ မြို့ပြင်အိမ်မှာ၊စိရဝါသီ ဆိုတဲ့ သူငယ်တဦး ရှိပါတယ်ဘုရား၊ တပည့်တော်သည် နံနက်အစောကြီးပင် ယောကျ်ားတ ယောက် လွှတ် ၍ အခြေအနေကို အကြည့်ခိုင်းလိုက် ပါတယ်ဘုရား၊ တပည့်တော် အဲဒီလူ ပြန်မလာမချင်း စိရဝါသီကလေး ဘာမှ မဖြစ်ပါစေနဲ့လို့ တထိတ်ထိတ်နဲ့ ဆုတောင်းနေရပါတယ် ဘုရား။

မေး။ ။ရှာသူကြီး၊ အဲဒါ သင် ဘယ်လိုဖြစ်တယ်ထင်သလဲ၊ စိရဝါသီသူငယ် အသတ်ခံရလို့ဖြစ်စေ၊ အချုပ်အနှောင်

ခံရလို့ဖြစ်စေ၊ သင့်မှာ ပူဆွေးမှု၊ ငိုကြွေးမှု၊ ကိုယ်စိတ်ဆင်းရဲမှု၊ ပြင်းစွာပင်ပန်းမှု အဲဒါတွေဖြစ်နိုင်ရာသလော။

ဖြေ။ ။ဘယ်မဖြစ်ပဲနေပါမလဲဘုရား။

မေး။ ။ရှသူကြီး၊ အဲဒီအကြောင်းကြောင့်လဲ ဆင်းရဲဟူသမျှ အားလုံး လိုချင်မှုဆန္ဒလျှင် အရင်းခံတယ်၊ လိုချင်မှုဆန္ဒလျှင် အကြောင်းခံတယ်၊ လိုချင်မှုဆန္ဒသည် ဆင်းရဲ၏ အရင်းခံဖြစ်တယ်ဆိုတဲ့အကြောင်းကို သိနားလယ်ရမယ်။

'ရှသူကြီး၊ စိရဝါသီရဲ့အမေကို သင်မမြင်ရ၊မတွေ့ရ၊ မကြားရသောအခါ သူ့အပေါ်မှာ သင်၏ နှစ်သက်မှုဆန္ဒ၊ တပ်မက်မှုရာဂ၊ ချစ်ခင်မှုပေမ အဲဒါတွေ ဖြစ်နိုင်သလား။

ဖြေ။ ။မဖြစ်နိုင်ပါအရှင်ဘုရား'

မေး။ ။ရှသူကြီး၊ မြင်မှု-ကြားမှုကို အစွဲပြုပြီး စိရဝါသီရဲ့ အမေအပေါ်မှာ ဤကဲ့သို့ နှစ်သက်မှုဆန္ဒ၊ တပ်မက်မှုရာဂ၊ ချစ်ခင်မှုပေမ အဲဒါတွေဖြစ်ပေါ်လာတာမဟုတ်ဘူးလား။

ဖြေ။ ။ဟုတ်မှန်လှပါတယ်ဘုရား။

မေး။ ။ရှသူကြီး၊ ဒီကိစ္စ ဘယ်လို သဘောပေါက်သလဲ၊ အကယ်၍ စိရဝါသီရဲ့အမေ အသတ်ခံရမယ်၊ အချုပ်အနှောင်ခံရမယ်၊ ဆုံးရှုံးမယ်၊ အကဲ့ရဲ့ခံရမယ်ဆိုရင်၊ သင့်စိတ်ထဲမှာ ဘယ့်နှယ်နေမလဲ။

ဖြေ။ ။ဒီလိုသာ စိရဝါသီရဲ့အမေ 'တစုံတခုဖြစ်သွားမယ်ဆိုရင် တပည့်တော် အသက်သေဖွယ်ရာအကြောင်း ရှိပါတယ်ဘုရား။

ဗုဒ္ဓ။ ။ရှာသူကြီး၊ အဲဒီလို အကြောင်းတွေကြောင့်လဲ ဆင်းရဲဒုက္ခဟူသမျှတွေဟာ လိုချင်မှုဆန္ဒ အရင်းခံတယ်၊လိုချင်မှုဆန္ဒ အကြောင်းခံတယ်၊ မှန်တယ်ရှာသူကြီး၊ လိုချင်မှုဆန္ဒသည် ဆင်းရဲဒုက္ခအားလုံးရဲ့ ရေသောက်မြစ်ဖြစ်တယ်၊ ဒီအကြောင်းကို နားလည်သဘောပေါက်ရမယ်’ဟု မိန့်ကြားတော်မူလေ၏။

ရာသိယရှာသူကြီးသည် မြတ်စွာဘုရား အထံတော်သို့သွား၍ ရှိသေစွာ ရှိခိုးပြီးလျှင်၊ နေရာတခုတွင် ထိုင်၍ ဤစကားကို လျှောက်ထားလေသည်။

## ပြင်းထန်သောအကျင့်ကို ချီးမွမ်းသင့်သလား

ရှာသူကြီး။ ။အရှင်ဘုရား၊ ရှင်တော်ဂေါတမသည် အပြင်းအထန်ကျင့်နေတဲ့ လူတွေအားလုံးကို ကဲ့ရဲ့တယ်၊ ရှုတ်ချတယ်၊ ပြင်းထန်သော အကျင့်၌ မှီသူ ခေါင်းပါးသောအသက်မွေးသူတို့လို့ စွပ်စွဲတယ်၊ ပုတ်ခတ်ဆိုတဲ့စကားကို အကျွန်ုပ်ကြားသိနေရပါတယ် အရှင်ဘုရား၊ ဒီစကားတွေဟာ ရှင်တော်ဂေါတမ စကားအတိုင်း ပြောဆိုနေသူတွေ ဟုတ်ပါသလား၊ မြတ်စွာဘုရားကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲရာ မရောက်ဘူးလား၊ တရားနှင့်လျော်စွာ တရားအတိုင်း ပြောဆိုနေတာဟုတ်ပါသလား၊ မြတ်စွာဘုရား၏ဝါဒကို အတုလိုက်၍ ပြောဆိုခြင်းသည် အကြောင်းနှင့်တကွဖြစ်၍ အနည်းငယ်မျှကဲ့ရဲ့ရာမရောက်ဘူးလားဘုရား၊ ဟု တဖက်သပ်စွပ်စွဲလေ၏။

၅၃။ ။ရာသိယရှာသူကြီး၊ ရဟန်းဂေါတမဟာ ပြင်းထန်တဲ့ အကျင့်အားလုံးကို ကဲ့ရဲ့တယ်၊ ရှုတ်ချတယ်၊ ပြင်းထန်သော အကျင့်၌မှီခိုသူ၊ ကြမ်းပါးသော အသက်မွေးမှု ရှိသူ အားလုံးကိုစွပ်စွဲတယ်၊ ပုတ်ခတ်တယ်ဟု ပြောဆိုနေကြတဲ့သူတွေဟာ၊ ငါဘုရားရဲ့စကားအတိုင်း ပြောဆိုနေကြတာမဟုတ်ဖူး၊ စင်စစ်အဲဒီလူတွေဟာ အလကား သက်သက် မဟုတ်မမှန်တဲ့စကားနဲ့ လုပ်ကြံ စွပ်စွဲနေတဲ့ သူတွေဖြစ်တယ်။

ရှာသူကြီး၊ ရှာသူတို့ရဲ့ အကျင့်၊ ပုထုဇဉ်တို့ရဲ့ အကျင့်ဟာ အရိယာတို့ရဲ့အကျင့် မဟုတ်ဘူး။ ဘာမျှ အကျိုးမရှိဘူး။ ကာမဂုဏ်တို့၌ တွယ်တာ ငြိကပ်ပြီး အားထုတ်တာဟာ အစွန်းတဖက်ရောက်နေတယ်၊ ဆင်းရဲတယ်၊ အရိယာတို့ရဲ့ အကျင့်လဲ မဟုတ်ဘူး။ ဘာမှလဲ အကျိုးမရှိဘူး၊ ပင်ပန်းရုံသက်သက်သာရှိတဲ့ အကျိုးမျိုး အားထုတ်မှုမျိုးဟာလဲ အစွန်းတဖက် ထွက်နေတယ်၊ အဲဒီအစွန်း ၂-ဖက်ကိုရဟန်းတွေမမှီဝဲရဘူး၊ မကပ်ရဘူး၊ ငါဘုရားမိန့်တော်မူတယ်"

"ရာသိယရှာသူကြီး၊ အဲဒီအစွန်း ၂-ဖက် မကပ်ဘဲ ဉာဏ်မျက်စိကို ဖွင့်တတ်တယ်၊ အသိဉာဏ်တိုးတက်အောင် လုပ်ထတ်တယ်၊ ငြိမ်းချမ်းအောင် အထူးသိအောင် ထိုးထွင်း၍သိအောင် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံရမဲ့ အလယ်အလပ် အကျင့်ကို ငါဘုရား ထိုးထွင်း၍သိတော်မူတယ်"

ရာသိယရွာသူကြီး။ ။အဲဒီလို နိဗ္ဗာန်ရောက်အောင် ကျင့်ရာဖြစ်တဲ့ အလယ်အလပ်အကျင့်ဟာ ဘာများပါလဲဘုရား"

ဗုဒ္ဓ။ ။မှန်သောအမြင်၊ မှန်သောအကြံအစည်၊ မှန်သောစကား၊ မှန်သော အလုပ်၊ မှန်သော အသက်မွေးမှု၊ မှန်သော အားထုတ်မှု၊ မှန်သော သတိ၊ မှန်ကန်သောတည်ကြည်မှုဆိုတဲ့ အဲဒီမဂ္ဂင်တရား ရှစ်ပါးဖြစ်တယ်။ အဲဒီ အလယ်အလပ် အကျင့်ကို ငါဘုရား ထိုးထွင်း၍ သိတော်မူတယ်။

## ကာမဂုဏ်ခံစားသူ သုံးမျိုး

"ရာသိယရွာသူကြီး၊ လောကကြီးမှာ ကာမဂုဏ်ခံစားတဲ့ လူ ၃-မျိုး ၃-စားအထင်အရှားရှိတယ်။ အဲဒီ ၃-မျိုးကဘာတွေလဲဆိုတော့....

၁ (က) ရာသိယရွာသူကြီး၊ လောကကြီးမှာ ကာမဂုဏ်ခံစားတဲ့ လူတချို့ဟာ စီးပွားဥစ္စာကို အနိုင်အထက်ပြုလုပ်ပြီး မတရားသဖြင့် ရှာဖွေစုဆောင်းကြတယ်၊ မတရားသဖြင့်ရှာပြီးတော့ မိမိကိုယ်ကိုလဲ မချမ်းသာစေဘူး၊ သူတပါးတွေကို ပေးကမ်းစွန့်ကြဲဘို့ ဆိုတာ စိတ်တောင် မကူးကြဘူး။ ကုသိုလ် ကောင်းမှုလဲ မပြုလုပ်ကြဘူး။

၁ (ခ) ရွာသူကြီး၊ လောကကြီးမှာ ကာမဂုဏ်ခံစားတဲ့ လူတချို့ဟာ အနိုင်အထက်ပြုလုပ်ပြီး စီးပွားဥစ္စာကို မတရားသဖြင့် ရှာဖွေစုဆောင်းကြတယ်။ အဲဒီစီးပွား

ဥစ္စာနဲ့ မိမိကိုယ်ကိုလဲ ချမ်းသာစေတယ်၊ ပြည့်ဖြိုးစေတယ်၊ ဝေခြမ်းပေးကမ်းဘို့၊ ကောင်းမှု လုပ်ဘို့ ကတော့ စိတ်တောင်မကူးဘူး။

၁ (ဂ) ရှာသူကြီး၊ လောကကြီးမှာ တချို့ ကာမဂုဏ် ခံစားတဲ့ သူတွေကျတော့ အနိုင်အထက် ပြုလုပ်ပြီး စီးပွားဥစ္စာကို မတရားသဖြင့် ရှာဖွေ စုဆောင်းကြတယ်၊ အဲဒီစီးပွားဥစ္စာနဲ့ မိမိကိုယ်ကိုလဲ ချမ်းသာစေတယ်၊ ပြည့်စေတယ်၊ ဝေခြမ်း ပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြတယ်။

၂ (က) ရာသိယရှာသူကြီး၊ လောကကြီးမှာ တချို့ ကာမဂုဏ်ခံစားတဲ့လူတွေဟာ၊ အနိုင်အထက် ပြုလုပ်၍ဘဲဖြစ်ဖြစ်၊ အနိုင်အထက် မပြုလုပ်ဘဲနှင့်ဖြစ်ဖြစ်၊ စီးပွားဥစ္စာကို တရားတရား၊ မတရားမတရား၊ ဖြစ်သလိုရှာဖွေစုဆောင်းကြတယ်၊ ရရှိလာတဲ့ စီးပွားဥစ္စာနဲ့ မိမိကိုယ်ကိုလဲ မချမ်းသာစေဘူး၊ မပြည့်ဖြိုးစေဘူး၊ မဝေခြမ်း မပေးကမ်းဘူး၊ ကုသိုလ် ကောင်းမှုလဲ မပြုလုပ်ဘူး။

၂ (ခ) ရာသိယရှာသူကြီး၊ လောကကြီးမှာ တချို့ ကာမဂုဏ် ခံစားတဲ့လူတွေဟာ အနိုင်အထက် ပြုလုပ်၍ဘဲဖြစ်ဖြစ်၊ အနိုင်အထက် မပြုလုပ်ဘဲနှင့်ဖြစ်ဖြစ်၊စီးပွားဥစ္စာကို တရားတာမတရားတာအပထားပြီး၊ ဖြစ်သလိုရှာဖွေစုဆောင်းကြတယ်၊ ရရှိလာတဲ စီးပွားဥစ္စာနဲ့ မိမိကိုယ်ကို ချမ်းသာစေတယ်၊ ပြည့်ဖြိုးစေတယ်၊

မဝေခြမ်း မပေးကမ်းဘူး၊ ကုသိုလ် ကောင်းမှု မပြုလုပ်ဘူး။

၂ (ဂ) ရှာသူကြီး၊ လောကြီးမှာ တချို့ ကာဂုဏ် ခံစား ကြတဲ့လူတွေဟာ အနိုင်အထက် ပြုလုပ်၍ဘဲဖြစ်ဖြစ်၊ အနိုင်အထက် မပြုလုပ်ဘဲနှင့်ဖြစ်ဖြစ်၊ စီးပွားဉစ္စာကို တရားတာမတရားတာ အပထားပြီး ပြစ်သလိုရှာဖွေ စုဆောင်းကြတယ်၊ ရရှိလာတဲ့ စီးပွားဉစ္စာနှင့် မိမိ ကိုယ်ကို ချမ်းသာစေတယ်၊ ပြည့်ဖြိုးစေတယ်၊ဝေခြမ်း ပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုလဲပြုလုပ်တယ်။

၃ (က) ရာသိယရှာသူကြီး၊ အဲဒါအပြင် လောကကြီးမှာ ကာမဂုဏ် ခံစားတဲ့ လူတချို့ဟာ အနိုင်အထက် မပြုလုပ်ဘဲ စီးပွားဉစ္စာကို တရားသံဖြင့်သာ ရှာဖွေ စုဆောင်းတယ်၊ ရရှိလာတဲ့ပစ္စည်းဖြင့် မိမိကိုယ်ကိုလဲ မချမ်းသာစေဘူး၊ မပြည့်ဖြိုးစေဘူး၊ မဝေခြမ်းမပေး ကမ်းဘူး၊ ကုသိုလ်ကောင်းမှုလဲ မပြုလုပ်ဘူး။

၃ (ခ) ရှာသူကြီး၊ လောကကြီးမှာ တချို့ ကာမဂုဏ်ခံစား ကြတဲ့လူတွေဟာ အနိုင်အထက်မပြုလုပ်ဘဲ စီးပွား ဉစ္စာကို တရားသဖြင့် ရှာဖွေစုဆောင်းကြတယ်၊ ရရှိ လာတဲ့ပစ္စည်းဖြင့် မိမိကိုယ်ကိုချမ်းသာစေတယ်၊ ပြည့် ဖြိုးစေတယ်၊ မဝေချမ်း မပေးကမ်းဘူး၊ ကုသိုလ် ကောင်းမှုလဲ မပြုလုပ်ဘူး။

၃ (ဂ) ရှာသူကြီး၊ လောကကြီးမှာ တချို့ကာမဂုဏ်ခံစား တဲ့လူတွေဟာ အနိုင်အထက်မပြုလုပ်ဘဲ စီးပွားဉစ္စာ

ကို တရားသဖြင့်သာ ရှာဖွေစုဆောင်းကြတယ်၊ ရရှိလာတဲ့ပစ္စည်းဖြင့် မိမိကိုယ်ကိုချမ်းသာစေတယ်၊ ပြည့်ဖြိုးစေတယ်၊ ဝေခြမ်းပေးကမ်းတယ်၊ ကုသိုလ်မှုလဲ ပြုလုပ်တယ်။

'စည်းစိမ်ဥစ္စာတွေကို မက်မောပြီး အမြဲသဖြင့် စွဲလမ်းနေတယ်၊ အပြစ်မမြင်နိုင်အောင်ဖြစ်နေတယ်၊ ထွက်မြောက်လိုတဲ့ဉာဏ်မရှိဘဲ အသိဉာဏ် တုံးတိန့် သုံးဆောင်ခံစားကြတယ်။

၄။ လောကကြီးမှာ အချို့ ကာမဂုဏ်ခံစားတဲ့လူတွေကျတော့ နိုင်ထက်စီးနင်း မပြုလုပ်ဘဲ စီးပွားဥစ္စာကို တရားသဖြင့်သာ ရှာဖွေစုဆောင်းကြတယ်၊ တရားသဖြင့်ရှာရတဲ့ပစ္စည်းနဲ့ မိမိကိုယ်ကို ချမ်းသာစေတယ်၊ ပြည့်ဖြိုးစေတယ်၊ ဝေခြမ်းပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်တယ်၊ ဒါပေမဲ့ အဲဒီစီးပွားဥစ္စာတွေကို မက်မက်မောမောမရှိဘူး၊ မစွဲလမ်းဘူး၊ အပြစ်ကို မြင်နေတယ်၊ လွတ်မြောက်လိုသော စိတ်ဆန္ဒအသိဉာဏ်နှင့် သုံးဆောင်ကြတယ်။

## ဘယ်လိုကာမဂုဏ်ခံစားသူဆို ချီးမွမ်းရမလဲ

၁ (က) ရွာသူကြီး၊ အဲဒီလိုလူအမျိုးမျိုးတွင် မတရားသဖြင့် စီးပွားရှာပြီး မသုံးရက် မစားရက် မလှူရက်သူကို အကြောင်းသုံးမျိုးနဲ့ အကဲ့ရဲ့ခံရတယ်၊ (၁)မတရား စီးပွားရှာမှု၊ (၂) မိမိကိုယ်တိုင် မစားရက်မသောက်

ရက်မှု၊(၃)မဝေခြမ်းမပေးကမ်းမှု၊ ကုသိုလ်ကောင်းမှု မပြုလုပ်မှု၊ အဲဒီ အကြောင်း ၃-ခုနဲ့ အကဲ့ရဲ့ခံကြရတယ်။

၁ (ခ) တချို့ ကာမဂုဏ်ခံစားတဲ့ လူတွေကျတော့ မတရားသဖြင့် စီးပွားရှာတယ်၊ သို့သော် မိမိကိုယ်ကိုတော့ ချမ်းချမ်းသာသာ နေထိုင်စားသောက်တယ်၊ဒါပေမဲ့ မဝေခြမ်းမပေးကမ်းဘူး၊ကုသိုလ်ကောင်းမှုမလုပ်ဘူး၊ အဲဒီလူတွေကျတော့ အကြောင်း ၂-မျိုးနဲ့ အကဲ့ရဲ့ခံကြရတယ်။ (၁) မတရားသဖြင့် နှိုင်ထက်စီးနင်းရှာဖွေမှု၊ (၂) မဝေခြမ်း မပေးကမ်းမှုနှင့် ကုသိုလ်ကောင်းမှု၊ မပြုလုပ်မှု အဲဒီအကြောင်း ၂-ခုနဲ့ အကဲ့ရဲ့ခံကြရတယ်၊ မိမိကိုယ်တိုင် သုံးဆောင် ခံစားတာကိုတော့ ချီးမွမ်းတယ်။

၁ (ဂ) ရာသိယရှာသူကြီး၊လောကကြီးမှာ တချို့ကာမဂုဏ်ခံစားတဲ့လူတွေကျတော့ စီးပွားဥစ္စာကို နှိုင်ထက်စီးနင်းပြုလုပ်ပြီး မတရားသဖြင့် စီးပွား ရှာတယ်၊ ဒါပေမဲ့ မိမိကိုယ်တိုင်လဲ သုံးဆောင်ခံစားဘယ်၊ ဝေခြမ်းပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုလဲပြုလုပ်တယ်၊ အဲဒီလိုလူမျိုးကျတော့ မတရားမှုတခုဘဲ အကဲ့ရဲ့ခံရတယ်၊ ကျန် ၂-ခုကိုတော့ ချီးမွမ်းကြတယ်။

၂ (က) ရာသိယရှာသူကြီး၊ လောကကြီးမှာရှိကြတဲ့ အချို့ ကာမဂုဏ်ခံစားတဲ့လူတွေဟာ တရားတာရော မတရားတာရော ရောနှောပြီး စီးပွားရှာကြတယ်၊ မိမိကိုယ်

တိုင်လဲ မသုံးဆောင် မခံစားဘူး၊ သူတပါးကိုလဲ မပေးကမ်းဘူး၊ ကုသိုလ်ကောင်းမှု မလုပ်ဘူး၊ အဲဒီလူဟာ အကြောင်းတမျိုးနဲ့ အချီးမွမ်းခံရတယ်၊ အကြောင်း ၃-မျိုးနဲ့ အကဲ့ရဲ့ခံရတယ်၊ တရားသဖြင့် ရှာမှီးတာတခုသာ ချီးမွမ်းခံရတယ်၊ မတရားသဖြင့် ရှာဖွေမှု၊ မိမိကိုယ်တိုင် မသုံးဆောင် မခံစားမှု၊မပေးကမ်း မလှူဒါန်းမှု၊ ကုသိုလ်ကောင်းမှုမလုပ်မှု၊ အဲဒီအကြောင်း ၃-မျိုးနဲ့ အကဲ့ရဲ့ခံကြရတယ်။

၂ (ခ) ရှာသူကြီး၊ တချို့ ကာမဂုဏ်ခံစားတဲ့လူတွေဟာ စီးပွားဥစ္စာကို တရားတာရောမတရားတာရော ရောနှောပြီး ရှာဖွေကြတယ်၊ အဲ့ဒီပစ္စည်းကို မိမိကိုယ်တိုင်တော့ သုံးဆောင်ခံစားကြတယ်၊ ဒါပေမဲ့ မဝေခြမ်းဘူး၊ ကုသိုလ်ကောင်းမှု မပြုလုပ်ဘူး၊ အဲဒီလိုလူမျိုးကျတော့ အကြောင်း ၂-ပါးနဲ့ အကဲ့ရဲ့ ခံရတယ်၊ အကြောင်း ၂-ပါးနဲ့ အချီးမွမ်းခံရတယ်၊ တရားသဖြင့် ရှာဖွေမှုနဲ့ မိမိကိုယ်တိုင် သုံးဆောင်ခံစားမှုအတွက် အချီးမွမ်းခံရတယ်၊ မတရားသဖြင့် ရှာဖွေမှုနဲ့ မပေးမကမ်း ကုသိုလ်ကောင်းမှု မလုပ်မှုအတွက်တော့ အကဲ့ရဲ့ခံကြရတယ်။

၂ (ဂ) ရာသိယရှာသူကြီး၊ တချို့ကာမဂုဏ်ခံစားတဲ့လူတွေဟာ တရားတာရော မတရားတာရော ရောနှောပြီး စီးပွားဥစ္စာကို ရှာဖွေစုဆောင်းကြတယ်၊ အဲဒီစီးပွားဥစ္စာများကို မိမိကိုယ်တိုင်လဲ ချမ်းချမ်းသာသာ သုံး

ဆောင် ခံစားကြတယ်၊ သူတပါးတွေကိုလဲ ဝေခြမ်း ပေးကမ်းကြတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်ကြတယ်၊ အကြောင်း ၃-ပါးနဲ့ အချီးမွမ်းခံရတယ်၊ တရားသ ဖြင့် စီးပွားရှာမှု၊ မိမိကိုယ်တိုင် သုံးဆောင်ခံစားမှု၊ သူတပါးတွေကို ဝေခြမ်းမှု၊ ကုသိုလ်ကောင်းမှုပြုလုပ်မှု၊ အဲဒီ အကြောင်း ၃-ခုဖြင့် အချီးမွမ်းခံကြရတယ်၊ မတရားသဖြင့် စီးပွားရှာတာ တခုအတွက်တော့ အကဲ့ရဲ့ခံကြရတယ်။

၃ (က) ရာသိယရှာသူကြီး၊ လောကကြီးမှာ တချို့တချို့ သော ကာမဂုဏ်ခံစားကြတဲ့ လူတွေဟာ နိုင်ထက် စီးနင်းမပြုလုပ်ဘဲ စီးပွားဥစ္စာ တရားသဖြင့် ရှာဖွေ စုဆောင်းကြတယ်၊ အဲဒီလူတွေဟာ မိမိကိုယ်တိုင်လဲ သုံးဆောင်ခံစားမှုမရှိဘူး၊ သူတပါးတွေကိုလဲ မဝေ ခြမ်း မပေးကမ်းဘူး၊ ကုသိုလ်ကောင်းမှု မပြုလုပ် ဘူး၊ အဲဒီလိုလူတွေကိုတော့ တရားသဖြင့် စီးပွား ဥစ္စာရှာတာတခုကိုဘဲ ချီးမွမ်းကြတယ်၊ ကိုယ်တိုင် မသုံးဆောင်မခံစားတာနဲ့ သူတပါးတွေကို မဝေ ခြမ်းတာ ကုသိုလ်ကောင်းမှုမပြုလုပ်တာ အဲဒီ ၂ခု ကတော့ ကဲ့ရဲ့စရာ အပြစ်တင်စရာဖြစ်တယ်။

၃ (ခ) ရာသိယရှာသူကြီး၊ လောကကြီးမှာ တချို့တချို့ သော ကာမဂုဏ်ခံစားတဲ့ လူတွေကျတော့ နိုင်ထက် စီးနင်းမလုပ်ဘဲ စီးပွားဥစ္စာကို တရားသဖြင့် ရှာဖွေ စုဆောင်းကြတယ်၊ အဲဒီစီးပွားဥစ္စာကို မိမိတို့ကိုယ်

တိုင်အတွက်တော့ စိတ်ကြိုက် သုံးဆောင်ခံစားကြ တယ်၊ သူတပါးတွေကိုတော့ မဝေခြမ်းမပေးကမ်း ဘူး၊ ကုသိုလ်ကောင်းမှုမပြုလုပ်ဘူး၊ အဲဒီလို လူမျိုး တွေကိုတော့ တရားသဖြင့် စီးပွားရှာဖွေမှု၊ မိမိကိုယ် တိုင် သုံးဆောင်ခံစားမှု၊ အဲဒီ ၂-ခုတော့ အချီးမွမ်း ခံကြရတယ်၊ သူတပါးကို မဝေခြမ်း မပေးကမ်းမှု၊ ကုသိုလ်ကောင်းမှု မပြုလုပ်မှု၊ အဲဒီတခုအတွက်တော့ အကဲ့ရဲ့ခံကြရတယ်၊ အပြစ်တင်ခံကြရတယ်။

၃ (ဂ) ရာသီယရှာသူကြီး၊ လောကကြီးမှာ တချို့တချို့ သော ကာမဂုဏ်ခံစားတဲ့လူတွေဟာ နိုင်ထက်စီးနင်း မလုပ်ဘဲ စီးပွားဥစ္စာကိုလဲ တရားသဖြင့် ရှာဖွေ စု ဆောင်းကြတယ်၊ မိမိတို့ကိုယ်တိုင်လဲ မျှတအောင် သုံးဆောင်ခံစားကြတယ်၊ သူတပါးတွေကိုလဲ ဝေ ခြမ်း ပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုပြုလုပ်တယ်၊ တရားသဖြင့် စီးပွားရှာဖွေမှု၊ မိမိတို့ကိုယ်တိုင် သုံး ဆောင်ခံစားမှု၊ သူတပါးတွေကို ဝေခြမ်းပေးကမ်း ကုသိုလ်ကောင်းမှုပြုလုပ်မှု၊ အဲဒီအကြောင်း ၃-ခုနဲ့ အချီးမွမ်းခံကြရတယ်၊ ဒါပေမဲ့ ကဲ့ရဲ့စရာအကြောင်း တခုကတော့ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ စီးပွားဥစ္စာကို မက်မက်မောမော စွဲလမ်းမှု၊ အပြစ် မမြင်မှု၊ လွတ်မြောက်လိုတဲ့ အသိဉာဏ်မဝင်ဘဲ သုံး ဆောင်မှု၊ အဲဒီတခုဘဲ ကဲ့ရဲ့စရာ၊ အပြစ်တင်စရာ ရှိတယ်။

၄။ ရှာသူကြီး၊ လောကကြီးမှာ တချို့သော ကာမဂုဏ်ခံစားသူတွေဟာ အနိုင်ထက်မလုပ်ဘဲ စီးပွားဥစ္စာကို တရားသဖြင့်ရှာဖွေစုဆောင်းတယ်၊မိမိတို့ကိုယ်တိုင်လဲ မျှတအောင် သုံးဆောင်ခံစားကြတယ်၊ သူတပါးတွေကို ဝေခြမ်းပေးကမ်းတယ်၊ ကုသိုလ်ကောင်းမှုလဲ ပြုလုပ်တယ်၊ စီးပွားဥစ္စာကိုလဲ မက်မက်မောမော တွယ်တာစွဲလမ်းတဲ့စိတ်မရှိဘူး၊ အပြစ်မြင်ပြီး လွတ်မြောက်ချင်တဲ့စိတ် အသိဉာဏ်ကလေးနဲ့ သုံးဆောင်ခံစားကြတယ်၊ အဲဒီလိုလူတွေကိုတော့ တရားသဖြင့် စီးပွားရှာမှု၊မိမိတို့ကိုယ်တိုင် မျှတအောင်သုံးဆောင်ခံစားမှု၊ သူတပါးတွေကိုလဲ ဝေခြမ်း ပေးကမ်းကုသိုလ်ကောင်းမှုပြုလုပ်မှု၊ ပစ္စည်းဥစ္စာပေါ် မက်မက်မောမော အစွဲအလမ်းမရှိဘဲ အပြစ်မြင်ပြီး လွတ်မြောက်ချင်တဲ့စိတ်၊ အသိဉာဏ်နှင့် သုံးဆောင်ခံစားမှုအကြောင်း ၄-ခုစလုံးနဲ့ အချီးမွမ်းခံကြရတယ်၊ ကဲ့ရဲ့စရာ၊ အပြစ်တင်စရာ ဘာတခုမျှမရှိဘူး ။

## ပြင်းထန်သောအကျင့်ကို မှီးသူ ၃-မျိုး

'ရာသိယရှာသူကြီး၊ ပြင်းထန်သောအကျင့်ကိုမှီးပြီး ခေါင်းပါသော အသက်မွေးမှုရှိသူ ၃-ယောက်၊ လောကကြီးမှာ အထင်အရှားရှိနေကြတယ်။ အဲဒီ ၃-ယောက်ကတော့....

၅ (က) ပြင်းထန်သောအကျင့်ကို မှီးပြီး ခေါင်း ပါးသော အသက်မွေးမှုရှိသူတချို့ကတော့ ကုသိုလ်တရားတွေ

ရတန်ကောင်း၍၊ မင်္ဂလာဖိုလ်ဥာဏ်တော့ မျက်မှောက် ပြုတန်ကောင်း၍ဆိုပြီး လူ့ဘောင်ကနေပြီး ရဟန်းဘောင် ဝင်လာကြတယ်။ သူတို့တတွေဟာ မိမိကိုယ်ကို ပူပန်စေတယ်၊ ပြင်းစွာ ပူပန်စေတယ်၊ ကုသိုလ်လဲမရဘူး၊ မဂ်ဥာဏ်ဖိုလ်ဥာဏ်လဲ့မျက်မှောက် မပြုနိုင်ဘူး။

၅ (ခ) ရာသိယရှာသူကြီး.... နောက်တမျိုးကတော့ ပြင်းထန်သောအကျင့်ကိုမှီးပြီး ခေါင်းပါးသော အသက်မွေးမှုရှိသူ တချို့ကတော့ ကုသိုလ်ရတန်ကောင်း၍ ဆိုပြီး မိမိကိုယ်ကိုပူပန်စေတယ်၊ အပြင်းအထန်ပူပန်စေတယ်၊ အဲဒီလိုလုပ်တဲ့အတွက် ကုသိုလ်တရားတော့ ရပါတယ်၊ မဂ်ဥာဏ်ဖိုလ်ဥာဏ်တော့ မျက်မှောက် မပြုနိုင်ဘူး။

၅ (ဂ) ရာသိယရှာသူကြီး၊ နောက်တမျိုးကတော့ပြင်းထန်သောအကျင့်ကိုမှီးပြီး ခေါင်းပါးသော အသက်မွေးမှုရှိသူအချို့သည် ကုသိုလ်လဲ ရတန်ကောင်း၍ မဂ်ဥာဏ်ဖိုလ်ဥာဏ်လဲ မျက်မှောက်ပြုတန်ကောင်း၍ ဆိုတဲ့ ယုံကြည်ချက်နဲ့ လူ့ဘောင်မှထွက်ပြီး ရဟန်းဘောင် ဝင်လာကြတယ်။ အဲဒီသူတွေဟာ မိမိကိုယ်ကို ပူပန်စေတယ်၊ ပြင်းစွာပူပန်စေတယ်၊ အဲဒီလိုလုပ်တဲ့အတွက် ကုသိုလ်တရားလဲရတယ်၊ မဂ်ဥာဏ်ဖိုလ်ဥာဏ်လဲ မျက်မှောက်ပြုနိုင်ကြတယ်။

# ဘယ်လိုပြင်းထန်သောအကျင့်-ကျင့်သူကို ချီးမွမ်းရမလဲ

၅ (က) အဲဒီ ၃-ယောက်တို့တွင် ကိုယ်လဲပင်ပန်းဆင်းရဲတယ်' ကုသိုလ်လဲမရဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်လဲ မျက်မှောက်မပြုနိုင်၊ အဲဒီပုဂ္ဂိုလ်ကိုတော့အကြောင်း ၃ ခု စလုံးနဲ့ အကဲ့ရဲ့ခံရတယ်၊ အပြစ်တင်ခံရတယ်၊

၅ (ခ) နောက်တဦးကတော့ မိမိကိုယ်ကို ပင်ပန်းဆင်းရဲစေတယ်၊ ဒါပေမယ့် ကုသိုလ်တရားတော့ရတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုတော့ မျက်မှောက်မပြုနိုင်ဘူး၊ အဲဒီ လိုပုဂ္ဂိုလ်မျိုးကတော့ မိမိကိုယ်ကို ပြင်းစွာပင်ပန်းဆင်းရဲ စေတဲ့အချက်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မျက်မှောက် မပြုနိုင်တဲ့အချက်၊ အဲဒီအချက် ၂-ခု အတွက် အကဲ့ရဲ့ခံရလိမ့်မယ်။ ကုသိုလ်တရား ရရှိတဲ့ အတွက်တော့ အချီးမွမ်းခံရတယ်။

၅ (ဂ) ရွာသူကြီး၊ အဲဒီပုဂ္ဂိုလ် ၃ မျိုးထဲက နောက်ဆုံးတမျိုးအတွက်ကတော့ မိမိကိုယ်ကို ပင်ပန်းဆင်းရဲစေပါတယ်၊ ဒါပေမဲ့ ကုသိုလ်တရားကိုလည်းရတယ်၊ လူတွေထက်သာတဲ့ အရိယာဉာဏ် အမြင်ထူးကိုလည်း မျက်မှောက်ပြုနိုင်တယ်၊ မိမိကိုယ်ကို အပင်ပန်း အဆင်းရဲခံပြီး ပြင်းပြင်းထန်ထန် ကျင့်တဲ့အကျင့် တခုကိုဘဲ ကဲ့ရဲ့ခံစရာရှိတယ်၊ ကုသိုလ်တရားရတာနဲ့ လူတွေထက်သာတဲ့ အရိယာဉာဏ်အမြင်ထူးကို မျက်

မှောက်ပြုနိုင်တာ အဲဒါ ၂-ခုကို အချီးမွမ်းခံကြရတယ်။

## ကိလေသာပယ်ဖျက်မှု ၃ မျိုး

ရာသိယရှာသူကြီး၊ အားထုတ်လျှင် ကိုယ်တိုင်သိနိုင်မြင်နိုင်တယ်၊ အခါမလင့်အကျိုးပေးနိုင်တယ်၊ လာပါ....ရှုပါအားထုတ်ကြည့်ပါ ခေါ်ပြထိုက်တယ်၊ ဆောင်ထားထိုက်တယ်၊ အရိယာပညာရှိများသာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သော ကိလေသာပယ်ဖျက်မှုတို့သည် ၃-မျိုးရှိကြတယ်၊ အဲဒီသုံးမျိုးကတော့ ဘာတွေလဲဆိုရင်....

၆ (က) တပ်မက်တဲ့လူတွေဟာ တပ်မက်တဲအတွက် မိမိပျက်စီးအောင်လဲလုပ်တယ်၊ သူတပါးပျက်စီးအောင်လဲလုပ်တယ်၊ မိမိသူ့ဘပါး ၂-ဦးသားလုံး ပျက်စီးအောင်လဲလုပ်တယ်၊ တပ်မက်မှုကို ပယ်ပြီးတဲ့အခါ မိမိပျက်စီးအောင်လဲ မလုပ်ဘူး၊ သူတပါးပျက်စီးအောင်လဲမလုပ်ဘူး၊ မိမိသူတပါးပျက်စီးအောင်လဲ မလုပ်တော့ဘူး။ အဲဒါတွေဟာ ကိုယ်တိုင်သိမြင်နိုင်သော အခါမလင့် အကျိုးပေးနိုင်သော၊ လာပါရှုကြည့်ပါ၊ အားထုတ်ကြည့်ပါလို့ ခေါ်ပြထိုက်သော မိမိကိုယ်ထဲ စိတ်ထဲမှာအသဲစွဲအောင် ဆောင်ယူထားထိုက်သော အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော ကိလေသာ ပယ်ဖျက်မှုတရားဖြစ်တယ်။

၆ (၁) ရှာသူကြီး၊ အမျက်ထွက်တတ်တဲ့သူဟာ အဲဒီလို အမျက်ထွက်တတ်တဲ့ အတွက်ကြောင့် မိမိပျက်စီး အောင်လဲလုပ်တတ်တယ်၊ သူတပါးပျက်စီးအောင် လဲလုပ်တယ်၊ မိမိသူတပါး ၂ ဦးသားလုံး ပျက်စီး အောင်လဲလုပ်တယ်၊ အမျက်ဒေါသကို ပယ်ပြီးတဲ့ အခါ၊ မိမိပျက်စီးအောင်လဲ မလုပ်တော့ဘူး သူ တပါး ပျက်စီးအောင်လဲ မလုပ်တော့ဘူး၊ မိမိသူ တပါး ၂ ဦးသားလုံး ပျက်စီးအောင်လဲ မလုပ်တော့ ဘူး၊ အဲဒါတွေဟာ ကိုယ်တိုင်သိမြင်နိုင်တယ် အခါ မလင့် အကျိုးပေးနိုင်တယ်၊ လာပါရှုကြည့်ပါလို့ ခေါ်ယူပြထိုက်တယ်၊ မိမိ၏ကိုယ်ထဲစိတ်ထဲမှာ အသွဲ စွဲသွားအောင် ဆောင်ယူမှတ်သားထိုက်တယ်၊ အ ရိယာ ပညာရှိများသာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစား နိုင်သောကိလေသာ ပယ်ဖျက်မှုအလုပ်ဖြစ်တယ်။

၆ (၈) ရှာသူကြီး၊ တွေဝေနေတဲ့သူတွေဟာလဲ အဲဒီလိုတွေ ဝေနေတဲ့အတွက် မိမိပျက်စီးအောင်လဲလုပ်ကြတယ်၊ သူတပါးတွေ ပျက်စီးအောင်လဲလုပ်ကြတယ်၊ မိမိ သူတပါး ၂ ဦးသားလုံး ပျက်စီ အောင်လဲလုပ်ကြ တယ်၊ တွေဝေမှုကို ပယ်ဖျက်ပြီးဘဲ့အခါ မိမိပျက်စီး အောင်လဲမလုပ်တော့ဘူး၊ သူတပါးပျက်စီးအောင် လဲ မလုပ်တော့ဘူး၊ မိမိသူတပါး ၂ ဦးသား ပျက် စီးအောင်လဲမလုပ်တော့ဘူး။ အဲဒါတွေဟာ မိမိ ကိုယ်တိုင် သိမြင်နိုင်တယ်၊ အခါမလင့် အကျိုးပေး နိုင်တယ်၊ လာပါရှုကြည့်ပါလို့ ခေါ်ပြလက်ဆွဲပြ

ထိုက်တယ်၊ မိမိကိုယ်ထဲစိတ်ထဲမှာ အသဲစွဲသွားအောင် ဆောင်ယူမှတ်သားထိုက်တယ်၊ အရိယာပညာရှင်များသာ ကိုယ်စီကိုယ်ငှ သိနိုင်ခံစားနိုင်သော ကိလေသာ ပယ်ဖျက်မှု အလုပ်ဖြစ်တယ်။

ဤကဲ့သို့ရှင်းလင်း မိန့်ကြားတော်မူသောအခါ၊ ရာသိယရွာသူကြီးသည် အလွန်ဝမ်းမြောက် ဝမ်းသာရှိသဖြင့်....

"အရှင်ဘုရား၊ ရှင်တော်မြတ်ဘုရားသည် ယနေ့မှစ၍ တပည့်တော်ကို သက်ဆုံးတိုင် ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်တော်မူပါဘုရား"ဟု လျှောက်ထားလေ၏။

---

အခါတပါး မြတ်စွာဘုရားသည် ကောလိယမြို့ ဥတ္တရမည်သော ကောလိယမင်းတို့၏ နိဂုံး၌ သီတင်းသုံးတော်မူပါသည်။

ထိုအခါ ပါဋလိယရွာသူကြီးသည် မြတ်စွာဘုရားထံ သွားရောက်၍ ရိုသေစွာရှိခိုးပြီး ဤစကားကို မေးမြန်းလျှောက်ထားလေ၏။

ဗါဋ္ဋလိယရွာသူကြီး။ ။အရှင်ဘုရား၊ ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကို သိတယ်လို့ အကျွန်ုပ်ကြားသိနေပါသည်။ အရှင်ဘုရား ရဟန်းဂေါတမသည် လှည့်ပတ်မှုမာယာကို သိတယ်လို့ပြောဆိုနေတဲ့လူတွေဟာ မြတ်စွာဘုရား၏ စကားအတိုင်း ပြောဆိုနေတဲ့သူတွေ ဖြစ်ပါသလား။ မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေတဲ့လူတွေဖြစ်ပါသလား။ အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရားကို မစွပ်စွဲလိုပါဘုရား"ဟု မေးမြန်းလျှောက်ထားလေ၏။

ဗုဒ္ဓ။ ။ပါဋလိယရွာသူကြီး၊ လှည့်ပတ်မှုမာယာကို သိတယ်လို့ ပြောဆိုနေကြတဲ့ လူတွေဟာ ငါဘုရား၏စကားအတိုင်း ပြောဆိုနေတဲ့လူတွေဖြစ်တယ်။ ငါဘုရားအား မဟုတ်မမှန် စွပ်စွဲနေကြတာ မဟုတ်ဘူး စသည်ဖြင့် မိန့်တော်မူ၏။

"အချင်းတို့၊ ဂေါတမဗုဒ္ဓသည် လှည့်ပတ်မှုမာယာကို သိတယ်လို့ ပြောဆိုနေကြတဲ့ သမဏဗြာဟ္မဏတွေရဲ့ အမှန်စကားကို အစကငါမယုံဘူး—

"အချင်းတို့၊ ဂေါတမဗုဒ္ဓဟာ လှည့်ပတ်တတ်သူ အစစ်ဖြစ်တယ်"ဟု စွပ်စွဲလေ၏။

ဗုဒ္ဓ။ ပါဋလိယရွာသူကြီး၊ လှည့်ပတ်မှုမာယာကို ငါသိတယ်လို့ ပြောရုံမျှနှင့် ငါ့ကိုလှည့်ပတ်တတ်သူဟု ဆိုနိုင်ရာသလော။

"ဘုန်းတန်ခိုးကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ထိုစကားသည် ထိုအတိုင်းဖြစ်ပါ၏။ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ထိုစကားသည် ထိုအတိုင်းပင် ဖြစ်ပါ၏ဘုရား"

"ပါဋလိယရွာသူကြီး၊ ဒီလိုဆိုရင် ဒီကိစ္စနှင့်ပတ်သက်ပြီး သင့်ကိုငါပြန်ပြီးမေးခွန်းထုတ်ရအုံးမယ်၊ သင်ကြိုက်သလိုသာ ဖြေပေတော့"

"ပါဋလိယရွာသူကြီး၊ ကောလိယမင်းတွေရဲ့ လမ္ဗစူဠကခေါ်တဲ့ အမှုထမ်းကိုသိသလား"

"တပည့်တော် အဲဒီအမှုထမ်းတွေကို သိပါတယ်ဘုရား"

"ပါဋ္ဌလိယရွာသူကြီး၊ အဲဒီအမှုထမ်းတွေဟာ ဘာအလုပ်လုပ်ကြသလဲ"

"အရှင်ဘုရား၊ အဲဒီအမှုထမ်းတွေဟာ ကောလိယမင်းတို့အတွက် သူခိုးတွေတားမြစ်ဖို့ ထမန်အမှုထမ်းတွေဖြစ်ပါတယ်ဘုရား"

"ပါဋ္ဌလိယရွာသူကြီး၊ အဲဒီတမန်အမှုထမ်းတွေဟာ ကိုယ်ကျင့်သီလရှိတာ မရှိတာကို သင်သိသလား"

"အရှင်ဘုရား၊ တပည့်တော်သူတို့အကြောင်းကောင်းကောင်းသိပါတယ်ဘုရား၊ လောကကြီးမှာ အဲဒီအမှုထမ်းတွေလောက် သီလမရှိတာ၊ ယုတ်ညံ့တဲ့အကျင့်ရှိတာ ဒီကမ္ဘာပေါ်မှာ ရှိတောင်ရှိမယ်မထင်ပါဘုရား"

"ကောင်းပြီရွာသူကြီး၊ အဲဒီအမှုထမ်းတွေကို သိတဲ့အတွက် ပါဋ္ဌလိယရွာသူကြီးလဲ သီလမရှိဘူး၊ ယုတ်မာတဲ့ အကျင့်စာရိတ္တရှိတယ်လို့ တယောက်ယောက်က ပြောရင် အမှန်အတိုင်းပြောတယ်၊ ကောင်းကောင်းမှန်မှန်ပြောတယ်လို့ ဆိုနိုင်ပါသလား"

"မဆိုနိုင်ပါဘုရား၊ ကောလိယမင်းတွေရဲ့ လမ္ဗစူဠကခေါ်တဲ့ အမှုထမ်းတွေကတခြား၊ တပည့်တော်ကတခြား၊ အမှုထမ်းတွေ သဘောတမျိုး စိတ်နေစိတ်ထားတမျိုး၊ အကျင့်စာရိတ္တတမျိုး၊ တပည့်တော်က သဘောတမျိုး စိတ်နေစိတ်ထားတမျိုး၊ အကျင့်စာရိတ္တဘာမျိုးစီဖြစ်နေလို့ပါဘုရား"

"ကောင်းပြီရှာသူကြီး၊ ရှာသူကြီးဟာ ကောလိယမင်းတွေရဲ့ လမ္ဗူစုဋ္ဌကဆိုတဲ့ အမှုထမ်းတွေကို သိလမရှိဘူး၊ ဟုတ်ညံ့သော အကျင့်စာရိတ္တရှိတယ်လို့သိတယ်၊ ပါဋ္ဌလိယ ရှာသူကြီးကတော့ သီလမရှိသူ၊ ယုတ်ညံ့သော အကျင့်စာရိတ္တရှိသူ မဟုတ်ဘူးဆိုတဲ့ အဖြစ်မျိုး ရှာသူကြီးတောင်မှ ရနိုင်သေးရင်၊ လှည့်ပတ်မှု မာယာကို သိတယ်လို့ ပြောရုံကလေးနဲ့ မြတ်စွာဘုရားဟာ လှည့်ပတ်တတ်သူ မဟုတ်ဘူးဆိုတဲ့ အဖြစ်ကို ဘာပြုလို့မရနိုင်ရမှာလဲ။

"ရှာသူကြီး၊ ငါဘုရားဟာ လှည့်ပတ်မှုမာယာကိုလဲ သိတယ်၊ အဲဒီလှည့်ပတ်မှုမာယာ၏ အကျိုးတရားကိုလဲ သိတယ်၊ လှည့်ပတ်တဲ့ အကျင့်ကို ကျင့်တဲ့လူတွေ သေသွားရင် ငရဲရောက်တာကိုလဲ သိတယ်။

"ရှာသူကြီး၊ ငါဘုရားသည် အသက်သတ်ခြင်းကိုရင်း၊ အသက်သတ်ခြင်း၏ အကျိုးကိုရင်းသိဘယ်၊ သူ့အသက်ကိုသတ်တဲ့လူတွေ သေသွားရင် ငရဲရောက်ပုံကိုလဲသိတယ်။

"ရှာသူကြီး၊ သူများပစ္စည်းခိုးတာကိုရင်း၊ ခိုးယူတဲ့အကျိုးကိုရင်း၊ ခိုးတဲ့လူတွေ သေသွားရင် ငရဲရောက်ပုံကိုရင်း သိရှိတော်မူတယ်။

"ရှာသူကြီး၊ ကာမကိစ္စမှာ မှားယွင်းစွာကျင့်တဲ့အကျင့်၊ မှားယွင်းစွာကျင့်ခြင်းအကျိုး၊ ကာမကိစ္စမှာ မှားယွင်းစွာကျင့်တဲ့လူတွေ သေသွားရင် ငရဲရောက်ပုံတွေကို ငါဘုရားသိရှိတော်မူတယ်။

"ရှသူကြီး၊ ငါဘုရားသည် မမှန်တာပြောခြင်း၊ မမှန်တာပြောခြင်း၏အကျိုး၊ မဟုတ်မမှန်ပြောတဲ့ လူတွေ သေသွားရင် ငရဲရောက်ပုံ ဥဿုံသိရှိထော်မူတယ်။

"ရှသူကြီး၊ ကုန်းတိုက်တာ၊ ကုန်းတိုက်တဲ့အကျိုး၊ ကုန်းတိုက်တဲ့လူတွေသေသွားရင် ငရဲရောက်ပုံ အလုံးစုံကို ငါဘုရားသိတော်မူတယ်။

"ရှသူကြီး၊ ဆဲဆိုကြိမ်းမောင်းခြင်းစတဲ့ ကြမ်းတမ်းစကား၊ အဲဒီစကားတွေရဲ့အကျိုး၊ အဲဒီစကားမျိုး ပြောဆိုထတ်တဲ့လူတွေ သေသွားရင် ငရဲရောက်ပုံ အလုံးစုံကို ငါဘုရားသိရှိတော်မူတယ်။

"ရှသူကြီး၊ အကျိုးမရှိတဲ့ အတင်းအဖျင်းစကားတွေ အလကားစကားတွေ၊ အဲဒီစကားတွေရဲ့အကျိုး၊ အဲဒီလိုစကားမျိုး ပြောလေ့ဆိုလေ့ရှိသူတို့ သေသွားတဲ့အခါ ငရဲရောက်ပုံ အလုံးစုံကို ငါဘုရားသိတော်မူတယ်။

"ရှသူကြီး၊ သူတပါးစည်းစိမ်ကို ရှေ့ရှုကြံတာ၊ ရှေ့ရှုကြံခြင်းအကျိုး၊ အဲဒီလိုလူမျိုးတွေ သေသွားရင် ငရဲရောက်ပုံ အလုံးစုံကို ငါဘုရားသိတော်မူတယ်။

"ရှသူကြီး၊ ဖျက်ဆီးလိုတဲ့အမျက်ဒေါသ၊ ဖျက်ဆီးလိုတဲ့ အမျက်ဒေါသ၏အကျိုး၊ အဲဒီလိုလူတွေသေသွားရင် ငရဲရောက်ပုံ၊ ဒါတွေကို ငါဘုရားသိတော်မူတယ်။

"ရှသူကြီး၊ မှားတဲ့အယူ၊ မှားတဲ့အယူရဲ့ အကျိုး၊ မှားတဲ့အယူ ယူတဲ့လူတွေ သေသွားရင် ငရဲရောက်ပုံ၊ ဒါတွေကိုငါဘုရား သိတော်မူဘယ်။

# မကောင်းမှု ကျူးလွန်တိုင်း

‘ရှာသူကြီး၊ သူ့အသက်သတ်၊ သူ့ဥစ္စာခိုး၊ ကာမ ကိစ္စတွေမှာ မှားယွင်းစွာကျင့်၊ မဟုတ်ဘာ မမှန်တာတွေပြော၊ အဲဒီလိုလူတွေကိုအားလုံး ခုဘဝမှာပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်ပြီး၊ မကောင်းကျိုးတွေ ခံစားရတယ်လို့ အဲဒီလိုဝါဒစွဲရှိနေတဲ့ သမဏဗြာဟ္မဏဘချို့လောကကြီးမှာ ထင်ရှားရှိနေကြတယ်၊

‘ရှာသူကြီး၊ အဲဒီလိုဝါဒစွဲရှိနေပေမဲ့ လောကကြီးမှာပန်းပန်၊ နံ့သာလိမ်း၊ ရေချိုး၊ ပုတီးနားဍောင်း အကျဆင်ပြီး၊ မိန်းမတွေနှင့် ကာမဂုဏ်စည်းစိမ်ကို မင်းများလိုကျကျနန ခံစားနေတဲ့ လူတွေကို တွေ့မြင်ရဘယ်မဟုတ်လား’

‘တွေ့မြင်နေရပါတယ်၊ အဲဒီလူဟာ ဘာတွေများလုပ်ခဲ့သလဲလို့ မေးကြည့်တော့၊ အချင်းတို့....အဲဒီလူဟာ မင်းရဲ့ ရန်သူကိုနှိပ်စက် သတ်ဖြတ်ခဲ့ဘယ်၊ အဲဒီအတွက် မင်းအလိုတော်ကျ၍ဆုတော်လာဘ်တော်ရဘယ်၊ အဲဒါကြောင့် မင်းကဲ့သို့ ပျော်ပါးနေနိုင်တယ်လို့ ပြောဆိုကြပါဘယ်’

‘ရှာသူကြီး၊ လောကကြီးမှာ ခိုးခန့်အောင် လက်ပြန်ကြိုးဘုတ်ပြီး သုသာန်ထွက်ပြီး ခေါင်းဖြတ် အသတ်ခံရတာ တွေ့ရသလား’

‘မှန်ပါ၊ တွေ့ရပါတယ်ဘုရား၊ အဲဒီလူတွေ ဘာလုပ်ခဲ့လို့အသတ်ခံရသလဲလို့မေးကြည့်တော့ လူတွေကိုသတ်ခဲ့ဘယ်၊ ဒါကြောင့် မင်းတွေကဖမ်းပြီး ဇာက်ဖြတ်သတ်စေခြင်း ဖြစ်ဘယ်လို့ပြောကြပါဘယ်ဘုရား’

'ရှင်သူကြီး၊ အဲဒီအချက် ၂-ခုကို ဘယ်လိုထင်မြင်ယူဆသလဲ၊ သင် အဲဒီလူမျိုးတွေကော မြင်ဘူးကြားဘူးသလား'

'အရှင်ဘုရား၊ တပည့်တော် ဒါမျိုးတွေကို မြင်လဲမြင်ဘူး၊ ကြားလဲကြားဘူးပါတယ်ဘုရား၊ နောင်လဲ မြင်လဲမြင်ဘူး၊ ကြားလဲ ကြားဘူးနေရအုံးမှာပါဘုရား'

'ရှင်သူကြီး၊ သူ့အသက်သတ်တဲ့လူတိုင်း ခုဘဝမှာပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစားရတယ်လို့ အယူဝါဒရှိနေတဲ့ သမဏဗြာဟ္မဏတွေဟာ ဟုတ်တာမှန်တာကို ပြောသလား၊ မပြောဘူးလား'

'မပြောကြပါဘူးဘုရား'

'မမှန်တာပြောတဲ့လူတွေဟာ သီလရှိတဲ့လူတွေလား၊ သီလမရှိတဲ့လူတွေလား'

'သီလမရှိတဲ့လူတွေပါဘုရား'

'ရှင်သူကြီး၊ သီလမရှိတဲ့သူ ယုတ်မာသောအကျင့်ရှိတဲ့လူတွေဟာ မှားယွင်းစွာကျင့်တဲ့သူတွေလား၊ မှန်ကန်စွာ ကျင့်တဲ့သူတွေလား'

'မှားယွင်းတဲ့အကျင့်ကို ကျင့်နေတဲ့လူတွေပါဘုရား'

'မှားယွင်းစွာကျင့်နေတဲ့လူတွေရဲ့ အယူဝါဒဟာ မှားသလား မှန်သလား'

'မှားသောအယူဝါဒဖြစ်ပါတယ်ဘုရား'

'မှားသောအယူဝါဒရှိနေတဲ့သူတွေကို ကြည်ညိုရန် သင့်တော်ပါ့မလား'

'ကြည်ညိုရန် မသင့်တော်ပါဘုရား'

မေး။ ။ရှင်သူကြီး၊ နောက်တခုက ရှေးကအတိုင်း မင်းများလို
(၂) အကျအန ကာမဂုဏ်စည်းစိမ် ခံစားစံစားနေတဲ့လူကို တွေ့မြင်ကြတယ်။ ဘာတွေများလုပ်ကိုင်ခဲ့သလဲလို့ မေးကြည့်တော့၊ အချင်းတို့....ဒီလူဟာ မင်းရဲ့ရန်သူကိုသတ်ပြီးတော့ ရတနာတွေကို ယူလာခဲ့တယ်။ အဲဒါကြောင့် မင်းကသဘောကျပြီး ဆုတော်လာဘ်တော် ချီးမြှင့်တဲ့အတွက် အခုလို မိန်းမတွေနဲ့မင်းများလို ကာမဂုဏ်စည်းစိမ်ကို အကြီးအကျယ် ခံစားနေခြင်းဖြစ်တယ်။

'ရှင်သူကြီး၊ လောကကြီးမှာ လက်ပြန်ကြိုး ခိုင်ခိုင်တုတ်ပြီး ခေါင်းဖြတ်သတ် ခံရမဲ့လူကို တွေ့ရပြန်တယ်၊ အဲဒီလူအကြောင်း မေးကြည့်တော့ သူတပါးပစ္စည်းတွေကို လုယက်တိုက်ခိုက် ခိုးဝှက်နေတဲ့ သူခိုးဓါးပြတဦးဖြစ်တယ်၊ ဒါကြောင့် မင်းတွေဖမ်းပြီး သတ်ဖြတ်ခြင်းပြုတယ်လို့ ပြောကြတယ်။

'ရှင်သူကြီး၊ သူတပါးပစ္စည်း လုယက် ဖျက်ဆီးတာချင်း အတူတူဖြစ်ပါလျက်၊ သည်ကိစ္စကို သင် ဘယ်လိုထင်မြင်ယူဆသလဲ။

'ရှင်သူကြီး၊ ဒီလိုအဖြစ်အပျက်မျိုးတွေကို သင် တွေ့ဘူး မြင်ဘူး ကြားဘူးတယ်မဟုတ်လား'

ဖြေ။ ။အရှင်ဘုရား၊ တပည့်တော် ဒီကိစ္စမျိုးတွေကို တွေ့မြင်ဘူးပါသည်၊ ကြားဘူးပါသည်၊ နောင်လဲ တွေ့လဲတွေ့၊ ကြားလဲကြားရပါလိမ့်အုံးမည်ဘုရား။

မေး။ ။ရှင်သူကြီး၊ သူတပါးမပေးတဲ့ပစ္စည်းကို ယူတဲ့လူတိုင်း ခုဘဝမှာပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရတယ်လို့

အယူဝါဒရှိနေတဲ့ သမဏဗြာဟ္မဏတွေဟာ အမှန်ကိုပြော
သလား၊ မမှန်တာကို ပြောသလား။

ဖြေ။ ။မမှန်တာကို ပြောဆိုနေကြပါတယ်ဘုရား။

မေး။ ။မမှန်တာကိုပြောတဲ့ လူတွေဟာ သီလရှိတဲ့သူတွေလား၊
သီလမရှိတဲ့လူတွေလား။

ဖြေ။ ။သီလမရှိတဲ့လူတွေပါဘုရား။

မေး။ ။သီလမရှိတဲ့သူ၊ ယုတ်မာသော အကျင့်ရှိတဲ့လူတွေဟာ
မှားယွင်းစွာ ကျင့်တဲ့သူတွေလား၊ မှန်ကန်စွာ ကျင့်တဲ့
သူတွေလား။

ဖြေ။ ။မှားယွင်းစွာကျင့်တဲ့လူတွေပါဘုရား။

မေး။ ။မှားယွင်းစွာ ကျင့်နေတဲ့လူတွေရဲ့ အယူဝါဒဟာ မှား
သလား၊ မှန်သလား။

ဖြေ။ ။မှားသောအယူဝါဒ ဖြစ်ပါသည်ဘုရား။

မေး။ ။မှားသောအယူဝါဒရှိနေတဲ့သူတွေကို ကြည်ညိုရန် သင့်
တော်ပါမလား။

ဖြေ။ ။ကြည်ညိုရန် မသင့်တော်ပါဘုရား။

မေး။ ။ရွာသူကြီး၊ နောက်တမျိုးကတော့ ရှေးက လို မင်း
(၃) စည်းစိမ်လို စည်းစိမ်မျိုး ဇိမ်နှင့်ခံစားနေတဲ့လူကို တွေ့တဲ့
အခါ 'ဘာတွေများ လုပ်ဆောင်ခဲ့လို့ အောင်မြင်ခဲ့ပါ
သလဲ'ဆိုတာ မေးတော့ 'ရန်သူဘုရင်၏ မယားတွေကို
လွန်ကျူး၍ကျင့်ခဲ့တယ်၊ ဒါကြောင့် မင်းကြီးက သဘော
ကျပြီး ဆုတော်လာဘ်တော် ချီးမြှင့်တယ်၊ အဲဒီလိုချီးမြှင့်
တဲ့အတွက် ယခုလို ကာမဂုဏ်စည်းစိမ်ကို မြိန်မြိန်ရှက်ရှက်
ခံစားနိုင်တယ်'လို့ ဆိုတယ်။

ရှင်သူကြီး၊ လောကကြီးမှာ လက်ပြန်ကြိုးခိုင်အောင် တုတ်ပြီး ခေါင်းဖြတ် အသတ်ခံရမဲ့ လူတယောက် တွေ့မြင်လို့ မေးကြည့်တော့ အမျိုးကောင်းမိန်းမပျို အိုတို့ကို ကျူးလွန်ခဲ့လို့ မုဒိမ်းကျင့်ခဲ့လို့ အသတ်ခံရတယ်လို့ ပြောဆိုကြတယ်။

"ရှင်သူကြီး၊ ယခုလို မုဒိမ်းမှုကျူးလွန်တဲ့ လူချင်းအတူတူ တယောက်ကအသတ်ခံရပြီး တယောက်က ရှင်ဘုရင်လို စည်းစိမ်ခံစားရတဲ့ အကြောင်းကို သင်ကြားဘူးသလား၊ မြင်ဘူးသလား"

ဖြေ။ ။အရှင်ဘုရား၊ တပည့်တော် ကြားလဲကြားဘူးပါတယ်၊ မြင်လဲ မြင်ဘူးပါတယ်၊ နောက်လဲ ကြားရမြင်ရပါလိမ့်အုံးမယ်ဘုရား။

မေး။ ။ရှင်သူကြီး၊ ကာမကိစ္စတွေမှာ မှားယွင်းစွာ ကျင့်တဲ့လူတိုင်း မုဒိမ်းမှု ကျူးလွန်တဲ့လူတိုင်း ခုဘ၀မှာပင် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခံစားရတယ်လို့ အယူ၀ါဒရှိနေကြတဲ့ သမဏ ဗြာဟ္မဏတွေဟာ အမှန်ကိုပြောတာလား၊ မမှန်တာကို ပြောတာလား။

ဖြေ။ ။မမှန်တာကို ပြောဆိုနေကြပါတယ်ဘုရား။

မေး။ ။မမှန်တာကိုပြောတဲ့ လူတွေဟာ သီလရှိတဲ့လူတွေလား သီလမရှိတဲ့လူတွေလား။

ဖြေ။ ။သီလမရှိတဲ့လူတွေပါဘုရား။

မေး။ ။သီလမရှိတဲ့သူ ယုတ်မာသော အကျင့်ရှိတဲ့ လူတွေဟာ မှားယွင်းစွာကျင့်တဲ့ လူတွေလား၊ မှန်ကန်စွာကျင့်တဲ့သူတွေလား။

ဖြေ။ ။မှားယွင်းစွာကျင့်တဲ့လူတွေပါဘုရား။

မေး။ ။မှားယွင်းစွာကျင့်နေတဲ့ လူတွေရဲ့ အယူဝါဒဟာ မှားသလား၊ မှန်သလား။

ဖြေ။ ။မှားသောအယူဝါဒ ဖြစ်ပါသည်ဘုရား။

မေး။ ။မှားသော အယူဝါဒရှိနေတဲ့ သူတွေကို ကြည်ညိုရန် သင့်တော်ပါပလား။

ဖြေ။ ။ကြည်ညိုရန် မသင့်တော်ပါဘုရား။

မေး။ ။ရှင်သူကြီး၊ နောက်တမျိုးက လောကကြီးမှာ မင်း
(၄) တွေလို ကျကျနန ဖီးလိမ်းပြင်ဆင်ပြီး မိန်းမတွေနဲ့ ကာမဂုဏ် အကြီးအကျယ် ခံစားနေကြတဲ့ လူတွေကို မြင်ရတယ်။ အဲဒီလူတွေဟာ ဘာများလုပ်ခဲ့သလဲလို့မေးကြည့်တော့ အဲဒီလူတွေ မင်းကိုမဟုတ်ဟာ မမှန်တာတွေပြောပြီး ရွှင်မြူးနှစ်သက်စေ ပီတိဖြစ်စေတယ်၊ အဲဒီလိုလုပ်တဲ့အတွက် မင်းကြီးက အလိုတော်ကျပြီး ဆုလာဘ်တော်များချီးမြှင့်တယ်။ အဲဒီစည်းစိမ်နဲ့ မင်းများလို အကျအနကာမဂုဏ်ခံစားနေကြတယ်။

"ရှင်သူကြီး၊ လက်ပြန်ကြိုး အခိုင်အမာ တုတ်ပြီး ခေါင်းဖြတ်အသတ်ခံရတဲ့ လူတယောက်ဟာ ဘာအပြစ်တွေများ ကျူးလွန်ခဲ့သလဲလို့ မေးကြတော့ အချင်းတို့ အဲဒီလူဟာ မဟုတ်တာ မမှန်တာတွေပြောပြီး သူတပါးရဲ့ အကျိုးစီးပွားတွေကို ဖျက်ဆီးခဲ့တယ်၊ အဲဒီ အတွက် အသတ်ခံရတယ်။

"ရှင်သူကြီး၊အဲဒီလိုလိမ်တာချင်းအတူတူ ဘာကြောင့် ဒီလိုဖြစ်ရတယ်လို့ ထင်မြင်ယူဆသလဲ။ ရှင်သူကြီး၊ အဲဒီ လူတွေကို မြင်ဘူးကြားဘူးပါသလား"

ဖြေ။ ။မြင်ဘူး ကြားဘူး ပါတယ် ဘုရား၊ နောင်လဲ မြင်ဘူး ကြားဘူးပါလိမ့်အုံးမယ်ဘုရား။

မေး။ ။ရှင်သူကြီး၊ အဲဒီလို မမှန်တာပြောတဲ့လူအားလုံး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံစားရတယ်လို့ အယူဝါဒရှိနေတဲ့ သမဏ ဗြာဟ္မဏတွေဟာ အမှန်ကို ပြောဆိုကြသလား၊ မမှန်တာကိုပြောဆိုနေကြသလား။

ဖြေ။ ။မမှန်တာကို ပြောဆိုနေကြပါတယ်ဘုရား။

မေး။ ။မမှန်တာပြောတဲ့လူတွေဟာ သီလရှိတဲ့ လူတွေလား၊ သီလမရှိတဲ့လူတွေလား။

ဖြေ။ ။သီလမရှိတဲ့လူတွေပါဘုရား။

မေး။ ။သီလမရှိတဲ့သူ၊ ယုတ်မာသော အကျင့်ရှိတဲ့လူတွေဟာ မှားယွင်းစွာကျင့်တဲ့သူတွေလား၊ မှန်ကန်စွာ ကျင့်တဲ့သူ တွေလား။

ဖြေ။ ။မှားယွင်းစွာ ကျင့်နေတဲ့လူတွေပါဘုရား။

မေး။ ။မှားယွင်းစွာ ကျင့်နေတဲ့လူတွေရဲ့ အယူဝါဒဟာ မှားသလား၊ မှန်သလား။

ဖြေ။ ။မှားသောအယူဝါဒ ဖြစ်ပါတယ်ဘုရား။

မေး။ ။မှားသောအယူဝါဒရှိတဲ့သူတွေကို ကြည်ညိုရန်သင့်တော်ပါမလား။

ဖြေ။ ။အဲဒီလိုအယူဝါဒရှိတဲ့ သမဏ ဗြာဟ္မဏတွေကို မကြည်ညို ထိုက်ပါဘုရား။

မြှောင်ဘုရား အရှင်ဘုရား၏ တရားတော် မြတ်များသည် အံ့သြဖွယ်ရှိလှပါသည်ဘုရား။

"အရှင်ဘုရား၊ တပည့်တော်တွင် တည်းခိုရန်အိမ်ကြီး တလုံးရှိပါသည်၊ အိပ်ရာနေရာ အပြည့်အစုံ ရှိပါသည်၊ ရေမီးအစုံအလင်ရှိပါသည်ဘုရား။ တည်းခိုရန်ရောက်လာကြတဲ့ သမဏဗြာဟ္မဏတွေကို တပည့်တော်အစွမ်းရှိသမျှ ဝေငှပေးကမ်းခဲ့ပါ၏။ ရှေးအခါက အယူဝါဒတမျိုးစီ အကြိုက်တမျိုးစီရှိကြတဲ့ ဆရာကြီးလေးယောက် တည်းခိုသွားကြပါသည်ဘုရား။

## မရှိဝါဒ

၁။ ဆရာကြီးတယောက်၏ အယူဝါဒကတော့ ပေးလှူဒါန အကျိုးမရှိ၊ ပူဇော်တာအကျိုးမရှိ၊ ကောင်းမှု မကောင်းမှုတို့ရဲ့ အကျိုးတရားဆိုတာ မရှိ၊ ဤလောကသည် မရှိ၊ တပါးသောလောကမရှိ၊ အမိအဖမရှိ၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါမရှိ၊ ဤလောကကိုရင်း၊ တပါးသော လောကကိုရင်း၊ ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိရှိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်တဲ့ ကောင်းသော အကျင့်ရှိတဲ့ သမဏဗြာဟ္မဏဆိုတာ မရှိဘူးဆိုတဲ့ အယူဝါဒရှိပါသည်ဘုရား။

## ရှိဝါဒ

၂။ ဆရာကြီးတယောက်ကတော့ ပေးလှူတာအကျိုးရှိတယ်၊ ပူဇော်တာအကျိုးရှိတယ်၊ ကောင်းမှု မကောင်းမှုတို့၏

အကျိုးတရားဆိုတာရှိတယ်၊ ဤလောကလဲရှိတယ်၊ တပါးသော လောကလဲရှိဘယ်၊ အမိအဖရှိဘယ်၊ သေ၍ပြန်ဖြစ်တဲ့ သတ္တဝါရှိဘယ်၊ ဤလောကကိုရင်း၊ တပါးသော လောကကိုရင်း၊ ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိ၍ မျက်မှောက်ပြုပြီး ဟောကြားနိုင်တဲ့ကောင်းသော အကျင့်ရှိတဲ့ သမဏဗြာဟ္မဏတွေ လောကကြီးမှာရှိတယ်လို့ အယူဝါဒရှိပါတယ်ဘုရား။

## ကုသိုလ်-အကုသိုလ်မဲ့ရှိဝါဒ

၃။ နောက်ဆရာကြီးတယောက်ကတော့ ပြုသူ-ပြုလုပ်စေသူ၊ ဖြစ်သူ-ဖြစ်စေသူ၊ နှိပ်စက်သူ-နှိပ်စက်စေသူ၊ ပူဆွေးအောင် ပြုသူ-ပြုစေသူ၊ တုန်လှုပ်သူ-တုန်လှုပ်စေသူ၊ လုယက်တိုက်ခိုက်သူ-လုယက်တိုက်ခိုက်စေသူ၊ သူ့သားမယားကိုသွားလာသူ-သွားလာစေသူ၊ မမှန်စကားကိုပြောသူ-ပြောစေသူများသည် မကောင်းမှုပြုလုပ်သော်လဲပြုလုပ်တယ်လို့ မဆိုနိုင်ဘူး။ ဤမြေပေါ်ရှိ သတ္တဝါအားလုံးကို သင်ဓုန်းစက်ဖြင့် အသားစု အသားပုံဖြစ်အောင် အကယ်၍ ပြုလုပ်စေကာမူ၊ အဲဒီ အကြောင်းကြောင့် မကောင်းမှုမရှိ-မကောင်းမှုမဖြစ်၊ လှူလျက်-လှူစေလျက်၊ ပူဇော်လျက်-ပူဇော်စေလျက် နေစေကာမူ၊ အဲဒီလို ပေးလှူခြင်းစသော အကြောင်းကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုမဖြစ်၊ ပေးလှူခြင်း၊ ဣန္ဒြေကိုဆုံးမခြင်း၊ သီလစောင့်ထိန်းခြင်း၊ အမှန်စကားကိုပြော

ဆိုခြင်းတို့ကြောင့် ကောင်းမှုမရှိ၊ ကောင်းမှုမဖြစ်ဟု အယူဝါဒ ရှိပါတယ်ဘုရား။

## ကုသိုလ်-အကုသိုလ်ရှိဝါဒ

၄။ နောက်ဆုံး ဆရာကြီးတယောက်ကတော့ ပြုသူ-ပြုစေသူ၊ ဖြစ်သူ-ဖြစ်စေသူ၊ ပူဆွေးအောင် ပြုသူ-ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ-ပြုစေသူ၊ တုန်လှုပ်သူ-တုန်လှုပ်စေသူ၊ သူ့အသက်ကိုသတ်သူ-သတ်စေသူ၊ ခိုးယူသူ-ခိုးယူစေသူ၊ ဖေါက်ထွင်းသူ-ဖေါက်ထွင်းစေသူ၊ လုယက်တိုက်ခိုက်သူ-လုယက်တိုက်ခိုက်စေသူ၊ မမှန်စကားကိုပြောသူ-ပြောစေသူများသည်၊မကောင်းမှုကို ပြုလုပ်လျှင် ပြုလုပ်တယ်လို့ဆိုနိုင်တယ်။ဤမြေပေါ်ရှိ သတ္တဝါတွေကို သင်ခုန်းစက်ဖြင့် အသားစု အသားပုံဖြစ်အောင်ပြုလုပ်ခဲ့လျှင် အဲဒီအကြောင်းကြောင့် မကောင်းမှုရှိတယ်-မကောင်းမှုဖြစ်တယ်၊ လှူလျက်-လှူစေလျက်၊ ပူဇော်လျက်-ပူဇော်စေလျက်၊ ပြုလုပ်ခဲ့လျှင်အဲဒီလိုလှူခြင်းစသောအကြောင်းကြောင့် ကောင်းမှုရှိတယ်-ကောင်းမှုဖြစ်တယ်၊ အလှူပေးခြင်း၊ ဣန္ဒြေကို ဆုံးမခြင်း၊ သီလစောင့်ထိန်းခြင်း၊ အမှန်ကို ပြောဆိုခြင်းတို့ကြောင့် ကောင်းမှုရှိတယ်၊ ကောင်းမှုဖြစ်တယ်လို့ အယူဝါဒ ရှိပါတယ်ဘုရား။

ရှာသူကြီး။ ။အရှင်ဘုရား၊အဲဒီသမဏဗြာဟ္မဏတို့တွင် အဘယ်သူသည် အမှန်စကားကို ပြောဆိုပါသလဲ၊ အဘယ်သူသည် မမှန်စကားကို ပြောဆိုပါသလဲ၊တပည့်တော်တော့

ယုံမှား သံသယ တွေးတောမှုတွေ ဖြစ်နေရပါတယ် ဘုရား။

ဗုဒ္ဓ။ ။ရှာသူကြီး၊ ယုံမှားသံသယဖြစ်မယ်ဆိုလဲ ဖြစ်လောက် စရာဘဲ၊ တွေးတောမယ်ဆိုလဲ တွေးဘောစရာဘဲ၊ စင်စစ် ကတော့ ယုံမှားသင့်သောအရာကို ယုံမှားခြင်းဖြစ်တာ ဘဲဟု မိန့်တော်မူ၏။

ရှာသူကြီး။ ။အရှင်ဘုရား၊ ရှင်တော်ဘုရားသည် တပည့်တော် အား ယုံမှားသံသယကင်းအောင် ဟောပြောနိုင်စွမ်းရှိ တယ်ဟု တပည့်တော်ယုံကြည်နေပါတယ်ဘုရား။

ဗုဒ္ဓ။ ။ရှာသူကြီး၊ လောကီသမာဓိဆိုတာရှိတယ်၊ အဲဒီသမာဓိ ကနေပြီး လောကုတ္တရာ သမာဓိဖြစ်လာအောင် **အား** ထုတ်နိုင်လျှင် သံသယအားလုံး ပျောက်နိုင်တယ်။

ရှာသူကြီး။ ။လောကီသမာဓိဆိုတာ ဘာတွေလဲဘုရာ။

ဗုဒ္ဓ။ ။ရှာသူကြီး၊ လောကကြီးမှာ သူ့အသက်သတ်ခြင်း၊ သူ့ဉစ္စာခိုးခြင်း၊ ကာမကိစ္စ၌ မှားယွင်းစွာ ကျင့်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ကုန်းတိုက်ခြင်းကြမ်းတမ်းသော စကားကိုပြောဆိုခြင်း၊ပြိန်ဖျင်းသောစကားကိုပြောခြင်း၊ သူတပါးစည်းစိမ်ကို ရှေ့ရှုကြံခြင်း၊ သူတပါးကိုဖျက်ဆီး ခြင်း၊ မှားသောအယူကို ယူခြင်းဆိုတဲ့ ဒုစရိုက် (၁၀) ပါးကို ငါဘုရား၏ အရိယာတပည့်များ ရှောင်ကြဉ် ကြတယ်။

၁ (က) ရှာသူကြီး၊ အရိယာတပည့်များသည် သူတပါး စည်းစိမ်ကို ရှေးရှုမကြံစည်ဘူး၊ သူတပါးကို မဖျက်

ဆီးဘူး၊ တွေဝေတဲ့စိတ်မရှိဘူး၊ဆင်ခြင်ဉာဏ်သမ္ပဇဉ် အောက်မေ့မှု သတိရှိလျက်....

ချမ်းသာစေလိုတဲ့မေတ္တာ
သနားခြင်းဆိုတဲ့ကရုဏာ
ဝမ်းမြောက်ခြင်း မုဒိတာ

လျစ်လျူရှုခြင်း ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ် လေးပါးနှင့်ယှဉ်သောစိတ်ဖြင့် အရပ်(၁၀)မျက်နှာ လုံးရှိ သတ္တဝါအားလုံးကို မိမိနှင့် ထပ်တူပြုလျက် သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကြီးကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည် မရှိ သော ဗြဟ္မစိုရ်တရားပြင့် ပွားများ ပြန့်နှံ့စေ၍ နေတယ်။

'အဲဒီသူဟာ ပေးလှူခြင်းမရှိ၊ ပူဇော်ခြင်းမရှိ၊ ကောင်းမှုမကောင်းမှုတို့ရဲ့ အကျိုးမရှိ၊ ဤလောက မရှိ၊ တပါးသောလောကမရှိ၊ အမိအဖမရှိ၊ သေ၍ ပြန်ဖြစ်တဲ့သတ္တဝါမရှိ၊ ဤလောကကိုဎင်း တပါး သော လောကကိုဎင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုလျက် ဟောကြားနိုင်သော အကျင့် ကောင်း သမဏဗြာဟ္မဏတွေ လောကကြီးမှာမရှိဘူး ဟူသော အယူဝါဒရှိတဲ့ ဆရာကြီးရဲ့စကားသည် အကယ်၍ မှန်ခဲ့ငြားအံ့-

၁ (ခ) ဤဆရာကြီးစကား၌ ငါသည် ငါ့အား အပြစ်မရှိ၊ ရွေ့လျားတတ်သောသတ္တဝါ၊မရွေ့လျားတတ်သော

သတ္တဝါတဦးဘယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့်စောင့်စည်း၏၊ နှုတ်ဖြင့်စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့စောင့်စည်းသည့်အတွက် သေပြီးတဲ့နောက် ကောင်းသော သူတို့က နတ်ပြည်သို့ ရောက်ရအံ့၊ ငါသည် ဤဝါဒ ၂-မျိုးလုံး၌ အနိုင်ရ၏ဟု ဆင်ခြင်၏။ ဆင်ခြင်တဲ့အတွက် ဝမ်းမြောက်ခြင်းဖြစ်တယ်၊ ဝမ်းမြောက်တဲ့သူအား နှစ်သိမ့်ခြင်းဖြစ်တယ်၊ နှစ်သိမ့်သောစိတ် ရှိသောသူ၏ကိုယ်သည် ငြိမ်းအေးတယ်၊ ငြိမ်းအေးသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရတယ်၊ ချမ်းသာတဲ့သူ၏စိတ်သည် တည်ကြည်တယ်။

'ရှင်သူကြီး၊ အဲဒါဟာ လောကီ သမာဓိ ဖြစ်တယ်၊ လောကီ သမာဓိတည်တဲ့သူများဟာ လောကုတ္တရာမဂ် သမာဓိကိုရခဲ့လျှင် ယုံမှားသံသယ အားလုံး ပျောက်နိုင်တယ်။

၂ (က) ရှင်သူကြီး၊ အဲဒီ အရိယာတပည့်သည် သူတပါး စည်းစိမ်ကို ရှေးရှုမကြံစည်ဘဲ၊ သူတပါးအား ဖျက်ဆီးလိုခြင်းမရှိဘဲ၊ ဆင်ခြင်ဉာဏ်သမ္ပဇဉ် အောက်မေ့မှု သတိရှိလျက်၊ ဗြဟ္မစိုရ်တရား ၄-ပါးနှင့်ယှဉ်သော စိတ်ဖြင့် (တပါးပါးကိုသာ ဆိုလိုသည်) အရပ်မျက်နှာ (၁၀)ခုသို့ ပျံ့နှံ့စေ၍နေ၏။(တခုခုကိုဖြစ်စေ၊ အစဉ်အတိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ အသုံးပြုနိုင်သည်) အရပ်မျက်နှာ အသီးသီး၌ရှိသော သတ္တဝါ

အားလုံးကို မိမိနှင့် ထပ်တူပြု၍၊ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကြီးကို ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအရှည်မရှိသော၊ ဗြဟ္မစိုရ်နှင့် ယှဉ်သော စိတ်ဖြင့်ပျံ့နှံ့စေ၍နေ၏။ အဲဒီသူဟာ ဤသို့ဆင်ခြင်တယ်။ ပေးလှူခြင်းရှိတယ်၊ ပူဇော်ခြင်း ရှိတယ်၊ ကောင်းမှုမကောင်းမှုတို့၏ အကျိုးတရား ရှိတယ်၊ မိဘရှိတယ်၊ ဤလောကရှိတယ်၊ တပါးသော လောကရှိတယ်၊ သေပြီးပြန်ဖြစ်တဲ့ သတ္တဝါရှိတယ်၊ ဤလောကကိုရင်း၊တပါးသောလောကကိုရင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုလျက် ဟောကြားနိုင်တဲ့ အကျင့်ကောင်း သမဏဗြာဟ္မဏ တွေ လောကကြီးမှာရှိတယ်ဟု အယူဝါဒရှိသူ ဆရာ ရှင်၏စကားသည် အကယ်၍ မှန်ငြားအံ့–

၂ (ခ) ဤဆရာ၏စကား၌ ငါအား အပြစ်မရှိ၊ ငါသည် ရွေ့လျာတတ်သောသတ္တဝါ၊ မရွေ့လျားတတ်သော သတ္တဝါတဦးတယောက်ကိုမျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့ စောင့်စည်းခြင်း ကြောင့် သေသွားတဲ့နောက် ကောင်းတဲ့သူတို့၏လား ရာ နတ်ပြည်သို့ ရောက်ရအံ့၊ ငါသည် ဤဝါဒနှစ်မျိုး လုံး၌ အနိုင်ရ၏ဟု ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်တဲ့ အတွက် ဝမ်းမြောက်ခြင်းဖြစ်တယ်၊ ဝမ်းမြောက်သူ အား နှစ်သိမ့်ခြင်းဖြစ်တယ်၊ နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေးတယ်၊ ငြိမ်းအေးသောကိုယ်

ရှိသူသည် ချမ်းသာကို ခံစားရတယ်၊ ချမ်းသာသော
လူ၏စိတ်သည် တည်ကြည်တယ်။

၃ (က) ရှင်သူကြီး၊ သူတပါးစည်းစိမ်ကို ရှေးရှုကြံစည်ခြင်း မရှိဘဲ၊ သူတပါးအား ဖျက်ဆီးလိုခြင်းမရှိဘဲ၊ မတွေဝေဘဲ၊ ဆင်ခြင်ဉာဏ်သမ္ပဇဉ် အောက်မေ့မှု သတိရှိလျက် ဗြဟ္မစိုရ်နှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍ နေတယ်၊ အရပ်မျက်နှာအားလုံး၌ရှိသော သတ္တဝါအားလုံးကို မိမိနှင့်ထပ်တူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကြီးကို ပြန့်ပြောသော၊ မြင့်မြတ်သော၊ အတိုင်းအရှည်မရှိသော ဗြဟ္မစိုရ်နှင့်ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေတယ်။' အဲဒီသူက ဆင်ခြင်တယ်၊ ပြုသူ-ပြုစေသူ၊ ဖြတ်သူ-ဖြတ်စေသူ၊ နှိပ်စက်သူ - နှိပ်စက်စေသူ၊ ပူဆွေးအောင်ပြုသူ - ပူဆွေးအောင် ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ-ပြုစေသူ၊ တုန်လှုပ်သူ-တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ-သတ်စေသူ၊ ခိုးယူသူ-ခိုးယူစေသူ၊ ဖေါက်ထွင်းသူ-ဖေါက်ထွင်းစေသူ၊ လုယက်တိုက်ခိုက်သူ-လုယက်တိုက်ခိုက်စေသူ၊ သူ့မယားကို သွားလာသူ-သွားလာစေသူ၊ မမှန်စကား ပြောဆိုသူ - ပြောဆိုစေသူများသည် မကောင်းမှုပြုသော်လဲ ပြုတယ်လို့မဆိုနိုင်။ ဤကမ္ဘာမြေပေါ်ရှိ သတ္တဝါအားလုံးကို သင်ဓုန်းစက်ဖြင့် တခုတည်းသော အသားစု အသားတုံးဖြစ်အောင် အကယ်၍ ပြုလုပ်စေကာမူ၊ အဲဒီအကြောင်းကြောင့်

ကောင်းမှုမရှိ၊ ကောင်းမှုမဖြစ်၊ ဤသို့အယူ၀ါဒရှိသူ ဆရာရှင်၏စကား အကယ်၍မှန်ငြားအံ့-

၃ (ခ) ဤဆရာစကား၌ ငါ့အားအပြစ်မရှိ၊ ငါသည် ရွေ့လျှားတတ်သော၊ မရွေ့လျှားတတ်သော သတ္တ၀ါ တဦးတယောက်မျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ စိတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့ စောင့်စည်းခြင်းကြောင့် သေပြီးတဲ့နောက် ကောင်းသောသူတို့၏လားရာ နတ်ပြည်သို့ရောက်ရအံ့၊ ငါသည် ဤ၀ါဒနှစ်မျိုးလုံး၌ အနိုင်ရ၏ဟု ဆင်ခြင်၏။ ယင်းသို့ ဆင်ခြင်သည့်အတွက် ၀မ်းမြောက်ခြင်းဖြစ်၏၊ ၀မ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်၏၊ နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ချမ်းသာခြင်းကို ခံစားရ၏၊ ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏။

'ရှာသူကြီး၊ အဲဒါဟာ လောကီ သမာဓိဘဲ၊ သင်သည် လောကီ သမာဓိကနေပြီး လောကုတ္တရာမဂ်သမာဓိရရှိအောင် လုပ်နိုင်ခဲ့ရင် ယုံမှားသံသယအားလုံးကို ပယ်ဖျောက်နိုင်၏။

၄ (ဂ) ရှာသူကြီး၊ အရိယာ တပည့်များသည် သူတပါးစည်းစိမ်ကို ရှေးရှုမကြံစည်ဘဲ၊ သူတပါးအား ဖျက်ဆီးလိုခြင်းမရှိဘဲ၊ မတွေဝေဘဲ ဆင်ခြင်ဉာဏ်သမ္ပဇဉ်အောက်မေ့မှုသတိရှိလျက် ဗြဟ္မစိုရ်တရားဖြင့် အရပ်မျက်နှာအားလုံးကို ပွါးများ ပျံ့နှံ့စေ၍ နေတယ်။

အလုံးစုံသော အရပ်မျက်နှာ၌ ရှိသော သတ္တဝါ အားလုံးကို မိမိနှင့်ထပ်တူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကြီးကို ပြန့်ပြောသော မြင့်မြတ်သော အတိုင်းအရှည်မရှိသော ဗြဟ္မစိုရ်နှင့် ယှဉ်သောစိတ်ဖြင့် ပျံ့နှံ့စေ၍နေတယ်။ ထိုသူသည် ဤသို့ဆင်ခြင်သည်။ ပြုသူ - ပြုစေသူ၊ ဖြစ်သူ-ဖြစ်စေသူ၊ နှိပ်စက်သူ-နှိပ်စက်စေသူ၊ပူဆွေးအောင်ပြုသူ-ပြုစေသူ၊ ပင်ပန်းအောင်ပြုသူ-ပြုစေသူ၊ တုန်လှုပ်သူ-တုန်လှုပ်စေသူ၊ အသက်ကိုသတ်သူ-သတ်စေသူ၊ ခိုးယူသူ-ခိုးယူစေသူ၊ ဖေါက်ထွင်းသူ-ဖေါက်ထွင်းစေသူ၊ လုယက်တိုက်ခိုက်သူ - လုယက်တိုက်ခိုက်စေသူ၊ သူ့မယားကို သွားလာသူ-သွားလာစေသူ၊ မမှန်စကားကိုပြောသူ-ပြောစေသူများသည် မကောင်းမှု ပြုလုပ်သော်လည်း ပြုလုပ်တယ်လို့ မဆိုနိုင်ဘူး၊ ဤကမ္ဘာမြေပေါ်ရှိ သတ္တဝါအားလုံးကို သင်ခုန်းစက်ဖြင့် တခုတည်းသော အသားစု အသားပုံဖြစ်အောင် ပြုလုပ်လိုသော်လည်း အဲဒီ အကြောင်းကြောင့် မကောင်းမှုမရှိ၊ မကောင်းမှုမဖြစ်၊ လှူလျက် လှူစေလျက်၊ ပူဇော်လျက်-ပူဇော်စေလျက် နေစေကာမူ၊ ထိုလှူခြင်းစသော အကြောင်းကြောင့်၊ ကောင်းမှုရှိ၏၊ ကောင်းမှုဖြစ်၏၊ အလှူပေးခြင်း၊ ဣန္ဒြေကိုဆုံးမခြင်း၊ သီလစောင့်ထိန်းခြင်း၊ အမှန်စကားပြောဆိုခြင်း တို့ကြောင့် ကောင်းမှုရှိတယ်၊

ကောင်းမှုဖြစ်တယ်၊ ဤသို့အယူဝါဒရှိသူ ဆရာရှင်၏ စကားသည် အကယ်၍မှန်ငြားအံ့-

၄ (ခ) ဤဆရာ့စကား၌ ငါ့အားအပြစ်မရှိ၊ ငါသည် ရွေ့ရှားတတ်သော သတ္တဝါ၊ မရွေ့ရှားတတ်သော သတ္တဝါ တဦးတယောက်မျှ မနှိပ်စက်၊ ငါသည် ကိုယ်ဖြင့် စောင့်စည်း၏၊ နှုတ်ဖြင့် စောင့်စည်း၏၊ ယင်းသို့စောင့်စည်းခြင်းကြောင့် သေပြီးတဲ့နောက် ကောင်းသောသူတို့လားရာ နတ်ပြည်သို့ရောက်ရအံ့၊ ဤဝါဒ ၂-မျိုးလုံး၌ ငါသည်အနိုင်ရ၏ဟု ဤသို့ ဆင်ခြင်၏။ ယင်းသို့ဆင်ခြင်တဲ့အတွက် ဝမ်းမြောက်ခြင်းဖြစ်တယ်၊ ဝမ်းမြောက်သောသူအား နှစ်သိမ့်ခြင်းဖြစ်တယ်၊ နှစ်သိမ့်သောစိတ်ရှိသူ၏ ကိုယ်သည် ငြိမ်းအေးတယ်၊ ငြိမ်းအေးသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရတယ်၊ ချမ်းသာသူ၏စိတ်သည် တည်ကြည်တယ်။

"ရွာသူကြီး၊ အဲဒါဟာလောကီသမာဓိဖြစ်တယ်၊ လောကီသမာဓိကနေပြီး လောကုတ္တရာမဂ်သမာဓိကို ရရှိအောင် လုပ်နိုင်ခဲ့လျှင် ယုံမှားသံသယအားလုံးကို ပယ်ဖျောက်နိုင်တယ်"ဟု မိန့်တော်မူ၏။

ပါဋလိယရွာသူကြီးသည် "အရှင်ဘုရား၊ တပည့်တော်အား၊ ယနေ့မှစ၍ အသက်ထက်ဆုံး ကိုးကွယ်ဆည်းကပ်သော ဥပါသကာအဖြစ် မှတ်ယူတော်မူပါဘုရား"ဟု လျှောက်ထားလိုက်လေတော့သတည်း။

# သတ္တဝါတို့၏အဖြစ်

အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော၊ ပြာသာဒ်ဆောင်ပေါက်သော ကျောင်း၌ သီတင်းသုံးတော်မူပါသည်။ ထိုအခါ အရှင်အနုရာဓသည် မြတ်စွာဘုရားနှင့် မနီးမဝေး သစ်ရွက်မိုး ကျောင်းကလေးတခုတွင် နေထိုင်လျက်ရှိ၏။

သာသနာပြင်ပ အယူဝါဒရှိကြကုန်သော တိတ္ထိ ပရိဗိုဇ်များစွာတို့သည် အရှင်အနုရာဓထံလာ၍ စကားစမြီ ပြောဆိုနှုတ်ဆက်ပြီးနောက် နေရာတွင်ထိုင်ကြကာ အရှင်အနုရာဓကို ပြဿနာမေးကြလေသည်။

တိတ္ထိများ။ ။ငါ့ရှင်အနုရာဓ၊ သင်တို့ရဲ့ဆရာ မြတ်စွာဘုရားဟာ လောကကြီးမှာ မြတ်တဲ့ပုဂ္ဂိုလ်၊ အမြတ်ဆုံးသော အဆင့်သို့ရောက်နေတဲ့ ပုဂ္ဂိုလ်ထူးတဦးဖြစ်ပါတယ်။ သင်တို့ဆရာ မြတ်စွာဘုရားသည် ယခုတပည့်တော်တို့ မေးမည့် အမေးပုစ္ဆာ ပြဿနာများကို ဘယ်လိုများ ဟောလေ့ ပြောလေ့ ဆိုဆုံးမလေ့ရှိပါသလဲဘုရား။

(၁) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ပြန်ဖြစ်ပါသေးသလား။

(၂) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ပြန်မဖြစ်တော့ဘူးလား။

(၃) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ဖြစ်လဲဖြစ်တယ်၊ မဖြစ်လဲမဖြစ်ဘူးလား။

(၄) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ဖြစ်တာလဲ မဟုတ်၊ မဖြစ်တာလဲ မဟုတ်ဘူးလား ဟူသည့် ပြဿနာလေးချက် အဆက်မပြတ်မေးလိုက်ကြ၏။

ထိုသို့မေးမြန်းလာသောအခါ အရှင်အနုရာဓ သာသနာပြင်ပ အယူဝါဒရှိကြသော တိတ္ထိများအား ဤကဲ့သို့ ပြောဆိုလိုက်လေ၏။

**အရှင်အနုရာဓ။** ။ငါ့ရှင်တို့၊ ယောကျ်ားမြတ်ယောကျ်ားချွန် ယောကျ်ားအမွန် ဖြစ်တော်မူတဲ့ ငါတို့ရဲ့ ဆရာသခင် ကျေးရှင်းရှင်မြတ်ဘုရားသည် ပြောဆိုဆုံးမတဲ့အခါ-

(၁) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ပြန်ဖြစ်တယ်။

(၂) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ပြန်မဖြစ်ဘူး။

(၃) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ဖြစ်လဲဖြစ်တယ်-ဖြစ်လဲမဖြစ်ဘူး။

(၄) သတ္တဝါတွေဟာ သေပြီးတဲ့နောက် ဖြစ်တာလဲ မဟုတ်ဘူး၊ မဖြစ်တာလဲမဟုတ်ဘူးဆိုတဲ့ အဲဒီလို အယူဝါဒမျိုး အဆိုအမိန့်မျိုးကို တလုံးတပါဒမျှ ပြောဆိုဆုံးမခြင်းမရှိဘူး။ ဟောလေ့ ပြောလေ့ မရှိဘူး၊ အဲဒီပြဿနာလေးချက်မှ အလွတ်သာ ဟောလေ့ ပြောလေ့ ရှိပါတယ်၊ ဆိုဆုံးမလေ့ ရှိပါတယ်ဟု ပြန်ဖြေလိုက်၏။

ထိုသို့ ပြန်ဖြေလိုက်သောအခါ တိတ္ထိများက ဒီကိုယ်တော်ကလေးဟာ အခုမှ ရဟန်းဝတ်ခါစရှိသေးတယ်၊ ဘာမှ မသိနားမလည်၊ အမိုက်အမဲကလေးဘဲဖြစ်တယ်၊ မထေရ်ကြီး ဆိုရင်လဲ

ဘာမှပညာမတတ်ဘူး၊ အလကားအချိန်ဖြုန်းနေတဲ့ အမိုက်တုံးကြီးသာဖြစ်လိမ့်မယ်ဟု ပြောဆိုပြစ်တင် ကဲ့ရဲ့ရှုတ်ချ၍ ကြိမ်းမောင်းပြီး ပြန်သွားကြလေသည်။

သာသနာပြင်ပ တိတ္ထိများ ပြန်သွား၍ မကြာမီ အရှင်အနုရာဓသည် ဤသို့ကြံစည်မိ၏။ သာသနာအပြင်ဘက် တိတ္ထိတွေဟာ ဒါထက် အလွန်မေးမြန်းလာကြမယ်ဆိုရင် ငါဘယ်လိုလုပ်ပြီး အဖြေပေးမလဲ၊ ငါဖြေဘဲ့အဖြေဟာ မြတ်စွာဘုရားစကားအတိုင်း ဖြစ်ပါ့မလား၊ မြတ်စွာဘုရားကို မဟုတ်မမှန် စွပ်စွဲရာများ ကျရောက်နေမလား၊ တရားနှင့် လျော်သောစကားကို ပြောတယ်လို့ ဆိုနိုင်ပါ့မလား၊ မြတ်စွာဘုရား တရားနှင့်မညီလို့ လူရိစရာ၊ ကဲ့ရဲ့စရာများ ဖြစ်နေမလားဆိုသော ထွေပြားဝေဝါးသည့် အကြံအစည်မျိုး ဖြစ်ပေါ်လာ၏။ 'ငါဒီလိုနေလို့မဖြစ်ဘူး၊ နောက်ထပ်တိတ္ထိတွေ လာမေးရင် ပြဿနာတက်နေလိမ့်မယ်'ဆိုကာ မြတ်စွာဘုရားထံသွား၍ ရှိသေစွာရှိခိုးပြီးလျှင် နေရာတခုတွင် အသာထိုင်၍ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထားလေ၏။

အရှင်အနုရာဓ။ ။လူနတ်ပြဟ္မာသတ္တဝါတို့၏ ဆရာဘဆူဖြစ်တော်မူသော မြတ်စွာဘုရား၊ ဟပည့်တော်သည် မြတ်စွာဘုရားနှင့်မနီးမဝေး သစ်ရွက်မိုးကျောင်းကလေးတခုတွင် နေထိုင်ပါသည် အရှင်ဘုရား။

'တနေ့သ၌ သာသနာပြင်ပ အယူဝါဒရှိကြတဲ့ တိတ္ထိတွေ တပည့်တော်ထံလာရောက်ကြပြီး၊ ပြဿနာလေးခုမေးမြန်းကြပါတယ်ဘုရား'

'တပည့်တော်လဲ တတ်သမျှမှတ်သမျှ ဒီပြဿနာမျိုးကို ငါတို့မြတ်စွာဘုရားသည် ဟောလေ့ပြောလေ့မရှိဘူး ဆိုဆုံးမလေ့မရှိဘူး၊ အဲဒီပြဿနာတွေမှ လွတ်တဲ့တရားမျိုးသာ ဟောလေ့ပြောလေ့ရှိပါတယ်၊ ဆိုဆုံးမလေ့ရှိပါတယ်၊ ပညတ်လေ့ရှိပါတယ်ဟု ဖြေလိုက်တဲ့အခါ 'ဒီကိုယ်တော်ကလေးဟာ ဘာမှမသိနားမလည်ဘူး၊ ခုမှ ရဟန်းဝတ်ခါစ အမိုက်အမဲကလေးဘဲ ရှိသေးတယ်၊ အကယ်၍ မထေရ်ကြီးဆိုရင်လဲ ဘာမှပညာမတတ်ဘူး၊ အသိအလိမ်မာမရှိဘူး' လို့ ပြစ်တင်ကြိမ်းမောင်းပြီး ပြန်ထွက်သွားကြပါတယ်ဘုရား'

'အရှင်ဘုရား၊ အဲဒီတိတ္ထိတွေပြန်သွားတဲ့အခါ နောက်တခါလာပြီး ငါ့ကိုမေးကြမြန်းကြရင် ဘယ်လိုလုပ်မလဲ ဘယ်လိုဖြေမလဲ၊ မြတ်စွာဘုရားစိတ်တိုင်းသဘောကျဖြစ်အောင်မြတ်စွာဘုရားအလိုတော်ကျဖြစ်အောင်၊တရားနှင့်လျော်ညီအောင်၊ ဘယ်လိုများလုပ်ရပါ့မလဲဆိုပြီး အကြံရတာနှင့် တပည့်တော်အရှင်ဘုရားထံ ပြေးလာခဲ့ရပါတယ်အရှင်ဘုရား'ဟု ရိုသေညွတ်တွားကာ တောင်းပန်လျှောက်ထားလေ၏။

ဗုဒ္ဓ။ ။အနုရာဓ၊ အဲဒီကိစ္စကို သင်ဘယ်လို ထင်မြင်ယူဆသလဲ၊ ရုပ်ဟာမြဲသလား....မမြဲဘူးလား။

အနုရာဓ။ ။မမြဲပါဘုရား။

'မမြဲတဲ့ရုပ်တရားဟာ ဆင်းရဲသလား၊ ချမ်းသာသလား'
'ဆင်းရဲပါတယ် အရှင်ဘုရား'

'အဲဒီလို မမြဲတဲ့၊ ဆင်းရဲတဲ့၊ ဖောက်ပြန်ခြင်းသဘောရှိတဲ့ရုပ်ကြီးကို ဒီရုပ်ကြီးဟာ ငါ့ကိုယ် ငါ့အတ္တ ဖြစ်တယ်လို့ ရှုမှတ်လို့ တော်ပါ့မလား'

'မတော်ပါအရှင်ဘုရား'

'ချစ်သားအနုရာဓ၊ ဝေဒနာဟာမြဲသလား၊ မမြဲဘူးလား'

'မမြဲပါဘုရား'

'အဲဒီလို မမြဲတဲ့ ဝေဒနာဟာ ဆင်းရဲသလား၊ ချမ်းသာသလား'

'ဆင်းရဲလှပါသည် အရှင်ဘုရား'

'အနုရာဓ၊ အဲဒီလို မမြဲတဲ့ ဆင်းရဲတဲ့၊ ဖောက်ပြန်တဲ့ဝေဒနာကို ဒီဝေဒနာတွေဟာငါ့ဥစ္စာဖြစ်တယ်၊ ဒီဝေဒနာဟာ ငါဖြစ်တယ်၊ ဒီဝေဒနာဟာ ငါ့ကိုယ်၊ ငါ့အတ္တလို့ ရှုမှတ်နေလို့ တော်ပါ့မလား'

'မတော်ပါ အရှင်ဘုရား'

'အနုရာဓ၊ သညာဟာ မမြဲဘူးလား'

'မမြဲပါဘုရား'

'မမြဲတဲ့သညာဟာ ဆင်းရဲသလား၊ ချမ်းသာသလား'

'ဆင်းရဲပါတယ်ဘုရား'

'အဲဒီလို မမြဲတဲ့ ဆင်းရဲတဲ့ ဖောက်ပြန်တဲ့သညာကို ဒီသညာဟာ ငါ့ကိုယ်၊ ငါ့အတ္တလို့ ရှုမှတ်နေလို့ တော်ပါ့မလား'

'မတော်ပါ အရှင်ဘုရား'

'အနုရာဓ၊ သင်္ခါရတွေဟာမြဲသလား၊ မမြဲဘူးလား'

'မမြဲပါဘုရား'

'မမြဲတဲ့သင်္ခါရတွေဟာ ဆင်းရဲသလား၊ ချမ်းသာသလား'

'ဆင်းရဲပါတယ်ဘုရား'

'အဲဒီလို မမြဲတဲ့၊ ဆင်းရဲတဲ့၊ ဖောက်ပြန်တဲ့ သင်္ခါရတွေကို ဒီသင်္ခါရတွေဟာ ငါ့ကိုယ်၊ ငါ့အတ္တလို့ ရှုမှတ်နေဖို့ ဘော်ပါ့မလား'

'မတော်ပါအရှင်ဘုရား'

'အနုရာဓ၊ ဝိညာဉ်ဟာ မြဲသလား၊ မမြဲဘူးလား'

'မမြဲပါဘုရား'

'မမြဲတဲ့ ဝိဉာဏ်ဟာ ဆင်းရဲသလား၊ ချမ်းသာသလား'

'ဆင်းရဲပါတယ်ဘုရား'

'အဲဒီလို မမြဲတဲ့ ဆင်းရဲတဲ့ ဖောက်ပြန်တဲ့ ဝိညာဉ်တွေကို ဒီဝိညာဉ်တွေဟာ ငါ့ကိုယ်၊ ငါ့အတ္တလို့ ရှုမှတ်နေလို့ တော်ပါ့မလား'

'မတော်ပါ အရှင်ဘုရား'

'အနုရာဓ၊ ဒီအရာကို ဘယ်လိုထင်သလဲ၊ ရုပ်ကို သတ္တဝါဟု ရှုသလား'

'မရှုပါအရှင်ဘုရား'

'ဝေဒနာကို သတ္တဝါဟု ရှုသလား၊'

'မရှုပါအရှင်ဘုရား'

'သညာကို သတ္တဝါဟု ရှုသလား'

'မရှုပါအရှင်ဘုရား'

'သင်္ခါရကို သတ္တဝါဟု ရှုသလား'

'မရှုပါအရှင်ဘုရား'

'ဝိညာဉ်ကို သတ္တဝါဟု ရှုသလား'

'မရှုပါအရှင်ဘုရား'

'အနုရာဓ၊ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ရုပ်၌ သတ္တဝါဟု ရှုသလား'
'မရှုပါအရှင်ဘုရား'
'ရုပ်မှတခြား၌ သတ္တဝါဟု ရှုသလား'
'မရှုပါအရှင်ဘုရား'
'ဝေဒနာ၌ သတ္တဝါဟုရှုသလား'
'မရှုပါ အရှင်ဘုရား'
'ဝေဒနာမှတခြား၌ သတ္တဝါဟုရှုသလား'
'မရှုပါအရှင်ဘုရား'
'သညာ၌သတ္တဝါဟု ရှုသလား'
'မရှုပါအရှင်ဘုရား'
'သညာမှတခြား၌သတ္တဝါဟုရှုသလား'
'မရှုပါအရှင်ဘုရား'
'သင်္ခါရ၌ သတ္တဝါဟုရှုသလား'
'မရှုပါအရှင်ဘုရား'
'သင်္ခါရမှတခြား၌ သတ္တဝါဟုရှုသလား'
'မရှုပါ အရှင်ဘုရား'
'ဝိညာဉ်၌ သတ္တဝါဟုရှုသလား'
'မရှုပါအရှင်ဘုရား'
'ဝိညာဉ်မှတခြား၌ သတ္တဝါဟုရှုသလား'
'မရှုပါ အရှင်ဘုရား'
'အနုရာဓ....ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း....ရုပ်သည် သတ္တဝါဟုရှုသလား'
'မရှုပါဘုရား'

‘ဝေဒနာသည် သတ္တဝါဟုရှုသလား’
‘မရှုပါဘုရား’
‘သညာသည် သတ္တဝါဟုရှုသလား’
‘မရှုပါဘုရား’
‘သင်္ခါရတို့သည် သတ္တဝါဟုရှုသလား’
‘မရှုပါဘုရား’
‘ဝိညာဉ်သည် သတ္တဝါဟုရှုသလား’
‘မရှုပါဘုရား’
‘အနုရာဓ.... ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း.... ဤသတ္တဝါသည် ရုပ်မရှိဟုရှုသလား’
‘မရှုပါဘုရား’
‘ဤသတ္တဝါသည် ဝေဒနာမရှိဟု ရှုသလား’
‘မရှုပါဘုရား’
‘ဤသတ္တဝါသည် သညာမရှိဟုရှုသလား’
‘မရှုပါဘုရား’
‘ဤသတ္တဝါသည် သင်္ခါရမရှိဟုရှုသလား’
‘မရှုပါဘုရား’
‘ဤသတ္တဝါသည် ဝိညာဉ်မရှိဟုရှုသလား’
‘မရှုပါဘုရား’
‘အနုရာဓ၊ အခုမျက်မှောက်ဘဝမှာပင် အဟုတ် အမှန်အားဖြင့် သတ္တဝါရယ်လို့မရှိပါဘဲလျက်၊ ယောကျ်ားမြတ်ယောကျ်ား အချွန်အမွန်ဖြစ်သော ငါတို့ဆရာမြတ်စွာဘုရားသည်၊ သတ္တဝါများ သေပြီးတဲ့နောက် ပြန်ဖြစ်တယ်ဟူ၍ရင်း၊ ပြန်မဖြစ်ဟူ၍ရင်း၊ ဖြစ်လဲဖြစ်တယ်-မဖြစ်လဲမဖြစ်ဘူးဟူ၍ရင်း၊ သတ္တဝါများ

သေသွားပြီးတဲ့နောက် ဖြစ်တာလဲမဟုတ်၊ မဖြစ်တာလဲမဟုတ်ဘူး ဟူ၍ရင်း၊ အဲဒီ ၄-ဋ္ဌာနကိုပယ်ပြီး၊ မြတ်စွာဘုရား ပညတ်တယ် ဆိုတဲ့ သင့်အဖြေဟာ သင့်တော်သလား'

'မသင့်တော်ပါဘုရား'

'အနုရာဓ၊ ရှေးကဖြစ်စေ၊ အခုဖြစ်စေ၊ ဒုက္ခသစ္စာကိုရင်း၊ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကိုရင်း၊ ငါဘုရားပညတ်တော်မူတယ်' ဟု မိန့်တော်မူ၏။

## မှားသောအယူ

အခါတပါး၌ အရှင်သာရိပုတ္တရာသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူပါသည်။ ထိုအခါ ယမကအမည်ရှိသော ရဟန်းတပါးသည်၊ ဖေါက်ပြန်ယုတ်မာသော အယူတခု ဖြစ်ပေါ်နေသည်။

'အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ် ပျက်စီးသောကြောင့် ပြတ်တယ် ပျောက်တယ်၊ သေသည်မှနောက်ပိုင်း၌ မဖြစ်ဘူးလို့ မြတ်စွာဘုရား ဟောတော်မူတာကိုငါသိတယ်' ဟု၊ ယုတ်မာသော အယူတခုဖြစ်ပေါ်နေ၏။

ရဟန်းများ။ ။ယမက ရဟန်းက၊ အာသဝေါကုန်ပြီးသော ရဟန်းသည်၊ ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်တယ် ပျောက်တယ်၊ သေပြီးတဲ့နောက် မဖြစ်ဘူးလို့ ဘုရား ဟောတာကို ငါသိတယ်ဆိုတဲ့ ယုတ်မာသော အယူ ဖြစ်ပေါ်နေတယ်လို့၊ များစွာသောရဟန်းများက ပြောဆိုနေကြတာ ဟုတ်သလား။

ယမက။ ။ငါ့ရှင်တို့....မှန်တယ်....

'ငါ့ရှင်ယမက၊ အဲဒီလိုမပြောနဲ့၊ မြတ်စွာဘုရားကို မစွပ်စွဲပါနဲ့၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ၊ မြတ်စွာဘုရားသည် ဤကဲ့သို့သင်ပြောဆိုသလိုတော့ ဟောမည် မဟုတ်တန်ရာ' ဟု၊ ရဟန်းအများက စိုင်းဝန်းပြောဆိုကြလေသည်။

အရှင်ယမကသည် ဤသို့ရဟန်းများပြောဆိုကြသော်လဲ ယူမြဲတိုင်းသာ အခိုင်အမာ အမှားသုံးသပ် နှလုံးသွင်းပြီး ပြောဆိုနေလေသည်။

ယင်းအကြောင်းကြောင့် ရဟန်းများသည် အရှင်ယမကကို ယုတ်မာသောအယူမှ ကင်းလွတ်စေရန် မစွမ်းဆောင်နိုင်ကြကုန်။ ထိုအခါရဟန်းများသည်၊ နေရာမှထ၍ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးထံ သွားရောက်ပြီးလျှင် အကျိုးအကြောင်း လျှောက်ကြလေ၏။

'အရှင်ဘုရား၊ အရှင်ယမကသည် အာသဝေါကုန်ပြီးသော ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် ပြတ်တယ်၊ ပျောက်တယ်၊ သေပြီးတဲ့ နောက်ပိုင်းမှာ မဖြစ်ဘူးလို့ မြတ်စွာဘုရား ဟောတဲ့တရားကို ငါသိတယ်ဆိုတဲ့ ယုတ်မာသောအယူ ဖြစ်ပေါ်နေပါသည်ဘုရား။

'အရှင်ဘုရား၊ တပည့်တော်များ တောင်းပန်ပါသည်ဘုရား၊ အရှင်သာရိပုတ္တရာသည် သနားသည်ကိုအကြောင်းပြု၍ ယမက ရဟန်းထံ ကြွရောက်တော်မူပါ'ဟု လျှောက်ထားတောင်းပန်ကြလေသည်။

အရှင်သာရိပုတ္တရာသည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူလိုက်၏။ ထိုအခါ အရှင်သာရိပုတ္တရာသည် ညချမ်းအခါ တပါးတည်းကိန်းအောင်းရာမှ ထ၍၊ အရှင်ယမကထံ သွားပြီး

လျှင် အရှင်ယမကနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်လေ၏။ ဝမ်းမြောက်ဖွယ် နှစ်သက်ဖွယ်သောစကားများကို ပြောဆိုပြီး၍ နေရာတခုတွင် အသျှင်သာရိပုတ္တရာ အရှင်ယမကအား အကျိုးအကြောင်းကို ပြောဆိုမေးမြန်းလေ၏။

**အရှင်သာရိပုတ္တရာ။** ။ငါ့ရှင်၊ သင်သည် အာသဝေါကုန်ပြီး ရဟန်းများ ခန္ဓာကိုယ်ပျက်စီးသောကြောင့် ပြတ်တယ်-ပျောက်တယ်၊ သေပြီးတဲ့နောက် မဖြစ်တော့ဘူးဟု မြတ်စွာဘုရားဟောတဲ့တရားကို ငါသိတယ်ဆိုတဲ့ ယုတ်မာသောအယူ ဖြစ်ပေါ်နေတယ်ဆိုတာ မှန်သလား။

**ယမက။** ။ငါ့ရှင်၊ ဒီအတိုင်းမှန်ပါတယ်-ဟု ဖြေလိုက်လေ၏။

'ငါ့ရှင်ယမက၊ဒီအရာကို သင်ဘယ်လိုထင်မှတ်သလဲ၊ ရုပ်သည် မြဲသလား-မမြဲဘူးလား'

'မမြဲပါ ငါ့ရှင်'

'ဝေဒနာသည် မြဲသလား-မမြဲဘူးလား'

'မမြဲပါ ငါ့ရှင်'

'သညာသည် မြဲသလား-မမြဲဘူးလား'

'မမြဲပါငါ့ရှင်'

'သင်္ခါရတို့သည် မြဲသလား-မမြဲဘူးလား'

'မမြဲပါငါ့ရှင်'

'ဝိညာဉ်သည် မြဲသလား-မမြဲဘူးလား'

'မမြဲပါငါ့ရှင်'

'ငါ့ရှင်ယမက၊ ဒါကြောင့် အတိတ်-အနာဂတ်-ပစ္စုပ္ပန် အတွင်းအပြင်၊ အကြမ်းအနု၊ အယုတ်အမြတ်၊ အဝေးအနီး

ဖြစ်တဲ့ ရုပ်တရားအားလုံးကို ဤရုပ်ကောင်ကြီးသည် ငါမဟုတ်၊ ဤရုပ်ကောင်ကြီးသည် ငါ့ကိုယ်'အတ္တ'မဟုတ်ဟု ဟုတ်မှန်တဲ့ အတိုင်း မှန်ကန်တဲ့အသိဉာဏ်မျက်စိနဲ့ ရှုကြည့်ရမယ်။

'ဝေဒနာအားလုံးကို ဤဝေဒနာသည် ငါမဟုတ်၊ ဤဝေဒနာသည် ငါ့ကိုယ် အတ္တမဟုတ်ဟု ဟုတ်မှန်တဲ့အတိုင်း မှန်ကန်တဲ့ အသိဉာဏ်မျက်စိနဲ့ ရှုကြည့်ရမယ်။

'သညာအားလုံးကို ဤသညာသည် ငါမဟုတ်၊ ဤသညာသည် ငါ့ကိုယ် အတ္တမဟုတ်ဟု ဟုတ်မှန်တဲ့အတိုင်း မှန်ကန်တဲ့ အသိဉာဏ်မျက်စိနဲ့ ရှုကြည့်ရမယ်။

'သင်္ခါရတွေအားလုံးကို ဤသင်္ခါရသည် ငါမဟုတ်၊ ဤသင်္ခါတွေသည် ငါ့ကိုယ်အတ္တမဟုတ်ဟု ဟုတ်မှန်တဲ့အတိုင်း မှန်ကန်တဲ့ အသိဉာဏ်မျက်စိနဲ့ ရှုကြည့်ရမယ်။

'ဝိညာဉ်အားလုံးကို ဤဝိညာဉ်သည် ငါမဟုတ်၊ ဤဝိညာဉ်သည် ငါ့ကိုယ်အတ္တမဟုတ်ဟု ဟုတ်မှန်တဲ့အတိုင်း မှန်ကန်တဲ့ အသိဉာဏ်မျက်စိနဲ့ ရှုကြည့်ရမယ်။

'အဲဒီလို အသိဉာဏ်မျက်စိနဲ့ ရှုကြည့်လိုက်တဲ့အခါ အကြားအမြင် ဗဟုသုတရှိသော အရိယာတပည့်များသည် ရုပ်တရားကြီးအပေါ် ရှုံမုန်းငြီးငွေ့လာတယ်၊ ဝေဒနာတွေ အပေါ်မှာလဲ ရှုံမုန်းငြီးငွေ့လာတယ်၊ သညာတွေအပေါ်မှာလဲ ရှုံမုန်းငြီးငွေ့လာတယ်၊ သင်္ခါရတွေအပေါ်မှာလဲ ရှုံမုန်းငြီးငွေ့လာတယ်၊ ဝိညာဉ်တွေအပေါ်မှာလဲ ရှုံမုန်းငြီးငွေ့လာတယ်၊ အဲဒီလိုငြီးငွေ့လာတဲ့အခါ စွဲမက်မှုကင်းလာတယ်၊ ရှင်းလာတယ်၊ စွဲမက်မှုကင်းရှင်းလာတဲ့အတွက် ကိလေသာမှ လွတ်မြောက်လာတယ်၊ ကိလေသာမှ လွတ်မြောက်လာတဲ့အခါ လွတ်မြောက်ပြီလို့သိတဲ့

အသိဉာဏ် ဖြစ်ပေါ်လာတယ်၊ ပဋိသန္ဓေမှုကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ လုပ်စရာရှိတာလုပ်ပြီးပြီ၊ မဂ်ရအောင် နောက်ထပ် ဘာမှလုပ်စရာမလိုတော့ဘူးလို့ သိရှိလာတယ်။

'ငါ့ရှင်ယမက၊ အဲဒါကို သင်ဘယ်လိုထင်သလဲ၊ ဒီရုပ်ကောင်ကြီးကို သတ္တဝါလို့ ရှုသလား'

'မရှုပါငါ့ရှင်'

'ဒါဖြင့် ဝေဒနာကို သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'သညာကိုကော သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'သင်္ခါရတို့ကို သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'ဝိညာဉ်ကိုကော သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'ငါ့ရှင်ယမက၊ သင် ဒါတွေကို ဘယ်လိုထင်မှတ်သလဲ၊ ရုပ်၌ သတ္တဝါလို့ ရှုသလား'

'မရှုပါငါ့ရှင်'

'ဝေဒနာ၌ သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'သညာ၌ သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'သင်္ခါရတို့၌ သတ္တဝါလို့ရှုသလား'

'မရှုပါငါ့ရှင်'

'ဝိညာဉ်၌ သတ္တဝါလို့ရှိသလား'
'မရှိပါဘူးရှင်'
'ရုပ်မှတပါး အခြား၌သတ္တဝါလို့ ရှိသလား'
'မရှိပါဘူးရှင်'
'ဝေဒနာ၌ ဝေဒနာမှတပါး အခြား၌သတ္တဝါလို့ရှိသလား'
'မရှိပါဘူးရှင်'
'သညာမှတပါး တခြား၌သတ္တဝါလို့ ရှိသလား'
'မရှိပါဘူးရှင်'
'သင်္ခါရတို့မှတပါး တခြား၌သတ္တဝါလို့ ရှိသလား'
'မရှိပါဘူးရှင်'
'ဝိညာဉ်မှတပါး တခြား၌သတ္တဝါလို့ ရှိသလား'
'မရှိပါဘူးရှင်'
'ငါ့ရှင်ယမက.... ရုပ်ကိုသတ္တဝါလို့ ရှုလား'
'မရှိပါဘူးရှင်'
'ဝေဒနာကိုသတ္တဝါလို့ ရှုပါသလား'
'မရှုပါဘူးရှင်'
'သညာကို သတ္တဝါလို့ ရှုသလား'
'မရှုပါဘူးရှင်'
'သင်္ခါရတို့ကို သတ္တဝါလို့ ရှုသလား'
'မရှုပါဘူးရှင်'
'ငါ့ရှင်ယမက.... ဤသတ္တဝါကောင်ကြီးသည် ရုပ်မရှိဟု ရှုသလား'
'မရှုပါဘူးရှင်'

'ဤသတ္တဝါကောင်ကြီးသည် ဝေဒနာမရှိဟု ရှုသလား'
'မရှုပါငါ့ရှင်'
'ဤသတ္တဝါကောင်ကြီးသည် သညာမရှိဟု ရှုသလား'
'မရှုပါငါ့ရှင်'
'ဤသတ္တဝါကောင်ကြီးသည် သင်္ခါရတို့မရှိဟု ရှုသလား'
'မရှုပါငါ့ရှင်'
'ဤသတ္တဝါကောင်ကြီးသည် ဝိညာဉ်မရှိဟု ရှုသလား'
'မရှုပါငါ့ရှင်'

'ငါ့ရှင်ယမက၊ အခုမျက်မှောက်ဘဝမှာဘောင် အစစ်အမှန်အားဖြင့် သတ္တဝါကောင်ရယ်လို့ ရှာဖွေလို့မတွေ့ရှိပါဘဲလျက်၊ အာသဝေါကုန်တဲ့ ရဟန်းများသည် ခန္ဓာပျက်စီးခြင်းကြောင့် ပြက်တယ်ပျောက်တယ်၊ သေပြီးမဖြစ်ဘူးလို့ ဆိုတဲ့မြတ်စွာဘုရားဟောတဲ့တရားကို ငါသိတယ်လို့ ပြောဆိုတဲ့စကားဟာ သင့်တော်ပါ့မလား'

'ငါ့ရှင်သာရိပုတ္တရာ၊ တရားမနာရမီ ရှေ့အခါက ဒါတွေကို တပည့်တော်မသိလို့ ယုတ်မာသောအယူကို ယူမိပြောမိဆိုမိဖြစ်ခဲ့ပါသည်ဘုရား။ ယခုအခါ အရှင်သာရိပုတ္တရာ၏ တရားဒေသနာကို ကြားနာရသောကြောင့် ယုတ်မာသောအယူများပျောက်ပျက်သွားပါပြီ၊ တပည့်တော်လဲ တရားစစ်တရားမှန်ကို ထိုးထွင်းဉာဏ်နှင့် သိရှိလာပြီဘုရား'ဟု လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာ။ ။ငါ့ရှင်ယမက၊ အာသဝေါကုန်ပြီးသော ရဟန္တာများ ခန္ဓာပျက်စီး၍ သေသွားတဲ့နောက်ပိုင်းမှာ ဘယ်လိုဖြစ်သလဲလို့ သင့်ကို အကယ်၍မေးမြန်းလာကြပါမူ သင်ဘယ်လိုဖြေမလဲ။

အရှင်ယမက။ ။ငါ့ရှင်သာရိပုတ္တရာ၊ တပည့်တော်ကို 'ငါ့ရှင် ယမက၊ အာသဝေါကုန်ပြီးတဲ့ ရဟန္တာများ ခန္ဓာကိုယ် ပျက်စီးလို့ သေဆုံးသွားတဲ့အခါ ဘယ်လိုများဖြစ်သလဲ' လို့မေးလာရင် 'ငါ့ရှင်တို့၊ ဟောဒီရုပ်တရားကြီးဟာ မှုမြဲဘူး၊ မမြဲတဲ့အတွက် ဆင်းရဲတယ်၊ အဲဒီဆင်းရဲတဲ့ရုပ် တရားကြီးဟာ ချုပ်သွားပြီ၊ ပျောက်သွားပြီ၊ ငါ့ရှင်တို့ ဟောဒီဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေဟာလဲ တခု မှ မမြဲဘူး၊ အဲဒီလိုမမြဲတဲ့အတွက် ဆင်းရဲတယ်၊ အဲဒီလို ဆင်းရဲတဲ့ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တွေချုပ်သွား ပြီ ပျောက်သွားပြီ'လို့ ဖြေလိုက်ပါမည် အရှင်ဘုရား။

'ငါ့ရှင်ယမက၊ သာဓု....သာဓု.... ကောင်းပေစွ.... ကောင်းပေစွ....

'ငါ့ရှင်ယမက၊ အဲဒီအဓိပ္ပာယ်ကို အတိုင်းထက်အလွန် သိနားလည် လာအောင် သဘော ပေါက် လာအောင် သင့်ကို ငါဥပမာတခု ပြောပြမယ်....

'ငါ့ရှင်ယမက၊ သူကြွယ်ကြီးနှင့် သူကြွယ်ကြီး၏သား ဟာ ပစ္စည်းဥစ္စာ အင်မတန်ပေါများ ကြွယ်ဝတယ်၊ စည်းစိမ်ဥစ္စာများတယ် အစစပြည့်စုံတယ် အတွင်းအပြင် အစောင့်အရှောက်ရှိတယ်၊ အဲဒီသူကြွယ်သား အဖရဲ့ အကျိုးမဲ့ကိုလိုလားသော စီးပွားဥစ္စာကိုဖျက်ဆီးလိုသော ဘေးဒုက္ခပေးလိုသော၊ အသက်ကိုပါ သတ်လိုသော ယောကျ်ားတယောက် ဖြစ်ပေါ်လာတယ်ဆိုပါတော့၊ အဲဒီယောကျ်ားဟာ စဉ်းစားတယ်၊ 'ဒီသူကြွယ်သားအဖ ဟာ ပစ္စည်းဥစ္စာပေါများတယ်၊ အစောင့်အရှောက်

အပြည့်အစုံရှိတယ်၊ သူတို့သားအဖကို အလွယ်တကူသတ်လို့တော့မလွယ်ဘူး၊ ငါဟာ အကင်းဝင်ပြီး ပူးသတ်မှ ငါ့အကြံအောင်မယ်’လို့ စဉ်းစားပါတယ်။ အဲဒီတော့ အဲဒီလူသတ်သမားဟာ သူကြွယ်သားအဖထံ သွားပြီး ‘အရှင်တို့၊ အရှင်တို့ထံတွင် ခစားလုပ်ကျွေးပါရစေ’ဟု ပြောတယ်။ သူကြွယ်သားအဖကလဲ ယုံကြည်ပြီး ခစားလုပ်ကျွေးလို့ တာဝန်ပေးလိုက်တယ်။ အဲဒီသူဟာ စောစောထတယ်၊ နောက်ကျမှအိပ်လေ့ရှိတယ်၊ ဘာလုပ်ပေးရဦးမလဲ၊ ဘာကိုင်ပေးရဦးမလဲ၊ ဘာများဆောင်ရွက်ပေးရဦးမလဲမေးပြီး၊ အပြောအဆို ချိုချိုသာသာ ပိယဝါစာစကားနှင့် ပြောဆိုပြီး အရှင်သခင်တို့၏စိတ်တိုင်းကျ ကျေနပ်လောက်အောင် ခစားလုပ်ကျွေးတယ်။ အဲဒီသူကို သူကြွယ်သားအဖက အင်မတန်သဘောကျတယ်။ အစစအရာရာ စိတ်ချယုံကြည်လာတယ်၊ ရင်းနှီးသော အဆွေခင်ပွန်းသဖွယ် အသိအမှတ် ပြုလာကြတယ်။ အကျွမ်းတဝင်လဲ ပြုလုပ်လာကြတယ်....

“ငါ့ရှင်ယမက၊ အဲဒီယောကျ်ားဟာ သူကြွယ်နဲ့ သူကြွယ်သားတော့ ငါ့အပေါ် စိတ်ချယုံကြည်လာပြီ၊ အကျွမ်းဘဝင်လုပ်လာပြီဆိုတာကို သိလာတယ်။ အဲဒီလို သိလာတဲ့အခါ သူကြွယ် သို့မဟုတ် သူကြွယ်သားဟာ ဆိတ်ကွယ်ရာရောက်နေတာကိုသိလျှင် ဓားထက်ထက်နှင့် အသေ ခုတ်သတ်လိုက်တယ်....

‘ငါ့ရှင်ယမက၊ ထိုအရာကို အဘယ်သို့ မှတ်ထင်သနည်း၊ ထိုသူသတ်ယောကျ်ားသည် သူကြွယ်ထံသို့ ဖြစ်

စေ၊ သူကြွယ်သားထံသို့ဖြစ်စေသွား၍ 'အရှင်၊အရှင့်ကို ခစားပါရစေ'ဟု ပြောသောအခါ၌လည်း ထိုသူသည် သူသတ်သမားပင်ဖြစ်သည်၊ သူသတ်သမားပင်ဖြစ်သော်လည်း ငါ့ကိုသတ်မည့်သူဟုမသိဘူး မဟုတ်ပါလော၊ စောစောထ၊ နောက်ကျမှအိပ်ပြီး ဘာများလုပ်ပေးရဦးမလဲဟု နားစွင့်ပြီး စိတ်တိုင်းကျဖြစ်အောင် လုပ်ကိုင်ပေးတယ်၊ ချစ်ခင်နှစ်သက်ဖွယ်ရာ ချိုသာသော စကားများကိုပြောတယ်၊ အဲဒီလိုလုပ်ကိုင်ပြောဆိုပြီး ခစားတဲ့အခါမှာလဲ အဲဒီလူဟာ လူသတ်သမားပဲဖြစ်တယ်၊ ထိုသို့လူသတ်သမားပင် ဖြစ်သော်လည်း ငါ့ကိုသတ်မည့်သူဟု မသိဘူးမဟုတ်ပါလော၊ ကွယ်ရာရောက်နေတာကို သိတဲ့အခါ ဓါးထက်ထက်နဲ့ အသေသတ်လိုက်တဲ့ အခါမှာလဲ အဲဒီလူဟာ လူသတ်သမားပင်ဖြစ်တယ်၊ အဲဒီလိုလူသတ်သမားပင် ဖြစ်သော်လဲ ငါ့ကိုသတ်မည့်သူဟု မသိဘူး မဟုတ်ပါလော"

'ဟုတ်ပါတယ် ငါ့ရှင်'

'ငါ့ရှင်ယမက၊ အဲဒီနည်းအတူဘဲ၊ အကြားအမြင်မရှိသော၊ အရိယာတို့ကို မဖူးမြင်ဘူးသော၊အရိယာတရား၌ သိကြားလိမ္မာမှုမရှိသော၊အရိယာတရား၌ ယဉ်ကျေးမှုမရှိသော၊ သူတော်ကောင်းတို့ကို မဖူ မြင်ဘူးသော၊ သူတော်ကောင်းတရား၌ မယဉ်ကျေးသော ပုထုဇဉ်များသည် ရုပ်ကိုအတ္တဟု စွဲလမ်းရှုမှတ်နေ၏။ ရုပ်ရှိသော အတ္တကိုရင်း၊ အတ္တ၌ ရုပ်ကိုရင်း၊ ရုပ်၌ အတ္တကိုရင်း၊ စွဲလမ်းရှုမှတ်နေ၏။ ဝေဒနာကို အတ္တဟုရင်း၊ ဝေဒနာ

ရှိသော အတ္တကိုရင်း၊ အတ္တ၌ဝေဒနာကိုရင်း၊ ဝေဒနာ၌ အတ္တကိုရင်း၊ စွဲလမ်းရှုမှတ်နေ၏။ သညာကိုအတ္တဟုရင်း၊ သညာရှိသော အတ္တကိုရင်း၊ အတ္တ၌သညာကိုရင်း၊ သညာ၌ အတ္တကိုရင်း၊ စွဲလမ်းရှုမှတ်နေ၏။ သင်္ခါရတို့ကို အတ္တဟုရင်း၊ သင်္ခါရတို့၌အတ္တကိုရင်း၊ အတ္တ၌သင်္ခါရတို့ကိုရင်း၊ သင်္ခါရတို့၌အတ္တကိုရင်း၊ စွဲလမ်းရှုမှတ်နေ၏။ ဝိညာဉ်ကို အတ္တဟုရင်း၊ ဝိညာဉ်ရှိသော အတ္တကိုရင်း၊ အတ္တ၌ဝိညာဉ်ကိုရင်း၊ ဝိညာဉ်၌ အတ္တကိုရင်း၊ စွဲလမ်းရှုမှတ်နေ၏။

'အဲဒီသူဟာ မမြဲတဲ့ရုပ်ကိုလဲမမြဲသောရုပ်ဟုဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ မမြဲတဲ့ဝေဒနာကိုလဲ မမြဲတဲ့ဝေဒနာဟုဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ မမြဲတဲ့သညာကိုလဲ မမြဲတဲ့သညာဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊မမြဲတဲ့သင်္ခါရတို့ကိုလဲ မမြဲတဲ့သင်္ခါရဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ မမြဲတဲ့ဝိညာဉ်ကိုလဲမမြဲတဲ့ဝိညာဉ်ဟုဟုတ်မှန်တဲ့အတိုင်းမသိဘူး။

'ဆင်းရဲသော ရုပ်ကို ဆင်းရဲတဲ့ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ဆင်းရဲတဲ့ဝေဒနာကို ဆင်းရဲတဲ့ ဝေဒနာဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ဆင်းရဲတဲ့သညာကို ဆင်းရဲတဲ့သညာဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ဆင်းရဲတဲ့သင်္ခါရတို့ကို ဆင်းရဲတဲ့သင်္ခါရကိုဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ ဆင်းရဲတဲ့ဝိညာဉ်ကို ဆင်းရဲတဲ့ဝိညာဉ်ဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး။

'ကိုယ်အတ္တ မဟုတ်သော ရုပ်ကို ကိုယ်အတ္တမဟုတ်သောရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ ကိုယ်အတ္တ

မဟုတ်သော ဝေဒနာကိုကိုယ်အတ္တမဟုတ်သော ဝေဒနာဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ကိုယ်အတ္တမဟုတ်သော သညာကို ကိုယ်အတ္တမဟုတ်သော သညာဟု ဟုတ်မှန်တဲ့ အတိုင်း မသိဘူး၊ ကိုယ်အတ္တမဟုတ်သော သင်္ခါရတို့ကို ကိုယ်အတ္တမဟုတ်သော သင်္ခါရတို့ဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ ကိုယ်အတ္တမဟုတ်သော ဝိညာဉ်ကို ကိုယ်အတ္တ မဟုတ်သော ဝိညာဉ်ဟုဟုတ်မှန်တဲ့အတိုင်းမသိဘူး။

'ပြုပြင်အပ်သောရုပ်ကို ပြုပြင်အပ်တဲ့ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ပြုပြင်အပ်သော ဝေဒနာကို ပြုပြင်အပ်တဲ့ ဝေဒနာဟု ဟုတ်မှန်တဲ့ အတိုင်းမသိဘူး၊ ပြုပြင်အပ်သောသညာကို ပြုပြင်အပ်တဲ့ သညာဟု ဟုတ်မှန်တဲ့ အတိုင်းမသိဘူး၊ ပြုပြင်အပ်သော သင်္ခါရတွေကို ပြုပြင်အပ်တဲ့ သင်္ခါရတွေ ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ ပြုပြင်အပ်သော ဝိညာဉ်ကိုပြုပြင်အပ်တဲ့ ဝိညာဉ်ဟုဟုတ်မှန်တဲ့ အတိုင်းမသိဘူး။

'သူသတ်သမားဖြစ်သောရုပ်ကို သူသတ်သမားဖြစ်တဲ့ ရုပ်ဟုဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ သူသတ်သမား ဖြစ်သော ဝေဒနာကို သူသတ်သမားဖြစ်သော ဝေဒနာဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး၊ သူသတ်သမား ဖြစ်သော သညာကို သူသတ်သမားဖြစ်သော သညာဟုဟုတ်မှန်တဲ့ အတိုင်းမသိဘူး၊ သူသတ်သမားဖြစ်သော သင်္ခါရတွေကို သူသတ်သမားဖြစ်တဲ့ သင်္ခါရတွေဟု ဟုတ်မှန်တဲ့အတိုင်း မသိဘူး၊ သူသတ်သမားဖြစ်သော ဝိညာဉ်ကို သူသတ်သမားဖြစ်တဲ့ ဝိညာဉ်ဟု ဟုတ်မှန်တဲ့အတိုင်းမသိဘူး။

'ထိုသူသည်ရုပ်ကောင်ကြီးကို ငါ့ကိုယ်အတ္တကပ်ရောက်နေတယ်၊စွဲယူနေတယ်၊ဆောက်တည်နေတယ်၊ဝေဒနာကို ငါ့ကိုယ်အတ္တကပ်ရောက်နေတယ်၊ စွဲယူနေတယ်၊ဆောက်တည်နေတယ်၊ သညာကိုငါ့ကိုယ်အတ္တ ကပ်ရောက်နေတယ်၊ စွဲယူနေတယ်၊ ဆောက်တည်နေတယ်၊ သင်္ခါရတွေကို ငါ့ကိုယ်အတ္တကပ်ရောက်နေတယ်၊ စွဲယူနေတယ်၊ ဆောက်တည်နေတယ်၊ ဝိညာဉ်ကို ငါ့ကိုယ်အတ္တ ကပ်ရောက်နေတယ်၊ စွဲယူနေတယ်၊ ဆောက်တည်နေတယ်၊ အဲဒီလို ကပ်ရောက်စွဲယူနေတဲ့အတွက် ဤဉပါဒါနက္ခန္ဓာငါးပါးတို့ဟာ အဲဒီလူကိုကြာရှည်လေးမြင့်စွာ စီးပွားမဲ့အောင် ဆင်းရဲဒုက္ခရောက်အောင် ပြုလုပ်နေကြတယ်။

'ငါ့ရှင်ယမက၊ အကြား အမြင် ဗဟုသုတရှိတဲ့ အရိယာတွေကို ဖူးမြင်ဘူးသော အရိယာတရား၌ သိကြားလိမ္မာသော အရိယာတရား၌ယဉ်ကျေးသော သူတော်ကောင်းတရား၌ သိကြားလိမ္မာသော သူတော်ကောင်းတရား၌ ယဉ်ကျေးသော အရိယာတပည့်များသည် ဒီရုပ်ကောင်ကြီးကို အတ္တဟူ၍ မရှုမှတ်တော့ဘူး၊ ရုပ်ရှိသော အတ္တကိုရင်း၊ ရုပ်၌အတ္တကိုရင်း၊ အတ္တ၌ရုပ်ရင်း မရှုမှတ်တော့ဘူး၊ ဝေဒနာကိုအတ္တဟူ၍ မရှုမှတ်တော့ဘူး၊ ဝေဒနာရှိသောအတ္တကိုရင်း၊ ဝေဒနာ၌ အတ္တကိုရင်း၊အတ္တ၌ ဝေဒနာကိုရင်း မရှုမှတ်တော့ဘူး၊ သညာကိုအတ္တဟူ၍ မရှုမှတ်တော့ဘူး၊ သညာရှိသော အတ္တကိုရင်း၊ သညာ၌ အတ္တကိုရင်းမရှုမှတ်တော့ဘူး၊ သင်္ခါရတို့ကို အတ္တဟူ၍ မရှုမှတ်တော့ဘူး၊ သင်္ခါရတို့ရှိသော အတ္တကိုရင်း၊သင်္ခါ

ရတို့၌အတ္တကိုရင်း၊ အတ္တ၌သင်္ခါရတို့ကိုရင်းမရှုမှတ်တော ဘူး၊ဝိညာဉ်ကိုအတ္တဟူ၍ မရှုမှတ်တော့ဘူး၊ဝိညာဉ်ရှိသော အတ္တကိုရင်း၊ ဝိညာဉ်၌အတ္တကိုရင်း၊ အတ္တ၌ဝိညာဉ်ကို ရင်း မရှုမှတ်တော့ဘူး။

'အဲဒီအရိယာတပည့်များသည် မမြဲတဲ့ရုပ်ကို မမြဲတဲ့ ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ မမြဲတဲ့ဝေဒနာကို မမြဲတဲ့ဝေဒနာဟု ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ မမြဲတဲ့ သညာကိုမမြဲတဲ့သညာဟု ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ မမြဲတဲ့သင်္ခါရတို့ကို မမြဲတဲ့သင်္ခါရတို့ဟု ဟုတ်မှန်တဲ့ အတိုင်းသိတယ်၊ မမြဲတဲ့ဝိညာဉ်ကို မမြဲတဲ့ဝိညာဉ်ဟု ဟုတ် မှန်တဲ့အတိုင်းသိတယ်။

'ဆင်းရဲတဲ့ရုပ်ကို ဆင်းရဲတဲ့ရုပ်ဟု ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ ဆင်းရဲတဲ့ဝေဒနာကို ဆင်းရဲတဲ့ ဝေဒနာဟု ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ ဆင်းရဲတဲ့သညာကို ဆင်းရဲ တဲ့သညာဟု ဟုတ်မှန်တဲ့ အတိုင်းသိတယ်၊ ဆင်းရဲတဲ့ သင်္ခါရတွေကို ဆင်းရဲတဲ့သင်္ခါရဟု ဟုတ်မှန်တဲ့အတိုင်း၊ ဆင်းရဲတဲ့ ဝိညာဉ်ကို ဆင်းရဲတဲ့ဝိညာဉ်လို့ ဟုတ်မှန်တဲ့ အတိုင်းသိတယ်'

'ကိုယ်အတ္တမဟုတ်သောရုပ်ကို၊ ကိုယ်အတ္တမဟုတ်တဲ့ ရုပ်လို့ ဟုတ်မှန်တဲ့ အတိုင်းသိတယ်၊ ကိုယ်အတ္တမဟုတ် သောဝေဒနာကို၊ ကိုယ်အတ္တမဟုတ်တဲ့ ဝေဒနာလို့ ဟုတ်မှန်တဲ့ အတိုင်းသိတယ်၊ ကိုယ်အတ္တ မဟုတ်သော သညာကို၊ ကိုယ်အတ္တမဟုတ်တဲ့ သညာလို့ ဟုတ်မှန်တဲ့ အတိုင်းသိတယ်၊ ကိုယ်အတ္တမဟုတ်တဲ့ သင်္ခါရကို၊ ကိုယ်

အတ္တမဟုတ်တဲ့သင်္ခါရလို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ ကိုယ်အတ္တမဟုတ်သော ဝိညာဉ်ကို၊ ကိုယ်အတ္တမဟုတ်တဲ့ ဝိညာဉ်လို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်'

'ပြုပြင်အပ်သောရုပ်ကို ပြုပြင်အပ်သောရုပ်လို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ ပြုပြင်အပ်သောဝေဒနာကို ပြုပြင်အပ်သော ဝေဒနာလို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ ပြုပြင်အပ်သောသညာကို ပြုပြင်အပ်သော သညာလို့ ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ ပြုပြင်အပ်သော သင်္ခါရတို့ကို ပြုပြင်အပ်သော သင်္ခါရတို့လို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ ပြုပြင်အပ်သော ဝိညာဉ်ကို ပြုပြင်အပ်သော ဝိညာဉ်လို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်'

'သူသတ်သမားဖြစ်သောရုပ်ကို သူသတ်သမားဖြစ်တဲ့ရုပ်လို့ ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ သူသတ်သမားဖြစ်သောဝေဒနာကို သူသတ်သမားဖြစ်တဲ့ ဝေဒနာလို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ သူသတ်သမားဖြစ်သော သညာကို သူသတ်သမားဖြစ်တဲ့ သညာလို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်၊ သူသတ်သမားဖြစ်သော သင်္ခါရတို့ကို သူသတ်သမားဖြစ်တဲ့ သင်္ခါရတို့လို့ ဟုတ်မှန်တဲ့အတိုင်း သိတယ်၊ သူသတ်သမားဖြစ်သော ဝိညာဉ်ကို သူသတ်သမားဖြစ်တဲ့ ဝိညာဉ်လို့ ဟုတ်မှန်တဲ့အတိုင်းသိတယ်'

'ထိုသူသည် ရုပ်ကို ငါ့ကိုယ် အတ္တဟု မကပ်ရောက် မစွဲယူ မဆောက်တည်၊ ဝေဒနာကို ငါ့ကိုယ်အတ္တဟု မကပ်ရောက် မစွဲယူ မဆောက်တည်၊ သညာကို ငါ့ကိုယ် အတ္တဟု မကပ်ရောက် မစွဲယူ မဆောက်တည်၊ သင်္ခါရ

တို့ကို ငါ့ကိုအတ္တဟု မကပ်ရောက်မစွဲယူ မဆောက်တည်၊ ဝိညာဉ်ကို ငါ့အတ္တဟု မကပ်ရောက် မစွဲယူ မဆောက်တည်တဲ့အတွက် ဥပါဒါနက္ခန္ဓာငါးပါးဟာ ထိုသူအား အချိန်ကြာမြင့်စွာ စီးပွားဖြစ်ဘို့၊ ချမ်းသာဘို့ဖြစ်လာတယ်’ဟု မိန့်တော်မူ၏။

‘ငါ့ရှင်သာရိပုတ္တရာ၊ တချို့ အရှင်ကောင်းတွေမှာ အရှင်ဘုရားတို့လို စောင့်ရှောက်တတ်တဲ့၊ အကျိုးကိုလိုလားတဲ့ နားဝင်အောင် ပြောဆိုဆုံးမကမ်မြစ်တတ်တဲ့ သီတင်းသုံးဖော်တွေ ရှိကြပါတယ်ဘုရား၊ အဲဒီအရှင်ကောင်း အရှင်မြတ်တွေလို တပည့်တော်လဲ ဤအတိုင်းဖြစ်ပါသည်ဘုရား၊ တပည့်တော်သည်အရှင်သာရိပုတ္တရာ၏တရားကို ကြားနာရသောကြောင့် ဘာတခုမျှ အစွဲအလမ်းမရှိတော့ဘဲ၊ အာသဝေါတရားမှ လွတ်မြောက်ပါပြီဘုရား’ဟု လျှောက်ထားလေ၏။

## ဗုဒ္ဓ၏ဖွားဘက်တော်

အခါတပါး၊ မထေရ်ကြီးများ ဖြစ်တော်မူကြကုန်သော ရဟန်းများစွာတို့သည် ဗာရဏာသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူကြပါသည်။

ထိုအခါ အရှင်ဆန္နသည် ညချမ်းအခါ၊ တပါးတည်း ကိန်းအောင်းရာမှထ၍ ကျောင်းကလေးပိတ်၊ သော့ကလေး လက်ကအသာကိုင်ပြီး တကျောင်းမှတကျောင်းသို့ ကပ်၍ ကျောင်းစဉ်လှည့်ခါ–

‘အရှင်မြတ်တို့ဘုရား၊ တပည့်တော်ကို ဆုံးမတော်မူကြပါ

အုံးဘုရား၊ အရှင်မြတ်တို့သည် တပည့်တော် နားလည် သဘော ပေါက်နိုင်မည့် တရားစကားဖြင့် ချီးမြှင့်တော်မူကြပါအုံးဘုရား' ဟု တောင်းပန်လျှောက်ထားလေ၏။

အရှင်ဆန္နကား အခြားသူမဟုတ်၊ မြတ်စွာဘုရား တော ထွက်တော်မူစဉ်က နောက်တော်ပါးမှ အတူပါသွားသော မြင်း မြီးဆွဲမောင်ဆန်ဟု နာမည်ကျော်နေသော ဖွားဘက်တော် မောင်ဆန်ကြီးဖြစ်ပါသည်။ မြတ်စွာဘုရား အလောင်းတော် သည် ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက်၊ မကြာမီ သာသနာ့ဘောင်သို့ဝင်ကာ ရဟန်းပြုပြီး ကမ္မဋ္ဌာန်းတရား အား ထုတ်ရာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်အထိ တရား ထူးမရသေး၊ တမဂ်ဘိုလ်မရရှိသေး၊ ရဟန္တာမဖြစ်သေးပေ။

ဦးဆန်ကြီး သို့မဟုတ် အရှင်ဆန္န တရားအားထုတ်သော အချိန်တို့ကို ရေတွက်ပါမူ မြတ်စွာဘုရား ၄၅-ဝါရမှ ပရိနိဗ္ဗာန် စံလွန်တော်မူသွားသည့်အတွက် တရားသက် ၄၅-နှစ်လောက် တောင် ရှိသွားပြီဟု ဆိုနိုင်ပေသည်။

## ဘာ့ကြောင့်တရားထူးမရသလဲ

အချို့ပုဂ္ဂိုလ်တွေ ရက်ပိုင်း လပိုင်းနှင့် တရားထူးတွေ ရကြ ပါလျက် ဖွားဘက်တော် အရှင်ဆန္နတယောက် အဘယ်အတွက် ကြောင့် တရားထူးမရသနည်းဆိုသော အချက်တခု ဆွေးနွေး စရာ မေးမြန်းစရာ ဖြစ်လာပါသည်။ သို့သော် ထိုအချက်ကို အရှင်ဆန္နကိုယ်တိုင် ထုတ်ဖော်ဝန်ခံချက်ဖြင့် 'ပြေလည်သွားနိုင် မည်ဟု မျှော်လင့်သည်။အရှင်ဆန္နသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားတဲ့အကြောင်း ကြားသိရတဲ့အခါ အတော်ပင် စိတ်ထိ

ခိုက်သွားပါ၏။ ခြေမကိုင်မိ လက်မကိုင်မိသဘောမျိုး အားကိုးရာမဲ့တဲ့သဘောမျိုး ဆိုက်ရောက် သွားပါသည်။ မိမိကိုယ်ကိုအားကိုးအားထားရရန်မှာလဲ ဘာတရားထူးမှ မရသေး၊ မြတ်စွာဘုရား အားကိုးရအောင်ကလဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလေပြီ။ သို့အတွက် အတော်ပင် အရှင်ဆန္နအကျပ်ဆိုက်နေသည်။ တမဂ်တဖိုလ်မရလျှင် လူဖြစ်ရှုံးတော့မည်။ သာသနာတော်ကြီး ကြုံရဆုံရဘာ ဘာမျှ အကျိုးမရှိ ဖြစ်တော့မည်ကိုနားလည်သဘောပေါက်စ ပြုလာပါသည်။ မြတ်စွာဘုရားကရာဇဂြိုဟ်ဝါဆိုမှာ သူက သာဝတ္ထိဖြစ်စေ၊ ဗာရဏသီဖြစ်စေ၊ တခုခုမှာ ရှောင်လွဲနေတတ်ပါသည်။ နောက်ဆုံးမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူချိန်အထိ မြတ်စွာဘုရားနှင့်ခွဲခွာခါနေခဲ့သည့်အဖြစ်တွေကို တစိမ့်စိမ့်တွေး၍ တရေးရေး မြင်ယောင်လာပါသည်။ ယူကြုံးမရ အပူလုံးကြွတဲ့ သဘောမျိုးစိတ်မျိုးတွေ ပေါ်ပေါက်လာပါသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခါနီးတွင် 'ငါဘုရား ပရိနိဗ္ဗာန်စံပြီလို့ကြားလျှင် အရှင်ဆန္နတယောက်ပေါက်ချလာလိမ့်မည်။ ထိုအခါ ငါဘုရားက အမိန့်တော်မှတ်ခဲ့သည်။ ဗြဟ္မဒဏ်ထားခဲ့သည်၊ အရှင်ဆန္နသည် တမဂ်တဖိုလ်မရအောင် ရှောင်လွဲနေသည့်အတွက် ငါဘုရား၏အလောင်းတော်ကို ပုထုဇဉ်ဘဝနှင့် ဖူးမျှော်ခွင့်မရ၊ တရားထူးရမှသာ ငါဘုရားအလောင်းတော်ကို ဖူးမျှော်ခွင့်ရှိသည်'ဟု မိန့်တော်မူခဲ့သည်။ မြတ်စွာ ဘုရားသည် အလွန် မြင့်မြတ်သော မဟာကရုဏာတော်ဖြင့် အရှင်ဆန္န ဆိုသည့် ဖွားဘက်တော် တယောက်နိဗ္ဗာန်ရောက်စေလိုသော ဆန္ဒဖြင့် အမိန့်တော်မြတ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤကဲ့သို့မှ အမိန့်တော်မြတ် ဗြဟ္မဒဏ်ကို မသတ်

မှတ်ခဲ့ပါလျှင် ဖွားဖက်တော် အရှင်ဆန္နတယောက် ယောင်လည် လည်နှင့် ဘဝဆုံးသွားမည့် အရေးကို မြင်တော်မူ၍ ဖြစ်သည်။ ထိုသတင်းကို ကြားသည့်နေသည့်အတွက် အရှင်ဆန္နသည် တမင် တဖိုလ်ရရန် ကျောင်းစဉ်လှည့်၍ တရားတောင်းနေခြင်းဖြစ်၏။

ထိုသို့ကျောင်းစဉ်လှည့်၍ တရားတောင်းသောအခါ မထေရ် ကြီးတို့က အရှင်ဆန္နအား ဤသို့မိန့်တော်မူကြပါသည်။

"ငါ့ရှင်ဆန္န၊ ဒီရုပ်ကြီးဟာ မမြဲဘူး၊ ဝေဒနာလဲ မမြဲဘူး၊ သညာလဲမမြဲဘူး၊ သင်္ခါရတရားတွေလဲ မမြဲဘူး၊ ဝိညာဉ်ဟာလဲ မမြဲဘူး။

ဒီရုပ်ကြီးဟာ ကိုယ်အတ္တ မဟုတ်ဘူး၊ ဝေဒနာကိုယ် အတ္တ မဟုတ်ဘူး၊ သညာဟာ ကိုယ်အတ္တမဟုတ်ဘူး၊ သင်္ခါရ တရား အားလုံးဟာ ဘာတခုမျှအမြဲမရှိဘူး၊ သဘောတရားအားလုံးဟာ ကိုယ်အတ္တမဟုတ်ဘူး"ဟု မိန့်တော်မူကြကုန်၏။

## ကြိုးမဲ့ဖြတ်ဘဲ လှေလှော်သူ

ထိုအခါ အရှင်ဆန္နက စဉ်းစားမိ၏။ 'ငါဟာ ရုပ်ကြီးမမြဲဘူး ဆိုတာလောက်သိနေတာ ၄၅-နှစ်လောက်တောင်ရှိပြီ။ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တွေဟာ မမြဲဘူး၊ အားလုံး မမြဲဆိုတာ သိတာကြာပြီ။

"ဒီရုပ်ကြီးဟာ ငါ့ကိုယ်မဟုတ်ဘူး၊ အတ္တမဟုတ်ဘူး ဆိုတာ လဲ သိတာကြာပြီ၊ သင်္ခါရတရားအားလုံးဟာအမြဲမရှိဘူး၊သဘော တရားအားလုံးဟာ ကိုယ်မဟုတ်ကြဘူး၊အတ္တမဟုတ်ဘူးလို့ သိနေ တာကြာပြီ၊ ဒါပေမဲ့ ငါ့စိတ်တွေဟာ သင်္ခါရ တရားအားလုံး ငြိမ်းရာ၊ ဥပဓိအားလုံး ကင်းလွတ်ရာ၊ တဏှာကုန်ရာ၊ စွဲမက်မှု

ကင်းရာချုပ်ရာ၊ ကြည်ကြည်လင်လင်မဖြစ် လွတ်လွတ်ကျွတ်ကျွတ် မဆုံးဖြတ်နိုင်ဘူး။ အရင်ထက် ပိုပြီးတော့ တောင့်တလာတယ်၊ စွဲလမ်းလာတယ်၊ ဒီကိုယ်ကြီးဟာ ငါ့ကိုယ် မဟုတ်ဘူး ဆိုလျှင် ဘယ်သူ့ကိုယ်ကြီးလဲ၊ ငါ့ကိုယ် ငါ့ကိုယ်ကြီး အစစ်"ဟု စိတ်သည်၍ နေလေသည်။

**မှတ်ချက်။** ။[ဘာကြောင့် ဖြစ်ပျက်ကိုမြင်ပါလျက် ရုပ်စသည်တို့ မမြဲတာကိုသိပါလျက် ဘာကြောင့် အစွဲအလမ်းတွေ ထူလာသလဲ၊ များလာပါသလဲ၊ အကြောက်အလန့်တွေ ပိုလာပါသလဲလို့ ဆိုရင် အရှင်ဆန္နသည် ကြိုးမဖြတ်ဘဲ လှေလှော်တဲ့သူလို 'ငါ'ဆိုတဲ့ သက္ကာယကိုမဖြတ်ဘဲ ဖြစ်ပျက်ကိုမြင်သောကြောင့် ဖြစ်တယ်။ ရုပ်မမြဲတာကိုသာ ရှုမှတ်ရမည့်အစား "ငါ့ရုပ်ကြီး မမြဲဘူး"ဟု ငါနှင့်ရုပ် တွဲပြီး ရှုမှတ်နေတဲ့အတွက် ငါ့ရုပ်ကြီးမဟုတ်လျှင် ဘယ်သူ့ရုပ်ကြီးလဲ၊ ငါ့ရုပ်ကြီး မမြဲဘူးဆိုလျှင် ဘယ်သူများ အားကိုးရပါမလဲဆိုတဲ့ အကြောက် အလန့် ပိုလာခြင်း အစွဲ အားကြီးလာခြင်း ဖြစ်ပါသည်။ တရားအားထုတ်သော သူတော်စင်များသည် အရှင်ဆန္နလို ငါနှင့်မတွဲဘဲ ရုပ်သက်သက် ဝေဒနာသက်သက် စသည်တို့ကိုသာ ဉာဏ်မျက်စိနှင့် ဖြစ်ပျက်မြင်အောင် သင့်ပါသည်။ သို့မဟုတ်ပါက ကြိုးမဖြတ်ဘဲလှေလှော်တဲ့လူလို အချိန်ကုန်လူပင်ပန်းပြီး လိုရာခရီးမရောက်ဘဲ ရှိတတ်ပါသည်။ သို့ပါ၍ တရားအားထုတ်သော အခါ ငါတည်းဟူသော ကြိုးကိုဖြတ်ပြီးမှ အားထုတ်ပါလျှင် အချိန်မကုန် လူမပင်ပန်းဘဲ လိုရာစခန်းကို တက်လှမ်းနိုင်ပါသည်။ ငါဆိုတာသည် တကယ်

ရှိသောတရားမဟုတ်ပါ။ လောကထုံးတမ်းအရ ပြောဆို သုံးစွဲလို့ရအောင် သတ်မှတ် ထားသော သတ်မှတ်ချက် ပညတ်တရားသာဖြစ်ပါကြောင်း။ ။စာရေးသူ၏ ဥာဏ် အမြင်မျှသာ ဖြစ်ပါသည်။]

အရှင်ဆန္နက စဉ်းစားသည်၊ တရားထူးကို သိမြင်တဲ့လူဆိုရင် ယခုငါဖြစ်သလို မဖြစ်နိုင်ဘူး၊ နိဗ္ဗာန်ကို ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားမြင်ရမယ်၊ ကျွတ်ကျွတ်လွတ်လွတ် ဆုံးဖြတ် နိုင်ရမယ့်အဖြစ်ကို မြင်တယ်၊ ရုပ်မမြဲတာသိတယ်၊ အဲဒီလိုသိတဲ့ အတွက် ကြောက်တဲ့စိတ်လန့်တဲ့စိတ်တွေဝင်မလာနိုင်ဘူး၊ အပြင်း အထန်စွဲလမ်းတဲ့စိတ်တွေ ဖြစ်မလာနိုင်ဘူး၊ ငါ့ဥစ္စာတခုခု မှား နေလို့ လွဲနေလို့သာ ဒီလိုဖြစ်တာ ဖြစ်ရမယ်၊ ငါ့ကို သဘော ပေါက်အောင် တရားပြနိုင်တဲ့ ပုဂ္ဂိုလ်၊ တရားဟောနိုင်မဲ့ ပုဂ္ဂိုလ် လိုလာပြီ။ ဘယ်သူများ စွမ်းဆောင်နိုင်ပါ့မလဲ-ဟု အကြံဖြစ် လေသည်။

## မိတ်ကောင်း ဆွေမွန်

အရှင်ဆန္နသည် နောက်ထပ်အကြံတခုရပြန်သည်။ အရှင်အာ နန္ဒာသည် ကောသမ္ဗီပြည်ဃောသိတာရုံကျောင်းမှာ သီတင်းသုံး တော်မူသည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား အချီးအမွမ်း ခံရသူလည်းဖြစ်သည်၊ ပညာရှိသီတင်းသုံးဖော်အများတို့၏ ချီးမြှင့် မြှောက်စားခြင်းခံရသူလည်း ဖြစ်သည်။ ငါ့ကို တရားသိမြင်လာ အောင် နားလည်သဘောပေါက်လာအောင် တရားဟောနိုင်စွမ်း ရှိသူလည်း ဖြစ်သည်။ ငါနှင့် အကျွမ်း တဝင် ရင်းနှီးမှုလည်း ရှိသည်။ငါကဲ့သို့ပင် ဖွားဘက်တော်တဦးလည်းဖြစ်သည်။ငါသည်

အရှင်အာနန္ဒာထံသွားရလျှင် ကောင်းလေစွ–ဟု အကြံဖြစ်လာပြန်သည်။ ထိုနောက် အရှင်ဆန္နသည် ကျောင်းအိပ်ရာ နေရာများကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းယူ၍ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း အရှင်အာနန္ဒာထံသွား၍ အရှင်အာနန္ဒာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆို နှုတ်ဆက်ပြီးနောက် အဖြစ်အပျက်အကြောင်းစုံကို အကုန်လုံး ပြန်ကြားလျှောက်ထားလေ၏။

"သို့ပါ၍ အရှင်အနန္ဒာသည် တပည့်တော်ကိုဆုံးမတော်မူပါ၊ ကုံမြစ်တော်မူပါ၊ တပည့်တော် သိမြင် လာအောင် နားလည် သဘောပေါက်လာအောင် တရားဟောတော် မူပါဘုရား"ဟု တောင်းပန်လျှောက်ထားလေ၏။

ထိုအခါ အရှင်အာနန္ဒာက "ငါ့ရှင်ဆန္န ဘာမျှအားမငယ်နှင့်၊ သင်သည် အကြောင်းမှန်ကို မထိမ်ချန်ဘဲ မှန်ကန်စွာပြောနိုင်သူ၊ အကြောင်းကို ထင်စွာပြနိုင်သူဖြစ်တယ်၊ ခြောင့်ကိုဖြတ်နိုင်သူဖြစ်တယ်။ အရှင်ဆန္န၊ ဒါလောက်သိနေတာကိုပင် တပည့်တော် ဝမ်းမြောက်လှပါတယ်၊ ငါ့ရှင်ဆန္နသည် တရားထူးရထိုက်သူ တရားထူးနှင့် ထိုက်တန်သူဖြစ်ပါတယ်"ဟု မိန့်တော်မူ၏။

ထိုအခါအရှင်ဆန္နက"တရားထူးရထိုက်သူဖြစ်သတဲ့"ဟူသောစကားမျှလောက်နှင့်ပင် အတော်ပင် အားတက်ဝမ်းမြောက်သွားပါတော့သည်။

"ငါ့ရှင်ဆန္န၊ကစ္စာနအန္နယ်ဖြစ်တဲ့ရဟန်းကိုဩဝါဒပေးတော်မူစဉ်က မြတ်စွာဘုရားမျက်မှောက်တော်မှာ ဤစကားကိုကြားနာမှတ်သားခဲ့ရပါသည်၊ ခံယူခဲ့ရပါသည်။

'ချစ်သားကစ္စာန၊ များသောအားဖြင့်လောကကြီးဟာ ရှိတာ မရှိတာ နှစ်ခုအကြောင်းပြုပြီး ပြဿနာ တက်နေတယ်၊ ရှိတယ် မရှိဘူးဆိုတဲ့အချက်နှစ်ခုပေါ် မှီနေတယ်။

'ချစ်သားကစ္စာန၊ လောကကြီးဖြစ်ပေါ်နေပုံကို ဟုတ်မှန်တဲ့ အတိုင်း မှန်ကန်သော ဝိပဿနာပညာဖြင့် မြင်တဲ့သူတွေဟာ လောကဥ္စမရှိဘူး၊ သေရင်ပြီးတာဘဲဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ အယူမျိုး မဖြစ်နိုင်ဘူး။

'ကစ္စာန၊ လောကကြီးချုပ်နေပုံကို ဟုတ်မှန်တဲ့အတိုင်း မှန် ကန်တဲ့ ဝိပဿနာပညာဖြင့် တွေ့မြင်နေတဲ့သူတွေဟာလဲ လောက ကြီး ရှိတယ်၊ ခိုင်ဘယ်၊ မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိအယူမျိုး မဖြစ် နိုင်ဘူး။

'ချစ်သားကစ္စာန၊ လောကကြီးကို များသောအားဖြင့် ကပ် ရောက်ခြင်း၊ စွဲလမ်းခြင်း၊ အမှားကို နှလုံးသွင်းခြင်းတို့က နှောင်ဖွဲ့ ထားတယ်၊ အဲဒီလို ကပ်ရောက်ခြင်း၊ စွဲလမ်းခြင်းသည် စိတ်၏ ဆောက်တည်ခြင်းအမှားကို နှလုံးသွင်းခြင်း၊ အနုသယသို့ မကပ် ရောက် မစွဲလမ်း၊ ငါ၏ကိုယ် အတ္တအစွဲအလမ်း မရှိတော့ဘူး။

'လောကကြီးမှာ ဖြစ်တာတွေဟာ ဆင်းရဲတွေသာဖြစ်ပြီး၊ ချုပ်တဲ့ဟာတွေကလဲ ဆင်းရဲတွေဘဲ ချုပ်နေကြတယ်၊ ဘာမှ ယုံမှားသံသယမရှိဘူး၊ တွေးတောမှုမရှိတော့ဘူး။

'ဖြစ်တာတွေကို ဝိပဿနာဉာဏ်နဲ့ သိမြင်နေရင် ပြတ်သွား တယ်ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊ ချုပ်တာတွေကို ဝိပဿနာဉာဏ် နှင့် အစစ်အမှန်ကိုသိမြင်နေရင် ခိုင်တယ်မြဲတယ် စွဲနေတဲ့သဿတ

ဒိဋ္ဌိစင်နေသောယ်၊ အဲဒီလို သဿတ ဥစ္ဆေဒဒိဋ္ဌိ နှစ်ခုလုံး စင်နေရင် ဝိပဿနာဉာဏ်အမြင် ရှင်းလာတယ်၊ လင်းလာတယ်၊ သင့်မှာ ပြဿနာတက်တာက ဒိဋ္ဌိအပင်းခံနေလို့ဖြစ်တယ်- အခုအဲဒီအပင်း လုံး မရှိတော့ဘူး၊ အပင်းလုံးမရှိတဲ့အတွက် ယုံမှားသံသယ မရှိ ဘူး၊ တွေးတောမှုမရှိတော့ဘူး၊ တပါးသော ယုံမှားသံသယ မရှိတဲ့အတွက် အသိဉာဏ်သာ ဖြစ်ပေါ်လာတယ်၊ အဲဒီလို အသိ ဉာဏ် ဖြစ်လာဘယ်ဆိုရင် မှန်ကန်တဲ့အယူ ဖြစ်လာတယ်။

'ကစ္စာန၊ အားလုံးရှိတယ်၊ ခိုင်တယ်၊ မြဲတယ်ဆိုတဲ့အယူဟာ လဲ တဖက်စွန်းသို့ရောက်နေတယ်၊ အားလုံးမရှိဘူး၊ သေရင် ပြီး တာဘဲဆိုတဲ့ အယူမျိုးဟာလဲ တဖက်စွန်းသို့ ရောက်နေပြန်တယ်၊ အဲဒီ အစွန်း ၂-ဖက်က လွတ် အောင် ရှောင် လော့'ဟု အလယ် အလတ်အားဖြင့် မြတ်စွာဘုရား တရားတော်ကို ဟောတော် မူတယ်။

'အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ် စသည်ဖြင့် ဆင်းရဲအစုဖြစ် ပုံကိုရင်း၊ အဝိဇ္ဇာ အကြွင်းမဲ့ချုပ်သောကြောင့် သင်္ခါရချုပ်တယ် စသည်ဖြင့် ဆင်းရဲအစု ချုပ်ပုံကိုရင်း မြတ်စွာဘုရား တရားဟော တာ ငါနာခံမှတ်သားခဲ့ရတယ်'ဟု မိန့်တော်မူ၏။

'ငါ့ရှင်အာနန္ဒာ၊ အရှင် ဘုရားတို့လို စောင့်ရှောက်တတ်၊ အကျိုးလိုလားတတ်၊ ဆုံးမကံမြစ်တတ်တဲ့ သီတင်းသုံးဖေါ်တွေ ရှိဘဲ့ အရှင်တွေသည် တပည့်တော်လို ကံထူးတဲ့အရှင်များ ဖြစ်ပါ သည်။ တပည့်တော်သည် အရှင်အာနန္ဒာနှင့် တွေ့ရတရားတော် ကို နာကြားရတဲ့အတွက် တရားကို ထိုးထွင်း၍သိပါပြီဘုရား'ဟု ဝမ်းမြောက်ဝမ်းသာ လျှောက်ထားလေ၏။

# အာသီသ

တရားအားထုတ်ပုံ အားထုတ်နည်းကလေးများ၊ ဗုဒ္ဓဝါဒ အမေးအဖြေတထောင် အမှတ်(၃)တွင် ထည့်သွင်းရေးသားရန် တောင်းပန်လာကြသော အသိမိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများနှင့် တရားအားထုတ်လိုသူ စာဖတ်ပရိသတ်အတွက် မိမိတရားအားထုတ်စဉ်က အတွေ့အကြုံ လုပ်ထုံးလုပ်နည်းကလေးများကို ကျေးဇူးရှင် ဆရာတော်ဘုရားများ၏ နိဿယည်းအတိုင်း မှတ်မိသိရှိသလောက် ရေးသားပါမည်။ ဤနည်းသည် အားလုံးအကြိုက် ပြီးပြည့်စုံသော နည်းတခု ဖြစ်ကောင်းမှဖြစ်ပါလိမ့်မည်။ အကြောင်းကို ဆိုသော်၊ လူတကိုယ် အကြိုက်တမျိုးစီရှိသောကြောင့် ဖြစ်ပါသည်။ ဗုဒ္ဓ၏ အလွန်အဘိုးတန်လှသော ဗုဒ္ဓဝါဒကိုပင် လူတိုင်းလိုက်နာကျင့်သုံးကြသည်မဟုတ်ပါ။ ဗုဒ္ဓ၏ သာသနာသည် ဘုန်းကံ ကြီးမားသူ၊ ဘုန်းကံထူး ရှိခဲ့ဘူးသူတို့နှင့်သာ ထိုက်တန်သောသာသနာ၊ အားပေးအားမြှောက်ပြုလုပ်နိုင်သော သာသနာ၊ ချီးခြမြှောက်ထောက်ပံ့နိုင်သောသာသနာဖြစ်ပါသည်။

ဘုန်းကံပါးရှား ဂုဏ်နွမ်းပါးသောသူတို့နှင့် လားလားမျှ ထိုက်တန်သောသာသနာ မဟုတ်ပါ။ ဗုဒ္ဓသာသနာဆိုတဲ့ အသံကြားရုံနှင့် ဖျားချင်သလိုဖြစ်နေသူတွေ များစွာရှိနေသည်ကို ဉာဏ်မျက်စိနှင့်ကြည့်က သိသာနိုင်ပါသည်။ တရားအားထုတ်နည်းသည် အမျိုးမျိုးရှိနေသည့်အတွက် ဒီနည်းကမှန်သည်၊ ဟိုနည်းက မှားသည်ဟူ၍ အတိအကျညွှန်ပြရန်မှာ ကျွန်ုပ်တို့၏အရာ မဟုတ်ပါ။ ယခုရေးသားမည့်နည်းများသည် ကျွန်ုပ်ကိုယ်တိုင် တရားအားထုတ်စဉ်က လိုက်နာခဲ့သောနည်းနာများကိုမှတ်မိသမျှ

ရေးသားခြင်းဖြစ်၍ တရားအားထုတ်လိုသော သူတော်ကောင်းများအတွက် အထောက်အကူတော့ ရလိမ့်မည်ဟု ယုံကြည်ပါသည်။ အုတ်တချပ် သဲတပွင့်သည် အဆောက်အဦကြီးတခုမဟုတ်သော်လည်း အဆောက်အဦတခုဖြစ်လာရန်အတွက်မူ မပါလျှင်မပြီးသော အခြေခံများဖြစ်ပါသည်။

အကောင်းဆုံး တရားအားထုတ်နည်းမှာ တတ်ကျွမ်း နားလည်သော ဆရာကောင်း သမားကောင်းများနှင့် လက်ပွေးလက်ကြပ် အားထုတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ဆရာသမားများနှင့် လက်ပွန်းတတီး အားထုတ်ခွင့်မရသူ၊ အားထုတ်ချိန် မရသူများအတွက် ဥာဏ်မှီသမျှ စေတနာနှင့် တင်ဆက်ထားခြင်းဖြစ်၍ အကြိုက်မတွေ့လျှင် သို့မဟုတ် အမှား တစုံတခုပါဝင်နေသည်ဟု သံသယရှိပါလျှင် မိမိတို့စိတ်ကြိုက်ဆရာသမားနှင့် ညှိနှိုင်းတိုင်ပင် ပြင်ဆင်နိုင်ပါသည်။ စေတနာအရ ရေးသားရခြင်းဖြစ်ပါသဖြင့် မှားလျှင်လဲ စေတနာအရသာဖြစ်၍ မှန်လျှင်လဲ စေတနာအရသာဖြစ်ပါမည်။ သဘောကျ အကြိုက်တွေ့လျှင်လဲ စေတနာအရသာဖြစ်၍ အကြိုက်မတွေ့လျှင်လဲ စေတနာအရသာဖြစ်ကြောင်းကို ရိုးသားစွာ ဝန်ခံအပ်ပါသည်။ အကယ်၍ဤဘရားအားထုတ်နည်းကို နားလည် သဘောပေါက်၍ တစုံတယောက် တရားထူးရသွားပြီဆိုလျှင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ပြည့်စုံပြီဖြစ်ကြောင်း တင်ပြအပ်ပါသတည်း။

## ကြိုတင်ပြင်ဆင်မှု

တရားအားထုတ်လိုသူများသည် ထိုက်သလောက်တော့ ကြိုတ င်ပြင်ဆင်မှုများ လုပ်ကြရပါသည်။

ဥပမာ၊ ရပ်ဝေးသို့ ခရီးသွားလိုသူတယောက်သည် လမ်းခရီးတွင် အသုံးပြုရန်ဖြစ်စေ၊ ရောက်ရာနေရာတွင် အသုံးပြုရန်ဖြစ်စေ လိုအပ်သော ပစ္စည်းပစ္စယ အသုံးအဆောင်များ ကြိုတင်ပြင်ဆင်ရပါသည်။ မိမိ၏လုပ်ငန်းဆောင်တာများကိုလဲ ရပ်သင့်တာရပ်၊ ပိတ်သင့်တာပိတ်၊ လွှဲသင့်တာလွှဲပြီး စရိတ်စကနှင့် စားနပ်ရိက္ခာ အသုံးအဆောင်တို့ကို ယူဆောင်ပြီးမှ ခရီးထွက်ကြပါသည်။

တရားအားထုတ်သူများသည်လည်း အလွန်အေးချမ်း သာယာလှသော နိဗ္ဗာန်မြို့တော်ကြီး ရောက်စေရန် အကြိုခရီးတွက်စဘင်ခရီးထွက်သူများ ဖြစ်ပါသည်။ သို့ပါ၍ လုပ်စရာရှိသည်တို့ကိုလုပ်ဆောင်ပြီး ယူစရာရှိသည်တို့ကို အပြည့်အစုံယူပြီး ခရီးထွက်မှ စိတ်အနှောင့်အယှက်မရှိ ပျော်ပျော်ရွှင်ရွှင်သွားလာနိုင်သလို၊ တရားအားထုတ်သူများသည်လည်း လုပ်စရာရှိတာတွေလုပ်၊ ဖြတ်စရာရှိတာတွေဖြတ်၊ မှာစရာရှိတာမှာ၊ အဲဒီကိစ္စတွေပြီးမှ တရားအားထုတ်လျှင် စိတ်ချမ်းချမ်းသာသာနှင့် စိတ်ပါလက်ပါ အားထုတ်နိုင်ခွင့်ရသဖြင့် တရားရလွယ်ပါသည်။ တရားအားထုတ်ရကျိုး နပ်နိုင်ပါသည်။

## ကိုယ်ကိုဖြောင့်ဖြောင့်ထား

တရားအားထုတ်လိုသူ အမျိုးကောင်းသားများသည် ကိုယ်ကို ဖြောင့်ဖြောင့်ထား၍၊ တင်ပလ္လင်ခွေထိုင်ပါ၊ ညာခြေပေါ်တွင် ဘယ်လက်ကို ပက်လက်ထားပါ၊ နောက်လျက်လဲထားကြပါသည်။ ဘယ်ခြေပေါ်တွင် ဘယ်လက်ကို ပက်လက်ထားပါ၊ အားလုံးအနေအထားသည် သက်သာသော အနေအထား၊ ကြာရှည်စွာ ထိုင်နိုင်မည့်အနေအထားမျိုး ဖြစ်ရပါမည်၊

အမျိုးသမီးများသည် ကျုံ့ကျုံ့ထိုင်ပြီး ညာခြေတွင် ညာလက်၊ ဘယ်ခြေတွင် ဘယ်လက်ထား၍ အားလုံး သက်တောင့်သက်သာ အနေအထားရှိရပါမည်။ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားရပါမည်။

အားလုံးအသင့်ဖြစ်လျှင် ဝင်သက်ကိုစတင်၍ ရှူရပါမည်။ နောက်ထွက်သက်ကိုထုတ်ပါ။ ရှူလျှင်ရှူမှန်းသိပါစေ။ထွက်လျှင် ထွက်မှန်းသိနေပါစေ၊ စိတ်ကိုဘယ်မှမသွားပါစေနှင့်၊ ထွက်သက်ဝင်သက်အပေါ်မှာ ရပ်နားနေပါစေ။ ဝင်လျှင်ဝင်မှန်းသိနေပါစေ၊ ထွက်လျှင်လဲ ထွက်မှန်းသိနေပါစေ၊ အကယ်၍ စိတ်က တခြားထွက်သွားလျှင် စိတ်ကိုပြန်ခေါ်ပြီး ထွက်သက်ဝင်သက်ကိုသာ အမှတ်ခိုင်းတာပါ။

ထိုသို့ထွက်သက်ဝင်သက်ကို ရှုမှတ်နေသောအခါ ကျွန်ုပ်တို့၏ ဆရာတော်ဘုရားကြီးက "တပည့်တို့ အပေါက် ၆-ပေါက်ရှိတဲ့ တောင်ပို့ကြီးတခုရှိတယ်။ အဲဒီတောင်ပို့ထဲကို ဖွတ်တကောင်ဝင်သွားတယ်၊ အဲဒီဖွတ်ကိုလိုချင်လျှင် အပေါက် ၅ ပေါက်ကိုပိတ် တပေါက်ကနေ စောင့်မှ အဲဒီဖွတ်ကိုရမယ်။

"အဲဒီဥပမာလို ယခုတရားအားထုတ်နေတဲ့လူတွေရဲ့ ကိုယ်ခန္ဓာဟာအပေါက် ၆ ပေါက်ရှိတဲ့ တောင်ပို့ကြီးနဲ့တူတယ်။အဲဒီ တောင်ပို့ထဲကို စိတ်ဆိုတဲ့ဖွတ်တကောင်ဝင်သွားတယ်။ အဲဒီဖွတ်နဲ့ တူတဲ့စိတ်ကို အပေါက်ငါးပေါက်ပိတ်ပြီး တပေါက်ကထိုင်စောင့်နေသလို၊ မျက်စိကိုမှိတ်ထားပါ၊ နားကိုလဲ အပင်းလို သဘောထားပါ၊ ထွက်တာဝင်တာကလေးကိုသာ သတိနဲ့ရှုမှတ်နေပါ၊ လုပ်စတော့ခဲယဉ်းတတ်ပါတယ်။ နံနဲ့ကျင့်သွားရလာလျှင် လွယ်ပါလိမ့်မယ်။ လောကမှာ ဘယ်အလုပ်မဆို မတတ်

လျှင် ခဲယဉ်းတာဘဲ၊ တတ်လျှင်မခဲယဉ်းတော့ဘူး၊ တရားအား ထုတ်တဲ့နေရာမှာ (၁) သတိလက်မလွှတ်ဘို့ အရေးကြီးပါတယ်။ (၂) အချက်ကတော့ အချိန်မှန်မှန် နေ့ရက်မှန်မှန် အားထုတ်ဘို့ အရေးကြီးပါတယ်။ အရေးအကြီးဆုံးကတော့ ယုံကြည်မှုသဒ္ဓါ တရားဘဲဖြစ်တယ်၊ ယုံယုံကြည်ကြည် သတိလက်မလွှတ်ဘဲ အား ထုတ်လို့ရှိရင် တမိနစ်ထက်တမိနစ်၊ တနာရီထက်တနာရီ၊ ဟနေ့ ထက်တနေ့၊ သမာဓိအားကောင်းလာပါလိမ့်မယ်။ သမာဓိတည် တယ်ဆိုတာ စိတ်ဟာဘယ်မှမသွားဘဲ ကိုယ်ထားတဲ့နေရာမှာ နေတာ အာရုံတခုထဲမှာ စူးစိုက်နေတာကိုခေါ်တယ်''ဟု မိန့် တော်မူပါသည်။ ဤသည်ကား ကြိုတင်မှုလုပ်ငန်းပိုင်း ဖြစ်ပါ သည်။

တရားအားထုတ်နည်းကလေးကိုတော့ ဆရာတော်ကြီးတပါး အနားမှာထိုင်ပြီး တရားဟောသလို ပြောဆိုဆုံးမနေသလို အမေး အဖြေလေးညှပ်ပြီး ဝတ္ထုကြောင်းကလေးနှင့် ရေးသွားမည်ဖြစ် ပါကြောင်း။

## လျှို့သံယောဇဉ်

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးတော်မူစဉ် က ဖြစ်ပါသည်။ ထိုအခါတွင် ဝစ္ဆအနွယ်ဖြစ်သော ဝစ္ဆပရိဗိုဇ် သည် သရက်ဖြူပင်ကြီးအနီး သူ့ကမ္မဋ္ဌာန်းကျောင်းတွင် နေထိုင် ပါသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူရာ အချိန်အနည်းငယ်စောနေသဖြင့် ဝစ္ဆပရိဗိုဇ်ထံ ခေတ္တခဏဝင်

ရောက်တော်မူပါသည်။ ဝစ္ဆပရိဗိုဇ်သည် မြတ်စွာဘုရား ကြွလာတော်မူသည်ကို မြင်လျှင်....

"အရှင်ဘုရား၊ ကြွတော်မူပါဘုရား ထိုင်တော်မူပါဘုရား တပည့်တော်တို့ဆီ ခုမျှားမှဘဲ ကြွလာတော် မူနိုင်တော့တယ်" ဟု မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ ပြောဆိုနှုတ်ဆက်ပြီး....

"ရှင်တော်မြတ်ဘုရား၊ အခုလိုကြုံဆုံတဲ့ အခါကလေးမှာ မေးစရာရှိတာကလေး မေးမြန်းပါရစေအုံး ဘုရား"

"အရှင်ဘုရားသည် အလုံးစုံသော တရားတွေကိုသိဘယ် အလုံးစုံသောတရားတွေကိုမြင်တယ်၊ အိပ်နေရင်းလဲ မြင်တယ် သိတယ်၊ စားနေရင်းလဲ မြင်တယ်သိတယ်၊ သွားနေရင်းလဲ မြင်ဘယ်သိတယ်၊ ထိုင်နေရင်းလဲ မြင်တယ်သိတယ်လို့ အားလုံးက ပြောဆိုနေကြပါတယ်၊ ချီးကျူးနေကြပါတယ်၊ အဲဒီဂုဏ် သတင်းတွေဟာ အစစ်အမှန်ဟုတ်ပါရဲ့လား၊ မှန်ရာကိုပြောဆိုကြ ပါသလားဘုရား"

"ငါ့ရှင်ဝစ္ဆ၊ အဲ့ဒါတွေဟာ ငါဘုရားကို မဟုတ်မတရားစွပ်စွဲ နေတာဖြစ်တယ်၊ စားလဲသိနေတယ်၊ အိပ်လဲသိနေတယ်၊ သွားလဲ သိနေတယ်ဆိုတာ မဟုတ်ဘူး၊ စိတ်ဆိုတာ နှစ်ခုပြိုင်ပြီး မဖြစ် ကောင်းဘူး။ ဝစ္ဆ....စားနေရင် စားတဲ့စိတ်ပဲရှိတယ်၊ အိပ်နေရင် လဲ ဘဝင်စိတ်ပဲရှိတယ်၊ အကုန်လုံးသိနေတဲ့စိတ်မရှိဘူး၊ ဆင်ခြင် တဲ့အခါမှ အကုန်သိတယ် အကုန်မြင်တယ်"

"အရှင်ဘုရား၊ အရှင်ဘုရားမှာ ခုပြောတဲ့ ဒီဗေဒပွဲယ်မျိုးမရှိ ဘူးဆိုရင် အရှင်ဘုရားကို တပည့်တော်တို့က ဘယ်လိုမှတ်ရမလဲ ဘုရား"

"ငါ့ရှင်ဝစ္ဆ၊ ငါ့ကိုမှတ်ချင်သပဆိုရင် တေဝိဇ္ဇပုဂ္ဂိုလ်လို့မှတ်လိုက်။ အဲဒီလိုမှတ်ရင် ငါ့အရှိနဲ့ကိုက်တယ်။ ဒါဟာ ပုဗ္ဗေနိဝါသဉာဏ်ရတယ်၊ ဒိဗ္ဗစက္ခုဉာဏ်ရတယ်၊ အာသဝက္ခယဉာဏ်ရတယ် အဲဒီလိုရတဲ့အတွက် ဝိဇ္ဇာ ၃ ပါးနဲ့ပြည့်စုံသူ တေဝိဇ္ဇပုဂ္ဂိုလ်လို့ မှတ်လိုက်ပေတော့"

'ဒါဖြင့်ဘုရား၊ မေးစရာကလေးတွေက အတော်များနေတော့ ဆက်မေးခွင့်ပြုတော်မူပါအုံးဘုရား'

'ငါ့ရှင်ဝစ္ဆ၊ မေးလိုရာမေးလော့'

'ရှင်တော် ဂေါတမဘုရား၊ လူများဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့ ဒုက္ခချုပ်ငြိမ်းတဲ့နိဗ္ဗာန်သို့ ရောက်နိုင် ပါသလားဘုရား'

'ငါ့ရှင်ဝစ္ဆ၊ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့တော့ နိဗ္ဗာန်ကို ဘယ်နည်းနဲ့မှ မရနိုင်ဘူး'

\+ \+ \+

'အေး....အဲဒီအမေးအဖြေကလေးသွင်းပြီး တရားစမှာဖြစ်တဲ့ အတွက် ခေါင်းစဉ်တပ်လိုက်ခြင်းဖြစ်တယ်'

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကြိမ်ပေါင်းများစွာ မှာတော်မူတယ်။ ချစ်သားတို့၊ တရားအားထုတ်သောသူများသည် ခန္ဓာကိုယ်ကြီးပေါ်မှာ သတိထားပြီး ဉာဏ်မျက်စိကလေးနဲ့ကြည့်နေရမယ်' လို့ မှာတော်မူတယ်။

'ယောဂီများ'

'ဘုရား'

'ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘယ်လိုနေထိုင်ရမယ်လို့ မှာတော်မူသလဲ'

'ခန္ဓာကိုယ်ပေါ်မှာ သတိထားပြီး ဉာဏ်မျက်စိနဲ့ ကြည့်နေရမယ်လို့ မှာပါတယ်ဘုရား'

'အေး....ဟုတ်ပြီ၊ အဲဒီလိုမိမိတို့ရဲ့ခန္ဓာကိုယ်ထဲမှာ သတိထား ပြီး အသိဉာဏ်ကလေးနဲ့ စောင့်ကြည့်တော့ ဘာပေါ်လာမယ် ထင်ကြသတုံး၊ ဟိုကယား ဒီကယံ ဟိုစိတ်ပေါ်လိုက် ဒီစိတ်ပေါ် လိုက်နဲ့ အမျိုးမျိုးအဖုံဖုံ ပေါ်လာလိမ့်မယ်'

'မှန်လှပါဘုရား'

'အေး....ပေါ်လာတာ မှန်သမျှ မြဲလို့ပေါ်တာလား၊ မမြဲလို့ ပေါ်တာလား'

'မမြဲလို့ပေါ်တာပါဘုရား'

'အဲဒီလိုမမြဲတာကို ဖြစ်ပျက်လို့ ခေါ်တယ်။ ပါဠိလိုကတော့ အနိစ္စပေါ့၊ အဲဒီအနိစ္စကိုမြင်ဘို့ ဖြစ်ပျက်ဉာဏ်နဲ့သိဘို့ အင်မတန် အရေးကြီးတယ်။ ဒါကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက မိမိတို့ရဲ့ခန္ဓာကိုယ်ပေါ်မှာ သတိထားပြီး ဉာဏ်မျက်စိနဲ့ စောင့် ကြည့်ဘို့ အကြိမ်ကြိမ် မှာတော်မူခြင်းဖြစ်တယ်'

'မြတ်စွာဘုရား မိန့်မှာတော်မူတဲ့အတိုင်း ခန္ဓာကိုယ်ထဲ သတိ ထားပြီး ဉာဏ်မျက်စိနဲ့ စောင့်ကြည့်လိုက်တော့ ဟိုကယား၊ ဒီက ယံ၊ ဟိုကကိုက်၊ ဒီကခဲ၊ ဟိုကနာ၊ ဒီကကျဉ်၊ ဟိုစိတ်တွေ ဒီစိတ်တွေ ပေါ်နဲ့ အမျိုးမျိုးအဖုံဖုံပေါ်မနေကြဘူးလား'

'ပေါ်နေပါတယ်ဘုရား'

'အေး....အေး ပေါ်လာတာမှန်သမျှ ပျောက်ပျက်ချည့် မှတ် ရမယ်။ အဲဒီလိုရှေကနေ ပျက်ပျက်သွားတာကို နောက်ကနေဉာဏ် မျက်စိနဲ့မြင်အောင် ကြည့်ကြည့်နေရမယ်၊ အဲဒီလို ဉာဏ်မျက်စိနဲ့

ကြည့်လို့မမြဲတာ မြင်နေရင်သိနေရင် လောကီမဂ်ရပြီလို့ ခေါ်တယ်၊ လောကီမဂ်က ဘာတွေလဲဆိုတော့။

၁။ သမ္မာဒိဋ္ဌိခေါ်တဲ့ မှန်ကန်တဲ့အမြင်၊

၂။ သမ္မာသင်္ကပ္ပခေါ်တဲ့ မှန်ကန်တဲ့အကြံ၊

၃။ သမ္မာဝါယာမခေါ်တဲ့ မှန်ကန်တဲ့အားထုတ်မှု၊

၄။ သမ္မာသတိဆိုတဲ့ မှန်ကန်တဲ့သတိတရား၊

၅။ သမ္မာသမာဓိဆိုတဲ့ မှန်ကန်တဲ့တည်ကြည်မှု၊

အဲဒီငါးခုနဲ့ပြည့်စုံတာကို လောကီမဂ်ရတယ်လို့ ခေါ်တယ်၊ ဖြစ်ပျက်ကို ဉာဏ်မျက်စိနဲ့ မြင်တဲ့လူတိုင်း၊ အဲဒီလောကီမဂ်ငါးပါးနဲ့ပြည့်စုံတယ်။ ပြည့်စုံလို့မြင်တယ်လို့ မှတ်ထားကြရမယ်။

'မှန်လှပါဘုရား'

'ဘာကြောင့် ပြည့်စုံပါသတုံးဆိုရင် သတိကလေးကလဲ စိုက်ထားလို့သမ္မာဒိဋ္ဌိခေါ်တဲ့ ဉာဏ်မျက်စိကမြင်ပါတယ်။ဒါကြောင့် ပြည့်စုံတယ်လို့ဆိုရပါတယ်။ အဲဒီလိုဉာဏ်မြင်တာဟာ ခန္ဓာကိုယ်ကြီးထဲမှာ အနိစ္စရှိလို့သာ အနိစ္စမြင်တယ်လို့ မှတ်ချက်ချရမယ်။ အနိစ္စရှိလို့ အနိစ္စမြင်တာကို ခင်ဗျားတို့က ယောကျာ်းမြင်တယ်၊ မိန်းမမြင်တယ်လို့ဆိုရင် မှန်ပါ့မလား'

'မမှန်ပါဘုရား'

'ဒါကြောင့် ဖြစ်ပျက်ကို ဉာဏ်မျက်စိနဲ့ မြင်တို့ သိတို့ဟာ ဝိပဿနာအားထုတ်တဲ့နေရာမှာ အရေးအကြီးဆုံး အချက်ဖြစ်တယ်။ အဲဒီ အရေးကြီးဆုံးဖြစ်တဲ့ ဖြစ်ပျက်ကို ဉာဏ်မျက်စိနဲ့ ကွင်းကွင်းကွက်ကွက် ထိထိမိမိ မြင်သိလာပြီ ဆိုရင်တော့ ဖြစ်ပျက်ကအနိစ္စ၊ ဖြစ်ပျက်ကိုမြင်သိနေတာက မဂ္ဂ။ အဲဒီတော့ ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်မနေဘူးလား'

'ကိုက်နေပါတယ်ဘုရား'

'အဲဒီလိုကိုက်နေတာကို လောကီမဂ်ရတယ်လို့ခေါ်တယ်၊အဲဒီလိုဖြစ်ပျက်နဲ့မဂ်နဲ့ ပေါ်တိုင်းပေါ်တိုင်း သိသိနေဘို့အရေးမကြီးဘူးလား၊ အရေးကြီးတယ်နော်။ ပေါ်တိုင်း ပေါ်တိုင်းကို ဖြစ်ပျက်နဲ့မဂ်နဲ့ချည့် ကိုက်နေမယ်ဆိုရင် မကြာခင် ဝိပဿနာမဂ်မှ လောကုတ္တရာမဂ်ကူးပါလိမ့်မယ်။ ဒါဟာ ဆုတောင်းလို့ကူးတာလား၊ တရားအားထုတ်လို့ကူးတာလား'

'တရားအားထုတ်လို့ ကူးတာပါဘုရား'

'တရားအားထုတ်လို့ ကူးတယ်ဆိုတော့ တရားအားမထုတ်ဘဲနေရင် ရပါ့မလား၊ မရနိုင်ဘူးနော်။ အဲဒီလို တရားအားထုတ်လိုက်တော့လဲ လူဟာ လူ့သံယောဇဉ် မစွန့်ဘူးလား'

'စွန့်ပါတယ်ဘုရား'

'အေး....လူဟာ တရားအားထုတ်လို့ ရှိယင် သံယောဇဉ်စွန့်တယ်၊ တရားအားမထုတ်ရင်တော့ သံယောဇဉ် မစွန့်ဘူးဆိုတာ သေချာပါတယ်'

[ဒီတခါဆက်လက်၍ စိတ္တာနုပဿနာရှုနည်းကို ရေးပါမည်။ အဘယ်ကြောင့်ရေးရသနည်းဆိုလျှင် လူတို့၏စိတ်တွင် ဒိဋ္ဌိအများဆုံးရှိနေ၏။ ငါ့စိတ် ငါ့ကိုယ် ငါ့ဟာ ငါ့ပစ္စည်းဆိုသည့်ဒိဋ္ဌိတွေ မှိုးမှန်နေသည်။ ဒိဋ္ဌိတန်းလန်းနဲ့သေလျှင် အပါယ်ကလွတ်ဘို့ အတော် ခဲယဉ်းပေသည်။ သို့အတွက် ဒိဋ္ဌိကိုအပြုတ်ဖြုတ်နိုင်တဲ့ စိတ္တာနုပဿနာရှုနည်းကို ထည့်သွင်းရေးသား လိုက်ရပါသည်။ စာရေးသူ။]

## တရားရှာ ခန္ဓာမှာတွေ့

'တရားရှာလျှင် ခန္ဓာထဲမှာ တွေ့ရမယ်ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ထဲကိုသတိကလေးထားပြီး ဉာဏ်နဲ့စိုက်ကြည့်ပါလို့ တရားစဖွင့်လိုက်ပါတယ်'

အဲဒီတော့မိမိတို့၏ခန္ဓာကိုယ်ကြီးကို ယောဂီများက ဉာဏ်ကလေးစိုက်ကြည့်ပါလို့ သတိပေးရပါတယ်။ ယောဂီများ ဘယ်လိုကြည့်ကြရမလဲ'

'သတိထားပြီး ဉာဏ်နဲ့စိုက်ကြည့်ရမှာပါဘုရား'

'ဉာဏ်နဲ့စိုက်ကြည့်ရမယ်ဆိုတာ သေသေချာချာမှတ်ပါနော်'

'မှန်လှပါဘုရား'

အသက်ကလေးမှန်မှန်ရှူပြီး ဉာဏ်မျက်စိနဲ့ စောင့်ကြည့်ကြရမယ်၊ အဲဒီလို အသက်ကလေးမှန်မှန်ရှူပြီး ဉာဏ်မျက်စိနဲ့ စောင့်ကြည့်နေတဲ့အခါကျတော့ အာရုံတွေက တိုက်ချင်ရာက တိုက်လာလိမ့်မယ်၊ အဲဒီလို တိုက်ချင်ရာက တိုက်လာလို့ရှိယင်၊ ပေါ်ချင်တဲ့စိတ်တွေပေါ်လာလိမ့်မယ် ဆိုတာမသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'အေး-မြင်စိတ်ကလေး ပေါ်လာတယ်ဆိုပါတော့၊ အဲဒီမြင်စိတ်ဟာ အရင်က ရှိနှင့်တာလား၊ အခုမှ ပေါ်လာတာလား၊ အခုမှပေါ်တာ၊ အဆင်းနဲ့တွေ့လို့ပေါ်လာတာ၊ ဘယ်တုံးက ပေါ်တာလဲမေးရင် ဘယ့်နှယ်ဖြေကြမယ်'

'အခုမှပေါ်တာပါဘုရား'

'အခုမှပေါ်လာတာဆိုတော့ ပစ္စုပ္ပန်စိတ်ဆိုတာ မသေချာဘူးလား၊ သေချာပါတယ်နော်၊ ယောဂီတို့ ဘာစိတ်ပါလိမ့်'

'ပစ္စုပ္ပန်စိတ်ပါဘုရား'

'ဒါကြောင့် ပစ္စုပ္ပန်တဲ့တဲ့ရှုပါဆိုတဲ့ ဘုရားဟောနဲ့ မကိုက်ဘူးလား'

'ကိုက်ပါတယ်ဘုရား'

'အဲဒီတော့ မျက်စိနဲ့ကြည့်ရင် မြင်စိတ်ပေါ်လာမယ်၊ မြင်စိတ် ပေါ်လာတာနဲ့တပြိုင်နက် စောင့်နေတဲ့သတိ၊ သမာဓိ၊ ပညာ၊ အဲဒီတရားတွေ တချက်ခြင်းလိုက်ပေးလိုက်ပါ။ ဩော်-မြင်စိတ်ကလေးပေါ်ပြီး လိုက်ကြည့်တဲ့ အခါကျတော့ မြင်စိတ်မရှိတော့ဘူး၊ ချုပ်သွားပြီ၊ အဲဒါသဘောကျပလား'

'ကျပါပြီဘုရား'

'ဒါ— တရားအားထုတ်နေတာလို့ သေသေချာချာ မှတ်ပါနော်'

'မှန်ပါဘုရား'

'မျက်စိနဲ့ကြည့်လိုက်တော့ ဘာစိတ်ပေါ်သတုံး'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

'မြင်စိတ်ပေါ်လာတာကို ဒီအတိုင်းကြည့်မနေပါနဲ့၊ သတိထားပြီးဉာဏ်မျက်စိနဲ့ လိုက်ပေးလိုက်ပါနော်'

'မှန်ပါဘုရား'

'အဲဒီလိုလိုက်ပေးတဲ့အခါကျတော့ အဲဒီမြင်စိတ်ကလေးဟာ ရှိသေးရဲ့လား'

'မရှိတော့ပါဘုရား'

'ဘာဖြစ်သွားသလဲ၊ ပျက်သွားပြီ။ အဲဒီလို ပျက်သွားတာ၊ သေသွားတာကို စောင့်နေတဲ့ ဉာဏ်မျက်စိက မမြင်ဘူးလား၊ မသိဘူးလား'

'မြင်သိပါတယ်ဘုရား'

'စောင့်နေတဲ့ ဉာဏ်မျက်စိက မြင်တာကို ငါမြင် သူမြင် လားလို့မေးရင် ဘယ်လိုဖြေကြမလဲ'

'ငါမြင်သူမြင် မဟုတ်ပါဘုရား၊ မြင်တဲ့စိတ်ကလေးကမြင်ပြီး မြင်စိတ်ကလေးက မမြင်ဘဲချုပ်သွားပါတယ်ဘုရား'

'မြင်တဲ့စိတ်ကလေး ပျက်သွားတာကဘာလဲ'

'အနိစ္စပါဘုရား'

'မြင်တဲ့စိတ်ကလေး ပျက်သွားပြီ သိတာကမဂ်၊ အဲဒီတော့ အပျက်နဲ့မဂ် နှဲမကိုက်ဘူးလား'

'ကိုက်ပါတယ်ဘုရား'

'တရားအားထုတ်တဲ့ နေရာမှာ အပျက်နဲ့မဂ်၊ အနိစ္စနဲ့ မဂ္ဂကိုက်ဘို့ သိပ်အရေးကြီးပါတယ်။ မကိုက်ရင် မဟန်သေးဘူး။ အံ့ဝင်ခွင်ကျ မဖြစ်သေးဘူး။ မြင်စိတ်နည်းတူ ဘယ်စိတ်ပဲပေါ် ပေါ်၊ အပျက်နဲ့မဂ်ကိုက်အောင် သို့မဟုတ် အနိစ္စနဲ့မဂ္ဂကို ရှု မှတ်ပေးရမယ်၊ ဉာဏ်မျက်စိနဲ့စောင့်ကြည့်ပေးရမယ်'

'မြင်စိတ်ကဖြစ်ပျက်-ရှုတာကမဂ်၊ သိပ်ကြီး အကွက်ဆိုက်နေ တယ်။ အံ့ကိုက်ဖြစ်နေတယ်'

'မြင်စိတ်ကလေးပေါ်လာတာကိုစောင့်ကြည့်မနေဘူး၊ ဉာဏ် မျက်စိနဲ့ရှုကြည့်မနေဘူး၊ ရုပ်ချောတာလှတာကလေးမြင်တော့ လိုချင်တယ်ဆိုတာ မလာဘူးလား၊ လာပါတယ်နော်၊ လိုချင် တဲ့စိတ်ကို ဘာခေါ်မယ်၊ တဏှာလို့ခေါ်တယ်၊ တဏှာလာရင် စွဲလမ်းတယ်ဆိုတဲ့ ဥပါဒါန်မလာဘူးလား'

'လာပါတယ်သူရား'

'ဥပါဒါန်လာတော့ နောက်ကအားထုတ်တယ် ပြုလုပ်တယ် ဆိုတဲ့ကံတွေကော မလာဘူးလား'

'လာပါတယ်ဘုရား'

အဲဒါကြောင့် မြင်စိတ်ကလေးကို ဉာဏ်မျက်စိနဲ့ စောင့်ကြည့်နေတုန်း ဖြတ်ကနဲဆို ချုပ်ပျောက်သွားတယ်။ ချုပ်ပျောက်သွားတဲ့နောက်ကို စောင့်နေတဲ့ အသိဉာဏ်ကလေးက ချက်ခြင်းလိုက်ပေးလိုက်ပါ'

'မှန်ပါ့ဘုရား'

'အကယ်၍များ မလိုက်ဖြစ်တော့ဘူးဆိုရင်၊ မြင်တော့လိုချင်တယ်၊ စွဲလမ်းတယ်၊ ပြုလုပ်တယ်ဆိုတဲ့တဏှာ-ဥပါဒါန်-ကမ္မဘဝ အနာဂတ် အကြောင်းသုံးခု ပေါ်မလာဘူးလား၊ ပေါ်လာတယ်လို့ အသေအချာ မှတ်လိုက်ကြစမ်းပါ။ အဲဒီလိုအနာဂတ် အကြောင်းသုံးခု ပေါ်လာရင်၊ အနာဂတ်ရဲ့ အကျိုးသုံးခုဖြစ်တဲ့ ဇာတိ-ဇရာ-မရဏဆိုတဲ့ ဒုက္ခသစ္စာတွေ မလာဘူးလား၊ လာမှာ သေချာပါတယ်'

'ဒါကြောင့် ဉာဏ်မျက်စိနဲ့ ပေါ်ရာကို အနိစ္စရှုပါ၊ ဖြစ်ပျက်ရှုပါ၊ ဘာကြောင့် ဒါလောက်တောင် ဖြစ်ပျက်တွေ အရှုခိုင်းနေရသလဲလို့မေးရင်၊ အနာဂတ် အကြောင်းတရားဖြစ်တဲ့ တဏှာ-ဥပါဒါန်-ကံတွေကို သတ်နေတာလို့ မှတ်လိုက်ကြစမ်းပါ။ အဲဒီ တဏှာ-ဥပါဒါန်-ကံတွေသတ်လိုက်တော့ အနာဂတ်မှာ ဒုက္ခပေးမဲ့ အကြောင်းသုံးခုသေသွားတယ်။ အဲဒီလိုအကြောင်းသုံးခု သေသွားတဲ့အတွက် ဇာတိ-ဇရာ-မရဏဆိုတဲ့ အနာဂတ်ဘဝရဲ့ အကျိုးသုံးခုလာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'ဒီလိုမလာနိုင်တာဟာ သတိထားပြီး ဉာဏ်မျက်စိနဲ့ ကြည့်နေလို့နော်'

'မှန်လှပါဘုရား'

'အဲဒီသိုစောင့်ပြီး မကြည့်တဲ့ ပုဂ္ဂိုလ်များအတွက် ဘယ်လိုများ ဖြစ်ရှာပါလိမ့်မလဲလို့ မေးလို့ရှိရင် မြင်စိတ်ကလေးကို ဖြစ်ပျက်နဲ့မဂ်ကိုက်အောင် ဝိပဿနာ မရှုမိတဲ့အတွက် လိုချင်တဲ့ စိတ်ကလေးလာတယ်၊ လိုချင်တော့ စွဲလမ်းတယ်၊ စွဲလမ်းတော့ မရရအောင် ပြုလုပ်အားထုတ်တယ်ဆိုတဲ့ တရားသုံးခု မလာဘူးလား'

'လာပါတယ်ဘုရား'

'အဲဒါတွေဟာ အနာဂတ်အကြောင်းတွေ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် အရှင်ဘုရား'

'အနာဂတ်အကြောင်းဆိုတာ အခုတော့ အကြောင်းလုပ်ထားတာဘဲ၊ ဒါပေမဲ့ သေသွားတဲ့နောက်မှ ဒီအကျိုးတရားတွေကလာမယ်၊ ဘာတွေလဲ ပဋိသန္ဓေနေရမယ်၊ အိုကြရမယ်၊ သေကြရမယ်ဆိုတဲ့ ဒုက္ခသစ္စာတရားတွေပေါ့။ အဲဒီဒုက္ခသစ္စာ လာမှာစိုးတဲ့အတွက် မြင်စိတ်ကလေး ပေါ်လာလို့ရှိရင် အဲဒီမြင်စိတ်ကို ဖြစ်ပျက်ရှုမှတ်နေပါ။ ငါမြင်တယ် သူမြင်တယ် မလုပ်ပါနဲ့၊ ယောကျ်ားမြင်တယ်၊ မိန်းမမြင်တယ်လို့မဆိုပါနဲ့၊ လှတယ် ချောတယ်လို့လဲ စိတ်ထဲမှာမမှတ်ပါနဲ့၊ အခုမှ မျက်စိပေါက်နဲ့ အဆင်းရူပါရုံနဲ့ တိုးလို့တိုက်လို့ ပေါ်လာဘာ၊ ပေါ်လာပြီး ပျက်သွားတယ်။ အဲဒါကို တို့ယောဂီများက ငါလို့လဲ မထင်ကြပါနဲ့၊ သူလို့လဲ မထင်ကြပါနဲ့၊ မမြဲတဲ့အနိစ္စသဘောမို့ အနိစ္စကို မမြင်မြင်အောင်ရှုမှတ်ပါ။ ဖြစ်ပျက်ကို ထင်မြင်လာအောင်

ပွားများပါ။ သိနေအောင်လုပ်ပါ။ အဲဒါဟာ ဝိပဿနာအလုပ် အစစ်အမှန်ဖြစ်တယ်။ မြင်တဲ့စိတ်ပေါ်လာရင် ဘာလုပ်ကြရမယ်၊ဖြစ်ပျက်ရှုရမယ်၊ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်အောင် ပွားများရမယ်၊ အဲဒီလိုမရှုမှတ် မပွားများဘဲနေရင် နောက်က ဘယ်သူတွေလိုက်လာမယ်လို့ ထင်သလဲ၊ တဏှာ-ဥပါဒါန်-ကံတွေလိုက်လာမယ်။ ပဋိစ္စသမုပ္ပါဒ်ကြီး ဆက်လာမယ်၊ ဆင်းရဲအစုအပုံတွေ နောက်ဘဝအတွက် တန်းစီနေလိမ့်မယ်၊ သေရင် ဘာများဖြစ်မလဲလို့ ဗေဒင်မေးမနေနဲ့၊ ပဋိသန္ဓေနေရတဲ့ ဒုက္ခနဲ့ အိုရသေရမဲ့ ဒုက္ခဆိုးကြီးတွေကိုဘဲရမယ်'

'ဩ....ဒါဖြင့်မြင်ရုံကလေးမြင်တာ ကြည့်ရုံကလေးကြည့်တာ ဘာများအပြစ်ရှိသတုန်း၊ ပါးစပ်ကပြောတာလဲမဟုတ်၊ လက်က ပါတာလဲ မဟုတ်ပဲနဲ့ဆိုတဲ့၊ ဒီစကားလုံးမျိုး မသုံးလိုက်ကြပါနဲ့၊ သုံးတဲ့လူတွေဟာ မသိလို့ သုံးတာ၊ မိုက်လို့ သုံးတာ၊ ကိုယ်ခံရမဲ့ ဒုက္ခမမြင်လို့ သုံးတာဆိုတာကို သဘောပေါက်ကြရဲ့လား'

'**ပေါက်ပါပြီ အရှင်ဘုရား**'

'အဲဒီမြင်စိတ်ကလေးဟာ အရင်တုန်းကရှိနှင့်တာလား၊ အခု အဆင်းရူပါရုံကလေးမြင်မှ ဖြစ်ပေါ်လာတာလား'

'အခုမှ ပေါ်တာပါဘုရား'

'အခုမှ ပေါ်လာတဲ့ ရှေးကြောင်စိတ်ကို ဘာလုပ်ကြရမယ်'

'ဖြစ်ပျက်မြင်အောင် ရှုကြည့်ရပါမယ်ဘုရား'

'အဲဒီလို ဖြစ်ပျက်မြင်အောင် ရှုကြည့်ရမယ်ဆိုတာ မျက်စိဖွင့်ကြည့်ရမှာလား၊ မှိတ်ကြည့်ရမှာလား၊ မျက်စိကိုမှိတ်ပြီး ဉာဏ်မျက်စိနဲ့မြင်အောင် ကြည့်ရမှာကိုပြောတာ အေး....ပကတိမံသ မျက်စိကတော့မြင်လျှင် လိုချင်တယ်၊ လိုချင်တော့ စွဲလမ်းတယ်၊

စွဲလမ်းတော့ မရရအောင် ကြိုးပမ်းတယ်ဆိုတဲ့ စိတ်တွေဘဲ ပေါ်လာမယ်၊ မြင်လာမယ်၊ ထင်လာမယ်၊ အဲဒါတွေဟာ အပါယ်စာတွေချည်းဖြစ်တယ်။ ဒုက္ခအစုအပုံတွေချည်းဖြစ်တယ်။ အဲဒါကြောင့် မြင်စိတ်ကလေးပေါ်လာကာ ဉာဏ်မျက်စိနဲ့ ဖြစ်ပျက်ကိုမြင်အောင် ကြည့်ရမယ်။ အနိစ္စကိုမြင်အောင် ဖြစ်ပျက်ကိုထင်အောင် ရှုမှတ်နေရမယ်၊ ထိုင်နေရင်းလဲရှုမှတ်နေရမယ်၊သွားနေရင်းလဲ ရှုမှတ်နေရမယ်၊ အိပ်နေရင်းလဲ ရှုမှတ်နေရမယ်၊အချိန်မရွေး အိပ်မပျော်မချင်း ရှုမှတ်နေနိုင်ရမယ်၊ ပွားများနေနိုင်ရမယ်၊ အဲဒီလို နေနိုင်ရင် အကောင်းဆုံးဖြစ်တယ်'

'ဒိုင်းဒိုင်းဆိုတဲ့ ကြောက်စရာ လန့်စရာ အသံမျိုးတွေ ကြားချင်ကြားမယ်၊ ကက်ဆက်သံ၊ ရကော်ဒါသံ၊ ရေဒီယိုသံ၊ အသံချဲ့စက်သံတွေ ကြားပြန်တယ်ဆိုတော့ ယောဂီတွေ ဘာစိတ်များပေါ်လာမလဲ'

'ကြားစိတ်ပေါ်လာတယ်ဘုရား'

'ကြားစိတ်ပေါ်လို့ လန့်ဖျပ် သွားတယ်ဆိုရင် ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဝိဇ္ဇာတွေ လိုက်မလာပေဘူးလား'

'လိုက်လာကြပါတယ်ဘုရား'

'ဒါဘာကြောင့် လိုက်ပါလာသလဲ'

'ကြားတဲ့ စိတ်ကလေး ပေါ်လာရင်၊ ကြားတဲ့စိတ်ကလေးကို ဖြစ်ပျက်မရှုလို့ အသေမသတ်မိလို့ပါဘုရား'

'အဲဒီလို ကြားတဲ့ စိတ်ကလေး ပေါ်လာတာကို ပေါ်တဲ့အချိန် အသေမသတ်မိလို့ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်အောင် မလုပ်မိတဲ့အတွက် ဒေါသ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊

ဥပါယာသ၊ အဝိဇ္ဇာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်တရားတွေ၊ ဒုက္ခပေါင်းစုံတွေ အကျိုးပေးဘို့ တန်းစီမနေဘူးလား'

'တန်းစီနေပါတယ်ဘုရား'

'အဲဒါဟာ အကောင်းတွေတန်းစီနေတာလား'

'ဒုက္ခတွေ၊ မကောင်းဆိုးဝါးတွေ တန်းစီနေတာပါဘုရား'

'ကြွားတဲ့စိတ်ကလေးကို ဖြစ်ပျက်မရှုတဲ့အတွက် လုန့်စရာအသံကြားတော့ လန့်ဖျပ်သွားတယ်၊ ဒေါသဖြစ်လာတယ်၊ အဲဒီလို ဒေါသဖြစ်လာတဲ့အတွက် ပဋိစ္စသမုပ္ပါဒ်အဆုံးက ပြန်တက်မလာဘူးလား'

'လာပါတယ် အရှင်ဘုရား'

'အဲဒါဟာ ကြွားတဲ့စိတ်ကလေးကို ဖြစ်ပျက်မရှုလို့၊ အသေမသတ်မိလို့ ဖြစ်ပေါ်လာရတဲ့ဒုက္ခတွေနဲ့သလား'

'မနဲပါဘုရား'

'ကြွားတဲ့စိတ်ကလေး ဖြစ်ပျက်မရှုမိလို့ တဘဝလုံး စိုးရိမ်ရ၊ ပူဆွေးရ၊ ငိုကြွေးရစတဲ့ဒုက္ခတွေနဲ့သလား'

'မနဲပါဘုရား'

'အဲဒါတွေကို မကြောက်ကြဘူးလား၊ မလန့်ကြဘူးလား'

'ကြောက်လှုလန့်လှုပါတယ် အရှင်ဘုရား'

'အေး၊ ကြွားစိတ်ကို ဝိပဿနာမရှုတဲ့သူများဘော့ အဝိဇ္ဇာသင်္ခါရ၊ ပြီးတော့ ဝိညာဉ်မလာဘူးလား'

'လာပါတယ်ဘုရား'

'ဝိညာဉ်ဆိုတဲ့ ပဋိသန္ဓေလာခဲ့ရင် ဇာတိဘေး၊ ဇရာဘေး၊ ဗျာဓိဘေး၊ မရဏဘေးဆိုတဲ့ ဘေးဆိုးကြီးတွေက ဘာကောင်ကြီးဘဲဖြစ်ဖြစ် လွတ်ပါ့အုံးမလား'

'မလွတ်ပါဘုရား'

'စိုးရိမ်တဲ့စိတ်ကလေးဟာ အရင်ကတဲက ပါလာတာလား၊ အခုလို ကြောက်စရာ့ အသံကြီးကြားမှ ဖြစ်တာလား'

'အခုမှဖြစ်တာပါဘုရား'

'ကြောက်စရာအသံကြားမှ ဖြစ်တယ်ဆိုတော့ အခုမှပေါ်တဲ့ စိတ်၊ ပစ္စုပ္ပန်စိတ်ပေါ့။ အဲဒီကြားတဲ့ပစ္စုပ္ပန်စိတ်ကလေးကို ဖြစ်ပျက်ရှုပေးပါ။ ပျက်သွားတာလေးကိုမြင်အောင် ဉာဏ်မျက်စိနဲ့ လိုက်ကြည့်ပေးပါ၊ အဲဒါဟာ စိတ္တာနုပဿနာလို့ခေါ်ပါတယ်။

'ဘာကြောင့် စိတ္တာနုပဿနာလို့ ပြရသလဲဆိုရင် များသောအားဖြင့် လူတွေဟာ အသိဉာဏ်ကလဲ နုံ့နွေးတယ်၊ ဒိဋ္ဌိကလဲ များတယ်၊ ငါ- ငါ့ကိုယ်- ငါ့ဟာ-ငါ့သမီး-ငါ့သား-ငါ့မယား-ငါ့လင်ဆိုတဲ့ အစွဲအလမ်းတွေက သိပ်အားကြီးနေတယ်၊ ငါတွေဟာ ကမ္ဘာကြီးတခုလုံး ပြည့်နေမတတ်ဖြစ်တယ်။ ငါ-ငါနဲ့ တငါထဲ ငါနေကြတဲ့အတွက် ကမ္ဘာကြီးတခုလုံးမှာ ငါဆိုတဲ့ စကားလုံးတွေ ထပ်နေတယ်။ အဲဒီငါဆိုတဲ့ငါဟာ သက္ကာယဒိဋ္ဌိအစစ်ဖြစ်တယ်။ မြင်တဲ့စိတ်ကလေး ပေါ်လာတာကို ငါမြင်တယ်ဆိုရင် ဒိဋ္ဌိမဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'အဲဒီလိုနေရာတကာမှာ တငါထဲငါနေတော့ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်တွေပဲဖြစ်တယ်၊ အစွဲပေါ်မှာ ငါစွဲအားကြီးတော့ ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်တွေလဲဖြစ်တယ်၊ ဒိဋ္ဌိနဲ့သေရင် အပါယ်ဘုံမှာ ကျိန်းသေသလောက် နီးစပ်နေတဲ့အတွက် ဒိဋ္ဌိပြုတ်အောင် စိတ္တာနုပဿနာနည်းကို ညွှန်ပြရတယ်။

'စိတ္တာနုပဿနာရှုရင် သက္ကာယဒိဋ္ဌိပြုတ်ပါတယ်။ ဒိဋ္ဌိပြုတ်ရင် သောတာပန်တည်ပါတယ်၊ သောတာပန်တည်လာရင် ဘာတွေဘဲလုပ်ခဲ့လုပ်ခဲ့၊ အပါယ်သံသရာကလွတ်ပါတယ်။ လူတွေအပါယ်ရောက်တယ်ဆိုတာ ဒိဋ္ဌိအနှောင်အဖွဲ့ ဆွဲချလို့ အပါယ်ကျတာဖြစ်တယ်။ ဒိဋ္ဌိမရှိရင် အပါယ်မရှိဘူး။ ဥပမာအားဖြင့် ရာဇဝတ်မှုမျိုးစုံ ကျူးလွန်တဲ့လူတယောက်ကို အစိုးရကအပြင်းအထန် အပြစ်ဒဏ်ပေးနိုင်ရန် လိုက်ဖမ်းတယ်၊ အဲဒီရာဇဝတ်သားဟာ တစုံတခုကြောင့် သေဆုံးသွားတယ်ဆိုရင် သူကျူးလွန်တဲ့အပြစ်တွေအတွက် အပြစ်ဒဏ်ပေးစရာလူ မရှိတော့ဘူး၊ လူရှိမှအပြစ်ဒဏ်ပေးလို့ ဖြစ်နိုင်တယ်၊ မသာကောင်ကိုအပြစ်ဒဏ်ပေးလို့တော့ အရေးတောင်စိုက်မှာ မဟုတ်ဘူး။

အဲဒီဥပမာလိုဘဲ ငါဆိုတဲ့အကောင်ရှိနေလို့ အားလုံး ရှိနေကြတယ်၊ ငါသာမရှိဘူးဆိုရင် လောကကြီးမှာ ဘာမှမရှိတော့ဘူး၊ အခုငါကြောင့် နတ်ဖြစ်နေကြတယ်၊ အပါယ်ရောက်နေကြတယ်၊ အကယ်၍ ငါသာမရှိတော့ဘူးဆိုရင် ဘာတွေများရှိနိုင်သေးသလဲ'

'ဘာမှမရှိနိုင်တော့ပါဘုရား'

'အေး၊ ဒါကြောင့်ငါဆိုတဲ့ အစွဲပြုတ်ဘို့ စိတ္တာနုပဿနာရှုကြရတယ်၊ စိတ္တာနုပဿနာရှုရင် ငါစွဲပြုတ်တယ်၊ သောတာပန်တည်တယ်။ ဝေဒနာနုပဿနာကိုရှုရင် တဏှာပြုတ်သွားတဲ့အတွက် သကဒါဂါမ်- အနာဂါမ်- ရဟန္တာဖြစ်နိုင်တယ်၊ အခုတော့ ၂-၃-၄ အသာထားအုံး၊ ၁-နံပါတ်ဖြစ်တဲ့ သောတာပန်တည်အောင်ဘဲ စိတ္တာနုပဿနာရှုနည်းကို ကြေကြေညက်ညက်ဖြစ်အောင် အမြီးပြန်ခေါင်းပြန်လှည့်ပတ်ပြီး နားလည်အောင်၊

သဘောပေါက်အောင် ဟောရပြောရအုံးမယ်၊ ရှင်းရလင်းရ အုံးမယ်’

‘ကောင်းလှပါတယ်ဘုရား’

‘ကဲ ဒါဖြင့်အခုစိတ်နှစ်စိတ် ပြီးသွားပြီနော်၊ အနံ့ကလေး တခုနံယင်လဲ လူတွေထဲမှာ နေကြရတဲ့အတွက် နံစော်နှာခေါင်း သဲ နံတဲ့စိတ်ကလေး မပေါ်ဘူးလား’

‘ပေါ်ပါတယ်ဘုရား’

‘အဲဒီလိုပေါ်လာရင် နံတဲ့စိတ်ကလေးကို ဖြစ်ပျက် ရှုဖြစ် အောင်ရှုပါ၊ မရှုမိလို့ရှိယင်ဖြင့် နံတဲ့အနံ့က ဘယ်သူနံတယ် ဘယ်ဝါကနံတယ် စသည်ဖြင့် သံသရာရှည်မလာဘူးလား၊ဒေါသ သောက ပရိဒေဝစသည်တို့ လိုက်မလာကြဘူးလား’

‘လိုက်လာကြပါတယ်ဘုရား’

‘အေး၊ လိုက်လာလို့ရှိယင် အဝိဇ္ဇာက ပါမလာဘူးလား’

‘ပါလာပါတယ် အရှင်ဘုရား’

‘အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံနဲ့ ပဋိစ္စ သမုပ္ပါဒ်ကြီး ဆက်မသွားဘူးလား၊ အနာဂတ်ဘဝတွေ ဆက် မလာပေဘူးလား’

‘လာပါတယ် အရှင်ဘုရား’

‘အေး၊ ဒါကြောင့် နံတဲ့စိတ်ကလေးပေါ်လာရင် ဘာလုပ် ကြရမယ်’

‘ဖြစ်ပျက်ရှုကြရပါမယ်ဘုရား’

‘အေး- ဟုတ်ပြီ၊ ဖြစ်ပျက်ရှုပေးကြ၊ ဖြစ်ပျက်ကိုရှုပေးမှသာ နောင်လာမဲ့ အနာဂတ်ဒုက္ခတွေ ချုပ်ငြိမ်းရပ်သိမ်းသွားလိမ့်မယ်၊

ဒါကြောင့် ယောဂီများ ဘယ်စိတ်ပဲပေါ်ပေါ် ဖြစ်ပျက်ကို ဖြိုင်ဖြိုင်ရှုပေးကြရမယ်။

'မြင်စိတ်ပေါ်လဲ ဖြစ်ပျက်ရှု၊ ကြားစိတ်ပေါ်လဲ ဖြစ်ပျက်ရှု၊ နံစိတ်ပေါ်လဲ ဖြစ်ပျက်ရှု၊ အဲဒီလို ပေါ်တိုင်းပေါ်တိုင်းကို ဖြစ်ပျက်ကို မလွတ်အောင်ရှုပေးမယ်ဆိုရင် အနာဂတ် အကြောင်းတရား မပြတ်ဘူးလား'

'ပြတ်ပါတယ်ဘုရား'

'အနာဂတ်အကြောင်းတရားတွေ အနာဂတ်အကျိုးတရားတွေလာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'အဲဒီလို အနာဂတ်ဒုက္ခတွေ မလာအောင် လုပ်တဲ့အလုပ်ကို ဘာအလုပ်လို့ခေါ်သလဲ'

'ဝိပဿနာရှုတဲ့အလုပ်လို့ ခေါ်ပါတယ်ဘုရား'

'ဝိပဿနာရှုတဲ့အလုပ်၊ တရားအားထုတ်တဲ့အလုပ်လို့ ခေါ်တယ်၊ အဲဒီအလုပ်ဟာ နောက်ဘဝ ခန္ဓာအစဉ်ပြတ်အောင် လုပ်တဲ့အလုပ်ဆိုတာ သဘောပေါက်ကြပြီလား၊ ပေါက်လောက်ပါပြီနော်၊ နောက်ဘဝ ခန္ဓာအစဉ်ပြတ်အောင် ဝိပဿနာ ရှုတယ်ဆိုတော့ နောက်ဘဝခန္ဓာအစဉ်က ဘာသစ္စာပါလိမ့်'

'ဒုက္ခသစ္စာပါဘုရား'

'အေး၊ တရားအားထုတ်တာဟာ ဒုက္ခအားလုံး ပြတ်တယ်ဆိုတာ ဆုံးဖြတ်ချက်ချကြရမယ်၊ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'ကိုင်းဒါဖြင့် ရွှေဆက်ကြအုံးစို့ရဲ့၊ လျှာပေါ်မှာဘာကလေး ဘဲမျိုမျို၊ ဘာကလေးဘဲစားစား၊ စားစိတ်ကလေး ပေါ်မလာ ဘူးလား'

'ပေါ်ပါတယ်ဘုရား'

'အဲဒီစားစိတ်ဟာ ရှေးကပေါ်တာလားအခုမှပေါ်တာလား'

'အခုမှပေါ်တာပါဘုရား'

'အခုမှပေါ်တယ်ဆိုတော့ ပစ္စုပ္ပန်စိတ်ပေါ့'

'မှန်ပါ့ဘုရား'

'အေး၊ အခုမှပေါ်လာတဲ့ ပစ္စုပ္ပန်စားစိတ်ကလေး ဖြစ်ပျက် ရှုဖြစ်အောင်ရှုပါ၊ အနိစ္စကို ဉာဏ်မျက်စိနဲ့မြင်အောင် ရှုကြည့် ပါ၊ ဖြစ်ပျက်မရှုမိလို့ရှိရင်ဖြင့် စားရတာကောင်းတယ်၊ အရသာ ရှိတယ်ဆိုရင် တဏှာ-ဉပါဒါန် ကံတွေတန်းစီပြီး လာကြပါ လိမ့်မယ်၊ စားရတာမကောင်းဘူး၊ ဘာမှ အရသာမရှိဘူး ဆို ရင်လဲ ဒေါသဒေါမနဿဒေဝတို့ တန်းစီပြီး လာကြလိမ့်အုံး မယ်၊ စားတဲ့အခါ စားစိတ်ကလေးပေါ်တာကို မသိဘူးဆိုရင် အဝိဇ္ဇာ-သင်္ခါရတို့က လာကြပေအုံးမယ်၊ အေး- အဲဒီလို ပဋိစ္စ သမုပ္ပါဒ်တွေချည်း ဆက်နေတဲ့အတွက် အကြောင်းတရားတွေ ချည့် ပြုလုပ်နေတဲ့အတွက် အကျိုးဒုက္ခတွေ ဆက်မလာပေ ဘူးလား'

'လာပါတယ်ဘုရား'

'ဗုဒ္ဓကအရှုခိုင်းတဲ့အတိုင်း စိတ္တာနုပဿနာ အရှုခိုင်းတာ၊ ဒိဋ္ဌိသတ်တာ၊ ယောဂီတို့ ဒိဋ္ဌိသေရင် သောတာပန်တည်တယ်လို့ မှတ်ပါ၊ ဒါကြောင့် သောတာပန်အရင်တည်အောင် စိတ္တာနု ပဿနာကို အားထုတ်ရတယ်၊ ဘာကြောင့် စိတ္တာနုပဿနာကို

အားထုတ်ရသလဲဆိုရင် လူတွေရဲ့စိတ်ပေါ်မှာ ဒိဋ္ဌိကအများဆုံး နေရာယူထားတယ်၊ စားတာကို ငါစားတယ်၊ သွားတာကို ငါ သွားတယ်မထင်ဘူးလား’

‘ထင်နေပါတယ်ဘုရား’

‘အဲဒီတော့ စိတ်ပေါ်မှာ ဒိဋ္ဌိပါ-မပါ’

‘ပါပါတယ်ဘုရား’

‘ငါစားကောင်းလို့၊ ငါ့သားလေးကျွေးချင်လိုက်တာ၊ ငါ့ သမီးလေး ကျွေးချင်လိုက်တာ ဆိုတာကော အတ္တနိယဆိုတဲ့ ငါ့ဟာ-ငါ့ပစ္စည်း-ငါ့သမီး-ငါ့သားတွေ မလာပေဘူးလား’

‘လာပါတယ်ဘုရား’

‘အေး၊ ငါဆိုတဲ့အတ္တလာရင် ငါ့ဟာ-ငါ့ပစ္စည်းဆိုတဲ့ အတ္တ နိယလာမှာ စိုးတဲ့အတွက် ဗုဒ္ဓက စိတ္တာနုပဿနာကို အရှုခိုင်း ပါတယ်ဆိုတဲ့ အချက်ကို ကျေနပ်ရဲ့လား’

‘ကျေနပ်ပါတယ်ဘုရား’

‘ကိုင်း- ခန္ဓာကိုယ်ကြီးပေါ်မှာ ယားတယ်ယံတယ်၊ နာတယ် ကျဉ်တယ်ဆိုတဲ့စိတ်တွေဟာ အရင်ကရှိနှင့်တာလား၊ အခုတရား ထိုင်မှပေါ်တာလား’

‘အခုတရားထိုင်မှ ပေါ်လာတာပါဘုရား’

‘အဲဒီယားယံတဲ့စိတ်ဟာ ပစ္စုပ္ပန်တဲ့တဲ့ဟုတ်ရဲ့လား’

‘ဟုတ်ပါတယ်ဘုရား’

‘အဲဒီယားယံတဲ့စိတ်ကလေး ပေါ်လာရင် ပေါ်ရာနေရာကို ဖြစ်ပျက်ရှုပါ၊ ပေါ်ရာကိုရှုလိုက်လို့ရှိရင် ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက် သွားတယ်၊ အဲဒီလိုမှုမဟုတ်ဘဲ ပေါ်ရာကိုဖြစ်ပျက်မရှုဘဲ ပေ တေတေကပ်တတ်တတ်လုပ်နေမယ်ဆိုရင်ယားယံတာကိုမခံချင်တဲ့

စိတ်ဝင်လာမယ်။ အဲဒီလိုမခံချင်စိတ် ဝင်လာတာနဲ့ တပြိုင်နက် နောက်က ဒေါသပရိဒေဝ အစီလိုက်အစဉ်လိုက်မလာဘူးလား'

'လာပါတယ်ဘုရား'

'အဲဒီလိုလာရင် သူတို့ချည့်မဟုတ်ပဲ အဝိဇ္ဇာ-သင်္ခါရတွေပါ အတူတွဲ ခေါ်လာတဲ့အတွက် အနာဂတ်ဒုက္ခတွေ မလာပေဘူးလား'

'လာပါတယ်ဘုရား'

'အဲဒီအနာဂတ်ဒုက္ခတွေ လာမှာစိုးတဲ့အတွက် လာမဲ့ဒုက္ခတွေကို ဖြတ်နေတာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်ဘုရား'

'ယောဂီတို့၊ ရပြီးသား ဒုက္ခကိုမမြင်တဲ့လူတွေဟာ နောက်လာမဲ့ဒုက္ခကို ဘယ်လိုနည်းနဲ့မှ မဖြတ်နိုင်ဘူးဆိုတာ မရှင်းဘူးလား'

'ရှင်းပါတယ်ဘုရား'

'အေး၊ ဒါကြောင့် ဖြစ်ပျက်ဟူသရှဲဟာ ဘာသစ္စာလဲ'

'ဒုက္ခသစ္စာပါဘုရား'

'ခင်ဗျားကိုယ်ခန္ဓာကြီးထဲမှာ ဖြစ်ပြီး ပျက်နေတဲ့ တရားမှ တပါး ဘာတွေများ ရှိသေးသတုံး'

'ဘာမှမရှိပါဘုရား'

'ဘာမှမရှိတဲ့အတွက် ဒီခန္ဓာကိုယ်ကြီးတခုလုံးကို ဘာသစ္စာ ဖွဲ့မလဲ'

'ဒုက္ခသစ္စာဖွဲ့ရပါမယ်ဘုရား'

'တကိုယ်လုံးဟာ ဒုက္ခသစ္စာချည်းဘဲ၊ ပေါ်ရာကို ဉာဏ်နဲ့ လိုက်ပြီး ဖြစ်ပျက်ရှုရမှာချည့်ဖြစ်တယ်၊ ဒုက္ခသစ္စာကို ဖြစ်ပျက် ရှုလိုက်တော့ နောက်ကမဂ္ဂသစ္စာ မလာဘူးလား'

'လာပါတယ်ဘုရား'

'မဂ္ဂသစ္စာလာတော့ အဲဒီမဂ်ကဘာလုပ်သလဲဆိုရင် အနာဂတ်အကြောင်းတရားတွေ ဖြတ်လိုက်သောကြောင့် အနာဂတ် အကျိုးတရားတွေ လာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'အဲဒါတဘဝထဲနဲ့ ကိစ္စပြီးတာဘဲ မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား'

'အဲဒီတဘဝထဲနဲ့ ကိစ္စပြီးတဲ့တရားကို အားမထုတ်ဘဲ ဒုက္ခတွေ အရှည်ကြီး ခံနေချင်သေးသလား'

'မခံချင်ပါဘုရား

'ဒီတဘဝထဲနဲ့ ကိစ္စပြီးသွားရင် မကောင်းဘူးလား'

'ကောင်းလှပါတယ် ဘုရား'

'အားမထုတ်ရင် မရဘူးဆိုတာကော ရိပ်မိကြရဲ့လား'

'တွဲ့တွဲ့ပြောလို့ ရိပ်မိပါပြီဘုရား'

'အေး....ဒါကြောင့် အစွမ်းကုန်ကြိုးစားသင့်တယ် မဟုတ်လား'

'ကြိုးစားသင့်လှပါတယ်ဘုရား'

'ကောင်းပြီ....ဒါဖြင့် ရှေ့ဆက်ကြအုံးစို့ရဲ့ အခုလိုပူအိုက်တဲ့ ရာသီမှာ လေကလေးတဖြူးဖြူး တိုက်ပေးမယ်ဆိုရင် ကိုယ်ပေါ် မှာကောင်းတဲ့ စိတ်ကလေး ချမ်းသာတဲ့စိတ်ကလေး မလာဘူး လား'

'လာပါတယ် အရှင်ဘုရား'

'အဲဒီလိုကောင်းတဲ့ စိတ်ကလေး၊ ချမ်းသာတဲ့စိတ်မျိုးပေါ်လာရင် တခါထဲဖြစ်ပျက်ရှုသာ ချလိုက်ပါ၊ ဒီလိုမှမဟုတ် ချမ်းသာလိုက်တာ၊ သဘောကျလိုက်တာ၊ ကောင်းလိုက်တာဆိုရင် နောက်က တဏှာ ဥပါဒါန်ကံတွေ တန်းစီပြီးမလာပေဘူးလား'

'လာပါတယ်ဘုရား'

'အဲဒီလိုလာမှာစိုးတဲ့အတွက် အနာဂတ် အကြောင်းတရားတွေ ဆက်လာမှာစိုးတဲ့အတွက် ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုလိုက်ပါ၊ အဲဒီလိုရှုလိုက်လို့ရှိရင် ကောင်းတဲ့စိတ်ကဖြစ်ပျက်၊ ရှုတာက မဂ်-ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်မသွားဘူးလား'

'ကိုက်သွားပါတယ်ဘုရား'

'အဲဒီလိုဖြစ်ပျက်နဲ့ မဂ်ကိုက်တာကို သံသရာပြတ်တယ်လို့ခေါ်ပါတယ်၊ သံသရာပြတ်သွားလို့ရှိယင် ဒီဘက်က သမုဒယသစ္စာရှိသေးရဲ့လား'

'မရှိတော့ပါဘုရား'

'သူက အသက်သွင်းမှုဖြစ်မဲ့ ဇာတိ ဇရာ မရဏတွေကော'

'မရှိတော့ပါဘုရား'

'မရှိတော့ ဒီအလုပ်ဟာ သမုဒယနဲ့ဒုက္ခကို ဖြတ်တဲ့အလုပ်ဆိုတာ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'တဏှာ ဥပါဒါန်-ကံ က၊ သမုဒယသစ္စာ—နောက်ကလာမှာတွေက ဒုက္ခသစ္စာတွေ မဟုတ်သား'

'ဟုတ်ပါတယ်အရှင်ဘုရား'

'ဝိပဿနာမရှုလို့ နောက်က ဆက်လာတာ ဘာဆိုမယ်'

'ဒုက္ခသစ္စာပါဘုရား'

'မရှုယင် ဆက်လာမယ်ဆိုတာ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'ကောင်းပြီ....အပြင်စိတ် ၆ ခုရှုနည်းတော့ပြီးသွားပြီ အတွင်းစိတ်ရှုနည်းဟောကြအုံးစို့ရဲ၊ အတွင်းစိတ်က ငါးဦးရှိတယ်။ တခါတလေကျတော့ လောဘအမျိုးမျိုး ပေါ်တတ်တယ်နော်'

'မှန်ပါ့ဘုရား'

'အဲဒီလောဘစိတ် ပေါ်လာရင်လဲ ဖြစ်ပျက်ရှုပါ၊ ဘာလုပ်ကြရမှာယ်'

'ဖြစ်ပျက်ရှုရမှာပါဘုရား'

'ဖြစ်ပျက်ရှုလိုက်ရင် လောဘ ဘာဖြစ်သွားသလဲ၊ လောဘချုပ်သွားတယ်။ လောဘဆိုတဲ့ တဏှာချုပ်သွားတော့ ဥပါဒါန်တို့ ကံတို့လာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'မလာတော့ အနာဂတ်အကြောင်းတွေ ဘယ့်နှယ်နေသေးသလဲ'

'ချုပ်သွားပါတယ်ဘုရား'

'အနာဂတ်အကြောင်းတွေချုပ်တော့ အနာဂတ်အကျိုးတွေကော လာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'ဩော်....ဒါဖြင့် လောဘစိတ်ပေါ်လာလဲ ဖြစ်ပျက်ရှုမှာဘဲဆိုတာ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'အကယ်၍ အကြောင်းမညီညွတ်၊ အခန့်မသင့်တဲ့အခါ ခန္ဓာကိုယ်ထဲမှာ ဒေါသဖြစ်တဲ့စိတ်ကလေးကောပေါ်မလာဘူးလား'

'ပေါ်လာပါတယ်ဘုရား'

'အဲဒီဒေါသလေးလာလဲ့ ဂရုစိုက်ပြီး ဖြစ်ပျက် ရှုပေးလိုက်ပါ။ ဒေါသစိတ်ကလေး ဖြစ်ပျက်ရှုပေးလိုက်တော့ ဒေါသက၊ ဒေါသလား၊ ဖြစ်ပျက်လား'

'ဖြစ်ပျက်ပါဘုရား'

'ရှုတာက'

'မဂ်ပါဘုရား'

'အဲဒီတော့ ဖြစ်ပျက်နဲ့မဂ်နဲ့ကိုက်သွားပြီး။အဲဒီတော့နောက်သောက-ပရိဒေဝတို့ ချုပ်-မချုပ်'

'ချုပ်ပါတယ်ဘုရား'

'ချုပ်သွားတဲ့အတွက် အဝိဇ္ဇာ တဏှာက နောက်ဘဝဆိုတဲ့ လုပ်စရာအလုပ် ပေါ်သေးရဲ့လား'

'မပေါ်တော့ပါဘုရား'

'ဩော်....ဒါဖြင့် မဂ်တခုဟာ ငါတို့ကို ကယ်မည့်ယူမည့် တရားဆိုတာ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'တခါတလေကျတော့ စိတ်ထဲသံသယကလေး ပေါ်လာတတ်တယ်၊ ဘုရားကိုဘုရားမှဟုတ်ရဲ့လား၊ တရားကိုတရားအစစ်မှဟုတ်ရဲ့လား၊ သံဃာကို သံဃာမှဟုတ်ရဲ့လားဆိုတဲ့ သံသယဝိစိကိစ္ဆာတွေ ဝင်လာတတ်တယ်၊ အဲဒါတွေလာရင် ဘာလုပ်ကြရမယ်'

'ဖြစ်ပျက်ရှုကြရပါမယ်ဘုရား'

'ဖြစ်ပျက်ကို မရှုလိုက်လို့ရှိယင်၊ သံသယ-ဝိစိကိစ္ဆာ၊ အဝိဇ္ဇာ မောဟလို့ မှတ်လိုက်ကြစမ်းပါ'

'မှန်ပါ့ဘုရား'

'အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံဆိုတော့ ဒုတိယဘဝကူး မသွားပေဘူးလား'

'ကူးသွားပါတယ်ဘုရား'

'အဲဒီလို ကူးသွားတတ်တဲ့အတွက် ဝိစိကိစ္ဆာဆိုတဲ့ မောဟ လာလဲ ဖြစ်ပျက်ရှုဖြစ်အောင် ရှုလိုက်ကြရမယ်။ ဥဒ္ဓစ္စဆိုတဲ့ ပျံ့ လွင့်တဲ့စိတ်ကလေးလာလဲ ဖြစ်ပျက်ရှုပေးကြရမယ်၊ သံသယစိတ် ကလေး ဝင်လာလဲ ဖြစ်ပျက်ရှုဖြစ်အောင် ရှုပေးကြရမယ်'

'မှန်ပါ့ဘုရား'

'အဲဒီလို ရှုလိုက်တော့၊ သရာဂံဝါစိတ္တံသရာဂံစိတ္တန္တိပဇာနာ တိ သဒေါသံဝါစိတ္တံ သဒေါသံစိတ္တန္တိပဇာနာတိ သမောဟံ ဝါစိတ္တံ သမောဟံစိတ္တံပဇာနာတိ-ဆိုတဲ့နှစ်အရှိလာမိနေတယ်။ ကျမ်းဂန်နဲ့ညီညွတ်နေတယ်။ အဲဒါဆို အလွန်အဘိုးတန်သွားပြီ။ ကဲ....ဒါဖြင့် အလောဘဆိုတဲ့ မလိုချင်တဲ့စိတ်၊ စိတ်ထဲမှာ မလို ချင်တာကလေးပေါ်လာရင် ဒီအတိုင်းရပ်မနေနဲ့ ဖြစ်ပျက်ကိုရှု ဖြစ်အောင် ရှုပေးလိုက်။ ကျန်းမာပါစေ ချမ်းသာပါစေဆိုတဲ့ မေတ္တာပို့တဲ့ စိတ်ကလေးလာလဲ ဘာလုပ်ရမလဲ'

'ဖြစ်ပျက်ရှုပေးရပါမယ်ဘုရား'

'နောက်ဆုံး ဘယ်စိတ်ပဲလာလာ၊ ပေါ်ရာကို လက်မလွှတ် စေနဲ့ ဖြစ်ပျက်ကို ရှုပေးပါ'

'မှန်လှပါဘုရား'

'အတွင်းစိတ် ငါးမျိုးပြီးသွားပြီ၊ လောဘ-ဒေါသ-မောဟ၊ အလောဘ-အဒေါသဆိုတဲ့ အတွင်းစိတ်ငါးမျိုး ပြီးသွားပြီ။ (၆)ခုမြည့်အောင် အမောဟ ဘာလုပ်မထဲ့သလဲလို့ မေးရင်၊ အမောဟဆိုတဲ့ ပညာဟာ ရှုရမည့်တရား ဖြစ်နေလို့ဖြစ်တယ်၊ ဘယ်စိတ်ပဲပေါ်ပေါ် အမောဟဆိုတဲ့ပညာနဲ့ရှုမှာချည့်ဖြစ်တယ်၊ သူဟာ အရေးအကြီးဆုံးဖြစ်တယ်၊ အလောဘ-အဒေါသ-ရှုတဲ့နည်းတွေ ပြီးသွားတော့ သက်စောင့်စိတ်ရှုတဲ့နည်းကလေးရှင်းပြရအုံးမယ်၊ သက်စောင့်စိတ်က ရှုတဲ့စိတ် ရိုက်တဲ့စိတ်ဆိုပြီး ၂ ပါးရှိတယ်လို့ မှတ်လိုက်စမ်းပါ။ သက်စောင့်စိတ်က ဘယ်နှစ်ပါးရှိသလဲ'

'၂ ပါးရှိပါတယ်ဘုရား'

'အစကပြည်တည်ခဲ့တဲ့ ထွက်လေဝင်လေ ၂ ခုဘဲပေါ့၊ အဲဒီသူတို့ ၂ ခုကတော့ ဘယ်သူမရှိရှိ၊ သူတို့ကအမြဲတန်း ရှိနေရမဲ့စိတ်တွေဖြစ်တဲ့အတွက် သက်စောင့်စိတ်လို့ခေါ်တယ်၊ အဲဒီစိတ်ကလေး ၂ ခုက ယောဂီတွေမသေအောင် စောင့်နေကြရတယ်၊ သူတို့ ၂ ဦးမရှိတော့ဘူးဆိုရင် သေပြီလို့သာ မှတ်ပေတော့၊ အဲဒီသက်စောင့်စိတ်ကလေး ထွက်လေဝင်လေပေါ့၊ ထွက်လေကလေးပေါ်လာလဲ ဖြစ်ပျက် ရှုဖြစ်အောင်ရှုပါ၊ ဝင်လေကလေးပေါ်လာလဲ ဖြစ်ပျက်ရှုဖြစ်အောင်ရှုပါ၊ ထွက်စိတ်ဝင်စိတ်ဆိုလဲ အတူတူဘဲ။ နိဂုံးချုပ်ကတော့ ဘယ်စိတ်ပဲ ပေါ်ပေါ် ဖြစ်ပျက်ကို ရှုဖြစ်အောင်ရှုပါ၊ အနိစ္စကိုရှုဖြစ်အောင်ရှုပါ၊ ထွက်စိတ်က ဖြစ်ပျက် ရှုတာက မဂ်ဖြစ်သွားတယ်နော်'

'မှန်ပါဘုရား'

'ဝင်စိတ်ကလေးလာလှဲ ပစ်မထားကြနဲ့'

'မှန်ပါ့ဘုရား'

'ဝင်စိတ်ကို ဘာလုပ်ကြရမယ်'

'ဖြစ်ပျက်ရှုကြရပါမယ်ဘုရား'

'အဲဒီလို ဖြစ်ပျက်ရှုလိုက်တဲ့အခါကျရင် စိတ်က ဖြစ်ပျက်ရှုတာ မဂ်ဆိုတော့ ဖြစ်ပျက်နဲ့မဂ်နဲ့ မကိုက်ဘူးလား'

'ကိုက်ပါတယ်ဘုရား'

'အဲဒီလို ကိုက်နေလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကြီး လာနိုင်သေးရဲ့လား'

'မလာနိုင်တော့ပါဘုရား'

'အဲဒီတော့အခုပြခဲ့တာ အပြင်စိတ် ၆-ခု၊ အတွင်းစိတ် ၅-ခု၊ သက်စောင့်စိတ် ၂-ခု ပေါင်း ၁၃-ခုဆိုတော့ စိတ္တာနုပဿနာ ရှုနည်း အတော်ကလေး စုံသွားပြီ'

သတိဘလုံး အမိသုံး အဆုံးနိဗ္ဗူတာဆိုတဲ့အတိုင်း သတိလက်မလွှတ်ဖို့ အရေးကြီးတယ်၊ ဒါကြောင့် ယောဂီသန္တာန်မှာ ဘယ်စိတ်ပဲပေါ်ပေါ် ပေါ်ရာစိတ်ကို သတိနဲ့စောင့်ပြီး ဖြစ်ပျက်ရှုပါ၊ ပေါ်ရာစိတ်ကို ရှုပါဆိုတာ ထပ်မံပြီး တိုက်တွန်း ရပါတယ်။ ဒါကြောင့် ဗုဒ္ဓကတရားအစမှာပြထားခဲ့တဲ့အတိုင်း သတိထားဘို့ အကြိမ်များစွာ မှာတော်မူတယ်။ သတိထားပြီး ဉာဏ်မျက်စိနဲ့ စောင့်ကြည့်မှ ဖြစ်ပျက်ကို မြင်နိုင် သိနိုင်မယ်၊ အဲဒီဖြစ်ပျက်ကို မြင်သိနေတဲ့ပုဂ္ဂိုလ်ဟာ အဲဒီလိုသိနေတဲ့အချိန်မှာ လူ့သံယောဇဉ် မစွန့်ဘူးလား။

'စွန့်ပါတယ်ဘုရား'

'အဲဒီလို လူ့သံယောဇဉ်စွန့်ရင် နိဗ္ဗာန် ရောက်နိုင်တယ်ဆိုတဲ့ ဗုဒ္ဓရဲ့အဖြေဟာ အားရစရာမကောင်းပေဘူးလား'

'အလွန်အားရစရာ ကောင်းလှပါတယ်ဘုရား'

ဒါကြောင့် ယောဂီများနည်းပေးနေတာဖြစ်တယ်၊ ရအောင် အားထုတ်လျှင်ရမယ်၊အားမထုတ်လျှင် မရဘူး။လင်အားထုတ်ရင် မယားရတယ်၊ မယားအားထုတ်ရင် လင်ရတယ်ဆိုတဲ့ အချောင် ကုသိုလ်မျိုး မဟုတ်ဖူး။ မိမိအားထုတ်မှ ကိုယ်တိုင် အားထုတ် ကိုယ်တိုင်ရရှိသော တရားမျိုးဖြစ်တယ်။ ဗုဒ္ဓကိုယ်တိုင်လဲ ရော့ မင်းယူတော့ မင်းကသောတာပန်ဖြစ်စေ၊ သကာဒါဂါမ်ဖြစ်စေ၊ အနာဂါမ်ဖြစ်စေ၊ ရဟန္တာဖြစ်စေလို့ မိန့်တော်မူနိုင်တဲ့ တရားမျိုး မဟုတ်ဘူး၊ အားထုတ်တဲ့လူများသာ အားထုတ်တဲ့အတိုင်း ဉာဏ် အလျောက် ရရှိနိုင်တဲ့တရားမျိုးဖြစ်တယ်။ ငါဘုရားကိုလဲ အား မကိုးနဲ့၊ ဘယ်သူကိုမှလဲအားမကိုးနဲ့၊ မိမိကိုယ်ကိုကိုသာ အားကိုး ပါ၊ မိမိကိုယ်တိုင် ကြိုးစား အားထုတ်ပါ၊ ဘယ်နေရာမှာ မဆို သတိလက်မလွှတ်စေဘို့ အရေးကြီးတယ်၊ အကျင့်တရားကို ချန် ထားပြီး သတ္တဝါတွေ၏ ချမ်းသာရာချမ်းသာကြောင်းမမြင်ဟု မိန့်တော်မူခဲ့ပါတယ်။

'တကာတကာမတို့၊ ဒီစိတ္တာနုပဿနာရှုတာ ဘာများကျေးဇူး ရှိသတုံးလို့ဆိုတော့ ပေါ်လာသမျှ စိတ်တွေဟာ ဖြစ်ပျက်ချည်း ဆိုတော့ ဖြစ်ပျက်ဟာအနိစ္စလား၊ နိစ္စလား'

'အနိစ္စပါဘုရား'

'အနိစ္စဆိုရင် မြဲတယ်လို့ယူနေတဲ့ အနိစ္စ ဒိဋ္ဌိကွာသွားတယ်'

'မှန်ပါဘုရား'

'နိစ္စဒိဋ္ဌိကွာသွားလို့ရှိယင် ငါ-ငါ့ဥစ္စာဆိုတဲ့ အတ္တဒိဋ္ဌိကော မကွာဘူးလား'

'ကွာပါတယ်ဘုရား'

'ပေါ်လာသမျှစိတ်တွေကိုသတိထားပြီး ဖြစ်ပျက်ကို မှိုင်မှိုင်ရှုပေးမယ်ဆိုရင် နိစ္စဒိဋ္ဌိနဲ့အတ္တဒိဋ္ဌိတို့ဆိုတဲ့ ဒိဋ္ဌိတွေအကုန်ပြုတ်သွားမယ်၊ ဒိဋ္ဌိပြုတ်ရင်ဖြင့် သောတာပန်တည်တယ်လို့ မှတ်လိုက်ကြစမ်းပါ။ ဒိဋ္ဌိပြုတ်ရင်ဘာတည်သလဲ ယောဂီတို့'

'သောတာပန် တည်ပါတယ်ဘုရား'

'သောတာပန်တည်ချင်ရင် ဒိဋ္ဌိကိုအရင်ပြုတ်အောင် ဖြုတ်ရမယ်ဆိုတာ အသေအချာ မှတ်ထားပေတော့'

'မှန်လှပါဘုရား'

'သောတာပန်တည်ချင်ရင် ဘာလုပ်ကြရမလဲ'

'ဒိဋ္ဌိကို အရင်ဖြုတ်ရပါမယ်ဘုရား'

'ဒိဋ္ဌိပြုတ်အောင် ဖြုတ်ဘို့ဆိုတာကတော့ စိတ္တာနုပဿနာကို ခပ်နာနာထိ ရှုမှဖြစ်မယ်၊ ပေါ်လာသမျှကို ဖြစ်ပျက်ရှုပါ၊ ဘယ်အချိန်မှာဘဲပေါ်ပေါ်၊ ဘယ်နေရာမှာဘဲ ပေါ်ပေါ်၊ ဘယ်လိုစိတ်မျိုးဘဲပေါ်ပေါ်၊ ပေါ်ရာစိတ်ကို ဖြစ်ပျက် ရှုဖြစ်အောင်ရှုပါ၊ ဖြစ်ပျက်ဖြစ်ပျက် ရှုဖန်များလာတဲ့အခါ ကိလေသာများ မခိုတော့ဘဲ သောတာပန် တည်လာနိုင်တယ်ဆိုတာ မသေချာဘူးလား'

'သေချာပါတယ်ဘုရား'

'သောတာပန်မတည်သေးဘဲနဲ့ သကဒါဂါမ် အနာဂါမ်တည်ချင်လို့ကော ဖြစ်နိုင်ပါ့မလား'

'မဖြစ်နိုင်ပါဘုရား'

'ရဟန္တာဖြစ်ချင်လို့ကော ဖြစ်နိုင်ပါ့မလား'
'မဖြစ်နိုင်ပါဘုရား'
'မရနိုင်ဘူး-မဖြစ်နိုင်ဘူးဆိုတာ သေချာပလား'
'သေချာပါတယ်ဘုရား'
'ဒါကြောင့် သောတာပန် အရင်ဖြစ်ဘို့ အရေးကြီးတယ်၊ သောတာပန်ဖြစ်အောင်လုပ်တဲ့နည်း၊ စိတ္တာနုပဿနာရှုမှုဖြစ်မယ် ပေါ်လာသမျှစိတ်တွေကို ဖြစ်ပျက် ဖြစ်ပျက်နဲ့ ရှုမှတ်ဘို့အရေး ကြီးတယ်၊ဖြစ်ပျက်ဖြစ်ပျက်နဲ့ ရှုမှတ်နေတဲ့အခါကျတော့ ပေါ် လာသမျှစိတ်က-ဖြစ်ပျက်၊ ရှုဘာက-မဂ်။ အဲဒီတော့ ဖြစ်ပျက် နဲ့ မဂ် ကိုက်သွားတယ်မဟုတ်လား'
'ကိုက်သွားပါတယ်ဘုရား'
'အဲဒီလို စက္ကန့်တိုင်း မိနစ်တိုင်း နာရီတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ချည်းကိုက်နေမယ်၊ ကြားထဲမှာ ထွေလာကေလာ ဘယ်လိုစိတ် တွေမှ ဝင်မလာဘူးဆိုရင်၊ မနက် အားထုတ်ရင် ညနေဒိဋ္ဌိပြုတ် နိုင်တယ်၊ ဘာမှ ကြားထဲမှာ ကိလေသာတွေ ထွေပြားဝေဝါး မလာဘဲ ပေါ်လာသမျှ စိတ်တွေကို ဖြစ်ပျက်-အချက်ကျကျ ရှုမှတ်နေမယ်ဆိုရင် ညနေက အားထုတ်ရင် မနက်လင်းလာတဲ့ အခါ ဒိဋ္ဌိပြုတ်နိုင်ပါတယ်၊ ဒိဋ္ဌိပြုတ်ရင် သောတာပန် တည်ပါ တယ်။ သောတာပန်တည်ဘို့ အရေးအကြီးဆုံး ဖြစ်ပါတယ်၊ ဘာကအရေးကြီးဆုံးလဲ တကာတကာမများ'
'သောတာပန်တည်ဘို့က အရေးအကြီးဆုံးပါဘုရား'
'အေး....သောတာပန်တည်ရင် အပါယ်သံသရာကလွတ်ပြီ။ ဒါကြောင့် ယောဂီများ ဘာအရေးကြီးသလဲ'
'သတိအရေးကြီးပါတယ်ဘုရား'

'ဒါကြောင့် သတိတလုံးမိအောင်သုံး၊ အဆုံးနိဗ္ဗူတာဆိုတာ သတိကို ချက်တိုင်းမိဘို့ အရေးကြီးတဲ့အကြောင်း ညွှန်ပြတဲ့ လင်္ကာဖြစ်ပေတယ်၊ အဲဒီတော့ မိမိခန္ဓာကိုယ်ထဲကိုဥာဏ်စိုက်ပြီး သတိကလေးနဲ့ စောင့်ကြည့်ကြပေတော့'

ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုပါ
မြင်စိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ကြားစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
နံစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
စားစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ယားစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ကောင်းစိတ်-ဆိုးစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
လိုချင်တဲ့ စိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ဒေါသစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
သံသယဝိစိကိစ္ဆာဆိုတဲ့ မောဟစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
မလိုချင်တဲ့ အလောဘစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
အဒေါသခေါ်တဲ့ မေတ္တာစိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ရှုံ့စိတ်ပေါ်လဲ ဖြစ်ပျက်ရှု
ရှိုက်စိတ်ပေါ်လဲ ဖြစ်ပျက်ရှု

အဲဒီလို ပေါ်ရာစိတ်ကိုသာ အမြဲတန်း သတိလက်မလွှတ်ဘဲနှင့် ဖြစ်ပျက်ရှုမှတ် ပွားများနေမယ်ဆိုရင် လူဟာ လူ့သံယောဇဉ်ကို စွန့်ပါတယ်။ တရားအားထုတ်အလုပ်လုပ်ရင် လူ့သံယောဇဉ်ကို စွန့်ပါတယ်။ လူ့သံယောဇဉ်စွန့်ရင် ဒိဋ္ဌိပြုတ်ပါတယ်။ ဒိဋ္ဌိပြုတ်ရင် နိဗ္ဗာန်ရောက်နိုင်ပါတယ်။ ဒိဋ္ဌိမပြုတ်ရင် အပါယ်က

လွတ်ဘိုပင် မလွယ်လှပါ။ ဒါကြောင့် စိတ်ကိုရှုလျှင် ပေါ်လာတဲ့ စိတ်ကို ဖြစ်ပျက်ရှုမှတ်နေလျှင် ဒိဋ္ဌိပြုတ်ပြီး သောတာပန်တည်နိုင်တယ်ဆိုတာကို ယုံကြည်သော သဒ္ဓါတရားနှင့် ဒိဋ္ဌိပြုတ်အောင်၊ သောတာပန်တည်အောင် ကြိုးစား နိုင်ကြပါစေသတည်း။ ။

လိုချင်တာ ကုန်ဆုံးပြီး၊ မလိုချင်တဲ့အလုံး ပေါ်လာတာ နိဗ္ဗာန်။ (ရာဂကုန်ရာ နိဗ္ဗာန်)

အပူမီးတွေ ကုန်ဆုံးပြီး၊ အေးငြိမ်းလုံးကြီး ထွက်ပေါ်လာတာ နိဗ္ဗာန်။ (ဒေါသကုန်ရာ နိဗ္ဗာန်)

အမိုက်မှောင်တွေ ကုန်ဆုံးပြီး၊ အလင်းလုံးကြီး ထွက်ပေါ်လာတာ နိဗ္ဗာန်။ (မောဟကုန်ရာ နိဗ္ဗာန်)

ဗုဒ္ဓဝါဒါ သာသနာ
ရောင်ဝါနေသို့ လင်းစေသောဝ်

မင်းစန္ဒ
၁၄-၄-၇၅
၁၀-နာရီ

# ဇွဲစာပေရိပ်မြုံတွင် ရနိုင်သောစာအုပ်များ

| | | |
|---|---|---|
| ၁။ | စာဆိုတော်များ အထုပ္ပတ္တိ<br>ဗိုလ်မှူးဘသောင်း (မောင်သုတ) | ၂၅-ကျပ်။ |
| ၂။ | မြန်မာ သူရဲကောင်း<br>သတင်းစာဆရာ (ဦးသိမ်းမောင်) | ၁၅-ကျပ်။ |
| ၃။ | မြဝတီစာစုံ၊ သီခြင်းစု မြဝတီမင်းကြီး | ၇-ကျပ်။ |
| ၄။ | ပုသိမ်ရာဇဝင် ဆရာမာဃ | ၁၅-ကျပ်။ |
| ၅။ | ရာဇမိရာဇ် အရေးတော်ပုံ<br>အမတ်ကြီးဗညာဒလ | ၇-ကျပ်။ |
| ၆။ | ဗမာ့ တော်လှန်ရေးသမိုင်း<br>ဗိုလ်မှူးဘသောင်း (မောင်သုတ) | ၇-ကျပ်။ |
| ၇။ | အင်းယားကန်သို့ အိုကုတ္တို (မင်းသုဝဏ်) | ၅-ကျပ်။ |
| ၈။ | မြန်မာစာပဒေသာ (တင်မိုး) | ၈-ကျပ်။ |
| ၉။ | သဒ္ဒဗျူဟာကျမ်းနှင့် လိပိဒိပိကာကျမ်း<br>(ခင်ကြီးဖျော်) | ၃-ကျပ်။ |
| ၁၀။ | ဇွဲစံပြသတ်ပုံ | ၄-ကျပ်။ |
| ၁၁။ | ဝိဇယပြဇာတ် (ဦးပုည) | ၃-ကျပ်။ |
| ၁၂။ | သံဝရပျို့ (ရှင်မဟာရဋ္ဌသာရ) | ၃-ကျပ်။ |
| ၁၃။ | ပျိုးခင်းတေးသံ (တင်မိုး) | ၃-ကျပ်။ |
| ၁၄။ | ရန်ကုန်ရာဇဝင် ။ | ၁၅-ကျပ်။ |

မင်းသိင်္ခ

# ဗုဒ္ဓ၏ ဓမ္မအမြုတေ

ဆက်ဆက်ထွက်မည်

ဝတ္ထုဇာတ်လမ်းကိုမှ ဝါသနာပါသူ ဖတ်ရှုလိုသူများအတွက်

ခပ်သွက်သွက်ကလေး ဖတ်ရှုနိုင်အောင်

လွယ်ကူစွာ ရေးသားထားသည်။

ရိုက်တိုင်းမလောက်နိုင်သော

# ရွှဲ-ဆယ်ဖော်တွဲ

ထပ်မံရိုက်နှိပ်နေပြီ

မကြာမီထွက်မည်။